UNDP

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

UNOPS

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း

## မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ အရည်အသွေးဆိုင်ရာလေ့လာမှု



IDEA INTERNATIONAL

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း။

## မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ အရည်အသွေး ဆိုင်ရာ လေ့လာမှု


**ပြုစုသူများ။**

IDEA INTERNATIONAL INSTITUTE
ကွီဘက်မြို့၊ ကနေဒါနိုင်ငံ။
IHLCA စီမံချက် ဆိုင်ရာ နည်းပညာ ယူနစ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။



**ကူညီပံ့ပိုးသူများ။**

စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန နှင့် ဗဟို စာရင်းအင်း အဖွဲ့
အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

# မာတိကာ


ကျေးဇူးတင်လွှာ......................................................................................................၂
အစီရင်ခံစာအကျဉ်းချုပ် ..............................................................................................၃
အတိုကောက် စကားလုံးများ.........................................................................................၁၆
ဇယားများနှင့်ပုံများစာရင်း...........................................................................................၁၇
နိဒါန်း၊ ရည်ရွယ်ချက်နှင့်အချက်အလက်စိစစ်သည့် ပညာရပ်ဆိုင်ရာနည်းလမ်း ..........................၂၁
အပိုင်း ၁။ ပြည်နယ်/တိုင်းအဆင့် ရလဒ်များစုစည်းတင်ပြခြင်း................................................၂၈
၁-၁။ စားဝတ်နေရေးအခြေအနေဆိုင်ရာ ရှုထောင့်အမြင်များ ...............................................၂၈
၁-၂။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများ ......................................................၄၃
၁-၃။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု................................................................................၆၈
၁-၄။ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ..........................၉၅
အပိုင်း ၂။ ပြည်ထောင်စုအဆင့်ရလဒ်များ စုစည်းတင်ပြခြင်း...................................................၁၁၉
၂-၁။ စားဝတ်နေရေးအခြေအနေဆိုင်ရာ ရှုထောင့်အမြင်များ .............................................၁၁၉
၂-၂။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများ......................................................၁၃၄
၂-၃။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု..............................................................................၁၅၀
၂-၄။ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ.........................၁၆၃
၂-၅။ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ၊ အရေအတွက်ဆိုင်ရာ စစ်တမ်းအတွက်သွယ်ဝိုက် ပတ်သက်မှုများ ......................................................................................................၁၇၅
နောက်ဆက်တွဲ -၁။ ခေါင်းစဉ်အလိုက်လက္ခဏာတူအုပ်စုဆွေးနွေးပွဲများအတွက်တွေ့ဆုံမေးမြန်းမှု ကွန်ယက်ပုံစံ .....................................................................................၁၈၄
နောက်ဆက်တွဲ- ၂။ ရွေးချယ်ထားသောမြို့နယ်စာရင်း.............................................................၁၈၈
နောက်ဆက်တွဲ- ၃။ ကျေးရွာ/ရပ်ကွက်များ ရွေးချယ်ခြင်းနှင့်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်မည့်သူများရွေးချယ် ရန်လမ်းညွှန်ချက်များ .......................................................................၁၉၀
နောက်ဆက်တွဲ- ၄။ အဓိကစိတ်ကူးထင်မြင်ချက်များ၏ အဘိဓာန် ...........................................၁၉၄
နောက်ဆက်တွဲ- ၅။ ရလဒ်များ..........................................................................................၂၁၄
နောက်ဆက်တွဲ- ၆။ မေးခွန်းအလိုက်အဖြေမရရှိခဲ့သည့် FGD- များစာရင်း................................၂၂၉
ဝေါဟာရစာရင်း .........................................................................................................၂၄၃

# ကျေးဇူးတင်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံ စားဝတ်နေရေးအခြေအနေ အရည်အသွေးဆိုင်ရာ လေ့လာချက် ဖြစ်မြောက်စေရန်အတွက် အဖက်ဖက်မှ ဖြည့်ဆည်းကူညီပေးသူများအားလုံးကို စစ်တမ်းကောက်ယူ လေ့လာရေးအဖွဲ့က ကျေးဇူးတင်ရှိပါသည်။

အထူးအားဖြင့် စားဝတ်နေရေးအခြေအနေ အရည်အသွေးဆိုင်ရာ လေ့လာချက်သည် အစိတ်အပိုင်း တစ်ရပ်ဖြစ်သည့် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု (IHLCA) စစ်တမ်းကို လိုအပ်သလို အားပေးလမ်းညွှန်မှုပြုခဲ့သည့်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဝန်ကြီးဦးစိုးသာအား အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း စစ်တမ်းကောက်ယူလေ့လာရေး အဖွဲ့က ဖော်ပြအပ်ပါသည်။

ထို့ပြင် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု (IHLCA) စစ်တမ်း ဦးဆောင်ကော်မတီနှင့် နည်းပညာကော်မီတီတို့ကိုလည်း ၎င်းတို့၏ လမ်းညွှန်မှုနှင့် ထောက်ခံအားပေးမှု တို့အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။ စစ်တမ်း ကောက်ယူလေ့လာရေးအဖွဲ့အနေဖြင့် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုများကိုလည်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

စစ်တမ်းကောက်ယူလေ့လာရေးအဖွဲ့သည် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ စီးပွားရေးတက္ကသိုလ်နှင့် အခြေခံပညာဦးစီးဌာန စသည်တို့၏ ပါဝင်ကူညီမှုတို့ကိုလည်း မှတ်တမ်းတင်ဖော်ပြလိုပါသည်။

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာချက်(IHLCA)စစ်တမ်းနှင့် ဤအရည်အသွေးဆိုင်ရာလေ့လာချက်အတွက် ငွေကြေးအကူအညီနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကူအညီများပေးခဲ့သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ကိုလည်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း နိဂုံးချုပ် ဖော်ပြအပ်ပါသည်။

# အစီရင်ခံစာအကျဉ်းချုပ်

## ၁။ စားဝတ်နေရေး အခြေအနေဆိုင်ရာ ရှုထောင့်အမြင်များ

အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ရှုထောင့်အမြင်ဟူသည်မှာလူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု နှစ်ရပ်စလုံးကို ဖော်ညွှန်းပါသည်။ လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်များအပေါ် (FGD)တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများမှာ ယင်းတို့၏ အရေးပါမှု ကွဲပြားခြားနားစေကာမူ လွန်စွာတူညီကြပါသည်။ သို့ရာတွင် အချို့သော ရှုထောင့်အမြင်များသည် လူနေမှုဘဝ ပြည့်စုံဖူလုံမှုအတွက် သီးသန့်ဖြစ်သကဲ့သို့ အချို့မှာမူ ဆင်းရဲနွမ်းပါးမှုနှင့် အများဆုံးသက်ဆိုင်လျက်ရှိကြပါသည်။

လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့်ဆင်းရဲနွမ်းပါးမှုရှုထောင့်အမြင်များနှင့် စပ်လျဉ်း၍ FGD တွင်ပါဝင်သည့် ကျေးလက်နှင့်မြို့ပြမှ ပါဝင်သူများ၏ သိမြင်နားလည်မှုများသည် အခါတိုင်းလိုလိုပင် ဆင်တူကြပါသည်။ သို့ရာတွင် ရှုထောင့်အမြင် အချို့ကို ကျေးလက်ပါဝင်သူများက ပို၍အရေးပါသည်ဟု သိမြင်နားလည်ကြပြီး ရှုထောင့်အမြင် အချို့ကို မြို့ပြပါဝင်သူများက ပို၍အရေးပါသည်ဟုသိနားလည်ကြပါသည်။ စားဝတ်နေရေး အခြေအနေစိစစ်မှုနှင့် စပ်လျဉ်း၍ ကျား/မ နှင့် အသက်အုပ်စုနှစ်ခုအရ တသီးတခြားစီခွဲခြား လေ့လာရလောက်သည်အထိ အဆိုပါ အုပ်စုများ၏ စားဝတ်နေရေးဆိုင်ရာ ရှုမြင်မှုများမှာ ကွဲပြားခြားနားမှုများ မရှိသည်ကိုတွေ့ရှိရပါသည်။

လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့် သက်ဆိုင်သည့် ရှုထောင့်အမြင်များကို သိမြင်နားလည်မှုသည် ပြည်နယ်/တိုင်းများအတွင်း ကွဲပြားခြားနားမှုများရှိနေသော်လည်း ဆင်းရဲနွမ်းပါးမှုနှင့်စပ်လျဉ်းသည့် FGD တွင် ပါဝင်သူများ၏ ရှုထောင့်အမြင်များကို သိမြင်နားလည်မှုမှာ အနည်းငယ်မျှသာ ကွဲပြားခြားနားမှု ရှိပါသည်။ စင်စစ်အားဖြင့် ပြည်ထောင်စုအဆင့် ပေါင်းစည်းထားသည့်ရလဒ်များနှင့် ပြည်နယ်/တိုင်း ၁၄ ခုရှိသည့် အနက် ၁၀ခုတို့၌ FGD တွင် ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ သိမြင်နားလည်မှုများမှာ (ထူးခြားမှု ၁.၀% အဆင့်)တွင်ဆက်စပ်မှု ရှိနေသည်ကို တွေ့ရှိရပါသည်။

လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ညွှန်ကိန်း အမျိုးအစား | လူနေမှုဘဝ ပြည့်စုံဖူလုံမှု ညွှန်ကိန်း | ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်း |
|---|---|---|
| အခြေခံလိုအပ်ချက်များ ပြည့်ဝမှု | နေအိမ် (ပိုင်ဆိုင်မှု၊ အသုံးပြုပစ္စည်း အမျိုးအစား နှင့် အရွယ်အစား)<br>အစားအစာ အရည်အသွေး<br>အဝတ်အထည်အတွက် သုံးစွဲမှု<br>အစားအစာ ပမာဏ<br>စားဝတ်နေရေး အခြေအနေ | အစားအစာ ပမာဏ<br>နေအိမ် (ပိုင်ဆိုင်မှု၊ အသုံးပြုပစ္စည်း အမျိုးအစားနှင့် အရွယ်အစား)<br>အစားအစာ အရည်အသွေး<br>အဝတ်အထည်အတွက် သုံးစွဲမှု<br>စားဝတ်နေရေး အခြေအနေ |
| ကျန်းမာရေးအား လက်လှမ်းမီမှု | ကျန်းမာရေး အဆင့်အတန်း<br>ဆေးဝါးကုသမှု ခံယူသည့် အမျိုးအစား | ကျန်းမာရေး အဆင့်အတန်း<br>ဆေးဝါးကုသမှု ခံယူသည့် အမျိုးအစား |
| ပညာရေးအား လက်လှမ်းမီမှု | ကျောင်းဝင်နှုန်း (အသားတင်နှင့် စုစုပေါင်း)<br>ပညာရေးအဆင့်<br>အဆင့်မြင့် ပညာရေး<br>ပုဂ္ဂလိက ပညာရေး | ကျောင်းဝင်နှုန်း(အသားတင်နှင့် စုစုပေါင်း)<br>ပညာရေးအဆင့်<br>စာတတ်မြောက်မှုနှုန်း |
| ဝင်ငွေ၏ ဇာစ်မြစ်များ | အဓိက စီးပွားရေးလုပ်ဆောင်မှုများ<br>လယ်ယာထုတ်ကုန် အမျိုးအစား (r)<br>အလုပ်အကိုင် အဆင့်အတန်း<br>အလုပ်ပုံမှန် လုပ်ကိုင်ရမှု စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှု<br>လုပ်ငန်းအရွယ်အစား (အလုပ်သမား ဦးရေ) | အဓိက စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများ<br>လယ်ယာထုတ်ကုန် အမျိုးအစား(r)<br>အလုပ်လက်မဲ့ဖြစ်ခြင်း<br>ကျပန်းအလုပ်သမား (တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရ)<br>အသေးစား စီးပွားရေး လုပ်ဆောင်မှုများ |
| ကုန်ထုတ်အရင်းအနှီး လက်လှမ်းမီမှု (သွင်းအားစုများ/ ငွေရင်းငွေနှီး/ အလုပ်သမား) | ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း<br>မြေယာ (အရွယ်အစား၊ အရည်အသွေး) (r)<br>ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်း<br>လုပ်ငန်းခွင်သုံးတိရစ္ဆာန်များ (r) | မြေမဲ့ယာမဲ့များ (r)<br>ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်း ငှားရမ်းအသုံးပြုမှု<br>လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်းအသုံးပြုမှု (r)<br>ဈေးနှင့် ခရီးအကွာအဝေး (r) |
| အိမ်ထောင်စု ပိုင်ဆိုင်ပစ္စည်းများ | ယာဉ်ပိုင်ဆိုင်မှု (u)<br>လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ<br>ရွှေနှင့် လက်ဝတ်လက်စား<br>ဘိုးဘွား အမွေပစ္စည်း<br>စက်ဘီး<br>အိမ်အသုံးအဆောင်ပစ္စည်း (ပရိဘောဂ၊ အိုးခွက်၊ ပန်းကန် အသုံးအဆောင်များ အစရှိသည်)<br>မွေးမြူရေး တိရိစ္ဆာန် (r)<br>ဆန်စက် (r) | |
| ဝင်ငွေနှင့် အသုံးစရိတ် | ပုံမှန်ဝင်ငွေ<br>စားသုံးမှု (အသုံးစရိတ်)<br>စုဆောင်းငွေ | မှီခိုမှုအချိုး(အလုပ်လုပ်သူဦးရေနှင့် မှီခိုသူဦးရေ)<br>မိသားစု (အရွယ်အစား)<br>အိမ်ထောင်စုဝင်ငွေ/ထွက်ငွေ မမျှတမှု<br>ကြွေးမြီတင်ရှိမှု<br>ဝင်ငွေ(နည်းပါးခြင်း/ပုံမှန်မရရှိခြင်း)<br>စားသုံးမှု (အသုံးစရိတ်) |
| အခြားအချက်အလက်များ | လျှဒါန်းငွေ/ ထည့်ဝင်ငွေ<br>လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု<br>ဆန်စပါး ပိုလျှံမှု (r)<br>ပြည်ပမှ လွှဲပို့ငွေ<br>လျှပ်စစ်ဓာတ်အား | အလုပ်၏ ကြမ်းတမ်းမှု<br>အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု<br>အသက် ကြီးသူများ<br>မိဘမဲ့ကလေးများ |

အညွှန်း။ r =အများအားဖြင့်ကျေးလက်နှင့်သက်ဆိုင်ခြင်း၊ u =အများအားဖြင့်မြို့ပြနှင့်သက်ဆိုင်ခြင်း။(ကျန်သည်တို့မှာ ကျေးလက်/ မြို့ပြ ၂ ရပ် စလုံးနှင့် သက်ဆိုင်ခြင်း)

## ၂။ ဆင်းရဲနွမ်းပါးမှုဖြစ်စေသည့် အကြောင်းရင်းများ

FGD တွင် ပါဝင်သူများကသတ်မှတ်ဖော်ထုတ်ခဲ့သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်း ၁၀ရပ်တို့မှာ ပြည်ထောင်စုအဆင့်တွင်(၁) ကျန်းမာရေး (၂) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၃) မိသားစုအရွယ်အစားကြီးမှု/ မှီခိုမှုအချိုးမြင့်မှု (၄) အိမ်ထောင်စုဝင်ငွေနှင့်ထွက်ငွေမမျှတမှု (၅) ကြွေးမြီတင်ရှိမှု (၆) အလုပ်လက်မဲ့ဖြစ်မှု (၇) ဝင်ငွေ/လုပ်ခ နည်းပါးမှု (၈) ပညာရေး (၉) တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရရှိမှု (ကျပန်းအလုပ်သမား) (၁၀)ဆိုးဝါးသောရာသီဥတုစသည်တို့ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးစေသည့် အဓိက အကြောင်းရင်းများကို FGD တွင် ပါဝင်သည့် ကျေးလက်နှင့်မြို့ပြမှ ပါဝင်သူများက ဆင်တူစွာ ရှုမြင်ခဲ့ကြပါသည်။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အဓိက အကြောင်းရင်းများသည် စိစစ်ရန်အတွက်ကျား/မနှင့် အသက်အုပ်စုနှစ်ရပ်အဖြစ် ခွဲခြားလေ့လာရလောက်သည်အထိ ကွဲပြားခြားနားမှုများမရှိပါ။

ပြည်နယ်/တိုင်း ၁၄ ခုတို့အနက် ၉ ခု တို့၌ FGD တွင်ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှုဖြစ်စေသည့် အဓိက အကြောင်းအရင်းများအပေါ်သိမြင်နားလည်မှုများသည်၊ ပြည်ထောင်စုအဆင့်ရလဒ်များနှင့်(ထူးခြားမှု၁.၀%အဆင့်)တွင်ဆက်စပ်မှုရှိနေပါသည်။

## ၃။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု

အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်း ရရှိချက်များကို အခြေခံ၍ပြည်ထောင်စုအဆင့်ပေါင်းစည်းလေ့လာသည့်အခါအိမ်ထောင်စုများ၏အဓိကလုပ်ကိုင်သည့် စီးပွားရေးလုပ်ဆောင်ချက်များမှာအောက်ပါ အတိုင်းဖြစ်ပါသည်။

(၁)လယ်ယာစိုက်ပျိုးခြင်း၊ (၂)ကျပန်းလုပ်ကိုင်ခြင်း (တစ်နေ့လုပ်မှတစ်နေ့ဝင်ငွေရမှု)၊ (၃) စီးပွားရေးလုပ်ငန်း/ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း၊ (၄) ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊(၅)အစိုးရဝန်ထမ်း၊(၆)တံငါသည်၊ (၇)ဆိုက်ကားနင်းသူ၊ (၈)လက်သမား/ပန်းရန်နှင့် (၉) ရေလုပ်ငန်းအလုပ်သမား

ပြည်နယ်/တိုင်း အားလုံးနီးပါး၌ လေ့လာမှုပြုသည့် ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများနှင့် ကျပန်း အလုပ်သမားတို့မှာ အဓိကစီးပွားရေး အုပ်စုဖြစ်ကြပါသည်။ ချွင်းချက်အနေဖြင့် တနင်္သာရီတိုင်းတွင် အဓိကစီးပွားရေးအုပ်စု နှစ်ခုမှာ လယ်ယာစိုက်ပျိုးသူများနှင့် စီးပွားရေးလုပ်ငန်း/ ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်သူတို့ဖြစ်ပါသည်။ မြို့ပြဒေသအတွက်ဆိုပါမူ ကျပန်းအလုပ်သမားများသည် ပြည်နယ်/တိုင်းအားလုံးတို့တွင် အဓိကကျသည့် စီးပွားရေးအုပ်စုတွင်ပါဝင်လျက်ရှိပါသည်။

ဆင်းရဲနွမ်းပါးခြင်း အများဆုံးဖြစ်လွယ်သည့် စီးပွားရေးလုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ အဓိကသတင်းပေးသူများ၏ သိမြင်နားလည်မှုများမှာပြည်ထောင်စုအဆင့်တွင်အောက်ပါအတိုင်းဖြစ်ပါသည်။

(၁)ကျပန်းအလုပ်သမား၊ (၂)လက်သမား/ပန်းရန်၊ (၃) တံငါသည်၊ (၄) ယာဉ်မောင်း၊ (၅)ရေလုပ်ငန်းအလုပ်သမား၊(၆)အပ်ချုပ်/ရက်ကန်းရက်လုပ်ကိုင်သူ၊(၇)ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ (၈)ဆိုက်ကားနင်းသူ၊ (၉)လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ၊ (၁၀) အစိုးရဝန်ထမ်း၊

လေ့လာမှု နယ်ပယ်တွင် ပါဝင်သည့် ကျေးရွာ/ရပ်ကွက်များမှ အဓိကသတင်းပေးသူများ၏သိမြင်နားလည်မှုများအရ ကျေးလက်ဒေသတွင် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုအချိုး (၇၀.၀% အထက်)အများဆုံးရှိသည့် ပြည်နယ်/တိုင်းများမှာ ကရင်ပြည်နယ် (၈၆.၀%)၊ ကချင်ပြည်နယ် (၈၄.၀%)၊ ရခိုင်ပြည်နယ် (၈၂.၀%)၊ ချင်းပြည်နယ် (၈၂.၀%)၊ မကွေးတိုင်း (၇၉.၀%)၊ ကယားပြည်နယ် (၇၇.၀%)၊ ဧရာဝတီတိုင်း(၇၂.၀%)တို့ဖြစ်ပါသည်။ လေ့လာမှုနယ်ပယ်တွင် ပါဝင်သည့် ကျေးရွာ/ရပ်ကွက်များမှ အဓိကသတင်းပေးသူများ၏သိမြင်နားလည်မှုများအရ ကျေးလက်ဒေသတွင် ဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုအချိုးအနိမ့်ဆုံး(၆၀.၀ရာခိုင်နှုန်းအောက်)ရှိသည့် ပြည်နယ်/တိုင်းများမှာ မွန်ပြည်နယ် (၅၃.၀%)၊ ရန်ကုန်တိုင်း (၅၃.၀%)နှင့် ပဲခူးတိုင်း (၅၇.၀%) တို့ဖြစ်ပါသည်။

လေ့လာမှု နယ်ပယ်တွင် ပါဝင်သည့် မြို့ပြဒေသများမှ အဓိကသတင်းပေးသူများ၏ သိမြင်နားလည်မှုများအရ မြို့ပြဒေသတွင် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုအချိုး အမြင့်ဆုံး(၇၀.၀% အထက်)ရှိသည့် ပြည်နယ်/တိုင်းများမှာ ချင်းပြည်နယ် (၉၃.၀%) ၊ မကွေးတိုင်း (၉၂.၀%)၊ ရခိုင်ပြည်နယ် (၉၁.၀%)၊ ဧရာဝတီတိုင်း (၉၀.၀%) နှင့် ကချင်ပြည်နယ် (၈၈.၀%)တို့ဖြစ်ပါသည်။ ၎င်းပြင် လေ့လာမှု နယ်ပယ်တွင် ပါဝင်သည့် မြို့ပြဒေသများမှ အဓိက သတင်းပေးသူများ၏ သိမြင်နားလည်မှုများအရ မြို့ပြဒေသတွင် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု အချိုးအနိမ့်ဆုံး (၆၀.၀

ရာခိုင်နှုန်းအောက်)ရှိသည့် ပြည်နယ်/တိုင်းများမှာ တနင်္သာရီတိုင်း (၄၃.၀%)၊ မွန်ပြည်နယ် (၄၈.၀%)၊ ကယားပြည် နယ် (၅၅.၀%) နှင့် မန္တလေးတိုင်း (၅၈.၀%) စသည်တို့ ဖြစ်ပါသည်။

ပြည်နယ်/တိုင်းအများစုတွင်ဆင်းရဲနွမ်းပါး မှု၌ အများဆုံးအကျိုးပြုပါဝင်သည့် စီးပွားရေး အုပ်စုမှာ ကျပန်းအလုပ်သမားများ ဖြစ်သော်လည်း ပြည်နယ်/တိုင်းများအတွင်း ဆင်းရဲနွမ်းပါးမှု၌ အများဆုံး အကျိုးပြုပါဝင်သည့် စီးပွားရေးအုပ်စု များနှင့်စပ်လျဉ်းသည့် သိမြင်နားလည်မှုများသည် ကျေးလက်ဒေသထက် မြို့ပြဒေသတွင် ပိုမိုအရေး ပါသည့် ကွဲပြားခြားနားမှုများ ရှိနေပါသည်။

## *ရာသီလိုက်၊ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု*

FGD တွင် ပါဝင်သူများ၏ ထုတ်ဖော်ပြော ကြားချက်ကိုအခြေပြုပါက ရာသီလိုက် ဆင်းရဲ နွမ်းပါးခြင်း ဖြစ်လွယ်မှုသည် လေ့လာမှုပြုသည့် ကျေးလက်ဒေသနှင့် မြို့ပြဒေသနှစ်ဌာနစလုံးတွင် အရေးကြီးပါသည်။ ပြည်နယ်/တိုင်း မခွဲခြားဘဲ စီးပွားရေးအုပ်စုအများစုအတွက်အခက်ခဲဆုံးအချိန် မှာမိုးရာသီဖြစ်ပါသည်။နွေရာသီနှင့်ဆောင်းရာသီ တို့မှာ ပြည်သူအများစုအတွက် စီးပွားရေးအခြေ အနေ ကောင်းမွန်လေ့ရှိပါသည်။ မိုးရာသီအချိန် အခါတွင်၌မူ ပြည်သူအများစုမှာ ဆင်းရဲချို့တဲ့ကြ ပါသည်။

IHLCA အရေးအတွက်ဆိုင်ရာ လေ့လာ ချက်စစ်တမ်းကို အနည်းဆုံး နှစ်ကြိမ်ကောက်ယူ မည့်ဆုံးဖြတ်ချက်သည်အထူးပင်သင့်လျော်မှန်ကန် သည်ဟုဆိုရပါမည်။ ဤသို့နှစ်ကြိမ်ကောက်ယူ ခြင်းသည် ရာသီလိုက်ပြောင်းလဲမှုကို ကောင်းစွာ ကိုယ်စားပြုနိုင်စေရန် အရေးကြီးပါသည်။ ပထမ အကြိမ်ကောက်ယူမှုမှာ ဆောင်းရာသီ(နိုဝင်ဘာလ မှ ဖေဖော်ဝါရီလအထိ)တွင် သို့မဟုတ် နွေရာသီ (မတ်လမှမေလလယ်အထိ)တွင်ဖြစ်ပြီး၊ ဒုတိယ အကြိမ်ကောက်ယူမှုမှာ မိုးရာသီ (မေလလယ်မှ အောက်တိုဘာလအထိ) တွင်ဖြစ်ပါမည်။

## *ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များ*

FGD တွင်ပါဝင်သူများက သိမြင်နားလည် သည့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ် များကို ပြည်ထောင်စုအဆင့် ပေါင်းစည်းလေ့လာ ရာ၌ အတန်းအစား (၈) မျိုးအဖြစ် စုစည်းနိုင်ပါ သည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ရာသီဥတု (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှု အစရှိသည်)

၂။ လယ်ယာထုတ်ကုန်များ (ကုန်ပစ္စည်း ထွက်ရှိမှု၊ သီးနှံရောဂါနှင့် ပိုးမွှား ကြောင့် ဆုံးရှုံးရမှု၊ ရာသီဥတုကြောင့် ဆုံးရှုံးရမှု၊ ဆန် လက်ကျန်)

၃။ ဈေးနှုန်းမတည်ငြိမ်မှု (ကုန်စည်ဈေး နှုန်း၊ အစားအစာဈေးနှုန်း၊ ထုတ်လုပ် မှု ကုန်ကျစရိတ်ဖြစ်သည့် သွင်းအားစု များနှင့် အလုပ်သမားခကုန်ကျစရိတ်၊ လယ်ယာထွက်ကုန် ဈေးနှုန်းများ၊ ငွေ ကြေးဖောင်းပွမှု အစရှိသည်)

၄။ ကျန်းမာရေး ပြဿနာများ

၅။ ဝင်ငွေ (အလုပ်လက်မဲ့ဖြစ်မှု၊ လုပ်ခ နည်းပါးမှု)

၆။ ကြွေးမြီတင်ရှိမှု (အကြွေးကြိုတင်ပေး ငွေ၊ မြင့်မားသည့် အတိုးနှုန်းများ)

၇။ စီးပွားရေး အခွင့်အလမ်းများ (ဝယ်လို အားနည်းပါးမှု၊ ရင်းနှီးမြှုပ်နှံမှု ငွေလုံး ငွေရင်း၊ ပြိုင်ဆိုင်မှု)

၈။ အရင်းအမြစ်များ ရရှိနိုင်မှု (ရှိရင်း ရေထွက် ပစ္စည်းများ၊ တောမီးလောင် ကျွမ်းမှု၊ စိုက်ပျိုးမြေ အရည်အသွေး ညံ့ဖျင်းမှု အစရှိသည်)

အိမ်ထောင်စု၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကို ချင့်တွက်နိုင်ရန်အတွက် ကျေးလက်ဒေသများတွင် စားသုံးရန် ဆန်လက်ကျန် ပမာဏကို ချင့်တွက်ရန်မှာ အရေးကြီးသည့်အချက် ဖြစ်ပါသည်။ အိမ်ထောင်စု တစ်ခုသည် မိမိ၏ ဆန်စပါးလက်ကျန်ကို အားကိုးပြုပြီး နေနိုင်သည့်လပေါင်းမှာ အဆိုပါ မိသားစုအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများကို ရင်ဆိုင် ဖြေရှင်းနိုင်စွမ်းအတွက် ကောင်းမွန်သည့် ညွှန်ကိန်း တစ်ခုပင် ဖြစ်ပါသည်။

ပြည်နယ်/ တိုင်း အဆင့် သိမြင်နားလည်မှုများ အကြားတွင် ကွဲပြားခြားနားမှုများ ရှိနေသော်လည်း ပြည်နယ်/ တိုင်း ၉ ခု တို့တွင်ရာသီဥတုကို ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အခြေခံဇာစ်မြစ်တစ်ခု အဖြစ်သတ်မှတ် ဖော်ထုတ်ခြင်းနှင့်အဆိုပါ ရာသီဥတုကိုပင် ပြည်နယ်/ တိုင်း ၁၃ ခု တို့တွင် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၏ အဓိကအကြောင်းရင်း ၄ ခု အနက် တစ်ခုအဖြစ် အဆင့်ပေးခဲ့ခြင်းကို ဂရုပြုရန်အရေးကြီးပါသည်။ ဧရာဝတီတိုင်းတစ်ခုတည်း၌သာလျှင် ရာသီဥတုကိုအရေးပါမှု အဆင့် ၈တွင်သတ်မှတ်ထားသော်လည်းဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၏ အခြေခံဇာစ်မြစ်တစ်ခုအဖြစ် ဦးစားပေးဖော်ပြခြင်းမပြုခဲ့ပါ။

## *ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်း အလိုက် ဖြေရှင်း ဆောင်ရွက်သည့် နည်းဗျူဟာများ*

FGD တွင်ပါဝင်သူများသိမြင်နားလည်ခဲ့သည့် ရပ်ရွာ၊အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက် ဖြေရှင်းဆောင်ရွက်သည့် အဓိကနည်းဗျူဟာများမှာ -

၁။ ကြွေးမြီတင်ရှိခြင်း (ပိုင်ဆိုင် ပစ္စည်းများ ပေါင်နှံခြင်း၊ ကြိုတင် ပေးငွေ၊ ကြိုတင်လစာ)

၂။ စီးပွားရေးလုပ်ဆောင်ချက်အမျိုးမျိုး လုပ်ကိုင်ခြင်း (စီးပွားရေး လုပ်ဆောင်ချက်များ ပြောင်းလဲ လုပ်ကိုင်ခြင်း၊ စီးပွားရေး လုပ်ဆောင်ချက် အမျိုးမျိုး လုပ်ကိုင်ခြင်း၊ သီးနှံအမျိုးမျိုး စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ကျပန်းလုပ်ကိုင်ခြင်း၊ အချိန်ပို လုပ်ကိုင်ခြင်း)

၃။ ပိုင်ဆိုင်ပစ္စည်းများ ရောင်းချခြင်း (တိရစ္ဆာန်များ၊ စက်ကိရိယာပစ္စည်း၊ အိမ်အသုံးအဆောင် ပစ္စည်းများ)

၄။ စားသုံးမှုနှင့်သုံးစွဲမှုတို့ကိုလျှော့ချခြင်း (အစားအစာနှင့် အစားအစာ မဟုတ်သည့်ပစ္စည်း)

၅။ ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်း (ရာသီလိုက်ရွှေ့ပြောင်းခြင်းနှင့် အပြီးရွှေ့ပြောင်းခြင်း)

၆။ လူမှုရေး လုံခြုံမှု အကာအကွယ် (မိသားစုထံမှငွေချေးယူခြင်း၊ထည့်ဝင်လှူဒါန်းငွေ၊ မိသားစုထံ မှ ငွေကြေးထောက်ပံ့မှု အစရှိသည်)

၇။ စုဆောင်းငွေကို အသုံးပြုခြင်း

၈။ မိသားစုဝင်ဦးရေ ပိုမိုအလုပ်လုပ်ခြင်း (အမျိုးသမီးအလုပ်လုပ်ခြင်း၊ မိသားစုကိုအကူအညီပေးရန် သားသမီးအကြီးများကို ကျောင်းမှနုတ်ခြင်း အစရှိသည်)တို့ဖြစ်ကြသည်။

ပြည်နယ်/ တိုင်းအားလုံးတွင် ကြွေးမြီအတင်ခံခြင်းသည် ပထမဆုံး ဖြေရှင်းမှုနည်းဗျူဟာဖြစ်ကြောင်းဂရုပြုရန်အရေးကြီးပါသည်။ ချွင်းချက်အနေနှင့်ဆိုပါမူ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဤနည်းဗျူဟာကို ဒုတိယအဆင့်၊ ဧရာဝတီတိုင်းတွင် တတိယအဆင့်ပေးခဲ့ပါသည်။

## ၄။ အခြေခံ ဝန်ဆောင်မှုများနှင့် ငွေကြေးဝန်ဆောင်မှု များကို လက်လှမ်းမီရရှိမှု

### *ကျန်းမာရေး*

ကျန်းမာရေးနှင့် စပ်လျဉ်း၍ FGD တွင် ပါဝင်သူများက သိမြင်နားလည်ခဲ့သည့် အဓိကအကြောင်းခြင်းရာများကိုအမျိုးအစားသုံးခုဖြင့် စုစည်းဖော်ပြနိုင်ပါသည်။

- ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှု
- ကျန်းမာရေးဆိုင်ရာ ပြဿနာများ (ရောဂါဘယများ)
- ကျန်းမာရေး ချို့တဲ့ရသည့် အကြောင်းရင်းများ

FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများသည် ပြည်ထောင်စုအဆင့်တွင် အများအားဖြင့် အောက်ပါအချက်များနှင့် ဆက်နွယ်လျက်ရှိပါသည်။ (၁) ကျန်းမာရေးဌာနမရှိခြင်းနှင့် ကျန်းမာရေးဌာနနှင့် ခရီးကွာလှမ်းခြင်း၊ (၂) ဆေးကုသမှုအတွက်ကုန်ကျစရိတ် (ဆေးဖိုးဝါးခ၊ ဆရာဝန်ပြသစရိတ်နှင့်ခရီးသွားလာစရိတ်များ)နှင့်၊ (၃) ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများရရှိနိုင်မှု (အထူးသဖြင့် ကျေးလက်ဒေသများ၌)

ပြည်ထောင်စုအဆင့်အတွက် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာအဓိက ပြဿနာများမှာ (၁) ငှက်ဖျားရောဂါ၊ (၂) သာမန် နေထိုင်မကောင်းဖြစ်မှု၊ (၃) ရောဂါကြီးများဖြစ်ပွားမှု (အဆုတ်နာရောဂါနှင့် အခြားအသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများ)၊ (၄) ဝမ်းရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် ဝမ်းနှင့်ပတ်သက်သောရောဂါ (၅)သွေးလွန်တုပ်ကွေးရောဂါ၊ (၆) သားဖွားမိခင် ကျန်းမာရေး စသည်တို့ဖြစ်ကြပါသည်။

ပြည်နယ်/တိုင်းအားလုံးအနေဖြင့် ဆေးကုသစရိတ်ကိုအဓိကအရေးပါသည့်ပြဿနာတစ်ရပ်အဖြစ် ရှုမြင်ကြသော်လည်း ငှက်ဖျားကဲ့သို့သော ကျန်းမာရေးပြဿနာ အချို့မှာ ပြည်နယ်/တိုင်းအချို့တွင် အခြားပြည်နယ်/တိုင်း များထက်ပို၍ အရေးပါဟန်ရှိသည်။ FGD တွင်ပါဝင်သူများက ငှက်ဖျားရောဂါကို ဦးစားပေးကျန်းမာရေးပြဿနာအဖြစ်သတ်မှတ်ဖော်ထုတ်ခဲ့သော ပြည်နယ်/တိုင်းများမှာ ကမ်းရိုးတန်းဒေသတွင် ရှိပါသည်။ (မွန်၊ တနင်္သာရီနှင့်ရခိုင်၊) ချင်းပြည်နယ်၊ကယားပြည်နယ်နှင့် ကရင်ပြည်နယ်ကဲ့သို့သော တောင်တန်းဒေသမှပြည်နယ်များတွင်လည်း ငှက်ဖျားရောဂါကို ဦးစားပေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းမှ ပါဝင်သူများကလည်း ငှက်ဖျားရောဂါကို အဓိက ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ် ဖော်ထုတ်ခဲ့ပါသည်။ ငှက်ဖျားရောဂါကို ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ်ဖော်ပြခဲ့သည့်အခြားပြည်နယ်/တိုင်းများမှာ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ဖြစ်ကြပါသည်။ ငှက်ဖျားရောဂါကို ကျန်းမာရေးဆိုင်ရာ ပြဿနာ တစ်ရပ်အဖြစ် မဖော်ပြသည့်ပြည်နယ်/တိုင်းတို့မှာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့ ဖြစ်ပါသည်။ ဤသဘောအတိုင်းပင်ဝမ်းရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းနှင့်ပတ်သက်သော ရောဂါများကို

ကျန်းမာရေးဆိုင်ရာ ပြဿနာများအဖြစ် တနင်္သာရီတိုင်း၊ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် စသည်တို့က သတ်မှတ် ဖော်ထုတ်ခဲ့ပါသည်။ ၎င်းအပြင် သွေးလွန်တုပ်ကွေးရောဂါကို ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်အဖြစ်သတ်မှတ်ဖော်ထုတ်သည့် ပြည်နယ်/တိုင်းများမှာ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ဖြစ်ပါသည်။

FGD တွင် ပါဝင်သူများကပြည်ထောင်စု အဆင့်တွင် သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကျန်းမာရေးချို့တဲ့ရမှု၏ အကြောင်းရင်းအချို့မှာ ရေ၏ အရည်အသွေး၊ အာဟာရချို့တဲ့မှုနှင့် အညစ်အကြေးသန့်ရှင်းမှုပိုင်း အားနည်းမှု စသည်တို့ဖြစ်ပါသည်။

## *ပညာရေး*

FGD တွင် ပါဝင်သူများ သတ်မှတ်ထုတ်ဖော်ခဲ့သည့် ပညာရေးဆိုင်ရာ လက်လှမ်းမီမှုနှင့် စပ်လျဉ်းသည့်အခက်အခဲများသည် ပြည်ထောင်စု အဆင့်တွင် ကျောင်းထားရသည့် စရိတ်အတွက် ငွေကြေးအခက်အခဲ၊ ကျေးရွာနှင့် ရပ်ကွက်တွင် ကျောင်း မရှိခြင်းနှင့် ကျောင်းအဆောက်အဦ မလုံလောက်ခြင်း၊ ကျောင်းဆရာ ရှားပါးခြင်းတို့နှင့် အများဆုံးဆက်စပ်ပတ်သက် လျက်ရှိပါသည်။

FGD တွင်ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကျောင်းထားရသည့် စရိတ်နှင့် စပ်လျဉ်းသည့် ပြဿနာများသည် ပြည်ထောင်စု အဆင့်တွင် အလွတ်သဘော ကုန်ကျသည့်စရိတ်၊ ကျောင်းစာအုပ်များအတွက်စရိတ်၊ စာရေးကိရိယာများအတွက်စရိတ်၊ ကျောင်းဝတ်စုံစရိတ်၊ ကျောင်းကြို/ပို့အစီအစဉ်မရှိခြင်းနှင့် ခရီးစရိတ်၊ ကျောင်းအတွက် အလှူငွေ ထည့်ဝင်ရမှု စသည်တို့ဖြစ်ပါသည်။

FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့်ကလေးများကို ကျောင်းမထားသည့် အကြောင်းရင်းများမှာ ပြည်ထောင်စုအဆင့်တွင် ငွေရေးကြေးရေး ပြဿနာများ၊ မိသားစုကိုကူညီရန် ကလေးများကိုကျောင်းမှနုတ်ခြင်း၊အချို့ဆင်းရဲနွမ်းပါးသည့်ကလေးများ စိတ်ကြောင့်ကြမှုဖြစ်ရခြင်း၊ ဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်းနှင့် ကျန်းမာရေး အကြောင်းများကြောင့် စသည်တို့ဖြစ်ပါသည်။

## *ရေနှင့် အညစ်အကြေးသန့်ရှင်းရေး*

FGD တွင် ပါဝင်သူများကသိမြင်နားလည်ခဲ့သည့် ရေရရှိနိုင်မှုနှင့် ဆက်နွယ်သောသီးသန့် ပြဿနာများမှာ ပြည်ထောင်စု အဆင့်တွင် အောက်ပါအတိုင်း ဖြစ်ပါသည်။ (၁)သောက်ရေ၏ အရည်အသွေး (၂) ရေရှားပါးမှု (၃) ရေရရှိရာဇစ်မြစ်နှင့်အကွာအဝေး (၄) ရေအတွက်ကုန်ကျစရိတ် (သောက်ရေနှင့် သုံးရေ) နှင့်(၅) ရေရရှိရာဇစ်မြစ် အမျိုးအစား (အဖုံးအကာမဲ့ရေတွင်း/ရေသိုလှောင်ကန်၊အဝီစိတွင်း၊ မြစ်ရေ)အစရှိသည်တို့ဖြစ်သည်။

FGD တွင် ပါဝင်သူများကသိမြင်နားလည်ခဲ့သည့် အညစ်အကြေး သန့်ရှင်းမှုနှင့် ဆက်နွယ်သော သီးသန့် ပြဿနာများမှာ ပြည်ထောင်စု အဆင့်တွင် အောက်ပါအတိုင်းဖြစ်ပါသည်။ (၁) အိမ်သာ အမျိုးအစား (ယင်လုံအိမ်သာ၊ အိမ်သာမရှိခြင်းအစရှိသည်) (၂)အညစ်အကြေးသန့်ရှင်းမှု အခြေအနေနှင့် (၃)ရေနုတ်စနစ်၏အရည်အသွေး

(နေရာဒေသ တစ်ခုသည် အချိန်အတန်ကြာ ရေလွှမ်းမိုးခံနေရပါက)တို့ဖြစ်သည်။

FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများမှာ ပြည်နယ်/တိုင်းများအတွင်း ကြီးမားစွာကွဲပြားခြားနားမှု ရှိနေပါသည်။ အမှန်အားဖြင့် ဆိုပါမူ၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ FGD တွင် ပါဝင်သူများ ၏ သိမြင်နားလည်မှုများသာ ပြည်ထောင်စုအဆင့် စုစည်းထားသည့်ရလဒ်များနှင့် ထူးခြားစွာဆက်စပ်မှုရှိနေပါသည်။

## ငွေကြေးဝန်ဆောင်မှု များ

FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့ကြသည့် ငွေကြေးဝန်ဆောင်မှုများလက်လှမ်းမီမှုနှင့်ဆက်နွယ်သည့် သီးသန့်ပြဿနာများမှာပြည်ထောင်စုအဆင့်တွင်အောက်ပါအတိုင်းဖြစ်ပါသည်။

- အတိုးနှုန်း ကြီးမြင့်မှု
- ချေးငွေရရှိမှု
- အာမခံထားရန် ပစ္စည်း မရှိမှု
- ချေးငွေနှင့် ပတ်သက်သည့် အကြောင်းအချက်များ (ချေးငွေပမာဏ၊ ချေးယူနိုင်သည့် ကာလအပိုင်းအခြား၊ ချေးငွေရရှိရန် ကြာမြင့်သည့် အချိန်ကာလ အစရှိသည်)

ပြည်နယ်/ တိုင်း အားလုံးတို့တွင် ချေးငွေအတိုးနှုန်း မြင့်မားမှုကို ဦးစားပေး ပြဿနာ တစ်ရပ်အဖြစ်အဆင့်ပေး (ပထမပြဿနာသုံးခုတွင်အဆင့်ပေး)ထားသည်ကို အလေးအနက်ထား ဖော်ပြရန်အရေးကြီးပါသည်။

## ပစ္စည်း ကိရိယာနှင့် သွင်းအားစု များ

FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် ပစ္စည်းကိရိယာနှင့် သွင်းအားစုများရရှိနိုင်မှုနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆက်နွယ်လျက်ရှိသည့် အဓိကပြဿနာများမှာပြည်ထောင်စုအဆင့်တွင် (၁)သွင်းအားစုများ၏ဈေးနှုန်း (၂) လယ်ယာသုံးပစ္စည်းကိရိယာနှင့်စက်ကိရိယာပစ္စည်းရှားပါးမှု (၃)အလုပ်သမားငှားရမ်းခစရိတ် (၄) ခိုင်းကျွဲ/နွားရှားပါးမှုနှင့်ခိုင်းကျွဲ/နွားငှားရမ်းစရိတ်တို့ဖြစ်ကြပါသည်။

FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လယ်ယာစိုက်ပျိုးရေး မဟုတ်သည့်လုပ်ဆောင်မှုများအတွက် အဓိကပြဿနာများမှာပြည်ထောင်စုအဆင့်တွင် (၁) ပစ္စည်းကိရိယာဈေးနှုန်း(၂)ပစ္စည်းကိရိယာရှားပါးမှု(၃) ပစ္စည်းကိရိယာငှားရမ်းခစရိတ်ကြီးမြင့်မှု (၄)ငါးဖမ်းကိရိယာမရှိမှု (၅)ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းမရှိမှု (၆)အမြတ်ပြန်ရနှုန်းနည်းပါးမှု (၇)သယ်ယူပို့ဆောင်မှုအတွက်လက်လှမ်းမမီနိုင်မှု (၈) လောင်စာပြတ်လပ်မှု (၉) လောင်စာဆီ ဈေးနှုန်းကြီးမြင့်မှု (၁၀)စီးပွားရေးလုပ်ငန်းအတွက်နေရာငှားရမ်းခစရိတ်ကြီးမြင့်မှုတို့ဖြစ်ကြသည်။

FGD တွင် ပါဝင်သူများ၏သိမြင်နားလည်မှုများသည် ပြည်နယ်/တိုင်းများအတွင်း ကြီးမားသည့်ခြားနားမှုများရှိနေပါသည်။ အမှန်စင်စစ်အားဖြင့် FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများသည် ပြည်ထောင်စုအဆင့် စုစည်းရရှိသည့်ရလဒ်များနှင့် ကချင်ပြည်နယ် တစ်ခုတည်းအတွက်သာလျှင် ထူးခြားစွာဆက်စပ်မှုရှိနေပါသည်။

## ၅။ ဆင်းရဲနွမ်းပါးမှုလျှော့ချရန် *လုပ်ငန်းစီမံချက်နှင့် လုပ်ငန်း အစီအစဉ်များ*

စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်စေရန်အတွက်လိုအပ်သည့်လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဉ် အမျိုးအစားများသည် လူတွေ့မေးမြန်းမှုပြုလုပ်ခဲ့သည့် အရပ်ဒေသနှင့် ပတ်ဝန်းကျင်ပေါ်တွင်မူတည်နိုင်သော်လည်း FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဦးစားပေးလုပ်ငန်းအချို့ကို အောက်ပါအတိုင်း မီးမောင်းထိုးဖော်ပြလိုပါသည်။

၁။ ဝင်ငွေရရှိစေသည့် လုပ်ငန်းစီမံချက်များ(စက်ရုံများ၊အလုပ်အကိုင် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း၊ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှု၊လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုများ အစရှိသည်)

၂။ အခြေခံအဆောက်အအုံများ(လျှပ်စစ်ဓာတ်အား၊လမ်းများ၊ ကိုယ့်အားကိုယ်ကိုးလုပ်ငန်း အစီအစဉ်များ၊ ဆည်မြောင်းနှင့် တံတားများ အစရှိသည်)

၃။ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ (ငွေကြေးအထောက်အပံ့၊ အသေးစားချေးငွေ စီမံချက်အစရှိသည်)

၄။ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရာဌာနများ (ကျေးရွာ/ရပ်ကွက်တွင်ဆေးရုံ/ဆေးခန်းနှင့် ဆေးပေးခန်း အစရှိသည်)

၅။ ပညာရေး (ကျေးရွာ/ရပ်ကွက်တွင် ကျောင်းရှိခြင်း၊ ကျောင်းကြို/ပို့အစီအစဉ်အစရှိသည်)

စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်စေရန် FGD တွင်ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်းစီမံချက်များနှင့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အရေးကြီးသည့် ရလဒ်များမှာ ပြည်နယ်/တိုင်းအဆင့်တွင် -

၁။ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှအပ၊ကျန်ပြည်နယ်/တိုင်းများတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီမှု တိုးတက်ကောင်းမွန်အောင် အဓိက ကြားဝင်ဆောင်ရွက်မှု ငါးခုအနက် သက်သာသည့် အတိုးနှုန်းဖြင့် ငွေချေးယူရရှိနိုင်မှုကို တစ်ခုအဖြစ် အဆင့်ပေးထားပါသည်။

၂။ လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းကိုလည်း ပြည်နယ်/ တိုင်းများတွင် အခြေခံ အဆောက်အအုံ တိုးတက်ကောင်းမွန်ရန် အဓိက ကြားဝင်ဆောင်ရွက်မှု ငါးခုအနက် တစ်ခုအဖြစ် အဆင့်ပေးထားပါသည်။ ၎င်းပြင် ရခိုင်ပြည်နယ်မှအပ ကျန်ပြည်နယ်/တိုင်း အားလုံးတွင် လျှပ်စစ်ဓာတ်အားကို အဓိကကြားဝင်ဆောင်ရွက်မှု ငါးခုအနက်တစ်ခုအဖြစ်သတ်မှတ်ဖော်ထုတ်ထားပါသည်။

၃။ ပြည်နယ်/ တိုင်းအားလုံးတွင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်စေရန် အဓိက ကြားဝင်ဆောင်ရွက်မှု သုံးခုအနက် တစ်ခုအဖြစ်ကျေးရွာ/ ရပ်ကွက်တွင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရာဌာနတစ်ခု ဆောက်လုပ်မှုကို အဆင့်ပေးထားပါသည်။

## ၆။ အထွေထွေထောက်ခံ အကြံပြုချက်များ

အရည်အသွေး ဆိုင်ရာ လေ့လာမှုသည် အိမ်ထောင်စုများ၏ စားဝတ် နေရေးဆိုင်ရာ အခက်အခဲ ကည္တန်ကိန်းများ၊ ဆင်းရဲ နွမ်းပါးခြင်း ဖြစ်လွယ်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီမှု၊ စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်စေရန် လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဉ်များအတွက် တန်ဖိုးရှိသည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ သို့ရာတွင် ဤသတင်းအချက်အလက်များသည် FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများသာဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ပြည်သူအားလုံးအတွက်ကောက်ချက်ချ၍မရပါ။

IHLCA စစ်တမ်း၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကောက်ယူမှုတစ်ခုခုတွင် အရည်အသွေးဆိုင်ရာ စိစစ်ချက်သီးသန့်အပိုင်း တစ်ခုကို ထပ်ထည့်ခြင်းဖြင့် ရရှိသည့် သီးသန့်လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ သတင်းအချက်အလက်များမှအပ အရည်အသွေးဆိုင်ရာ လေ့လာမှု၏ သတင်းအချက်အလက် အများစု၏ မှန်ကန်မှုကိုထုတ်ဖော် ပေးနိုင်မည် ဖြစ်ပါသည်။

ဤအရည်အသွေးဆိုင်ရာ အပိုင်းသည် မေးခွန်းဖြေကြားမည့်သူများကို ၎င်းတို့၏ စားဝတ်နေရေးအခြေအနေ တိုးတက် ကောင်းမွန်ရေးကို ရည်ရွယ်သည့် သီးသန့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကိုဦးစားပေးဖော်ပြရန်မေးမြန်းနိုင်မည် ဖြစ်ပါသည်။ ဤသတင်းအချက်အလက်များသည်မြန်မာနိုင်ငံတွင် ဦးစားပေးနယ်ပယ်များ၌ ဦးစားပေး လူမှု-စီးပွားအုပ်စုများအတွက် အကောင်အထည်ဖော်နိုင်မည့် ဦးစားပေးလုပ်ငန်း စီမံချက်နှင့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ တိကျသည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။

# အတိုကောက်စကားလုံးများ

| | |
|---|---|
| CSO | Central Statistical Organisation |
| FERD | Foreign Economic Relations Department |
| FGD | Focus Group Discussion |
| IHLCA | Integrated Household Living Conditions Assessment |
| MIS | Management Information System |
| MNPED | Ministry of National Planning and Economic Development |
| PD | Planning Department |
| UNDP | United Nations Development Programme |

# ဇယားများ စာရင်း

**ဇယားများ**

ဇယား ၁-၁။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်များတွင် FGD တွင် ပါဝင်သူများ၏ လူနေမှု ဘဝပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင်များ ...........................................................၃၀
ဇယား ၁-၂။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအလိုက် FGD ၌ ပါဝင်သူများ၏ ဆင်းရဲနွမ်းပါး မှုဆိုင်ရာ ရှုထောင့်အမြင်များ ..........................................................................၄၀
ဇယား ၁-၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အဓိကအကြောင်းရင်းများ ...............................................၄၅
ဇယား ၁-၄။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ကျန်းမာရေးနှင့် ဆက်နွယ်သည့် ပြဿနာများ ...........................................................၅၀
ဇယား ၁-၅။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ပညာရေးနှင့် ဆက်နွယ်သော ပြဿနာများ.............................................................၅၄
ဇယား ၁-၆။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည် သည့် ရေနှင့် အညစ်အကြေးသန့်ရှင်းမှုနှင့် ဆက်နွယ်သော ပြဿနာများ .....................၅၈
ဇယား ၁-၇။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည် သည့် ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် ဆက်နွယ်သောပြဿနာများ .....................၆၁
ဇယား ၁-၈။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည် သည့် ပစ္စည်းကိရိယာ၊ သွင်းအားစုများရနိုင်မှုနှင့် ဆက်နွယ်သောပြဿနာများ...............၆၅
ဇယား ၁-၉ က။ အဓိကသတင်းပေးသူများ သိမြင်နားလည်သည့် ပြည်နယ်/တိုင်းအဆင့် ကျေးလက်ဒေသများ တွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ လုပ်ကိုင်နေသည့် အိမ်ထောင်စုအချိုး(%) ..........၇၀
ဇယား ၁-၉ ခ။ အဓိကသတင်းပေးသူများ သိမြင်နားလည်သည့်ပြည်နယ်/တိုင်းအဆင့် မြို့ပြဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ လုပ်ကိုင်နေသည် အိမ်ထောင်စုအချိုး .......................၇၁
ဇယား ၁-၁၀က။ အဓိကသတင်းပေးသူများသိမြင်နားလည်သည့်ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်း ကျေးလက်ဒေသတွင် စီးပွားရေးလုပ် ဆောင်မှု တစ်ခုစီ၌ စားဝတ်နေရေး အခြေအနေ ဆိုးရွားသည့် အိမ်ထောင်စုအချိုး ........................................................................၇၅
ဇယား ၁-၁၀ခ။ အဓိကသတင်းပေးသူများ သိမြင်နားလည်သည့် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်း မြို့ပြဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ စားဝတ်နေရေးအခြေအနေဆိုးရွား သည့် အိမ်ထောင်စုအချိုး............................................................................................၇၆
ဇယား ၁-၁၁က။ အဓိကသတင်းပေးသူများ သိမြင်နားလည်သည့်ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်း ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုတွင် စီးပွားရေးလုပ်ဆောင်မှု အလိုက်အကျိုးပြု ပါဝင်မှု ၈၀

ဇယား၁-၁၁။ အဓိကသတင်းပေးသူများ သိမြင်နားလည်သည့် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်း မြို့ပြဒေသ ဆင်းရဲနွမ်းပါးမှုတွင် စီးပွားရေးလုပ်ဆောင်မှုအလိုက် အကျိုးပြုပါဝင်မှု .........၈၁
ဇယား ၁-၁၂။ FGD တွင် ပါဝင်သူများသိမြင်နားလည်သည့် ပြည်နယ်/တိုင်းများ၏ ရာသီလိုက် ဆင်းရဲနွမ်းပါး ခြင်းဖြစ်လွယ်မှု ...........................................................................................၈၄
ဇယား ၁-၁၃။ FGD ၌ ပါဝင်သူများ သိမြင်နားလည်သည့် ပြည်နယ်/ တိုင်းအလိုက်ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အဓိကဇာစ်မြစ်များ..........................................................................၈၇
ဇယား ၁-၁၄။ FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ပြည်နယ်/တိုင်းအလိုက် ရပ်ရွာလူထု၊ အိမ်ထောင်စုနှင့်တစ်ဦးချင်း ပြဿနာဖြေရှင်းနည်းဗျူဟာများ......................................၉၁
ဇယား ၁-၁၅။ FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ပြည်နယ်/ တိုင်းအလိုက် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် စားဝတ်နေရေးအခြေအနေကောင်းမွန်တိုးတက်စေမည့် အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ.................................................................................................၉၆
ဇယား ၁-၁၆။ FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအလိုက် ဝင်ငွေရရှိစေနိုင်သည့် လုပ်ငန်းစီမံကိန်းများနှင့် အစီအစဉ်များ ..............၁၀၂
ဇယား ၁-၁၇။ FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့် ငွေကြေးဝန်ဆောင်မှုများ တိုးတက်ရရှိနိုင်ရန် လုပ်ငန်းစီမံချက်နှင့် အစီအစဉ်များ..........၁၀၅
ဇယား ၁-၁၈။ FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့် အခြေခံအဆောက်အအုံများနှင့် ဆက်နွယ်သည့် လုပ်ငန်းစီမံချက်နှင့် အစီအစဉ်များ ....၁၀၉
ဇယား ၁-၁၉။ FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့် ပညာရေးလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရန် လုပ်ငန်းစီမံချက်နှင့် အစီအစဉ်များ......၁၁၂
ဇယား ၁-၂၀။ FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိမှုတိုးတက်ကောင်းမွန်နိုင်ရန် လုပ်ငန်းစီမံချက်နှင့် အစီအစဉ် များ ..............................................................................................................၁၁၇
ဇယား ၂-၁။ FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ပြည်ထောင်စုအဆင့် လူနေမှုဘဝပြည့်စုံ ဖူလုံမှု ဆိုင်ရာ ရှုထောင့်အမြင်များ.............................................................................၁၂၀
ဇယား ၂-၂။ FGD တွင် ပါဝင်သူအမျိုးအစားအလိုက်၊ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များ ...............................................................................................၁၃၀
ဇယား ၂-၃။ ပြည်ထောင်စုအဆင့်အတွက် FGD တွင် ပါဝင်သူများက သိမြင်နားလည်သော ဆင်းရဲနွမ်းပါး မှု ဖြစ်ရသည့် အဓိက အကြောင်းရင်းများကို အတန်းအစားအလိုက် ဖော်ပြချက် ........ ၁၃၅
ဇယား ၂-၄။ ပြည်ထောင်စုအဆင့်တွင် ကျန်းမာရေးနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြားဖော်ပြချက် ..................................... ၁၄၀

ဇယား ၂-၅။ ပြည်ထောင်စုအဆင့် ပညာရေးဆိုင်ရာ အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြားဖော်ပြချက် ........................................................ ၁၄၂
ဇယား ၂-၆။ ပြည်ထောင်စုအဆင့် ရေနှင့် အညစ်အကြေး သန့်ရှင်းမှုဆိုင်ရာ အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြား ဖော်ပြချက် ........................................၁၄၄
ဇယား ၂-၇။ ပြည်ထောင်စုအဆင့် ငွေကြေးဝန်ဆောင်မှုများနှင့် ဆက်နွယ်သည့် ပြဿနာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြားဖော်ပြချက် ......................................................၁၄၆
ဇယား ၂-၈။ ပြည်ထောင်စုအဆင့် ပစ္စည်းကိရိယာနှင့် သွင်းအားစုဆိုင်ရာ ပြဿနာများကို FGD တွင် ပါဝင်သူအတန်းအစားအလိုက် ခွဲခြားဖော်ပြချက် ....................................................၁၄၈
ဇယား ၂-၉။ အဓိက သတင်းပေးသူများက သိမြင်နားလည်မှုအရ စီးပွားရေးလုပ်ဆောင်ချက် အသီးသီးတွင် လုပ်ကိုင်လျက်ရှိသူ ဦးရေအချိုးအစားကို ပြည်ထောင်စုအဆင့် စုစည်းထားသည့် အတွက် နေထိုင်ရာ ဒေသအလိုက် တင်ပြချက် (%)..................................................၁၅၁
ဇယား ၂-၁၀။ အဓိက သတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း စီးပွားရေးလုပ်ဆောင်ချက် တစ်ခုစီအတွက် ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စု အချိုးအစားများကို ပြည်ထောင်စုအဆင့် နေထိုင်ရာဒေသဖြင့် ဖော်ပြချက် (%) .....................................................................၁၅၃
ဇယား ၂-၁၁။ အဓိက သတင်းပေးသူများက သိမြင်နားလည်မှုအရ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုတွင် စီးပွားရေး လုပ်ဆောင်ချက်က အကျိုးပြုပါဝင်မှုကို ဖော်ပြချက် (%)....................၁၅၅
ဇယား ၂-၁၂။ FGD တွင် ပါဝင်သူများက သိမြင်နားလည်ခဲ့မှုအရ နေရာဒေသအလိုက် အဓိက စီးပွားရေး လုပ်ဆောင်ချက်များတွင် ရာသီလိုက် ပြောင်းလဲမှုများကို ဖော်ပြချက်..........................၁၅၇
ဇယား ၂-၁၃။ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အဓိကဇာစ်မြစ်များကို FGD တွင် ပါဝင်သူအမျိုးအစား အလိုက် ခွဲခြားဖော်ပြချက် .......................................................၁၅၉
ဇယား ၂-၁၄။ ပြည်ထောင်စုအဆင့် ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက် ဖြေရှင်းသည့် နည်းဗျူဟာများ ကို FGD တွင် ပါဝင်သူ အမျိုးအစား အလိုက် ခွဲခြားဖော်ပြချက်............................၁၆၁
ဇယား ၂-၁၅။ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို FGD တွင် ပါဝင်သူ ၏ အမျိုးအစားအလိုက် ခွဲခြားဖော်ပြချက် ..................................၁၆၄
ဇယား ၂-၁၆။ ပြည်ထောင်စုအဆင့် FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ပေးခဲ့သည့် ဝင်ငွေရစေနိုင်သည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ပေါင်းစည်းပြီး အတန်းအစားအလိုက် ခွဲခြားဖော်ပြချက်.........................................................................................၁၆၆
ဇယား ၂-၁၇။ ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေရန် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက် အမျိုးအစားများ ..၁၆၈

ဇယား ၂-၁၈။ FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ခဲ့သည့် အခြေခံအဆောက်အအုံများနှင့် ဆက်နွယ်သည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စု အဆင့်နှင့် FGD အတန်းအစားအလိုက် ခွဲခြား ဖော်ပြချက် ........................................................၁၇၀
ဇယား ၂-၁၉။ ပညာရေးလက်လှမ်းမီမှု တိုးတက်ကောင်းမွန်စေရန်အတွက် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စု အဆင့် အတွက် FGD တွင် ပါဝင်သူအမျိုးအစား အလိုက် ခွဲခြားဖော်ပြချက် ................၁၇၂
ဇယား ၂-၂၀။ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု၊ တိုးတက် ကောင်းမွန်စေရန် အတွက် FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်း အစီအစဉ်များနှင့် လုပ်ငန်း စီမံချက်များကို ပြည်ထောင်စုအဆင့် စုစည်းပြီး FGD တွင် ပါဝင်သူအမျိုးအစား အလိုက်ခွဲခြား ဖော်ပြချက် ..........................................................................................................................၁၇၄
ဇယား ၂-၂၁။ မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ အရေအတွက်ဆိုင်ရာ စစ်တမ်း အတွက် အဆိုပြုထားသည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းများ ၁၇၇

# နိဒါန်း၊ ရည်ရွယ်ချက်နှင့်အချက်အလက်စိစစ်သည့်ပညာရပ်ဆိုင်ရာနည်းလမ်း

## နိဒါန်း နှင့် ရည်ရွယ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် နိုင်ငံတကာ ငွေကြေးထောက်ပံ့မှု အဖွဲ့အစည်းများကို ပြည်ထောင်စုမြန်မာနိုင်ငံအိမ်ထောင်စုစားဝတ်နေရေး အခြေအနေများ၏ အဓိကသွင်ပြင်လက္ခဏာအားလုံးအတွက် ယုံကြည်စိတ်ချရပြီး အချိန်နှင့် တစ်ပြေးညီသည့် လေ့လာသုံးသပ်မှု တစ်ခုပေးနိုင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရတို့သည်မြန်မာနိုင်ငံတွင်အိမ်ထောင်စုစားဝတ်နေရေး အခြေအနေဘက်စုံလေ့လာမှု (IHLCA) စစ်တမ်းတစ်ရပ်ကို ၂၀၀၃-၂၀၀၅ နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။[၁]

ဤလုပ်ငန်း စီမံချက်မှ မျှော်မှန်းထားသည့် ရလဒ်များမှာ -

- တစ်နိုင်ငံလုံးအတွက် စစ်တမ်း-အခြေခံသည့် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာ သုံးသပ်ချက်တစ်ရပ်၊
- သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ အသုံးပြုနိုင်ရန် အတွက်သတင်းအချက်အလက်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (MIS) တစ်ခု၊
- မူဝါဒရေးဆွဲ ချမှတ်သူများနှင့် အခြားပါဝင် ပတ်သက်နေသူများ အနေဖြင့် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေကောင်းမွန်တိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် ဦးစားပေးရမည်များကို အားလုံးသဘောတူလက်ခံပြီးသတိထားမိစေရန် တို့ဖြစ်ပါသည်။

အိမ်ထောင်စုစားဝတ်နေရေး အခြေအနေဘက်စုံလေ့လာမှု (IHLCA) ၏ ပထမအဆင့်သည် အရည်အသွေးဆိုင်ရာ လေ့လာချက် ဖြစ်ပြီး အိမ်ထောင်စု စားဝတ်နေရေး အခြေအနေများ အပေါ် မြန်မာနိုင်ငံ ပြည်သူလူထု၏ သိမြင်နားလည်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။ ဤအခြေပြုရန် စစ်တမ်း၏ ဆက်လက်လုပ်ဆောင်မည့် အရေတွက်ဆိုင်ရာ စစ်တမ်းအဆင့် မေးခွန်းတွင် ထည့်သွင်းအသုံးပြုရန်အတွက် ညွှန်ကိန်းများကို အပြီးသတ် ရွေးချယ်ရာတွင် ယင်းသတင်းအချက်အလက်များကိုအသုံးပြုလိမ့်မည်ဖြစ်သည်။

စားဝတ်နေရေး အခြေအနေများနှင့် စပ်လျဉ်းသည့် ပြည်သူများ၏ သိမြင်နားလည်မှု

[၁] အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (MNPED) မှ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန(PD)သည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (UNDP) ၏ ငွေကြေး အကူအညီနှင့် IDEA အပြည်ပြည်ဆိုင်ရာ အဖွဲ့၏ ကျွမ်းကျင်မှု အကူအညီ တို့ဖြင့် ဤအိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) စစ်တမ်းကို ဗဟိုစာရင်းအင်းအဖွဲ့(CSO)နှင့် ပူးပေါင်း အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

များကို အရည်အသွေးဆိုင်ရာ လေ့လာမှုပြုလုပ်သည့် ရည်ရွယ်ချက်များမှာ -

- မြန်မာနိုင်ငံရှိ လူဦးရေ အုပ်စုများ (မြို့ပြ/ကျေးလက်၊ ကျား/မ၊ လူကြီး/လူငယ်)အတွက် လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့်ဆင်းရဲနွမ်းပါးမှုဆိုင်ရာရှုထောင့်အမြင်များကို သတ်မှတ်ဖော်ထုတ်ရန်။
- မြန်မာနိုင်ငံ ပြည်သူများ၏ ဝင်ငွေရရှိစေသော လုပ်ကိုင်ဆောင်ရွက် ချက်များနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ ကြရသည့် စိမ်ခေါ်မှုများကို ပိုမိုသိရှိရန်။
- မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများနှင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုတို့ကို ပိုမိုနားလည် သဘောပေါက်ရန်။
- ရပ်ရွာလူထု၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက် ယင်းတို့၏ အခက်အခဲများကိုရင်ဆိုင်ပြီး စားဝတ်နေရေး အခြေအနေ တိုးတက် ကောင်းမွန်စေရန် ဖြေရှင်းလုပ်ဆောင်သည့် နည်းဗျူဟာများကိုကောင်းစွာသိရှိနားလည်သဘောပေါက်ရန်၊
- ပြည်သူများက စားဝတ်နေရေး အခြေအနေ ကောင်းမွန် တိုးတက်အောင် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို သတ်မှတ်ဖော်ထုတ်ရန် တို့ဖြစ်ပါသည်။

အပိုင်း (၁)တွင်- စားဝတ်နေရေးအခြေအနေများအပေါ် ပြည်သူတို့၏သိမြင်နားလည်မှုနှင့် စပ်လျဉ်း၍ အရည်အသွေးဆိုင်ရာလေ့လာသုံးသပ်မှုမှရလဒ်များကို တိုင်းနှင့်ပြည်နယ်အတွက် လေ့လာတင်ပြထားပါသည်။

အပိုင်း (၂)တွင်-စားဝတ်နေရေးအခြေအနေများအပေါ် ပြည်သူတို့၏သိမြင်နားလည်မှုနှင့် စပ်လျဉ်း၍ အရည်အသွေးဆိုင်ရာလေ့လာသုံးသပ်မှုမှ ရလဒ်များကို ပြည်ထောင်စုအဆင့်အတွက် လေ့လာတင်ပြထားပါသည်။

## အချက်အလက် ကောက်ယူသည့် ပညာရပ်ဆိုင်ရာနည်းလမ်း

### *ခေါင်းစဉ်အလိုက် လက္ခဏာတူ အုပ်စုဆွေးနွေးသည့်နည်းလမ်း*

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေအပေါ် ပြည်သူတို့၏ သိမြင်နားလည်မှုနှင့် ပတ်သက်၍အရည်အသွေးဆိုင်ရာလေ့လာမှုပြုရာတွင်အသုံးပြုခဲ့သည့် နည်းလမ်းမှာ ခေါင်းစဉ်အလိုက် လက္ခဏာတူအုပ်စု ဆွေးနွေးပွဲ (FGD) နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းသည် အရည်အသွေးဆိုင်ရာ လူမှု-သုတေသနဖြစ်ပြီး ပါဝင်ဆွေးနွေးသူအားလုံး၏ သဘောတူညီမှု မရှာဖွေဘဲ တစ်ဦးချင်း၏ထင်မြင်ချက်များကိုဖော်ထုတ်စုစည်းခြင်းဖြစ်သည်။ ဤနည်းလမ်းသည် နှုတ်ဖြင့်ပြောဆိုမှုကို အခြေခံပြီးပါဝင် ဆွေးနွေးသူများ၏ ဘာသာစကားအရ ပြောဆိုဆွေးနွေးသည်။ ခေါင်းစဉ်အလိုက် လက္ခဏာတူအုပ်စု ဆွေးနွေးချက် (FGD) များကို တိတ်ခွေဖြင့် အသံဖမ်းယူလေ့ရှိပြီး ပျမ်းမျှ တစ်နာရီခွဲ ကြာသည်။

FGD အုပ်စုတစ်ခုတွင် ၁၂ ဦးမှ ၁၅ ဦး ပါဝင်ပြီး အမျိုးအစား တူညီသောအုပ်စုဖြစ်စေရန် လူမှုရေးနှင့်လူဦးရေဆိုင်ရာသတ်မှတ်ချက်စံတချို့ အရ ရွေးချယ်ထား သည်။ ဦးဆောင်ဆွေးနွေးသူ၏ ကြီးကြပ်မှုအောက်တွင် အကြောင်းအရာ ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများကို ဆွေးနွေးရန် ဖိတ်ခေါ်သည်။ ဦးဆောင် ဆွေးနွေးသူသည် တစ်ဝက်တစ်ပျက် ပုံစံချထား သည့် တွေ့ဆုံမေးမြန်းမှု ကွန်ယက်ပုံစံ၏ အကူအညီဖြင့် အကြောင်းအရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများကို ဦးဆောင်ပေးသည်။

ဤလေ့လာမှုအတွက် FGD တွင် ပါဝင်မည့်သူများအုပ်စုကို အောက်ပါသတ်မှတ်ချက်အတိုင်းကျေးလက်/ မြို့ပြ၊ အမျိုးသမီး၊ အမျိုးသား၊ လူငယ်၊ လူကြီးဟု သတ်မှတ်ရွေးချယ်ဖွဲ့စည်းသည်။ မြို့ပြ/ ကျေးလက်ဒေသ တစ်ခုတွင် အောက်ပါ အုပ်စု (၄) စုကို တွေ့ဆုံမေးမြန်းသည်။

- လူငယ်၊ အမျိုးသမီး
- လူကြီး၊ အမျိုးသမီး
- လူငယ်၊ အမျိုးသား
- လူကြီး၊ အမျိုးသား

အမျိုးအစားတူညီမှု သေချာစေရန်တွေ့ဆုံမေးမြန်းမှု ကွန်ယက်ပုံစံ[၂]တွင် ပါဝင်သည့် အောက်ပါအကြောင်းအရာခေါင်းစဉ်(၇)ခုကိုပါဝင်ဆွေးနွေးသူများအား ဖိတ်ခေါ်ဆွေးနွေးစေသည်။

ခေါင်းစဉ် (၁) - စားဝတ်နေရေး အခြေအနေ ဆိုင်ရာ ရှုထောင့် အမြင်များ၊

ခေါင်းစဉ် (၂) - ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ ရှုထောင့် အမြင်များ၊

ခေါင်းစဉ် (၃) - ဝင်ငွေ ရရှိစေသည့် လုပ်ကိုင် ဆောင်ရွက်ချက်များ၊

ခေါင်းစဉ် (၄) - ဆင်းရဲနွမ်းပါးခြင်း ဖြစ်ရသည့် အကြောင်းရင်းများ၊

ခေါင်းစဉ် (၅) - ဆင်းရဲ နွမ်းပါးခြင်း ဖြစ်လွယ်မှု၊

ခေါင်းစဉ် (၆) - အိမ်ထောင်စု၏ အခက်အခဲ ဖြေရှင်းနည်းများ၊

ခေါင်းစဉ် (၇) - ဆင်းရဲနွမ်းပါးမှု လျော့ချရေး အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ၊

တွေ့ဆုံမေးမြန်းမှု ကွန်ယက်ပုံစံကို မြန်မာဘာသာပြန်ဆိုပြီး ပုံစံတွင်ဒေသခံတို့၏ သင့်လျော်သော စကားအသုံးအနှုန်းကို သုံးထားခြင်း သေချာစေရန် ကြိုတင်စစ်ဆေးသည်။

---

[၂] တွေ့ဆုံမေးမြန်းမှုကွန်ယက်ပုံစံကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

## *နမူနာ ကောက်ယူခြင်း*

အရည်အသွေးဆိုင်ရာလေ့လာမှုကိုမြန်မာနိုင်ငံရှိ အားလုံးသော ပြည်နယ်/တိုင်း (၁၄) ခုတွင် ပြုလုပ်သည်။ပြည်နယ်/တိုင်းတစ်ခုစီမှ မြို့နယ်(၂) မြို့နယ်ရွေးချယ်သည်။ ယင်းမြို့နယ်တို့မှာ ဆင်းရဲနွမ်းပါးသည့် မြို့နယ်တစ်မြို့နယ်နှင့် နှိုင်းယှဉ်မှုသဘောအရစားဝတ်နေရေးအဆင်ပြေ ကောင်းမွန်သည့် မြို့နယ်တစ်မြို့နယ်တို့ဖြစ်သည်။ မြို့နယ် (၂၈) မြို့နယ်ကို မြို့နယ်၏ တစ်ဦးကျ ဂျီဒီပီ(per capita GDP)အရရွေးချယ်သည်။

ရွေးချယ်ထားသည့် မြို့နယ်တစ်ခုစီတွင် ကျေးလက်ပုံစံပေါက်သောဒေသ (ကျေးရွာ)တစ်ခုနှင့် မြို့ပြပုံစံပေါက်သည့် ဒေသ (ရပ်ကွက်) တစ်ခုကို ရွေးချယ်ပြီး လေ့လာမှု ပြုလုပ်သည်။ ရွေးချယ်ခဲ့သည့် မြို့နယ်များ စာရင်းကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည်။ ကျေးရွာများနှင့် ရပ်ကွက်များမှ ပါဝင်သူတို့ကို နောက်ဆက်တွဲ(၃)တွင် ဖော်ပြထားသည့်နမူနာကောက်ယူသည့် နည်းလမ်းအတိုင်းရွေးချယ်သည်။

နေရာဒေသ တစ်ခုစီတွင် ကျား၊ မနှင့် အသက်အရွယ်(၁၈-၃၅နှစ်၊ ၃၆-၆၀ နှစ်) အလိုက် ခွဲခြားစိတ်ဖြာနိုင်စေရန် FGD (၄)ဖွဲ့ ဖွဲ့စည်းသည်။ ထို့ကြောင့် စုစုပေါင်း(၂၂၄)ဖွဲ့ကို ဖွဲ့စည်းရရှိသည်။ (၄ အုပ်စု * နေရာဒေသ အမျိုး အစား (၂) ခု * ၂၈ မြို့နယ်)

## အချက်အလက် စိစစ်သည့် ပညာရပ်ဆိုင်ရာနည်းလမ်း

### *ပါဝင်သော အကြောင်းအရာ အချက်အလက်များကို စိစစ်ခြင်း*

ပါဝင်သော အကြောင်းအရာ အချက်အလက်များကို စိစစ်လေ့လာခြင်းသည် FGD တွင် ဆွေးနွေးသည့် အကြောင်းအရာ ခေါင်းစဥ်များနှင့် စပ်လျဥ်း၍ ပြည်သူလူထု၏ သိမြင်နားလည်မှုကို စိစစ်နိုင်စေခြင်း၊ အဓိက အရေးပါသည့် ထင်မြင်ချက်များကို သတ်မှတ် ဖော်ထုတ်နိုင်ခြင်းနှင့် အကြောင်းအရာ ခေါင်းစဥ် တစ်ခုစီနှင့် ဆက်နွယ်သည့် ရှုထောင့်အမြင်များကို သတ်မှတ် ဖော်ထုတ်နိုင်စေသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အရေးပါသည့် ထင်မြင်ချက်တစ်ခုကို ပြောဆိုသည့် အကြိမ်ပေါ်မူတည်ပြီး ရှုထောင့်အမြင် တစ်ခုစီကို အဆင့်သတ်မှတ်ပေးနိုင်သည်။

FGD မှ ရရှိသည့် သတင်းအချက်အလက်များကို ဇယားများအဖြစ် ပြောင်းလဲရန် လုပ်ငန်းအဆင့်တချို့ လိုအပ်သည်။ ဇယားများတွင် အဓိက ထင်မြင်ချက် တစ်ခုစီအတွက် အဆင့်များကို အကြောင်းအရာ ခေါင်းစဥ်နှင့် ခေါင်းစဥ်ခွဲအရ ဖော်ပြသည်။

၁။ FGD ဆွေးနွေးချက်များ အားလုံးကို အသံဖမ်းယူပြီး မှတ်စုစာအုပ်များတွင် မြန်မာဘာသာဖြင့် ကူးယူ၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုသည်။

၂။ ဆွေးနွေးသည့် အကြောင်းအရာ ခေါင်းစဥ်နှင့် ခေါင်းစဥ်ခွဲ တစ်ခုစီအတွက် အဓိကကျသည့် စကားလုံးများ (သို့မဟုတ်) စကားလုံးအုပ်စုများကို တစ်လုံးမကျန်စာရင်းပြုစုသည်။ [၃]

၃။ ဤအဓိက စကားလုံးများကို အုပ်စုဖွဲ့စည်း၍ အဓိက စိတ်ကူး ထင်မြင်ချက် သို့မဟုတ် ရှုထောင့် အမြင်နှင့် ဆက်စပ်ကြည့်သည်။

၄။ အကြောင်းအရာ ခေါင်းစဥ်တစ်ခုအောက်တွင် အဓိကစိတ်ကူးထင်မြင်ချက်တစ်ခုကို ပြောဆိုသည့် အကြိမ်အရေအတွက်ကိုပြုစုခြင်းဖြင့် အဓိက ထင်မြင်ချက်အတွက် အမှတ်ကို သတ်မှတ်သည်။ ရရှိသော အမှတ်ကို FGD ၏ စုစုပေါင်းရမှတ် (သို့မဟုတ် ရမှတ်များ အားလုံးပေါင်း ရကိန်း) နှင့် စားခြင်းဖြင့် အဓိက စိတ်ကူးထင်မြင်ချက်တစ်ခု၏ နှိုင်းယှဥ်အရေးပါမှုကို တွက်ယူသည်။

၅။ အကြောင်းအရာ ခေါင်းစဥ်တစ်ခုနှင့် ခေါင်းစဥ်ခွဲ တစ်ခုစီ၏ ရလဒ်များကို ပြည်နယ်/ တိုင်း အဆင့်နှင့် ပြည်ထောင်စုအဆင့်အတွက်စုပေါင်းသည်။ စုပေါင်းရာတွင် FGD တစ်ခုစီ၏ပျမ်းမျှ ရမှတ်များကို ပေါင်း၍ စုပေါင်းထားသည့် FGD အရေအတွက်နှင့်စား၍ရှာသည်။

၆။ အကြောင်းအရာ ခေါင်းစဥ် တစ်ခုနှင့် ခေါင်းစဥ်ခွဲ တစ်ခုစီအတွက် ပျမ်းမျှရမှတ်အမြင့်ဆုံး ရရှိသော အဓိက စိတ်ကူး ထင်မြင်ချက်ကို ပထမအဆင့်ပေးပြီး ကျန်အဓိက စိတ်ကူးထင်မြင်ချက်များကိုယင်းတို့၏ ပျမ်းမျှရမှတ်အလိုက် ကြီးစဥ် ငယ်လိုက် အဆင့် ပေးသွားသည်။

---

[၃] အဓိက အကြောင်းအရာများနှင့် စပ်လျဥ်း၍ အရေးပါသော စကားလုံးများနှင့် စိတ်ကူးထင်မြင်ချက်များ စာရင်းကို နောက်ဆက်တွဲ (၄) တွင် ဖော်ပြထား သည်။

## စပီယားမင်း၏ အဆင့်ဆက်စပ်မှု စစ်ဆေးချက်

စပီယားမင်း၏ အဆင့်ဆက်စပ်မှု စစ်ဆေးချက်သည်အဆင့်ပေးသည့်စကေးနှစ်ခု၏ဆက်စပ်မှုကိုတိုင်းတာစေနိုင်ခြင်းဖြင့်၎င်းတို့၏ ဆင်တူမှုကို သတ်မှတ်စေနိုင်သည်။ အကယ်၍ Ps သည် ဦးရေအတွက် စပီယားမင်းအဆင့် ဆက်စပ်မှုပြကိန်းဖြစ်လျှင် အောက်ပါအဆိုများကို စစ်ဆေးနိုင်သည်။

$H_0: \rho s = ၀$ ပေးသည့် အဆင့်များအတွင်း ဆက်စပ်မှုမရှိပါ။

$H_1: \rho s \neq ၀$ ပေးသည့် အဆင့်များအတွင်း ဆက်စပ်မှုရှိသည်။

သို့ရာတွင်ဦးရေတစ်ခုလုံးအတွက်အချက်အလက်မရှိသောကြောင့် ယေဘုယျအားဖြင့် စပီယားမင်း မြှောက်ဖော်ကိန်း(Ps)ကို သုံး၍စစ်ဆေးခြင်း မပြုလုပ်နိုင်ပါ။ သို့ဖြစ်၍ ရွေးချယ်ထားသည့် နမူနာအတွက်ပေးသည့် အဆင့်များ၏ ဆက်စပ်မှုပြကိန်း($r_s$)ကို အသုံးပြုပြီးပေးသည့် အဆင့်များ ဆက်စပ်မှုမရှိဆိုသည့် အဆိုကိုစစ်ရမည်၊ နမူနာမှစပီယားမင်း မြှောက်ဖော် ကိန်း ($r_s$) မှာ-

$$r_s = \frac{SS_{uv}}{\sqrt{SS_{uu}SS_{vv}}}$$

၌တွင်

$$SS_{uv} = \sum(u_i - \bar{u})(v_i - \bar{v}) = \sum u_i v_i - \frac{(\sum u_i)(\sum v_i)}{n}$$

$$SS_{uu} = \sum(u_i - \bar{u})^2$$

$$SS_{vv} = \sum(v_i - \bar{v})^2$$

$u_i$ = အုပ်စု ၁ ၏ ရှုထောင့်အမြင် i အတွက် အဆင့်

$v_i$ = အုပ်စု ၂ ၏ ရှုထောင့်အမြင် i အတွက် အဆင့်

n = စုစုပေါင်း ရှုထောင့်အမြင်များ

$r_s$ ၏ တန်ဖိုးသည် (-၁) နှင့် (+၁) ကြားတွင်ရှိသည်။ ဆက်စပ်မှု ပြကိန်းတန်ဖိုး(၀)က အုပ်စုများအတွင်း ဆက်စပ်မှုမရှိကြောင်း ညွှန်ပြသည်။ (-၁)တန်ဖိုးသည် အနုတ်ဆက်စပ်မှု အပြည့်အ၀ရှိကြောင်း (၁)တန်ဖိုးသည်အပေါင်းဆက်စပ်မှု အပြည့်အ၀ရှိကြောင်း ညွှန်ပြသည်။ အကယ်၍ $r_s$ တန်ဖိုးသည် စပီယားမင်း ဇယား၌ ပေးထားသည့် ပိုင်းဖြတ်တန်ဖိုး ထက်မြင့်ပါက $H_0$ ကို ပယ်၍ပေးထားသည့်အဆင့်များအတွင်း သိသာထင်ရှားသော ကွဲပြားခြားနားချက်များရှိသည်ဟု ဆုံးဖြတ်သည်။ ၌နေရာတွင် ဆက်စပ်မှုပြကိန်းသည် ထူးခြားမှုအဆင့်၅%တွင် ထူးခြားမှုရှိလျှင်အုပ်စုများ၏သိမြင်နားလည်မှုများအတွင်း ဆက်စပ်မှုရှိသည်ဟုဆိုသည်။ စပီယားမင်း မြှောက်ဖော်ကိန်း ($r_s$) သည် ၀.၇ ထက်မြင့်ပါကလည်း ဆက်စပ်မှုရှိသည်ဟုဆိုနိုင်သည်။

## အခြေခံ လူနေမှုဘ၀ ပြည့်စုံဖူလုံမှု မှီချက်များကို သတ်မှတ်ရှာဖွေ ခြင်း၊

အခြေခံ လူနေမှုဘ၀ ပြည့်စုံဖူလုံမှုဆိုင်ရာ မှီချက်များကို အတန်းအစား (ပြည်ထောင်စုအဆင့်၊ နေထိုင်ရာဒေသ၊ ကျား/မ၊ အသက်အရွယ်အုပ်စု၊) တစ်ခုစီအတွက် တည်ဆောက်ထားသည်။ လူနေမှုဘ၀ပြည့်စုံဖူလုံမှုဆိုင်ရာ မှီချက်များတွင် အရေးအကြီးဆုံးဖြစ်သည့် အခြေခံရှုထောင့်အမြင် ၁၀ခု (အကြောင်းအရာခေါင်းစဉ်-၁) ပါ၀င်သည်။ အမှန်စင်စစ် ပျမ်းမျှရမှတ်များဖြစ်သည့် ရှုထောင့်အမြင်များ၏ နှိုင်းရှည့်အလေးများကို ရှုထောင့်အမြင်ကိန်းရှင်များ၏ မြှောက်ဖော်ကိန်းအဖြစ် အသုံးပြုသည်။ ၌နေရာတွင်ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့သည် အဖြောင့်မှီချက်များ အကြောင်းပြောဆိုနေ

ခြင်း မဟုတ်ဘဲ အဓိကကျသည့် ရှုထောင့်အမြင်များအကြား အလေးတင်ထားသည့် ဆက်နွယ်မှုများကိုပြောဆိုနေခြင်းဖြစ်သည်။

## *ရလဒ်များ၏ ဆိုလိုရင်း အချက်ကို ရှင်းလင်းခြင်း*

မည်သည့်အရည်အသွေးဆိုင်ရာ လေ့လာမှုတစ်ခုတွင်မဆို ရည်ရွယ်ချက်သည် အစဉ်အလာ အိမ်ထောင်စုသန်းခေါင်စာရင်း(သို့မဟုတ်) နမူနာစစ်တမ်းတစ်ခုအတွက်စာရင်းအင်းဆိုင်ရာ တိကျမှုရယူရန်မဟုတ်ပေ။ လူဦးရေတွင် အဓိကကျသော အုပ်စုများ၏ ထင်မြင်ချက်ကို ဖော်ထုတ်ရန်ဖြစ်သည်။ သို့ဖြစ်ရာ ရလဒ်များမှ လူဦးရေ တစ်ခုလုံးအတွက်ကောက်ချက်ချ၍မရပါ။ FGD တွင် ပါဝင်ဆွေးနွေးသူပုဂ္ဂိုလ်များ၏အမြင်နှင့်သိမြင်နားလည်မှုများသာဖြစ်သည်။

စိတ်ကြိုက် ကိုတာနမူနာသည် လူဦးရေ၏ကွဲပြားခြားနားသောအတန်းအစားများမှကိုယ်စားပြုသူများကို ရွေးချယ်ခွင့်ပေးသည်။ စစ်တမ်းတွင် ပါဝင်သူများနှင့် ပွင့်လင်းစွာဆွေးနွေးခြင်းများနှင့် အနီးကပ်လေ့လာခြင်းတို့သည် လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့အတွက် ပိုမိုကျိုးကြောင်းဆီလျော်ပြီး လွှမ်းခြုံနားလည်နိုင်မှုကိုဖြစ်စေနိုင်သဖြင့် နမူနာအရွယ်ငယ်မှုကို နက်ရှိုင်းစွာ စိစစ်နိုင်မှုဖြင့် ထေမိနိုင်ပေသည်။

ဤအရည်အသွေးဆိုင်ရာ လေ့လာမှုမှရရှိသောသတင်းအချက်အလက်များကို ဇယားများဖြင့် ဖော်ပြထားသည်။ FGDတွင်ပါဝင်သူများသတ်မှတ်ဖော်ထုတ်ထားသည့် အဓိက ထင်မြင်ချက်များကို ဇယား၏ လက်ဝဲဘက်အစွန်း၌ လည်းကောင်း၊ အဓိက ထင်မြင်ချက်အတွက် ပေးသည့်အဆင့်ကို လက်ယာဘက်အစွန်း၌လည်းကောင်း ဖော်ပြထားသည်။ အဆင့်(၁)ပေးထားသည့် အဓိကထင်မြင်ချက်သည် ပါဝင်သူများအမြင်တွင်အရေးအကြီးဆုံးထင်မြင်ချက်ဖြစ်သည်။ အဆင့်(၂) ပေးထားသည့် အဓိက ထင်မြင်ချက်သည် ဒုတိယအရေးကြီးဆုံးထင်မြင်ချက်ဖြစ်လိမ့်မည်။ အကယ်၍အဓိကထင်မြင်ချက်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသောအဓိက ထင်မြင်ချက်များတွင် ရမှတ်တူနေပါက ပျမ်းမျှအဆင့်ကို ယင်းတို့အား သတ်မှတ်ပေးသည်။ ဆိုလိုသည်မှာ ကွဲပြားခြားနားသော အဓိကထင်မြင်ချက်များကို တူညီသော အဆင့်ပေးနိုင်သည်။

အရေးပါဆုံးဖြစ်သော ရှုထောင့်အမြင်များ (ဆိုလိုသည်မှာ အမြင့်ဆုံးအဆင့် ပေးထားသည့် ရှုထောင့်အမြင်များ)ကို အရေအတွက်ဆိုင်ရာလေ့လာမှုတွင် စားဝတ်နေရေး အခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုတို့၏ညွှန်ကိန်းများအဖြစ်ထည့်သွင်းသည်။နက်ရှိုင်းစွာလေ့လာရန်လိုအပ်သောစိတ်ဝင်စားဖွယ်ရာရလဒ်များသည်လည်း သီးသန့်အပိုင်းတစ်ခု၏အကြောင်းအရာဖြစ်နိုင်သည်။ နောက်ဆုံးအနေဖြင့် အရည်အသွေးဆိုင်ရာလေ့လာမှုမှ ရရှိသော သတင်းအချက်အလက်များသည် စားဝတ်နေရေးအခြေအနေ ကောင်းမွန်တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် ကူညီထောက်ပံ့ရန် လိုအပ်သည့် အရေးပါသောဖွံ့ဖြိုးမှုနယ်ပယ်များအတွက်စိတ်ကူးထင်မြင်ချက်များကို ပေးနိုင်သည်။

အဓိက စိတ်ကူး ထင်မြင်ချက်များကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် အကြောင်းအရာခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲ တစ်ခုစီအတွက် အဓိက စိတ်ကူး ထင်မြင်ချက်နှင့် ဆက်နွယ်သည့် စကားလုံးများနှင့် စကားလုံးအုပ်စုများ၏ အဘိဓာန်ကို နောက်ဆက်တွဲ (၄) တွင် တင်ပြထားသည်။

## အပိုင်း (၁)ပြည်နယ်/တိုင်းအဆင့် ရလဒ်များ စုစည်းတင်ပြခြင်း

### ၁-၁။ စားဝတ်နေရေး အခြေအနေဆိုင်ရာရှုထောင့်အမြင်များ

ဤအခန်းတွင် ပြည်နယ်/တိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် စားဝတ်နေရေး အခြေအနေများ၊ အထူးသဖြင့် လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့၏ ရှုထောင့်အမြင်များကိုတင်ပြထားသည်။

***လူနေမှုဘဝပြည့်စုံဖူလုံမှုဆိုင်ရာရှုထောင့်အမြင်များ***

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ ရှုထောင့်အမြင်များကို ဇယား (၁-၁) တွင် စုပေါင်းတင်ပြထားသည်။

#### မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခု မှာ (၁) နေအိမ်ကောင်းမွန်မှု(၂) အစားအစာ အရည်အသွေးကောင်းမွန်မှု (၃) အနေတော် စိုက်ပျိုးမြေ ဧရိယာ (၄) အဝတ်အစား ကောင်းမွန်မှုနှင့် (၅) အစားအသောက်ပေါ်များမှုတို့ဖြစ်သည်။၎င်းတို့၏သိမြင်နားလည်မှုများသည် ပြည်ထောင်စုအဆင့်သဘောထားအမြင်များနှင့် (ထူးခြားမှုအဆင့် ၁% ဖြင့်) ဆက်စပ်မှုရှိသည်။ သို့ရာတွင် မွန်ပြည်နယ်တွင် မြေယာအရွယ်အစားနှင့် အစားအစာပေါ်များမှုကို ပြည်ထောင်စုအဆင့် ထက်ပိုမို ဦးစားပေးသည်။

#### တနင်္သာရီတိုင်း

တနင်္သာရီတိုင်းတွင်FGDတွင်ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခု မှာ (၁) နေအိမ်ကောင်းမွန်မှု (၂) ယာဥ်ပိုင်ဆိုင်မှု (၃) စားဝတ်နေရေးအတွက်ကြောင့်ကြမှုမရှိ (၄)စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုနှင့် (၅) အစားအစာ အရည်အသွေးကောင်းမွန်မှုတို့ဖြစ်သည်။ တနင်္သာရီတိုင်းတွင် ၎င်းတို့၏သဘောထားအမြင်များမှာ ပြည်ထောင်စုအဆင့်စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ၎င်းတို့ ဦးစားပေးသည့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ ရှုထောင့်အမြင်များမှာ စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကျရမှုမရှိ၊ သက်သောင့်သက်သာနေထိုင်နိုင်မှုနှင့် ဥယျာဥ်ခြံမြေများပိုင်ဆိုင်မှုတို့ဖြစ်သည်။

#### ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် FGD ၌ ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင်၅ ခုမှာ (၁) နေအိမ်ကောင်းမွန်မှု (၂) စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်သည် (၃)ပညာရေးကောင်းမွန်မှု(၄) အစားအစာအရည်အသွေးကောင်းမွန်မှုနှင့် (၅) မြေယာပိုင်ဆိုင်မှုတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များမှာ ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ၎င်းတို့၏ သဘောထားအမြင်တွင်ပညာရေးကောင်းမွန်မှုကို ပိုမိုဦးစားပေးသည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် FGD တွင်ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံးရှုထောင့်အမြင်၅ခုမှာ(၁)ပုံမှန်ဝင်ငွေ (၂) အစားအစာအရည်အသွေးကောင်းမွန်မှု (၃) မှီခိုမှုအချိုးနည်းပါးမှု (၄) အလုပ် အကိုင်ရရှိမှုနှင့် (၅)စပါးစိုက်ပျိုးထုတ်လုပ်သူများတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့်စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ပြည်ထောင်စုအဆင့်တွင် အရေးကြီး (ပထမ နှင့် စတုတ္ထ) သတ်မှတ်သည့် နေအိမ်နှင့် အဝတ်အစားကောင်းမွန်မှုတို့ကို ဧရာဝတီတိုင်း၌ အရေးကြီး အဆင့်သတ်မှတ်ခြင်းမရှိပါ။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်းတွင် လူနေမှုဘဝပြည့်စုံဖူလုံမှုအပေါ်သဘောထားအမြင်များသည်ပြည်ထောင်စုအဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှု (၁% ထူးခြားမှုအဆင့်)ရှိသည်။ ရန်ကုန် တိုင်း FGD တွင်ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝပြည့်စုံဖူလုံမှုများ၏ အရေးကြီးဆုံးရှုထောင့်အမြင်ခုမှာ (၁)အစားအစာအရည်အသွေးကောင်းမွန်မှု (၂)စီးပွားရေးလုပ်ငန်းပိုင်ဆိုင်သည် (၃) နေအိမ်ကောင်းမွန်မှု (၄) အဝတ်အစားကောင်းမွန်မှုနှင့် (၅) မှီခိုမှုအချိုးနည်းပါးမှုတို့ဖြစ်သည်။

ဇယား-(၁-၁)။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်များတွင် FGDတွင် ပါဝင်သူများ၏ လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင်များ[၅]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု[၁] | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန်** | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း** | ချင်း | ကယား** | ရှမ်း | ကချင် | ကရင် |
| နေအိမ်ကောင်းမွန်မှု | ၁ | ၁ | ၁ | ၁ | | ၃ | ၁ | ၂၉ | ၃ | ၃ | ၃ | ၂ | ၁ | ၃ | ၂ |
| စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်သည် | ၂ | ၇ | ၄ | ၂ | ၆ | ၂ | ၂၂ | ၄ | ၆ | ၁ | ၂၁ | ၁၄ | ၂၇ | ၅ | ၁၀ |
| အစားအစာ အရည်အသွေး ကောင်းမွန်မှု | ၃ | ၂ | ၅ | ၄ | ၂ | ၁ | ၁၂ | ၃၃ | ၄ | ၁၂ | ၆ | ၁ | ၉ | | ၁၄ |
| အဝတ်အစား ကောင်းမွန်မှု | ၄ | ၄ | ၈ | ၁၉ | | ၄ | ၃ | | ၁ | ၂ | ၅ | ၃ | ၂ | | ၆ |
| ယာဥ်ပိုင်ဆိုင်မှု | ၅ | ၈ | ၂ | ၆ | ၂၁ | ၇ | ၇ | ၃၀ | ၁၄ | ၆ | ၂၀ | ၆ | ၄ | ၂ | ၃ |
| မြေယာပိုင်ဆိုင်မှု | ၆ | ၁၅ | ၁၁ | ၅ | ၁၀ | ၂၀ | ၆ | ၁၁ | ၁၀ | ၇ | ၄ | ၅ | ၁၆ | ၁ | ၄ |
| ငွေကြေးအရင်းအနှီး | ၇ | ၂၁ | ၂၀ | ၁၄ | ၁၅ | ၁၉ | ၅ | ၁ | ၃၁ | ၅ | ၁၃ | ၁၁ | ၃၅ | ၇ | ၁ |
| ပညာရေးကောင်းမွန်မှု | ၈ | ၂၄ | ၉ | ၃ | ၁၉ | ၁၈ | ၄ | ၁၅ | ၂၄ | ၂၇ | ၂ | ၁၈ | ၃ | | ၂၃ |
| ပုံမှန်ဝင်ငွေ | ၉ | ၁၉ | ၁၃ | ၂၈ | ၁ | ၉ | ၁၈ | ၆ | ၃၄ | ၂၁ | ၂၂ | ၂၉ | ၆ | | ၉ |
| အစားအသောက် ပေါများမှု | ၁၀ | ၅ | ၃၀ | ၇ | ၂၉ | ၆ | ၁၀ | ၁၆ | ၉ | ၁၀ | ၁၂ | ၁၃ | ၅ | ၁၄ | ၂၁ |
| ကျန်းမာရေး ကောင်းမွန်မှု | ၁၁ | ၂၇ | ၇ | ၈ | ၁၃ | ၂၂ | ၁၄ | ၃ | ၁၇ | ၁၈ | ၁၄ | ၉ | ၁၀ | | ၇ |
| မှီခိုမှုအချိုး နည်းပါးမှု | ၁၂ | ၂၃ | ၂၈ | | ၃ | ၅ | | ၂ | ၁၆ | ၂၂ | ၁၆ | ၂၃ | ၂၁ | | |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်သည် | ၁၃ | ၁၁ | ၃၇ | ၉ | ၃၄ | ၄၀ | ၂ | ၁၉ | ၁၁ | ၁၄ | ၂၅ | ၁၇ | ၂၂ | ၄ | ၁၇ |
| အလုပ်အကိုင် ရရှိမှု | ၁၄ | ၆ | ၃၇ | ၂၅ | ၄ | ၁၃ | ၂၆ | ၉ | ၈ | ၁၆ | ၁၅ | ၂၂ | ၁၉ | | ၄၂ |
| စီးပွားရေး ကောင်းမွန်မှု | ၁၅ | ၂၅ | ၁၈ | ၃၄ | ၁၄ | ၃၀ | ၂၅ | ၁၃ | ၂ | ၄ | ၃၃ | ၁၂ | ၂၄ | | ၈ |
| ငွေကြေး သုံးစွဲနိုင်မှု | ၁၆ | ၁၃ | ၂၂ | ၂၃ | ၂၀ | ၁၁ | ၁၅ | | ၇ | ၉ | ၇ | ၂၄ | ၁၃ | | ၁၃ |
| လျှပ်စစ်ပစ္စည်းများ ပိုင်ဆိုင်မှု | ၁၇ | ၁၈ | ၁၂ | ၁၀ | | ၁၀ | ၁၁ | ၂၈ | ၂၆ | ၃၅ | ၁၉ | ၇ | ၁၁ | ၁၂ | ၂၇ |
| ရွှေနှင့် လက်ဝတ်လက်စား ပိုင်ဆိုင်သည်။ | ၁၈ | ၁၀ | ၃၇ | ၁၇ | | ၈ | ၂၀ | | ၅ | ၁၅ | ၁၈ | ၂၁ | ၁၈ | ၉ | ၂၅ |
| ပစ္စည်း ကိရိယာနှင့် စက်ကိရိယာ ပစ္စည်း ပိုင်ဆိုင်မှု | ၁၉ | ၉ | ၁၆ | | ၂၅ | | ၁၉ | ၁၇ | ၂၇ | ၁၇ | ၄၀ | ၄ | ၃၇ | ၈ | ၃၈ |
| အနေတော် စိုက်ပျိုးမြေ ဧရိယာ | ၂၀ | ၃ | ၃၃ | ၁၁ | ၂၃ | ၂၆ | ၁၆ | ၃၇ | ၁၅ | ၂၃ | ၉ | ၂၅ | ၄၀ | ၁၇ | |
| ဘိုးဘွားအမွေ | ၂၁ | ၁၄ | | ၂၇ | ၂၆ | ၂၄ | | ၅ | ၃၃ | ၁၁ | ၁၁ | ၁၅ | ၃၀ | ၁၅ | ၁၅ |
| စားဝတ်နေရေး အခြေအနေ ကောင်းမွန်မှု | ၂၂ | ၁၆ | ၁၇ | | ၁၁ | ၁၅ | | ၂၄ | ၂၁ | ၁၃ | ၃၈ | ၈ | ၃၇ | | ၁၈ |
| အိမ်ထောင်စုဝင်ငွေ/ထွက်ငွေ မျှတမှု | ၂၃ | ၂၀ | ၂၄ | ၂၀ | ၈ | ၃၈ | ၃၁ | ၁၂ | ၁၃ | ၂၀ | | ၂၈ | ၃၃ | | ၂၉ |
| စားဝတ်နေရေးအတွက် ကြောင့်ကြမှု မရှိ | ၂၄ | ၂၈ | ၃ | ၂၉ | | ၂၁ | ၂၃ | ၂၁ | ၃၁ | ၂၆ | ၃၉ | ၁၀ | ၂၀ | | ၂၂ |

[၅] FGD တွင် ပါဝင်သူများက အဓိကစိတ်ကူးထင်မြင်ချက် ဖော်ထုတ်ခြင်းမရှိလျှင် ၎င်းအုပ်စုအတွက် အမှတ်မပေးပါ။ သို့ဖြစ်၍ ဇယား၏အချို့စာတိုင်များတွင် ကွက်လပ်ဖြစ်နေပါသည်။

ဇယား-(၁-၁) အဆက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု[၁] | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန်** | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း** | ချင်း | ကယား** | ရှမ်း | ကချင် | ကရင် |
| စပါးစိုက်ပျိုးထုတ်လုပ်သူများ | ၂၅ | ၄၁ | ၁၄ | ၂၁ | ၅ | ၃၂ | ၁၃ | ၁၈ | | ၃၀ | ၄၂ | ၃၃ | | | ၁၉ |
| | ၂၆ | ၃၄ | | ၃၅ | ၉ | ၃၁ | | ၂၀ | ၁၉ | ၈ | ၂၈ | | ၈ | | ၁၂ |
| အလုပ်အကိုင်ကောင်း | ၂၇ | | ၂၃ | ၃၃ | ၂၄ | ၁၄ | ၃၅ | ၁၄ | ၁၈ | ၃၄ | ၃၅ | ၃၁ | ၁၄ | ၂၀ | ၅ |
| အနေတော် မိသားစုဦးရေ | ၂၈ | | | ၂၆ | ၃၂ | ၁၂ | ၂၁ | ၈ | ၂၃ | ၂၅ | ၂၄ | ၃၄ | ၁၇ | | ၂၈ |
| မွေးမြူရေးတိရစ္ဆာန်များ ပိုင်ဆိုင်သည်။ | ၂၉ | ၃၅ | ၃၂ | | ၃၄ | ၄၈ | ၂၈ | ၂၇ | | ၄၀ | ၁ | | ၂၆ | ၁၁ | ၃၃ |
| အလှူအတန်း ပြုလုပ်နိုင်မှု | ၃၀ | ၁၇ | ၁၅ | ၃၁ | | ၃၉ | ၃၁ | ၃၁ | ၂၀ | ၂၈ | ၃၆ | | ၇ | | ၄၀ |
| စက်ဘီးပိုင်ဆိုင်မှု | ၃၁ | ၂၆ | ၃၁ | ၁၃ | ၂၂ | ၃၆ | ၉ | | ၂၅ | ၃၃ | ၄၃ | ၁၉ | | ၁၆ | |
| ငွေချေးပေးသူများ | ၃၂ | ၁၂ | | ၁၅ | | ၂၅ | | ၇ | | ၃၆ | | | | ၁၃ | ၃၅ |
| စုဆောင်းငွေ | ၃၃ | ၃၆ | ၃၇ | | ၁၂ | ၁၆ | | ၃၄ | ၃၂ | ၁၉ | ၃၁ | ၂၇ | ၁၅ | | ၃၆ |
| သက်သောင့်သက်သာ နေထိုင်သည် | ၃၄ | | ၆ | | | ၃၃ | ၃၇ | ၁၀ | | ၃၇ | ၁၇ | ၂၀ | ၂၈ | | |
| ဥယျာဉ်ခြံမြေ ပိုင်ဆိုင်မှု | ၃၅ | | ၁၀ | | ၇ | ၄၅ | | | | | | | | ၁၉ | ၁၆ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်နိုင်မှု | ၃၆ | ၃၃ | ၂၇ | | | ၄၆ | ၈ | | ၂၂ | ၃၁ | ၂၉ | ၃၇ | ၂၃ | | ၃၁ |
| ဆန်စက်ပိုင်ဆိုင်သည် | ၃၇ | ၃၀ | | ၁၂ | | ၂၇ | | | | | ၂၇ | | ၂၉ | ၆ | ၃၇ |
| အိမ်သုံးပစ္စည်း ပိုင်ဆိုင်မှု | ၃၈ | ၂၉ | ၂၅ | | | ၁၇ | ၂၄ | | ၂၉ | ၄၁ | ၈ | ၂၆ | ၃၄ | | |
| ကောင်းသော အမူအကျင့် ရှိမှု | ၃၉ | ၂၂ | ၂၆ | | | ၃၄ | ၂၇ | ၃၈ | ၃၆ | ၂၄ | ၃၃ | | ၂၅ | ၁၈ | ၁၁ |
| လူနေမှု အဆင့်အတန်း မြင့်မားမှု | ၄၀ | ၃၂ | ၁၉ | ၃၀ | ၂၇ | ၄၁ | ၃၇ | | | ၃၈ | ၁၀ | | ၁၂ | | ၂၀ |
| အခြေခံ လိုအပ်ချက်များ ရရှိခြင်း | ၄၁ | ၄၁ | ၂၉ | | | ၂၃ | ၃၄ | ၃၅ | ၁၂ | ၃၉ | | ၁၆ | ၃၁ | | ၄၀ |
| ဆန်စပါး ပိုလျှံမှု | ၄၂ | ၃၁ | | ၂၄ | ၃၁ | ၄၈ | ၁၇ | ၃၆ | | | ၃၀ | | | ၁၀ | |
| အဆင့်မြင့် ပညာရေး | ၄၃ | ၃၇ | ၄၀ | ၃၃ | ၁၈ | ၂၉ | | ၂၆ | | | ၃၇ | ၃၁ | ၃၉ | | ၂၆ |
| ပုဂ္ဂလိကကျောင်း၌ ကလေးများကို ကျောင်းထားသည် | ၄၄ | | | ၁၈ | | ၃၇ | | ၂၂ | ၂၉ | | ၂၆ | | ၃၈ | | ၃၄ |
| စပါးကျီရှိသည် | ၄၅ | | | ၁၆ | ၂၉ | | | ၂၆ | ၃၇ | ၂၉ | | | | | ၃၀ |
| ခြိုးခြံချွေတာမှု (အသုံးအစွဲ ကျစ်လျစ်ခြင်း) | ၄၆ | ၃၈ | | ၂၂ | | ၃၅ | ၃၁ | ၃၂ | | ၃၂ | ၃၃ | | | | ၃၂ |
| အိမ်ထောင်စုတွင် သင့်မြတ်မှုရှိ | ၄၇ | | ၂၁ | | ၁၆ | ၄၃ | | | ၃၈ | ၄၃ | | | | | ၂၄ |
| ဘက်စုံစီးပွားရေး လုပ်ကိုင်မှု | ၄၈ | | | | ၁၇ | ၄၃ | | ၂၄ | ၃၉ | ၄၅ | | ၃၆ | ၃၂ | | ၄၀ |
| စိတ်ဖျော်ဖြေမှုနှင့် ခရီးသွားလာမှု | ၄၉ | | ၃၄ | | | ၂၈ | | | ၃၅ | ၄၃ | | ၃၂ | | | |
| လျှပ်စစ်မီးရရှိမှု | ၅၀ | ၃၉ | ၃၇ | | ၂၉ | ၄၅ | ၃၁ | | | | ၄၁ | ၃၆ | | | |
| မိသားစုထံမှ ငွေလွှဲပို့ပေးမှု | ၅၁ | | | | | | | | | | ၂၃ | | | | |
| အဝီစိ ရေတွင်းရှိမှု | ၅၂ | | ၄၁ | | | | ၃၃ | | | ၄၅ | | | | | |

[၁] ပြည်ထောင်စုသည် ၂၈ မြို့နယ်တွင်ရှိသော ရပ်ကွက်/ ကျေးရွာ ၅၆ ခုအတွက် FGD ပေါင်းစပ်ရလဒ်များကို ရည်ညွှန်းသည်။

## ပဲခူးတိုင်း

ပဲခူးတိုင်း FGDတွင်ပါဝင်သူများသိမြင်နားလည်သည့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံးရှုထောင့်အမြင် ၅ခုမှာ(၁) နေအိမ်ကောင်းမွန်မှု (၂) လုပ်ငန်းခွင်သုံးတိရစ္ဆာန်များပိုင်ဆိုင်သည် (၃) အဝတ်အစားကောင်းမွန်မှု (၄) ပညာရေးကောင်းမွန်မှုနှင့်(၅)ငွေကြေးအရင်းအနှီးတို့ဖြစ်သည်။ ပဲခူးတိုင်းနှင့် ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ၎င်းတို့အနေဖြင့်လုပ်ငန်းခွင်သုံးတိရစ္ဆာန်များပိုင်ဆိုင်မှုကို ပိုမိုဦးစားပေးပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မှုကို ဦးစားပေးမှုနည်းသည်။

## မကွေးတိုင်း

မကွေးတိုင်း FGD၌ပါဝင်သူများသိမြင်နားလည်သည့် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံးရှုထောင့်အမြင် ၅ခုမှာ (၁)ငွေကြေးအရင်းအနှီး (၂) မှီခိုမှုအချိုးနည်းပါးမှု (၃) ကျန်းမာရေးကောင်းမွန်မှု (၄) စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုနှင့် (၅)ဘိုးဘွားအမွေတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့်သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ မကွေးတိုင်းတွင်မှီခိုမှုအချိုးနည်းပါးမှု၊ ကျန်းမာရေး ကောင်းမွန်မှုနှင့်ဘိုးဘွားအမွေရရှိမှုတို့ကို ပိုမိုဦးစားပေးသည်။ ပြည်ထောင်စုအဆင့်တွင် ဦးစားပေးသည့် အစားအစာကောင်းမွန်မှု၊ ယာဥ်ပိုင်ဆိုင်မှုနှင့် နေအိမ်ကောင်းမွန်မှုတို့ကို မကွေးတိုင်း၌ ဦးစားပေးမှုနည်းသည်။

## မန္တလေးတိုင်း

မန္တလေးတိုင်းတွင် FGD တွင် ပါဝင်သူများသိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခုမှာ (၁) အဝတ်အစားကောင်းမွန်မှု (၂) စီးပွားရေး ကောင်းမွန်မှု (၃) နေအိမ်ကောင်းမွန်မှု (၄) အစားအစာအရည်အသွေးကောင်းမွန်မှုနှင့် (၅)ရွှေနှင့်လက်ဝတ်လက်စားပိုင်ဆိုင်မှုတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများသိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခုမှာ(၁)စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှု (၂) အဝတ်အစားကောင်းမွန်မှု (၃)နေအိမ်ကောင်းမွန်မှု (၄) စီးပွားရေးကောင်းမွန်မှုနှင့်(၅)ငွေကြေးအရင်းအနှီးရှိမှုတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှု (၁ % ထူးခြားမှုအဆင့်) ရှိသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ ဦးစားပေး ရှုထောင့်အမြင် ၅ ခု မှာ (၁) မွေးမြူရေးတိရစ္ဆာန်များ ပိုင်ဆိုင်သည် (၂) ပညာရေးကောင်းမွန်မှု(၃)နေအိမ်ကောင်းမွန်မှု (၄)မြေယာပိုင်ဆိုင်မှု (၅)အဝတ်အစားကောင်းမွန်မှုတို့ဖြစ်သည်။၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့်စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ၎င်းတို့သည်မွေးမြူရေး တိရစ္ဆာန်ပိုင်ဆိုင်မှု၊ အိမ်သုံးပစ္စည်းပိုင်ဆိုင်မှု၊ အနေတော်စိုက်ပျိုးမြေဧရိယာနှင့် လူမှုအဆင့်အတန်းမြင့်မှုတို့ဖြစ်သည်။ ၎င်းတို့အနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဦးစားပေးသော ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်မှုနှင့် ယာဥ်ပိုင်ဆိုင်မှုတို့ကို ဦးစားပေးမှုနည်းသည်။

## ကယားပြည်နယ်

ကယားပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ခုမှာ (၁) အစားအစာ အရည်အသွေး ကောင်းမွန်မှု (၂) နေအိမ်ကောင်းမွန်မှု (၃) အဝတ်အစားကောင်းမွန်မှု (၄) ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်းပိုင်ဆိုင်မှုနှင့် (၅) မြေယာပိုင်ဆိုင်မှုတို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှု (၁% ထူးခြားမှုအဆင့်) ရှိသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခုမှာ (၁) နေအိမ်ကောင်းမွန်မှု (၂) အဝတ်အစားကောင်းမွန်မှု (၃) ပညာရေးကောင်းမွန်မှု (၄) ယာဥ်ပိုင်ဆိုင်မှု (၅) အစားအသောက်ပေါများမှုတို့ဖြစ်သည်။၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မှုနှင့် ငွေကြေးအရင်းအနှီးရှိမှုတို့ကို ပိုမိုဦးစားပေးသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်တွင် FGD ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှု ဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင်၅ ခု မှာ (၁) မြေယာပိုင်ဆိုင်မှု (၂) ယဥ်ပိုင်ဆိုင်မှု (၃) နေအိမ်ကောင်းမွန်မှု (၄)လုပ်ငန်းခွင်သုံးတိရစ္ဆာန်များပိုင်ဆိုင်သည် (၅) စီးပွားရေးလုပ်ငန်းရှိမှု တို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်ဆန်စက်နှင့် ဆန်ပိုလျှံမှုတို့ကို ဦးစားပေးသည်။ ပြည်ထောင်စု အဆင့်တွင် ဦးစားပေးသည့် အစားအစာအရည်အသွေးကောင်းမွန်မှု၊အဝတ်အစားကောင်းမွန်မှု၊ ပညာရေးကောင်းမွန်မှု၊ကျန်းမာရေးကောင်းမွန်မှု၊ပုံမှန်ဝင်ငွေရရှိမှုနှင့် မှီခိုမှုအချိုးနည်းပါးမှုတို့ကို လုံးဝ တင်ပြထားခြင်းမရှိပါ။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင်၅ခုမှာ (၁) ငွေကြေးအရင်းအနှီးရှိမှု (၂)နေအိမ်ကောင်းမွန်မှု (၃) ယာဥ်ပိုင်ဆိုင်မှု (၄) မြေယာပိုင်ဆိုင်မှုနှင့် (၅) အလုပ်အကိုင်ကောင်းမွန်မှု တို့ဖြစ်သည်။ ၎င်းတို့၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။

## *အခြေခံလူနေမှုဘဝပြည့်စုံ ဖူလုံမှုမှီချက်များ*

FGDမှရရှိသောရလဒ်များကိုပြည်ထောင်စုအဆင့်နှင့်ပြည်နယ်/တိုင်းအဆင့်များတွင်စုပေါင်း၍ အခြေခံလူနေမှုဘဝပြည့်စုံဖူလုံမှု မှီချက်များ (FWBF) ကို တည်ဆောက်ပါသည်။

## ပြည်ထောင်စုအဆင့် FWBF

အောက်ဖော်ပြပါမှီချက်သည်ပြည်ထောင်စုအဆင့်တွင်ပေါင်းစပ်ထားသော FGD တွင် ပါဝင်သူများ၏ လူနေမှုဘဝပြည့်စုံဖူလုံမှုအပေါ် အဓိကရှုထောင့်အမြင် ၁၀ခုနှင့်၎င်းတို့၏နှိုင်းရှည့်အလေးတို့ကိုဖော်ပြသည်။

**$FWBF_{\text{ပြည်ထောင်စု}}$ = ၀.၀၇၈ နေအိမ်ကောင်းမွန်မှု + ၀.၀၅၉ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၂ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၈ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၇ ယာဥ်ပိုင်ဆိုင်မှု + ၀.၀၄၆ မြေယာပိုင်ဆိုင်မှု + ၀.၀၃၆ ရင်းနှီး မြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၄ ပညာရေး ကောင်းမွန်မှု + ၀.၀၃၃ ပုံမှန်ဝင်ငွေရရှိမှု + ၀.၀၃၁ အစားအစာ ပေါ်များမှု**

ပြည်ထောင်စုအဆင့်တွင် ပဓာနကျသည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင်များမှာ အခြေခံ လိုအပ်ချက်များဖြစ်သည့် နေအိမ်၊ အစားအစာ၊ အဝတ်အစားနှင့် ပညာရေးတို့ကို ဖြည့်ဆည်းပေးနိုင်မှုနှင့် ချိတ်ဆက်နေပါသည်။ အခြား ရှုထောင့် အမြင်များဖြစ်သည့် စီးပွားရေး လုပ်ငန်း (သို့မဟုတ်) မြေယာပိုင်ဆိုင်မှု၊ ပုံမှန်ဝင်ငွေရရှိမှုတို့သည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများနှင့်ချိတ်ဆက်နေပါသည်။ ယာဥ်ပိုင်ဆိုင်မှုမှာအများအားဖြင့် ပို၍ ကြွယ်ဝချမ်းသာသည့် အိမ်ထောင်စု(သို့) ပုဂ္ဂိုလ်များကိုသတ်မှတ်ဖော်ထုတ်သည့် နည်းတစ်ခုဖြစ်ပါသည်။

## ပြည်နယ်/ တိုင်းအဆင့် FWBF

ပြည်နယ်/ တိုင်းအလိုက် FWBF များကို အောက်ဖက်တွင်တင်ပြထားသည်။ အမည်းရောင်ဖြင့် ဖော်ပြထားသည့် ရှုထောင့်အမြင်များမှာ ပြည်ထောင်စုအဆင့် အရေးအကြီးဆုံး ရှုထောင့်အမြင် (၁၀)ခု၏ အစိတ်အပိုင်း ဖြစ်သဖြင့် ပြည်ထောင်စုအဆင့်တွင် FWBF၏အစိတ်အပိုင်း ဖြစ်လာသည်။

ပြည်နယ်/ တိုင်း လူနေမှုဘဝ ပြည့်စုံဖူလုံမှု ဆိုင်ရာ မှီချက်များ

$FWBF_{\text{မွန်}}$ = ၀.၀၈၉ နေအိမ်ကောင်းမွန်မှု+ ၀.၀၇၄ အစားအစာ အရည်အသွေးကောင်းမွန်မှု + ၀.၀၅၇ အနေတော် စိုက်ပျိုးမြေ ဧရိယာ + ၀.၀၅၅ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၇ အစားအစာပေါ်များမှု + ၀.၀၄၅ အလုပ်အကိုင်ရှိမှု+ ၀.၀၄၅ စီးပွားရေး လုပ်ငန်းပိုင်ဆိုင်မှု + ၀.၀၄၄ ယာဥ်ပိုင်ဆိုင်မှု + ၀.၀၃၉ ပစ္စည်းကိရိယာနှင့် စက်ကိရိယာ ပစ္စည်း ပိုင်ဆိုင်မှု + ၀.၀၃၉ ရွှေနှင့် လက်ဝတ် လက်စား ပိုင်ဆိုင်မှု

$FWBF_{\text{တနင်္သာရီ}}$ = ၀.၁၀၀ နေအိမ်ကောင်းမွန်မှု + ၀.၀၉၃ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၇၁ စားဝတ် နေရေး အတွက် ကြောင့်ကြမှုမရှိ + ၀.၀၆၀ စီးပွားရေး လုပ်ငန်းပိုင်ဆိုင်မှု + ၀.၀၄၅ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၄ သက်သောင့်သက်သာ နေထိုင်မှု + ၀.၀၄၄ ကျန်းမာရေး ကောင်းမွန်မှု + ၀.၀၄၃ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၁ ပညာရေး ကောင်းမွန်မှု + ၀.၀၄၀ ဥယျာဥ် ခြံမြေ ပိုင်ဆိုင်သူများ

$FWBF_{\text{ရခိုင်}}$ = ၀.၁၂၁ နေအိမ်ကောင်းမွန်မှု + ၀.၁၁၁ စီးပွားရေး လုပ်ငန်းပိုင်ဆိုင်မှု + ၀.၀၉၀ ပညာရေး ကောင်းမွန်မှု + ၀.၀၆၂ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၆၀ မြေယာ ပိုင်ဆိုင်မှု + ၀.၀၅၇ ယာဉ် ပိုင်ဆိုင်မှု + ၀.၀၅၂ အစား အစာ ပေါ်များမှု + ၀,၀၄၀ ကျန်းမာရေး ကောင်းမွန်မှု + ၀.၀၃၉ လုပ်ငန်း ခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်မှု + ၀.၀၃၆ လျှပ်စစ် ပစ္စည်းများ ပိုင်ဆိုင်မှု

$FWBF_{\text{ဧရာဝတီ}}$ = ၀.၁၃၄ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၁၀၂ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၉၆ မိုးခိုမှု အချိုးနိမ့်မှု + ၀.၀၉၅ အလုပ်အကိုင် ရှိမှု + ၀.၀၇၄ စပါး စိုက်ပျိုး ထုတ်လုပ်သူများ + ၀.၀၆၅ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၄ ဥယျာဉ်ခြံမြေ ပိုင်ဆိုင်မှု + ၀.၀၄၁ အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မျှတမှု + ၀.၀၃၈ အလုပ်ကြိုးစား လုပ်ကိုင်မှု + ၀.၀၃၇ မြေယာ ပိုင်ဆိုင်မှု

$FWBF_{\text{ရန်ကုန်}}$ = ၀.၀၉၈ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၈၇ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၇၉ နေအိမ်ကောင်းမွန် မှု + ၀.၀၇၉ အဝတ် အစား ကောင်းမွန်မှု + ၀.၀၇၅ မိုးခိုမှု အချိုး နိမ့်မှု + ၀.၀၄၉ အစားအစာ ပေါ်များမှု + ၀.၀၄၁ ယာဉ်ပိုင်ဆိုင်မှု + ၀.၀၃၈ ရွှေနှင့် လက်ဝတ် လက်စား ပိုင်ဆိုင်မှု + ၀.၀၃၇ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၃၆ စက်ဘီး ပိုင်ဆိုင်မှု

$FWBF_{\text{ပဲခူး}}$ = ၀.၁၁၆ နေအိမ်ကောင်းမွန်မှု + ၀.၀၇၅ လုပ်ငန်းခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်မှု + ၀.၀၆၅ အဝတ် အစား ကောင်းမွန်မှု + ၀.၀၆၂ ပညာရေး ကောင်းမွန်မှု + ၀.၀၅၁ ရင်းနှီးမြှုပ်နှံရန်ငွေလုံး ငွေရင်း + ၀.၀၅၀ မြေယာ ပိုင်ဆိုင်မှု + ၀.၀၄၉ ယာဉ်ပိုင်ဆိုင်မှု + ၀.၀၄၀ လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု + ၀.၀၃၈ စက်ဘီး ပိုင်ဆိုင်မှု + ၀.၀၃၇ အစား အစာပေါ်များမှု

$FWBF_{\text{မကွေး}}$ = ၀.၁၀၉ ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်း+ ၀.၀၇၉ မိုးခိုမှုအချိုး နိမ့်မှု + ၀.၀၆၄ ကျန်းမာရေး ကောင်းမွန် မှု + ၀.၀၆၃ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၄ ဘိုးဘွားအမွေ ရရှိမှု + ၀.၀၅၁ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၄၇ ငွေချေးပေးသူ များ + ၀.၀၄၄ အနေတော် မိသားစု အရွယ် + ၀.၀၄၃ အလုပ်အကိုင် ရှိမှု + ၀.၀၃၃ သက်သောင့် သက်သာ နေထိုင်မှု

$FWBF_{\text{မန္တလေး}}$ = ၀.၁၀၂ အဝတ်အစား ကောင်းမွန်မှု + ၀.၀၉၇ စီးပွားရေး ကောင်းမွန်မှု + ၀.၀၉၃ နေအိမ်ကောင်းမွန်မှု + ၀.၀၄၈ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၁ ရွှေနှင့် လက်ဝတ်လက်စား

ပိုင်ဆိုင်မှု + ၀.၀၃၈ စီးပွားရေး လုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၃၈ ငွေကြေး သုံးစွဲနိုင်မှု + ၀.၀၃၈ အလုပ် အကိုင် ရှိမှု + ၀.၀၃၇ အစား အစာ ပေါ်များမှု + ၀.၀၃၅ မြေယာ ပိုင်ဆိုင်မှု

$FWBF_{\text{စစ်ကိုင်း}}$ = ၀.၁၁၆ စီးပွားရေး လုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၆၃ အဝတ်အစား ကောင်းမွန်မှု + ၀.၀၅၈ နေအိမ် ကောင်းမွန်မှု + ၀.၀၅၄ စီးပွားရေး ကောင်းမွန်မှု + ၀.၀၄၈ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်း+ ၀.၀၄၃ ယာဥ်ပိုင်ဆိုင်မှု + ၀.၀၄၁ မြေယာ ပိုင်ဆိုင်မှု + ၀.၀၄၀ အလုပ် ကြိုးစား လုပ်ကိုင်မှု + ၀.၀၃၃ ငွေကြေး သုံးစွဲနိုင်မှု + ၀.၀၃၁ အစား အစာ ပေါ်များမှု

$FWBF_{\text{ချင်း}}$ = ၀.၁၁၉ မွေးမြူရေးတိရစ္ဆာန် ပိုင်ဆိုင်မှု + ၀.၁၀၁ ပညာရေးကောင်းမွန်မှု + ၀.၀၇၈ နေအိမ်ကောင်းမွန်မှု + ၀.၀၇၂ မြေယာ ပိုင်ဆိုင်မှု + ၀.၀၅၃ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၂ အစားအစာ အရည် အသွေး ကောင်းမွန်မှု + ၀.၀၄၁ ငွေကြေး သုံးစွဲနိုင်မှု + ၀.၀၃၉ အိမ်သုံး ပစ္စည်း ပိုင်ဆိုင်မှု + ၀.၀၃၀ အနေတော် စိုက်ပျိုးမြေ ဧရိယာ + ၀.၀၂၉ လူမှု အဆင့် အတန်း မြင့်မားမှု

$FWBF_{\text{ကယား}}$ = ၀.၁၁၀ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀,၀၈၆ နေအိမ် ကောင်းမွန်မှု + ၀.၀၈၆ အဝတ်အစား ကောင်းမွန်မှု + ၀.၀၆၅ ပစ္စည်း ကိရိယာနှင့် စက်ကိရိယာ ပစ္စည်း ပိုင်ဆိုင်မှု + ၀.၀၅၅ မြေယာ ပိုင်ဆိုင်မှု + ၀.၀၄၅ ယာဥ်ပိုင်ဆိုင်မှု + ၀.၀၄၃ လျှပ်စစ် ပစ္စည်းများ ပိုင်ဆိုင်မှု + ၀.၀၄၂ စားဝတ်နေရေး အခြေအနေ ကောင်းမွန်မှု + ၀.၀၃၆ ကျန်းမာရေး ကောင်းမွန် မှု + ၀.၀၃၃ စားဝတ်နေရေး အတွက် ကြောင့်ကြမှု မရှိ

$FWBF_{\text{ရှမ်း}}$ = ၀.၀၉၆ နေအိမ်ကောင်းမွန်မှု+ ၀.၀၇၇ အဝတ် အစား ကောင်းမွန်မှု + ၀.၀၆၈ ပညာရေးကောင်းမွန်မှု + ၀.၀၅၅ ယာဥ်ပိုင်ဆိုင်မှု + ၀.၀၅၂ အစားအစာ ပေါ်များမှု + ၀.၀၅၁ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၄၅ အလှူအတန်း ပြုလုပ် နိုင်မှု + ၀.၀၄၀ အလုပ်ကြိုးစား လုပ်ကိုင်မှု + ၀.၀၄၀ အစား အစာ အရည်အသွေး ကောင်းမွန် မှု + ၀,၀၃၈ ကျန်းမာရေး ကောင်းမွန်မှု

$FWBF_{\text{ကချင်}}$ = ၀.၁၆၂ မြေယာ ပိုင်ဆိုင်မှု + ၀.၁၄၆ ယာဉ်ပိုင်ဆိုင်မှု + ၀.၁၂၅ နေအိမ်ကောင်းမွန်မှု+ ၀.၁၀၃ လုပ်ငန်းခွင်သုံးတိရစ္ဆာန်ပိုင်ဆိုင်မှု + ၀.၀၉၇ စီးပွားရေး လုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၇၆ ဆန်စက် ပိုင်ဆိုင် မှု + ၀.၀၆၆ ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်း+ ၀.၀၅၂ ပစ္စည်းကိရိယာနှင့် စက်ကိရိယာ ပစ္စည်း ပိုင်ဆိုင်မှု + ၀.၀၃၆ ရွှေနှင့် လက်ဝတ် လက်စား ပိုင်ဆိုင်မှု + ၀.၀၃၄ ဆန်းစပါး ပိုလျှံမှု

$FWBF_{\text{ကရင်}}$ = ၀.၀၈၀ ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်း + ၀.၀၆၈ နေအိမ်ကောင်းမွန်မှု + ၀.၀၅၅ ယာဉ် ပိုင်ဆိုင်မှု + ၀.၀၄၉ မြေယာ ပိုင်ဆိုင်မှု + ၀.၀၄၅ အလုပ် အကိုင် ကောင်းမွန်မှု + ၀.၀၄၄ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၃ ကျန်းမာရေး ကောင်းမွန်မှု + ၀.၀၃၇ စီးပွားရေး ကောင်းမွန်မှု + ၀.၀၃၅ ပုံမှန်ဝင်ငွေရရှိမှု + ၀.၀၃၃ စီးပွားရေး လုပ်ငန်း ပိုင်ဆိုင်မှု

ပြည်နယ်/ တိုင်းအများစုတွင် FWBF ၏ အစိတ်အပိုင်းဖြစ်သော လူနေမှုဘဝပြည့်စုံဖူလုံမှု ၏ရှုထောင့်အမြင်များမှာ

၁. နေအိမ်ကောင်းမွန်မှု- မကွေးနှင့် ဧရာဝတီတိုင်း မှအပ ပြည်နယ်/ တိုင်း (၁၄) ခုအနက် (၁၂)ခု
၂. စီးပွားရေး လုပ်ငန်းပိုင်ဆိုင်မှု - ပဲခူးတိုင်း၊ ချင်း၊ ကယားနှင့် ရှမ်းပြည်နယ်မှအပ ပြည်နယ်/ တိုင်း (၁၄) ခုအနက် (၁၀)ခု
၃. အဝတ်အစား ကောင်းမွန်မှု - ရခိုင်ပြည်နယ်၊ ဧရာဝတီနှင့် မကွေးတိုင်းနှင့် ကချင်ပြည်နယ်မှအပ ပြည်နယ်/ တိုင်း (၁၄) ခုအနက် (၁၀)ခု
၄. အစားအစာ အရည်အသွေး ကောင်းမွန်မှု - ပဲခူး၊ မကွေး၊ စစ်ကိုင်းတိုင်းများ၊ ကချင်နှင့် ကရင်ပြည်နယ် တို့မှအပ ပြည်နယ်/ တိုင်း (၁၄) ခုအနက် (၉) ခု)
၅. မြေယာပိုင်ဆိုင်မှု - မွန်ပြည်နယ်၊ တနင်္သာရီ၊ ရန်ကုန်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့မှအပ ပြည်နယ်/ တိုင်း (၁၄) ခု အနက် (၉) ခု
၆. ယာဉ်ပိုင်ဆိုင်မှု - ဧရာဝတီ၊ မကွေး၊ မန္တလေးတိုင်း၊ ချင်းနှင့် ကချင်ပြည်နယ်တို့မှအပ ပြည်နယ်/ တိုင်း (၁၄) ခုအနက် (၉) ခု

## ***ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များ***

FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်များကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့် များတွင် စုပေါင်း၍ ဇယား (၁-၂) တွင် တင်ပြထားသည်။

ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်များနှင့် စပ်လျဉ်း၍ပြည်နယ်/တိုင်းအလိုက်FGDတွင်ပါဝင်သူများ၏ သဘောထားအမြင်များသည် လူနေမှုဘဝပြည့်စုံဖူလုံမှုရှုထောင့်အမြင်များထက်ကွာခြားမှုနည်းသည်။ ပြည်နယ်/တိုင်း ၁၄ခုအနက် ၁၀ ခု တွင် FGD တွင်ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှု အပေါ်သဘောထားအမြင်များသည်ပြည်ထောင်စု အဆင့်ရလဒ်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှု (၁% ထူးခြားမှုအဆင့်)ရှိသည်။ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် သဘောထားအမြင်များဆက်စပ်မှုမရှိပါ။

ပြည်ထောင်စုအဆင့်တွင် ဆင်းရဲနွမ်းပါးမှု၏အရေးကြီးဆုံးရှုထောင့်အမြင် ၅ခုမှာ (၁) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ဝင်ငွေရ) (၂) အစားအစာပမာဏနည်းပါးမှု (၃) မှီခိုမှုအချိုးမြင့်မားမှု (၄) မိသားစုအရွယ်ကြီးမားမှုနှင့် (၅)အိုးအိမ်အမျိုးအစားတို့ဖြစ်သည်။

## မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးဆုံးရှုထောင့်အမြင်များမှာ(၁) အစားအစာပမာဏနည်းပါးမှု (၂) အိုးအိမ်အမျိုးအစား (၃) ကြွေးမြီတင်ရှိမှု (၄) အလုပ်လက်မဲ့ဖြစ်မှု (၅) အစားအစာအရည်အသွေး နိမ့်ကျမှုတို့ဖြစ်သည်။

## တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD ၌ ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးဆုံးရှုထောင့်အမြင်များမှာ (၁)ကျပန်းအလုပ်သမား (တစ်နေ့လုပ်တစ်နေ့ဝင်ငွေရ) (၂)အစားအစာပမာဏနည်းပါးမှု(၃)ကြွေးမြီတင်ရှိမှု (၄) ပညာရေးအဆင့်နိမ့်ကျမှု (၅) မိသားစုအရွယ် ကြီးမားမှုတို့ဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် FGD ၌ ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးဆုံးရှုထောင့်အမြင် ၅ ခုမှာ (၁)အစားအစာပမာဏနည်းပါးမှု (၂) အိုးအိမ်အမျိုးအစား (၃) ပညာရေးအဆင့်နိမ့်ကျမှု (၄) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ဝင်ငွေရ)နှင့် အစားအစာ အရည်အသွေးနိမ့်ကျမှု တို့ဖြစ်သည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှုအပေါ် သဘောထား အမြင်များမှာ ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ ဆင်းရဲနွမ်းပါးမှု၏ ရှုထောင့်အမြင်များမှာ (၁) မှီခိုမှုအချိုးမြင့်မားမှု (၂) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ဝင်ငွေရ) (၃) အိမ်ထောင်စုဝင်ငွေထွက်ငွေ မမျှတမှု (၄) မိသားစုအရွယ်ကြီးမှု (၅) ပုံမှန်ဝင်ငွေ မရှိမှုတို့ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် အစားအစာ ရှားပါးမှုကို အဆင့်(၂) သတ်မှတ်၍ ဧရာဝတီတိုင်းတွင် အဆင့် (၂၁) သတ်မှတ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အဓိက ရှုထောင့်အမြင် ၅ ခု မှာ ပြည်ထောင်စုအဆင့်နှင့် အားလုံးလိုလိုပင် တူညီမှုရှိသည်။ အဝတ်အစား နွမ်းပါးမှုတစ်ခုကိုသာရန်ကုန်တိုင်းတွင် အဆင့်(၄) သတ်မှတ်၍ပြည်ထောင်စုအဆင့်တွင် အဆင့်(၁၃) သတ်မှတ်သည်။

## ပဲခူးတိုင်း

ပဲခူးတိုင်း FGDတွင်ပါဝင်သူများသိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခု မှာ (၁) အစားအစာပမာဏ နည်းပါးမှု (၂) နေအိမ်အမျိုးအစား (၃) ပညာရေး အဆင့်နိမ့်ကျမှု (၄) အစားအစာအရည်အသွေး နိမ့်ကျမှု (၅) မိသားစုအရွယ်ကြီးမှုတို့ဖြစ်သည်။

## မကွေးတိုင်း

မကွေးတိုင်းတွင်ဆင်းရဲနွမ်းပါးမှု၏ အဓိက ရှုထောင့်အမြင်များမှာ (၁) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ဝင်ငွေရ) (၂) မှီခိုမှုအချိုး မြင့်မားမှု (၃) အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေမမျှ တမှု (၄) ကြွေးမြီတင်ရှိမှုနှင့် (၅) ပညာရေးအဆင့် နိမ့်ကျမှု တို့ဖြစ်သည်။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏အရေးကြီးဆုံး ရှုထောင့်အမြင် ၅ ခု မှာ (၁) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ဝင်ငွေရ) (၂) အိမ်ထောင်စု ဝင်ငွေထွက်ငွေ မမျှတမှု (၃) ပညာရေးအဆင့် နိမ့်ကျမှု (၄) ငွေကြေးမသုံးစွဲနိုင်မှုနှင့် (၅) အစားအစာပမာဏနည်းပါးမှု တို့ဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှုအပေါ် သိမြင်နားလည်သည့် သဘောထားအမြင်များ သည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အဓိက ရှုထောင့်အမြင်များမှာ (၁)အစားအစာ အရည်အသွေးနိမ့်ကျမှု (၂) ကျန်းမာရေးချို့တဲ့မှု (၃)အစားအစာပမာဏနည်းပါးမှု (၄)အဝတ်အစား နွမ်းပါးမှု (၅) အိုးအိမ်အမျိုးအစားတို့ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် အဆင့်မြင့်သတ်မှတ်သောရှုထောင့်အမြင်အချို့ ဥပမာအားဖြင့် မှီခိုမှု အချိုး (အဆင့် ၃) နှင့် မိသားစုအရွယ်(အဆင့် ၄) ကို ချင်းပြည်နယ်တွင် များစွာအဆင့်နိမ့်၍(အဆင့် ၂၁) နှင့် (အဆင့် ၂၂) သတ်မှတ်သည်။

ဇယား (၁-၂)။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအလိုက် FGD ၌ ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များ

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ** | ရခိုင်** | ဧရာဝတီ | ရန်ကုန်** | ပဲခူး** | မကွေး** | မန္တလေး** | စစ်ကိုင်း** | ချင်း | ကယား** | ရှမ်း | ကချင် | ကရင်** |
| ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ ဝင်ငွေရ) | ၁ | ၆ | ၁ | ၄ | ၂ | ၂ | ၁၀ | ၁ | ၆ | ၁ | ၈ | ၅ | ၁၂ | ၂ | ၂ |
| အစားအစာ ပမာဏ နည်းပါးမှု | ၂ | ၁ | ၂ | ၁ | ၂၃ | ၃ | ၁ | ၇ | ၂ | ၅ | ၃ | ၁ | ၁ | ၁၂ | ၁၄ |
| မိုးခိုမှုအချိုးမြင့်မှု | ၃ | ၁၂ | ၁၈ | ၉ | ၁ | ၁ | ၁၃ | ၂ | ၇ | ၁၈ | ၂၁ | ၁၀ | ၁၄ | | ၂၁ |
| မိသားစု အရွယ်ကြီးမှု | ၄ | ၁၀ | ၅ | ၈ | ၄ | ၅ | ၅ | ၆ | ၃ | ၁၁ | ၂၀ | ၈ | ၆ | ၁၄ | ၁ |
| အိုးအိမ်အမျိုးအစား | ၅ | ၂ | ၆ | ၂ | | ၆ | ၂ | | ၁ | ၁၅ | ၅ | ၃ | ၅ | ၃ | ၇ |
| အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မမျှတမှု | ၆ | ၁၁ | ၁၁ | ၁၄ | ၃ | ၁၂ | ၆ | ၃ | ၈ | ၂ | ၇ | ၁၆ | ၂၀ | ၉ | ၆ |
| ပညာရေးအဆင့် နိမ့်ကျမှု | ၇ | ၉ | ၄ | ၃ | ၈ | ၉ | ၃ | ၅ | ၁၄ | ၃ | ၆ | ၁၉ | ၃ | ၁၈ | ၃ |
| အစားအစာ အရည်အသွေး နိမ့်ကျမှု | ၈ | ၅ | ၉ | ၅ | ၁၂ | ၇ | ၄ | ၁၀ | ၄ | ၁၄ | ၁ | ၂ | ၇ | ၂၁ | ၅ |
| အလုပ်လက်မဲ့ ဖြစ်မှု | ၉ | ၄ | ၂၀ | ၇ | ၆ | ၁၁ | ၂၀ | ၉ | ၁၀ | ၉ | ၁၈ | ၇ | ၉ | ၂၅ | ၂၃ |
| ကြွေးမြီတင်ရှိမှု | ၁၀ | ၃ | ၃ | ၁၂ | ၁၁ | ၁၃ | ၂၂ | ၄ | ၁၁ | ၁၀ | ၁၂ | ၁၁ | ၂၉ | ၂၀ | ၉ |
| ကျန်းမာရေးချို့တဲ့မှု | ၁၁ | ၈ | ၇ | ၆ | ၇ | ၁၀ | ၁၂ | ၁၁ | ၁၂ | ၈ | ၂ | ၆ | ၄ | ၇ | ၄ |
| ဝင်ငွေနည်း/ ပုံမှန်ဝင်ငွေ မရှိမှု | ၁၂ | ၁၄ | ၈ | ၁၅ | ၅ | ၈ | ၁၆ | ၈ | ၉ | ၁၃ | ၂၃ | ၁၇ | ၁၆ | ၂၃ | ၁၂ |
| အဝတ်အစား နွမ်းပါးမှု | ၁၃ | ၇ | ၁၀ | ၁၁ | | ၄ | ၇ | ၂၄ | ၅ | ၇ | ၄ | ၄ | ၂ | ၆ | ၁၆ |
| ငွေကြေး မသုံးစွဲနိုင်မှု | ၁၄ | ၁၅ | ၁၃ | ၂၉ | ၂၂ | ၁၇ | ၂၆ | ၁၃ | | ၄ | ၃၁ | ၂၀ | ၁၀ | | ၁၃ |
| စားဝတ်နေရေး အခြေအနေ မကောင်းမှု | ၁၅ | ၁၈ | ၁၅ | ၂၆ | ၁၀ | ၁၄ | ၁၇ | ၂၂ | ၁၈ | ၁၆ | ၁၃ | ၁၈ | | | ၂၅ |
| လယ်မဲ့/ ယာမဲ့ ဖြစ်မှု | ၁၆ | ၂၁ | ၂၁ | | ၁၇ | ၃၄ | ၁၁ | ၁၄ | ၁၃ | ၂၀ | ၉ | ၉ | ၂၆ | ၁ | ၂၀ |
| အမှုအကျင့် | ၁၇ | ၁၇ | ၂၈ | | ၁၆ | ၂၁ | ၃၅ | ၁၈ | ၁၆ | ၆ | ၁၆ | ၂၅ | ၁၅ | | ၈ |
| ငွေကြေး ချို့တဲ့မှု | ၁၈ | ၂၂ | ၁၉ | ၁၇ | ၂၆ | ၂၂ | ၁၈ | ၁၅ | ၃၁ | ၁၇ | ၁၅ | ၁၄ | ၂၈ | ၈ | ၁၁ |
| လုပ်ငန်းခွင် အခြေအနေ ခက်ခဲမှု | ၁၉ | ၁၆ | ၁၄ | ၁၃ | | ၁၉ | ၂၅ | ၁၇ | ၂၀ | ၂၈ | ၁၀ | ၁၂ | ၁၉ | | ၁၇ |
| ငွေကြေး အရင်းအနှီး မရှိမှု | ၂၀ | ၁၉ | ၃၅ | ၁၈ | ၁၃ | ၂၃ | ၃၀ | ၁၂ | ၂၅ | ၂၆ | ၂၄ | ၁၅ | ၂၄ | ၅ | ၁၀ |
| ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း မရှိမှု | ၂၁ | ၂၄ | ၁၇ | ၂၅ | ၁၅ | ၁၈ | ၂၉ | ၂၉ | ၁၅ | ၁၉ | ၃၆ | | ၃၀ | ၁၇ | ၁၈ |
| ကိုယ်ပိုင် လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှု | ၂၂ | ၂၃ | | ၂၀ | | ၃၇ | ၉ | ၂၀ | ၂၂ | ၃၃ | ၃၄ | ၂၀ | ၃၃ | ၄ | ၁၉ |
| ပျင်းရိမှု | ၂၃ | ၂၅ | | | | ၄၄ | ၃၀ | ၂၇ | ၁၇ | ၁၂ | | | ၃၀ | ၂၄ | ၂၈ |
| စားဝတ်နေရေးအတွက် စိုးရိမ်ပူပန်မှု | ၂၄ | ၂၀ | ၁၂ | | ၂၇ | ၃၀ | ၃၃ | ၂၅ | ၁၉ | ၃၀ | ၃၄ | ၂၆ | ၁၈ | | ၃၅ |
| အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ | ၂၅ | ၂၈ | ၂၆ | ၁၉ | ၂၄ | ၂၉ | ၂၈ | ၁၆ | ၃၀ | | ၂၅ | | ၃၄ | | ၂၄ |
| အိမ်အသုံးအဆောင်ပစ္စည်း နည်းပါးမှု | ၂၆ | ၃၁ | ၁၆ | ၁၆ | ၂၁ | ၂၈ | ၁၄ | | | | ၁၁ | | ၃၅ | ၁၀ | ၃၂ |
| စုဆောင်းငွေ မရှိ | ၂၇ | ၃၆ | ၃၈ | ၂၂ | ၉ | ၄၁ | | ၂၆ | ၂၈ | ၂၉ | | | | | |

ဇယား (၁-၂) အဆက်

| အဓိကစိတ်ကူး ထင်မြင်ချက် | ပြည်ထောင်စု | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ** | ရခိုင်** | ဧရာဝတီ | ရန်ကုန်** | ပဲခူး** | မကွေး** | မန္တလေး** | စစ်ကိုင်း** | ချင်း | ကယား** | ရှမ်း | ကချင် | ကရင်** |
| အခြေခံလိုအပ်ချက်များ မရရှိနိုင်မှု | ၂၈ | ၂၉ | ၃၁ | ၁၀ | ၁၉ | ၃၃ | ၃၂ | ၃၁ | | ၂၃ | ၁၄ | ၁၃ | ၂၃ | | ၃၅ |
| ကိုယ်ပိုင်စက်ဘီး မရှိမှု | ၂၉ | ၃၀ | ၃၃ | | | ၄၀ | ၈ | | | ၂၅ | | | | ၁၁ | |
| လူမှုရေး လုပ်ငန်းများတွင် မပါဝင်နိုင်မှု | ၃၀ | | ၃၀ | ၂၉ | ၂၁ | ၃၅ | ၂၄ | ၃၁ | ၂၄ | ၂၄ | ၂၉ | | ၁၃ | | |
| အိမ်မပိုင်ဆိုင်မှု | ၃၁ | ၂၇ | ၂၂ | ၂၃ | | ၂၆ | ၁၅ | | ၃၂ | | ၁၉ | ၂၄ | ၁၁ | | |
| အမွေမရှိမှု | ၃၂ | ၃၄ | ၂၉ | | | | | ၁၉ | | ၂၂ | ၂၂ | | ၂၀ | ၂၇ | ၂၇ |
| တစ်ကိုယ်ရေသန့်ရှင်းရေးနိမ့်ကျမှု | ၃၃ | | ၃၃ | | | ၂၅ | ၂၃ | | | ၂၁ | | | | | |
| လူမှုအဆင့်အတန်းနိမ့်ကျမှု | ၃၄ | ၃၅ | ၂၄ | | | ၂၇ | ၃၇ | ၃၂ | ၂၁ | | ၃၇ | | ၂၆ | | ၁၅ |
| အိမ်ထောင်စု ပြဿနာများ | ၃၅ | ၃၈ | ၂၇ | | ၁၄ | ၁၅ | | | | | ၂၆ | ၂၈ | ၁၇ | | ၂၂ |
| အလုပ်အတန်း မပြုလုပ်နိုင်မှု | ၃၆ | ၁၃ | ၃၃ | | | ၄၃ | ၂၇ | | | ၂၈ | | ၂၃ | ၈ | | ၃၃ |
| တံငါသည်များ | ၃၇ | | | ၃၁ | ၁၈ | ၃၈ | | ၂၁ | | | | | | ၂၆ | |
| လျှပ်စစ်ပစ္စည်း မရှိမှု | ၃၈ | ၃၇ | ၃၆ | ၃၀ | | ၁၆ | ၂၁ | | | | | | | ၁၉ | |
| အသက်အရွယ်ကြီးသူ | ၃၉ | ၃၉ | | ၂၅ | ၂၅ | ၃၆ | ၃၇ | ၂၃ | | | ၂၉ | ၂၇ | | | ၂၉ |
| ရွှေနှင့် လက်ဝတ်လက်စား မရှိမှု | ၄၀ | ၂၆ | | ၂၇ | | ၂၄ | | | ၂၈ | | | | ၂၃ | ၁၃ | ၃၁ |
| အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုများ | ၄၁ | | ၂၅ | | | ၄၀ | ၃၅ | ၂၈ | | ၃၁ | | | | ၂၂ | |
| မွေးမြူရေးတိရစ္ဆာန် မရှိမှု | ၄၂ | ၃၂ | | | | | | | ၂၆ | ၃၃ | ၁၇ | | ၂၇ | ၁၆ | |
| လျှပ်စစ်မီး မရရှိမှု | ၄၃ | | ၃၇ | | | | | | ၂၃ | | ၃၆ | | | | |
| မိဘမဲ့ ကလေးများ | ၄၄ | | ၂၃ | | | ၄၃ | | | ၂၉ | | ၂၇ | | | | ၃၀ |
| သားသမီးများအား စောင့်ရှောက်မည့်သူ မရှိမှု | ၄၅ | | | ၂၁ | | ၂၀ | | | | | ၃၂ | ၂၉ | | | ၃၆ |
| ပစ္စည်းကိရိယာမရှိ၊ စက်ကိရိယာပစ္စည်း မရှိ | ၄၆ | | | | | ၃၂ | ၁၉ | | | | ၂၉ | ၂၂ | ၃၁ | ၁၅ | ၂၆ |
| ရပ်ကွက်/ ကျေးရွာတွင် ဈေးမရှိ၊ ဆိုင်တန်းမရှိ | ၄၇ | ၃၃ | ၃၉ | | | ၃၂ | | ၃၃ | | | ၃၀ | | | | |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

## ကယားပြည်နယ်

ကယားပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အဓိက ရှုထောင့်အမြင် ၅ခု မှာ (၁) အစားအစာပမာဏ နည်းပါးမှု (၂) အစားအစာအရည်အသွေးနိမ့်ကျမှု (၃) အိုးအိမ်အမျိုးအစား (၄) အဝတ်အစားနွမ်းပါး မှု (၅) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ ဝင်ငွေရ) တို့ ဖြစ်သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှုအပေါ် သိမြင်နားလည်သည့် သဘောထားအမြင်များသည် ပြည်ထောင်စု အဆင့် စုပေါင်းသဘောထားအမြင် များနှင့်ဆက်စပ်မှုမရှိပါ။ ဆင်းရဲနွမ်းပါးမှု၏ အဓိက ရှုထောင့်အမြင်များမှာ (၁) အစားအစာပမာဏ နည်းပါးမှု (၂)အဝတ်အစားနွမ်းပါးမှု (၃) ပညာရေး အဆင့်နိမ့်ကျမှု (၄) ကျန်းမာရေးချို့တဲ့မှုနှင့် (၅) အိုးအိမ်အမျိုးအစား တို့ဖြစ်သည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ် FGD တွင် ပါဝင်သူများ ဆင်းရဲနွမ်းပါးမှုအပေါ် သိမြင်နားလည်သည့် သဘောထားအမြင်များသည်ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိ ပါ။ ၎င်းတို့သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အဓိကရှုထောင့်အမြင်များမှာ (၁)လယ်မဲ့/ယာမဲ့ ဖြစ်မှု (၂) ကျပန်းအလုပ်သမား (တစ်နေ့လုပ်တစ် နေ့ဝင်ငွေရ)(၃)အိုးအိမ်အမျိုးအစား (၄) ကိုယ်ပိုင် လုပ်ငန်းခွင်သုံး တိရစ္ဆာန်မရှိမှုနှင့် (၅) ငွေကြေး အရင်းအနှီးမရှိမှုတို့ဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီး ဆုံး ရှုထောင့်အမြင် ၅ ခု မှာ (၁) မိသားစု အရွယ် ကြီးမားမှု (၂) ကျပန်းအလုပ်သမား (တစ်နေ့လုပ် တစ်နေ့ ဝင်ငွေရ) (၃) ပညာရေး အဆင့်နိမ့်ကျမှု (၄) ကျန်းမာရေးချို့တဲ့မှု (၅) အစားအစာ အရည် အသွေးနိမ့်ကျမှုတို့ဖြစ်သည်။ ပြည်ထောင်စုအဆင့် တွင် မှီခိုမှုအချိုးကိုအဆင့် (၃) သတ်မှတ်သော် လည်း ကရင်ပြည်နယ်တွင် FGD ၌ပါဝင်သူများက (အဆင့် ၂၁) သတ်မှတ်သည်။

## ၁-၂။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများ

ဤအခန်း၏ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးမှုဖြစ်စေသောအကြောင်းရင်းများကို သိရှိနားလည်ရန်ဖြစ်သည်။ကျန်းမာရေး၊ပညာရေး၊ရေနှင့်အညစ်အကြေးသန့်ရှင်းရေး၊ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် လယ်ယာသုံးစက်ကိရိယာနှင့် သွင်းအားစုများနှင့် ပတ်သက်သည့် ပြဿနာများအပေါ် FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များနှင့် ပြည်နယ်/ တိုင်းအဆင့် သဘောထားအမြင်များ ပေါင်းစပ်တင်ပြထားသည်။

### *ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့်အဓိက အကြောင်းရင်းများ*

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းတို့တွင် FGD ၌ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အဓိကအကြောင်းရင်းများကို ဇယား (၁-၃) တွင် ဖော်ပြထားသည်။

ပြည်နယ်/တိုင်း (၁၄) ခုရှိသည့်အနက် ပြည်နယ်/တိုင်း (၉) ခုတွင် FGD ၌ ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အကြောင်းရင်းအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့် ထူးခြားသည့်ဆက်စပ်မှု (၁% ထူးခြားမှုအဆင့်) ရှိသည်။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများအပေါ် သိမြင်နားလည်မှုများတွင် ဆက်စပ်မှုမရှိသည့် ပြည်နယ်/တိုင်းများမှာ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့ဖြစ်ကြသည်။

ပြည်ထောင်စုအဆင့် FGD တွင် ပါဝင်သူများသတ်မှတ် ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အဓိက အကြောင်းရင်း ၅ ခု မှာ (၁) ကျန်းမာရေးနှင့် ဆက်နွယ်သောအကြောင်းခြင်းရာများ(၂) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၃) မိသားစု အရွယ်ကြီး/မှီခိုမှု အချိုးမြင့်မှု (၄) အိမ်ထောင်စု ဝင်ငွေ/ထွက်ငွေ မမျှတမှု (၅) ကြွေးမြီတင်ရှိမှုတို့ဖြစ်သည်။

### မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင်ပါဝင်သူများသတ်မှတ် ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အဓိကအကြောင်းရင်းများမှာ (၁) ကျန်းမာရေးနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ (၂) အလုပ်လက်မဲ့ဖြစ်မှု (၃) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု (၄)ကြွေးမြီတင်ရှိမှု (၅)အိမ်ထောင်စုဝင်ငွေ/ထွက်ငွေမမျှတမှု တို့ဖြစ်သည်။

### တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသော အဓိက အကြောင်းရင်းများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ တနင်္သာရီတိုင်းတွင် FGD ၌ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အကြောင်းရင်းများမှာ (၁) အိမ်ထောင်စု အရွယ်ကြီး/ မှီခိုမှုအချိုးမြင့်မှု (၂) ကျန်းမာရေးနှင့် ဆက်နွယ်သော အကြောင်း ခြင်းရာများ(၃) အိမ်ထောင်စု ဝင်ငွေ/ထွက်ငွေမမျှတမှု(၄)ကြွေးမြီတင်ရှိမှုနှင့်(၅) ဝင်ငွေ/လုပ်ခနည်းပါးမှု တို့ဖြစ်သည်။ ပြည်ထောင်စုအဆင့်နှင့်နှိုင်းယှဥ်ပါက တနင်္သာရီတိုင်းတွင်ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အကြောင်းရင်းများအနက် ပိုမိုအရေးကြီးသည်ဟု သတ်မှတ်သော အကြောင်းရင်း တစ်ခုမှာ ကိုယ်ပိုင်မြေယာ မရှိမှုဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် FGD ၌ ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသောအဓိကအကြောင်းရင်းများမှာ(၁) အိမ်ထောင်စုအရွယ်ကြီး/မှီခိုမှုအချိုးမြင့်မှု (၂)ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်းမရှိမှု (၃) ဝင်ငွေ/လုပ်ခ နည်းပါးမှု (၄) အလုပ်လက်မဲ့ဖြစ်မှုနှင့် (၅) ကြွေးမြီတင်ရှိမှုတို့ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် အခြားပြည်နယ်/တိုင်းများထက် ဦးစားပေးသည့် အကြောင်းရင်းတစ်ခုမှာ အလွတ်သဘောအခကြေးငွေ ပေးရမှု (Private fees) ဖြစ်သည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် FGD ၌ ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသောအဓိကအကြောင်းရင်းများသည်ပြည်ထောင်စုအဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အရေးကြီးဆုံး အကြောင်းရင်း ၅ ခုမှာ (၁) အိမ်ထောင်စု ဝင်ငွေ/ထွက်ငွေ မမျှတမှု (၂)ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်းမရှိမှု (၃) အလုပ်လက်မဲ့ဖြစ်မှု (၄)ကြွေးမြီတင်ရှိမှုနှင့် (၅) တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရရှိမှု (ကျပန်း အလုပ်သမား) တို့ဖြစ်သည်။ ပြည်ထောင်စုအဆင့်နှင့် ယှဉ်ပါက ဧရာဝတီတိုင်းတွင် အိမ်ထောင်စုအရွယ်ကြီး/ မှီခိုမှု အချိုးမြင့်မှုကို အရေးကြီးမှု အဆင့်နိမ့်သတ်မှတ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ်ရသောအကြောင်းရင်းများ (၅)ခုအနက် ရန်ကုန်တိုင်းတွင် FGD ၌ ပါဝင်သူများက အဆင့်(၃) သတ်မှတ်သော ဝင်ငွေ/လုပ်ခနည်းပါးမှုမှအပ ၄ ခုသည် ပြည်ထောင်စုအဆင့် သတ်မှတ်ချက်များနှင့် တူညီသည်။

ဇယား - (၁-၃)။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများ   သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်စေသော အဓိကအကြောင်းရင်းများ

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင်** | ဧရာဝတီ | ရန်ကုန်** | ပဲခူး** | မကွေး** | မန္တလေး** | စစ်ကိုင်း | ချင်း** | ကယား | ရှမ်း** | ကချင် | ကရင်** |
| ကျန်းမာရေး | ၁ | ၁ | ၂ | ၈ | ၂ | ၁ | ၃ | ၂ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၁ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု | ၂ | ၃ | ၁၄ | ၂ | ၆ | ၂ | ၁ | ၆ | ၃ | ၅ | ၄ | ၁ | ၆ | ၅ | ၄ |
| မိသားစုအရွယ်ကြီး/ မှီခိုမှုအချိုးမြင့်မှု | ၃ | ၈ | ၁ | ၁ | ၂၂ | ၄ | ၁၀ | ၄ | ၄ | ၃ | ၈ | ၇ | ၄ | ၁၉ | ၁၃ |
| အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မမျှတမှု | ၄ | ၅ | ၃ | ၆ | ၁ | ၅ | ၂ | ၅ | ၆ | ၇ | ၆ | ၂၂ | ၃ | ၃၄ | ၁၂ |
| ကြွေးမြီတင်ရှိမှု | ၅ | ၄ | ၄ | ၅ | ၄ | ၉ | ၄ | ၈ | ၁၇ | ၄ | ၁၀ | ၆ | ၈ | ၃ | ၃ |
| အလုပ်လက်မဲ့ဖြစ်မှု | ၆ | ၂ | ၁၃ | ၄ | ၃ | ၆ | ၈ | ၉ | ၁၁ | ၆ | ၅ | ၈ | ၂ | ၂၆ | ၁၁ |
| ဝင်ငွေ/ လုပ်ခနည်းပါးမှု | ၇ | ၆ | ၅ | ၃ | ၈ | ၃ | ၉ | ၁၁ | ၈ | ၈ | ၉ | ၁၁ | ၇ | ၉ | ၂၀ |
| ပညာရေး | ၈ | ၂၁ | ၈ | ၂၀ | ၇ | ၁၂ | ၁၆ | ၁၀ | ၅ | ၁ | ၇ | ၅ | ၁၀ | ၆ | ၂ |
| တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရရှိမှု (ကျပန်းအလုပ်သမား) | ၉ | ၁၈ | ၆ | ၁၀ | ၅ | ၇ | ၆ | ၁၂ | ၁၀ | ၁၀ | ၁၄ | ၁၃ | ၁၁ | ၁ | ၉ |
| ဆိုးဝါးသော ရာသီဥတု | ၁၀ | ၁၄ | ၁၀ | ၁၄ | ၁၇ | ၁၄ | ၂၅ | ၁ | ၂ | ၉ | | ၃ | ၅ | ၁၁ | ၇ |
| ကုန်ဈေးနှုန်းကြီးမြင့်မှု | ၁၁ | ၁၀ | ၇ | ၂၅ | ၁၉ | ၃၁ | ၇ | ၃ | ၁၆ | ၁၄ | ၁၁ | ၂၉ | ၁၂ | ၂၁ | ၆ |
| သီးနှံအထွက် နည်းပါးမှု | ၁၂ | ၁၉ | ၂၆ | ၁၃ | ၁၃ | ၁၈ | ၁၉ | ၁၃ | ၂၁ | ၂၁ | ၂ | ၁၄ | ၁၃ | ၄ | ၅ |
| သွင်းအားစု/ လုပ်သား/ ထုတ်လုပ်မှုအတွက် စရိတ် ကြီးမြင့်မှု | ၁၃ | ၂၆ | ၂၁ | ၁၆ | ၉ | ၂၃ | ၅ | ၂၉ | ၉ | ၂၈ | ၁၈ | ၃၂ | ၂၉ | ၁၅ | ၁၇ |
| စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှု | ၁၄ | ၇ | ၂၄ | ၁၈ | ၂၈ | ၁၃ | ၂၈ | ၇ | ၇ | ၃၅.၅ | | ၃၅ | ၂၈ | ၃၆ | ၁၄ |
| ကြိုတင်ယူငွေ | ၁၅ | ၁၂ | ၁၅ | ၉ | ၃၀ | ၁၆ | ၃၄.၅ | ၂၀ | ၁၂ | ၁၅ | | ၁၇ | ၁၇ | ၁၇ | ၁၀ |
| ပစ္စည်းကိရိယာနှင့် စက်ကိရိယာ ပစ္စည်း မရှိမှု | ၁၆ | ၁၅ | ၂၃ | ၂၁ | ၃၄ | ၂၁ | ၁၃ | ၂၁ | ၁၃ | | ၁၅ | ၁၂ | ၁၄ | ၇ | ၃၁.၅ |
| ကိုယ်ပိုင်လုံလောက်ခြင်း မရှိမှု | ၁၇ | ၉ | | ၁၇ | ၄၀ | ၁၀ | ၁၇ | ၂၃ | | ၁၁ | ၁၆ | ၄ | | | ၃၁.၅ |
| ခိုင်းကျွဲနွား မရှိမှု | ၁၈ | ၂၀ | ၂၁ | ၁၂ | ၃၁ | ၁၁ | ၁၂ | ၃၁ | ၂၀ | | ၁၂ | ၁၈ | | ၈ | ၃၈.၅ |
| မြေအရည်အသွေး ညံ့ဖျင်းမှု | ၁၉ | ၃၃.၅ | | ၁၉ | ၂၃ | ၃၅ | ၃၁ | ၁၇ | ၂၃ | ၁၈ | ၃ | ၃၇ | ၁၉ | ၂၄ | ၂၃.၅ |
| စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်း မရှိမှု | ၂၀ | ၁၆ | ၂၉ | ၃၀ | ၄၁ | ၃၃ | ၁၁ | ၂၈ | ၂၅ | ၂၂ | ၂၁ | ၂၀ | ၂၇ | ၁၀ | ၂၇ |
| သီးနှံပျက်စီးဆုံးရှုံးမှု | ၂၁ | ၁၁ | | ၃၅ | ၁၂ | ၂၂ | | ၂၇ | ၂၂ | ၂၆ | ၂၃ | ၉ | ၁၈ | ၂၅ | |
| လျှပ်စစ်မီးမရှိမှု | ၂၂ | ၁၃ | ၁၁ | | ၃၂ | ၁၉ | ၁၄ | ၂၅ | | ၃၂ | | ၁၅ | | | ၁၆ |
| ဝယ်လိုအား နည်းပါးမှု | ၂၃ | ၄၁.၅ | ၂၇ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၆ | ၃၄ | ၃၅.၅ | | ၁၉ | ၁၆ | | ၄၁ |
| မြေမဲ့ယာမဲ့ | ၂၄ | ၂၃ | ၉ | ၂၄ | ၃၈ | ၂၉ | | ၃၄ | | ၂၉ | ၂၆ | ၃၀ | ၂၃ | ၁၈ | ၈ |
| စိုက်ပျိုးမြေ အရွယ်အစား သေးငယ်မှု | ၂၅ | ၂၉ | | ၂၆ | ၂၀ | ၂၄ | ၂၁ | ၁၈ | | ၃၀ | ၁၇ | ၂၄ | ၁၅ | | ၃၃ |
| မိုးပုံမှန် မရွာသွန်းမှု | ၂၆ | | | ၃၁ | ၃၃ | ၂၈ | | ၁၄ | ၁၉ | | | ၂၇.၅ | ၉ | ၁၃ | ၂၆ |
| အရောင်းအဝယ်/ သီးနှံထွက်ကုန် | ၂၇ | ၂၇ | | ၂၈ | ၁၈ | ၃၂ | ၂၉ | ၁၅ | ၂၇ | ၂၄ | | | ၂၂ | ၂၈ | ၂၂ |

ဇယား - (၁-၃)အဆက်

| အဓိကစိတ်ကူး ထင်မြင်ချက် | ပြည်ထောင်စု | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင်** | ဧရာဝတီ | ရန်ကုန်** | ပဲခူး** | မကွေး** | မန္တလေး** | စစ်ကိုင်း | ချင်း** | ကယား | ရှမ်း** | ကချင် | ကရင်** |
| ဈေးနှုန်း နိမ့်ခြင်း | | | | | | | | | | | | | | | |
| ခရီးစရိတ် ကြီးမြင့်မှု | ၂၈ | ၂၈ | ၁၂ | ၃၉ | ၁၀ | ၁၉ | ၃၂ | | ၃၀ | ၃၂ | ၂၈ | ၂၇.၅ | | ၂၇ | ၁၈ |
| အကြွေး ရောင်းချမှု | ၂၉ | ၃၅ | | ၃၉ | ၁၆ | ၁၇ | ၂၄ | | ၁၄ | ၁၉ | | | ၃၀.၅ | ၂၉ | ၁၉ |
| မကောင်းသော အမူအကျင့် | ၃၀ | ၃၃.၅ | | | ၂၁ | ၈ | | ၂၄ | ၂၈ | ၂၄ | | ၃၄ | ၃၀.၅ | | ၂၁ |
| သီးနှံရောဂါနှင့် ပိုးမွှားအန္တရာယ် | ၃၁ | ၃၂ | | ၂၉ | ၂၄ | ၃၄ | | ၃၁ | ၁၈ | ၃၅.၅ | ၁၃ | ၁၆ | | ၃၄ | ၂၃.၅ |
| အတိုးနှုန်းကြီးမြင့်မှု | ၃၂ | | | ၂၃ | ၂၇ | ၂၅ | ၂၇ | ၂၂ | ၂၆ | | | | ၂၁ | ၂၀ | ၁၅ |
| ပြင်ဆင် ထိန်းသိမ်းစရိတ် ကြီးမြင့်မှု | ၃၃ | ၂၅ | ၂၇ | ၂၇ | ၂၆ | ၃၈ | ၂၂ | | ၁၅ | ၃၈ | ၂၉ | | | ၂၂ | |
| မိုးခေါင်မှု | ၃၄ | ၃၆ | ၂၅ | | | ၂၇ | ၂၆ | ၃၇.၅ | | ၁၆ | | ၁၀ | | ၁၆ | ၂၅ |
| ငါးဖမ်းရရှိမှု နည်းပါးမှု | ၃၅ | | | ၁၁ | ၁၄ | ၃၆ | | | | | | ၂၆ | ၂၀ | | |
| ဆည်ရေမရရှိမှု | ၃၆ | ၂၂ | ၁၉ | | ၃၆.၅ | | | | ၂၄ | ၂၀ | | ၂၅ | ၂၄.၅ | ၁၂ | |
| အသက်အရွယ် ကြီးရင့်မှု | ၃၇ | | ၂၀ | ၃၉ | ၂၉ | | ၁၈ | ၂၆ | | ၃၁ | ၂၂ | ၃၁ | | ၃၀ | ၂၉ |
| ရေကြီးမှု | ၃၈ | ၃၀ | ၁၈ | ၃၂ | ၂၅ | | | ၃၅ | | ၃၅.၅ | ၃၁ | ၃၃ | | ၂၃ | ၄၁ |
| အလှူငွေ ထည့်ဝင်ရမှု | ၃၉ | ၂၄ | | ၂၂ | ၃၆.၅ | | ၂၀ | | | | ၂၅ | | | | ၃၅ |
| အိမ်ထောင်ဦးစီး သေဆုံးမှု | ၄၀ | ၃၈ | ၁၆ | | ၁၁ | | | | | | ၂၇ | | | | ၃၇ |
| အလွတ်သဘော ပေးရသော အခကြေးငွေများ | ၄၁ | | | ၇ | ၃၅ | | ၃၀ | | | | | | | | |
| စိုက်ပျိုးနည်းပညာဗဟုသုတနည်းပါးမှု | ၄၂ | ၃၁ | | | ၃၉ | | | | | | ၁၉ | ၂၁ | ၂၄.၅ | ၁၄ | ၃၆ |
| သွင်းအားစု မရှိမှု (ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည်) | ၄၃ | ၁၇ | | | | | | ၃၁ | | ၁၇ | | ၂၃ | | | |
| ကျွမ်းကျင်မှုမရှိမှု | ၄၄ | ၄၁.၅ | | | | | ၂၃ | | | ၁၂ | | | | | ၃၀ |
| ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းမရှိမှု | ၄၅ | | ၁၇ | ၃၃ | | ၂၆ | | | | ၂၇ | | | ၃၃ | | ၄၃ |
| တိရစ္ဆာန်ရောဂါများ | ၄၆ | | | | | ၃၇ | ၃၃ | | | ၁၃ | ၃၀ | | ၂၆ | ၃၄ | ၃၈.၅ |
| မသွားရောက်နိုင် (လမ်းများ) | ၄၇ | ၃၇ | | ၃၄ | | | | ၃၆ | ၃၀.၅ | | ၂၄ | | | ၃၁.၅ | |
| အမွေ မရရှိခြင်း | ၄၈ | | | | | | | ၃၃ | ၃၀.၅ | ၂၄ | | | ၃၂ | | ၄၁ |
| နှမ်းစိုက်ပျိုးထွက်ရှိမှု | ၄၉ | | | | | | | ၁၉ | ၃၃ | | | | | | |
| ဈေးနှင့် ကွာဝေးမှု | ၅၀ | ၃၉.၅ | | | | | | | | | ၂၀ | | | | ၃၄ |
| ကုန်ပစ္စည်းသယ်ပို့ရာတွင် ပျက်စီးမှု | ၅၁ | | | | | ၃၈ | ၃၄.၅ | ၃၇.၅ | ၂၉ | | | | | ၃၁.၅ | |
| ပစ္စည်းကိရိယာ ဆုံးရှုံးမှု | ၅၂ | ၃၉.၅ | | ၃၇ | | ၃၀ | | | | | | | | | |
| ကြားပွဲစားများ | ၅၃ | | | ၃၆ | | ၄၀ | | | | | | ၃၆ | | | |
| တောမီးလောင်ကျွမ်းမှု | ၅၄ | | | | | | | | | | | | | | ၂၈ |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြားသိသာထင်ရှားစွာဆက်စပ်မှု(ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

## ပဲခူးတိုင်း

ပဲခူးတိုင်း FGDတွင်ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အဓိကအကြောင်းရင်းများမှာ (၁) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၂)အိမ်ထောင်စုဝင်ငွေ/ထွက်ငွေမမျှတမှု (၃)ကျန်းမာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ (၄) ကြွေးမြီတင်ရှိမှု (၅) ထုတ်လုပ်မှုစရိတ်ကြီးမြင့်မှု (သွင်းအားစုများ၊ လုပ်အားနှင့်ကုန်ချော ထုတ်လုပ်မှု) တို့ဖြစ်သည်။

## မကွေးတိုင်း

မကွေးတိုင်း FGD တွင် ပါဝင်သူများကရာသီဥတု မကောင်းမှုကို ဆင်းရဲနွမ်းပါးမှု ဖြစ်စေရသော ပထမ အကြောင်းရင်းအဖြစ် သတ်မှတ်ဖော်ထုတ်၍ ဤရှုထောင့်အမြင်ကို ပြည်ထောင်စုအဆင့်တွင် အဆင့်(၁၀)သတ်မှတ်သည်။ အခြားအကြောင်းရင်းများမှာ ကျန်းမာရေးနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ မိသားစုအရွယ် ကြီးမှု/ မှီခိုမှုအချိုးမြင့်မှုနှင့်အိမ်ထောင်စု ဝင်ငွေ/ထွက်ငွေ မမျှတမှုတို့ဖြစ်သည်။

## မန္တလေးတိုင်း

မန္တလေးတိုင်း FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အဓိကအကြောင်းရင်း ၅ခုမှာ (၁) ကျန်းမာရေးနှင့်ဆက်နွယ်သော အကြောင်းခြင်းရာများ (၂) ဆိုးဝါးသောရာသီဥတု (၃) ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်းမရှိမှု၊ မိသားစုအရွယ်ကြီးမှု/ မှီခိုမှုအချိုးမြင့်မှုနှင့် (၅) ပညာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ တို့ဖြစ်သည်။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများသိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်ရသောအကြောင်းရင်းများ အပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကအကြောင်းရင်းများမှာ (၁) ပညာရေးနိမ့်ကျမှု (၂) ကျန်းမာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ (၃) မိသားစုအရွယ်ကြီးမှု/ မှီခိုမှုအချိုးမြင့်မှု (၄) ကြွေးမြီတင်ရှိမှုနှင့် (၅) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှုတို့ဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ် FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အဓိကအကြောင်းရင်းများမှာ (၁) ကျန်းမာရေးနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ (၂) သီးနှံအထွက်နည်းပါးမှု(၃) မြေအရည်အသွေးညံ့ဖျင်းမှု (၄) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၅) အလုပ်လက်မဲ့ ဖြစ်မှုတို့ဖြစ်သည်။

## ကယားပြည်နယ်

ကယားပြည်နယ် FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသောအကြောင်းရင်းများနှင့် ပြည်ထောင်စုအဆင့်သဘောထားအမြင်များသည် ဆက်စပ်မှုမရှိပါ။ အရေးကြီးဆုံး အကြောင်းရင်း ၅ခုမှာ (၁) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၂) ကျန်းမာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ (၃) ဆိုးဝါးသောရာသီဥတု (၄) ကိုယ်ပိုင်လုံလောက်မှုမရှိမှု (၅) ပညာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများတို့ဖြစ်သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ် FGD တွင် ပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသောအကြောင်းရင်း ၅ခု အနက် ၄ ခုမှာ ရှမ်းပြည်နယ်တွင် အုပ်စုဆွေးနွေးပွဲ၌ ပါဝင်သည့်သူများကအကြောင်းရင်းအဆင့် (၂) သတ်မှတ်သည့် အလုပ်လက်မဲ့ ဖြစ်မှုမှလွဲ၍ ပြည်ထောင်စုအဆင့်အကြောင်းရင်းများနှင့် တူညီပါသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အကြောင်းရင်းများသည် ပြည်ထောင်စုအဆင့် အကြောင်းရင်းများနှင့် ဆက်စပ်မှုမရှိပါ။ အရေးအကြီးဆုံးအကြောင်းရင်း၅ ခုမှာ (၁)တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရရှိမှု (ကျပန်းအလုပ်သမား) (၂) ကျန်းမာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ (၃) ကြွေးမြီတင်ရှိမှု (၄) သီးနှံအထွက်နည်းပါးမှု (၅)ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်းမရှိမှုတို့ဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အကြောင်းရင်းများမှာ (၁) ကျန်းမာရေးနှင့်ဆက်နွယ်သော အကြောင်းခြင်းရာများ (၂)ပညာရေးနှင့်ဆက်နွယ်သောအကြောင်းခြင်းရာများ (၃) ကြွေးမြီတင်ရှိမှု (၄) ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှု (၅) သီးနှံအထွက်နည်းပါးမှု တို့ဖြစ်သည်။

## *ကျန်းမာရေးနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ*

ပြည်ထောင်စုအဆင့် FGD တွင် ပါဝင်သူများက ကျန်းမာရေးသည် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော ပထမအကြောင်းရင်းအဖြစ် ဖော်ထုတ်၍ ပြည်နယ်/တိုင်းအဆင့်တွင် အဓိကအကြောင်းရင်း ၃ ခုအနက်တစ်ခုဖြစ်သည်။ ပြည်နယ်/ တိုင်းတစ်ခုချင်း၏ ကျန်းမာရေးပြဿနာများကို ဇယား(၁-၄) တွင် ဖော်ပြထားသည်။

FGD ၌ ပါဝင်သူများ ရှုမြင်သည့် ကျန်းမာရေးနှင့် ဆက်နွယ်သော ပြဿနာအခက်အခဲများမှာ (၁)ဆေးကုသမှုစရိတ်များ (၂) ငှက်ဖျားရောဂါဖြစ်ပွားမှု (၃)အသေးအဖွဲ နာမကျန်းဖြစ်မှု (၄) ရပ်ကွက်/ကျေးရွာတွင် ကျန်းမာရေး ဆေးခန်းမရှိမှု (၅)ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှု(၆) ဆေးဝါးကုန်ကျစရိတ်ကြီးမြင့်မှု (၇) နာတာရှည် ရောဂါများ (၈) ရေ၏အရည်အသွေး (၉) အာဟာရချို့တဲ့မှု/ အာဟာရမပြည့်ဝမှု (၁၀)ဝမ်းရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါတို့ဖြစ်သည်။

အချို့ပြည်နယ်/ တိုင်းများတွင် ဆေးကုသမှုစရိတ်ကို အရေးကြီးသောပြဿနာအဖြစ်ရှုမြင်၍ အချို့ပြည်နယ်/တိုင်းများတွင် ငှက်ဖျားရောဂါနှင့် အခြားကျန်းမာရေး ပြဿနာများကို ပိုမိုအရေးကြီးသည်ဟု ရှုမြင်သည်။ ငှက်ဖျားရောဂါကို ဦးစားပေးကျန်းမာရေးပြဿနာဟု ရှုမြင်သည့် ပြည်နယ်/တိုင်းများမှာ ကမ်းရိုးတန်းဒေသရှိ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ဖြစ်သည်။ တောင်ပေါ်ဒေသရှိချင်းပြည်နယ်၊ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း ငှက်ဖျားရောဂါကို ဦးစားပေးပြဿနာအဖြစ် သတ်မှတ်ဖော်ထုတ်သည်။ စစ်ကိုင်းတိုင်းတွင်လည်း ငှက်ဖျားရောဂါကို အဓိက ကျန်းမာရေးပြဿနာဟု ဖော်ထုတ်သည်။ ငှက်ဖျားရောဂါကို ကျန်းမာရေး ပြဿနာအဖြစ်ယူဆသည့် အခြားပြည်နယ်/တိုင်းများမှာ ရန်ကုန်တိုင်း၊မကွေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ဖြစ်သည်။ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ငှက်ဖျားရောဂါကို ကျန်းမာရေးပြဿနာအဖြစ် မတင်ပြပါ။

ထိုနည်းအတူ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများကို ကျန်းမာရေးပြဿနာများအဖြစ် ဖော်ထုတ်သည်။

မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေး တိုင်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါကို ကျန်းမာရေးပြဿနာအဖြစ် ဖော်ထုတ်သည်။

## မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် အဓိကကျန်းမာရေး ပြဿနာများသည် ပြည်ထောင်စုအဆင့် သဘောထား အမြင်များနှင့် ထူးခြားမှုအဆင့်(၁%) ဆက်စပ်မှု ရှိသည်။ အဓိကပြဿနာများမှာ (၁) ဆေးကုသမှု စရိတ် (၂) ငှက်ဖျားရောဂါ ဖြစ်ပွားမှု(၃) ရပ်ကွက်/ ကျေးရွာတွင်ကျန်းမာရေးဆေးခန်းမရှိမှု(၄)အာဟာ ရချို့တဲ့မှု/အာဟာရ မပြည့်ဝမှု (၅) အသေးအဖွဲ နာမကျန်း ဖြစ်မှုတို့ဖြစ်သည်။ မွန်ပြည်နယ်၌ အာဟာရချို့တဲ့မှုနှင့် အာဟာရမပြည့်ဝမှုကို ဦးစား ပေးပြဿနာအဖြစ် ဖော်ထုတ်၍ အဆင့်(၄) သတ်မှတ်ပြီး ပြည်ထောင်စုအဆင့်တွင် အဆင့် (၉) သာရှိသည်။

## တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးနှင့် ဆက်နွယ်သော ပြဿနာများ အပေါ် သဘောထားအမြင်သည် ပြည်ထောင်စု အဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိ ပါ။ အဓိက ပြဿနာများမှာ (၁) ငှက်ဖျားရောဂါ ဖြစ်ပွားမှု (၂) ဆေးကုသမှုစရိတ် (၃) ဝမ်းရောဂါ (၄) ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှုနှင့် (၅) အသေးအဖွဲ နာမကျန်းဖြစ်မှုတို့ဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာများအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်နှင့်သိသာထင်ရှားစွာ ဆက်စပ်မှု (၁ %ထူးခြားမှုအဆင့်)ရှိသည်။ အဓိကပြဿနာများမှာ(၁)ဆေးကုသမှုစရိတ် (၂) ငှက်ဖျားရောဂါ ဖြစ်ပွားမှု (၃) ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှု (၄) ကျေးရွာ/ရပ်ကွက်တွင် ကျန်းမာရေးဆေးခန်း မရှိမှု (၅)ဝမ်းလျှော/ဝမ်းပျက်ရောဂါတို့ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဝမ်းလျှော/ ဝမ်းပျက်ရောဂါကို ပြည်ထောင်စု အဆင့်ထက် ဦးစားပေးပြဿနာ အဖြစ် သတ်မှတ်သည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထားအမြင် များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘော ထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁)ဆေးကုသမှုစရိတ် (၂) ဝမ်းလျှော/ ဝမ်းပျက်ရောဂါ (၃) ကျန်းမာရေး ဆေးခန်းနှင့်ဝေးကွာမှု (၄)ဝမ်းရောဂါ (၅)ကျေးရွာ/ ရပ်ကွက်တွင် ကျန်းမာရေးဆေးခန်း မရှိမှုတို့ဖြစ် သည်။ အခြားပြည်နယ်/ တိုင်းများနှင့် နှိုင်းယှဉ်ပါ က ဧရာဝတီတိုင်းတွင် ဝမ်းလျှော/ ဝမ်းပျက်ရောဂါ ကို ဦးစားပေးပြဿနာအဖြစ် သတ်မှတ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေး ပြဿနာများအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် သဘော ထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁) ဆေးဝါးကုန်ကျ စရိတ်ကြီးမြင့်မှု(၂) ကျေးရွာ/ရပ်ကွက်တွင်ကျန်းမာ ရေးဆေးခန်း မရှိမှု (၃) ဆေးကုသစရိတ်များ (၄) ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့် (၅) အာဟာရ ချို့တဲ့မှု/ အာဟာရမပြည့်ဝမှု တို့ဖြစ်သည်။

ဇယား - (၁-၄)။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ကျန်းမာရေးနှင့် ဆက်နွယ်သည့် ပြဿနာများ[၅]

| အဓိကစိတ်ကူးထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင်** | ဧရာဝတီ | ရန်ကုန် | ပဲခူး | မကွေး | မန္တလေး** | စစ်ကိုင်း** | ချင်း | ကယား | ရှမ်း | ကချင် | ကရင် |
| ဆေးကုသစရိတ်များ | ၁ | ၁ | ၂ | ၁ | ၁ | ၃ | ၁ | ၂ | ၁ | ၁ | ၃ | ၃ | ၁ | ၃ | ၂ |
| ငှက်ဖျားရောဂါဖြစ်ပွားမှု | ၂ | ၂ | ၁ | ၂ | | ၄ | | ၅ | | ၂ | ၂ | ၂ | ၆ | ၆ | ၂ |
| အသေးအဖွဲ့ နာမကျန်းဖြစ်မှု | ၃ | ၅ | ၅ | | ၈ | ၁၁ | ၂ | ၁ | | ၃ | ၅ | ၅ | ၂ | ၅ | |
| ကျေးရွာ/ ရပ်ကွက်တွင် ကျန်းမာရေး ဆေးခန်း မရှိမှု | ၄ | ၃ | ၈ | ၅ | ၅ | ၂ | | | ၂ | ၄ | | ၁၀ | ၄ | ၁၁ | ၅ |
| ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှု | ၅ | ၆ | ၄ | ၃ | ၃ | ၁၀ | ၄ | ၁၀ | ၃ | ၇ | ၆ | ၄ | | ၁၁ | ၅ |
| ဆေးဝါးကုန်ကျစရိတ် ကြီးမြင့်မှု | ၆ | ၈ | ၆ | | ၇ | ၁ | ၅ | ၃ | | | ၈ | ၁ | | ၅ | |
| နာတာရှည်ရောဂါများ | ၇ | ၇ | ၉ | | | | | ၆ | ၅ | ၅ | ၁ | ၆ | ၃ | ၈ | ၈ |
| ရေအရည်အသွေး | ၈ | | | ၆ | | ၇ | | ၁၃ | ၄ | | | | | ၁ | ၈ |
| အာဟာရချို့တဲ့မှု/ အာဟာရ မပြည့်ဝမှု | ၉ | ၄ | ၁၀ | | | ၅ | | ၄ | ၈ | ၈ | ၇ | ၁၁ | | ၉ | |
| ဝမ်းရောဂါ | ၁၀ | | ၃ | ၇ | ၄ | | | ၁၂ | ၁၀ | | ၁၀ | | | | ၃ |
| ဝမ်းလျှော/ ဝမ်းပျက်ရောဂါ | ၁၁ | | | ၅ | ၂ | | | | | | ၄ | ၈ | ၅ | ၇ | |
| ကျန်းမာရေးဝန်ထမ်း မရှိမှု | ၁၂ | ၁၁ | ၇ | | ၉ | ၁၀ | | | ၈ | | | ၇ | | | |
| တိုင်းရင်းဆေးခန်း မရှိမှု | ၁၃ | ၁၁ | | | | ၆ | ၆ | | ၆ | | | | | | |
| အညစ်အကြေး သန့်ရှင်းမှု | ၁၄ | | | | | | | ၈ | ၈ | | | | | ၂ | |
| မသွားရောက်နိုင် (လမ်းများ) | ၁၅ | | ၁၁ | | | | ၄ | ၇ | | | | | | | |
| ကျန်းမာရေး အသိပညာပေးခြင်း | ၁၆ | ၁၃ | | | ၇ | | | ၁၁ | | ၆ | | ၉ | | | |
| ဆေးခန်းဖွင့်ချိန် | ၁၇ | ၉ | | | | ၈ | | | | | | | | | |
| သွေးလွန်တုပ်ကွေးရောဂါ | ၁၈ | ၁၂ | | | | | | ၉ | | | ၁၀ | | | ၁၂ | |
| သားဖွားမိခင်ကျန်းမာရေး | ၁၉ | | | ၈ | | | | | | | | | ၇ | | ၈ |
| သားဆက်ခြားမွေးဖွားမှု | ၂၀ | | | | | | | | | | | | | | ၆ |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

[၅] ကျန်းမာရေးသည် ဆင်းရဲနွမ်းပါးမှုဖြစ်ရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဖော်ထုတ်ခြင်းမရှိလျှင် FGD ၌ ပါဝင်သူများကို အတိအကျမေးမြန်းသည်။ မေးခွန်း ၄ (က) တွင် ဖြေထားပြီးဖြစ်လျှင် သို့မဟုတ် ကျန်းမာရေးသည် ပြဿနာတစ်ခုမဖြစ်လျှင် ဤမေးခွန်းကို ဖြေကြားခြင်းမရှိပါ။ မေးခွန်း ၄ (ခ) ကို မဖြေသော FGD စာရင်းကို နောက်ဆက်တွဲ ၆တွင် ဖော်ပြထားသည်။

### ပဲခူးတိုင်း

ပဲခူးတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာများအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁) ဆေးကု သမှုစရိတ်များ (၂) အသေးအဖွဲ့ နာမကျန်း ဖြစ်မှု (၃) ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှု (၄) မသွား ရောက်နိုင်(လမ်းများ) (၅) ဆေးဝါးကုန်ကျစရိတ် ကြီးမြင့်မှု တို့ဖြစ်သည်။

### မကွေးတိုင်း

မကွေးတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထားအမြင် များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘော ထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁) အသေးအဖွဲ့နာ မကျန်းဖြစ်မှု(၂) ဆေးကုသမှုစရိတ်များ(၃) ဆေးဝါး ကုန်ကျစရိတ် ကြီးမြင့်မှု (၄) အာဟာရ ချို့တဲ့မှုနှင့် (၅) ငှက်ဖျားရောဂါ ဖြစ်ပွားမှု တို့ဖြစ်သည်။

### မန္တလေးတိုင်း

မန္တလေးတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထားအမြင် များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘော ထားအမြင်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှုရှိ သည်။အဓိကကျန်းမာရေးပြဿနာများမှာ (၁)ဆေး ကုသစရိတ်များ(၂)ကျေးရွာ/ရပ်ကွက်တွင်ကျန်းမာ ရေးဆေးခန်းမရှိမှု (၃) ကျန်းမာရေးဆေးခန်းနှင့် ဝေးကွာမှု (၄) ရေ၏ အရည်အသွေး (၅) နာတာ ရှည်ရောဂါ တို့ဖြစ်သည်။

### စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထား အမြင် များသည်ပြည်ထောင်စုအဆင့်သဘောထားအမြင် များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှုရှိသည်။ နာတာရှည်ရောဂါ ဖြစ်ပွားမှုကိုသာ ပြည်ထောင်စု အဆင့်ထက်ပို၍ ဦးစားပေး ကျန်းမာရေးပြဿနာ အဖြစ် သတ်မှတ်သည် စစ်ကိုင်းတိုင်းတွင် အဆင့် (၅) ပြည်ထောင်စုတွင် အဆင့် (၇) ဖြစ်သည်။

### ချင်းပြည်နယ်

ချင်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထားအမြင် များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘော ထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁)နာတာရှည်ရောဂါ များ (၂) ငှက်ဖျားရောဂါဖြစ်ပွားမှု (၃) ဆေးကုသ စရိတ်များ (၄) ဝမ်းလျှော/ဝမ်းပျက်ရောဂါ (၅) အသေးအဖွဲ့ နာမကျန်းဖြစ်မှု တို့ဖြစ်သည်။

### ကယားပြည်နယ်

ကယားပြည်နယ် FGD တွင် ပါဝင်သူများ ၏ ကျန်းမာရေးပြဿနာအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိကကျန်းမာရေးပြဿနာများမှာ(၁)ဆေးဝါးကုန် ကျစရိတ် ကြီးမြင့်မှု (၂) ငှက်ဖျားရောဂါ ဖြစ်ပွားမှု (၃) ဆေးကုသစရိတ်များနှင့် (၄) ကျန်းမာရေး ဆေးခန်းနှင့်ဝေးကွာမှု (၅) အသေးအဖွဲ့ နာမကျန်း ဖြစ်မှုတို့ဖြစ်သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာများအပေါ် သဘောထားအမြင်များမှာပြည်ထောင်စုအဆင့်စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁)ဆေးကုသစရိတ်များ (၂) အသေးအဖွဲ့ နာမကျန်း ဖြစ်မှု (၃) နာတာရှည်ရောဂါများ(၄)ကျေးရွာ/ရပ်ကွက်တွင် ကျန်းမာရေးဆေးခန်းမရှိမှု (၅)ဝမ်းလျှော/ဝမ်းပျက်ရောဂါဖြစ်သည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်FGDတွင် ပါဝင်သူများ၏ ကျန်းမာရေး ပြဿနာများအပေါ် သဘောထားအမြင်များမှာ ပြည်ထောင်စုအဆင့် စုပေါင်းထားသည့်ရလဒ်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ကျန်းမာရေးပြဿနာများမှာ (၁)ရေအရည်အသွေး (၂)အညစ်အကြေးသန့်ရှင်းမှု (၃)ဆေးကုသစရိတ်များ (၄) အသေးအဖွဲ့ နာမကျန်းဖြစ်မှု (၅) ဆေးဝါးကုန်ကျစရိတ် ကြီးမြင့်မှု တို့ဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGDတွင် ပါဝင်သူများ၏ ကျန်းမာရေးပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိကကျန်းမာရေးပြဿနာများမှာ (၁) ဆေးကုသစရိတ်များ (၂) ငှက်ဖျားရောဂါဖြစ်ပွားမှု (၃)ကာလဝမ်းရောဂါ(၄)ကျေးရွာ/ရပ်ကွက်တွင် ကျန်းမာရေးဆေးခန်းမရှိမှုနှင့် (၅)ကျန်းမာရေး ဆေးခန်းနှင့်ဝေးကွာမှု တို့ဖြစ်သည်။

## *ပညာရေးနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ*

ပြည်ထောင်စုအဆင့် FGD တွင် ပါဝင်သူများကပညာရေးပြဿနာကိုဆင်းရဲနွမ်းပါးမှုဖြစ်ပွားရသော အကြောင်းရင်းတစ်ရပ်အဖြစ် အဆင့်(၈) သတ်မှတ်သည်။ ပြည်နယ်/တိုင်း FGD တွင်ပါဝင်သူများ၏ ပညာရေးနှင့်ဆက်နွယ်သောပြဿနာများအပေါ်သဘောထားအမြင်များနှင့် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များကို ဇယား (၁-၅) တွင် ဖော်ပြထားသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ပညာရေးနှင့်ဆက်နွယ်သောပြဿနာများ အပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ပညာရေး ပြဿနာများမှာ (၁) ကျောင်းစရိတ်များ (၂) အလွတ်သဘောပေးရသည့် အခကြေးငွေများ (၃) ကျောင်းကြို/ပို့ အစီအစဉ်မရှိ/ခရီးစရိတ် (၄) ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာစရိတ် (၅) ငွေကြေးအခက်အခဲတို့ဖြစ်သည်။

## တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု(၁%ထူးခြားမှုအဆင့်)ရှိသည်။တနင်္သာရီတိုင်းတွင်အုပ်စုဆွေးနွေးပွဲ၌ပါဝင်သူများက သိမြင်နားလည်သည့်ပညာရေးနှင့်ဆက်နွယ်သောအဓိက ပြဿနာများမှာ (၁) ငွေကြေးအခက်အခဲများ (၂)ကျောင်းစရိတ်များ (၃) အလွတ်သဘောပေးရသည့်အခကြေးငွေများ (၄) မိသားစုအရွယ်အစားကြီးမှု (၅) ကျောင်းမှ အကွာအဝေးတို့ဖြစ်သည်။

တနင်္သာရီတိုင်းတွင် မိသားစုအရွယ် ကြီးမှုကို ပြည်ထောင်စုအဆင့်ထက် အရေးကြီးသတ်မှတ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ပညာရေး နှင့်ဆက်နွယ်သော သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ ရခိုင်ပြည်နယ်တွင် FGD ၌ပါဝင်သူများက သတ်မှတ်ဖော်ထုတ်သည့် ပညာရေးနှင့်ဆက်နွယ်သော အဓိက ပြဿနာများမှာ(၁)ကျောင်းစရိတ်များ (၂) ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာစရိတ် (၃) ငွေကြေးအခက်အခဲများ (၄)ကျောင်းအလှူငွေထည့်ရမှုနှင့် (၅) ကျေးရွာ/ရပ်ကွက်တွင် အလယ်တန်းကျောင်းမရှိမှုတို့ဖြစ်သည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်း FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု(၁%ထူးခြားမှုအဆင့်) ရှိသည်။ ဧရာဝတီတိုင်းမှ အုပ်စုဆွေးနွေးပွဲတွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်သည့် ပညာရေးနှင့်ဆက်နွယ်သော အဓိက ပြဿနာများမှာ (၁) အဆင့်မြင့်ပညာရေးအားသင်ကြားနိုင်ရန် လက်လှမ်းမမီမှု (၂) အလွတ်သဘောပေးရသော အခကြေးငွေများ (အလွတ်ပညာသင်ခ) (၃) ကျောင်းစရိတ်များ (၄) ငွေကြေးအခက်အခဲများနှင့် (၅) ကျေးရွာ/ရပ်ကွက်တွင် အထက်တန်းကျောင်းမရှိမှုတို့ဖြစ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ ရန်ကုန်တိုင်းမှပါဝင်သူများသတ်မှတ်ဖော်ထုတ်သည့်ပညာရေးနှင့်ဆက်နွယ်သောအဓိကပြဿနာများမှာ (၁) ငွေကြေး အခက်အခဲများ (၂) ကျောင်းစရိတ်များ(၃)ကျေးရွာ/ရပ်ကွက်တွင် အထက်တန်းကျောင်း မရှိမှု (၄) မိသားစု အရွယ်အစား ကြီးမှု (၅) အဆင့်မြင့် ပညာရေးအား သင်ကြားနိုင်ရန် လက်လှမ်းမမီမှုနှင့် ဆင်းရဲနွမ်းပါးသော ကလေးအချို့စိတ်ကြောင့်ကြမှုဖြစ်၍ကျောင်းသို့မသွားလိုခြင်းဖြစ်သည်။

## ပဲခူးတိုင်း

ပဲခူးတိုင်း FGD တွင် ပါဝင်သူများ၏ ပညာရေးနှင့် ဆက်သွယ်သည့် ပြဿနာအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်နှင့် သိသာထင်ရှားစွာ ဆက်စပ်မှု (၅% ထူးခြားမှုအဆင့်) ရှိသည်။ ပဲခူးတိုင်းတွင် သတ်မှတ်ဖော်ထုတ်သည့် အဓိက ပြဿနာများမှာ (၁)ကျောင်းစရိတ်များ(၂) အလွတ်သဘောပေးရသောအခကြေးငွေများ (၃) မိဘများ၏ပညာရေးအဆင့်နိမ့်မှု (၄) ကျောင်းမှအကွာအဝေး (၅) ဆင်းရဲနွမ်းပါးသော ကလေးအချို့ စိတ်ကြောင့်ကြမှုဖြစ်ပြီး ကျောင်းသို့မသွားလိုခြင်းဖြစ်သည်။

## မကွေးတိုင်း

မကွေးတိုင်း FGD တွင် ပါဝင်သူများ၏ ပညာရေးပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှု ရှိသည်။ အဓိက ပညာရေးပြဿနာ များမှာ (၁)ကျောင်းစရိတ်များ (၂) အလွတ်သဘောပေးရသောအခကြေးငွေ(၃)မိဘများ၏ပညာရေးအဆင့်နိမ့်မှု (၄) ငွေကြေးအခက်အခဲများနှင့် (၅) ကျောင်းမှ အကွာအဝေးတို့ဖြစ်သည်။

ဇယား - (၁-၅)။ ပြည်ထောင်စုနှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ပညာရေးနှင့် ဆက်နွယ်သော ပြဿနာများ[၆]

| အဓိကစိတ်ကူးထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန် | တနင်္သာရီ | ရခိုင်* | ဧရာဝတီ** | ရန်ကုန် | ပဲခူး | မကွေး** | မန္တလေး | စစ်ကိုင်း | ချင်း | ကယား | ရှမ်း | ကချင်* | ကရင်** |
| ကျောင်းစရိတ်များ | ၁ | ၁ | ၂ | ၁ | ၃ | ၂ | ၁ | ၁ | ၃ | ၁ | ၂ | ၃ | ၁ | ၃ | ၁ |
| ငွေကြေးအခက်အခဲများ (ငွေကြေး) | ၂ | ၅ | ၁ | ၃.၅ | ၄ | ၁ | ၆ | ၄ | ၂ | ၂.၅ | ၁၅ | ၉ | ၉.၅ | ၂ | ၃ |
| အလွတ်သဘော ပေးရသော အခကြေးငွေများ | ၃ | ၂ | ၃ | ၆ | ၂ | ၈ | ၂.၅ | ၂ | ၇ | ၁၁.၅ | ၆ | ၁ | ၄ | | |
| မိဘများ၏ ပညာရေးအဆင့် နိမ့်မှု | ၄ | | | | ၈ | ၁၀.၅ | ၂.၅ | ၃ | | ၅ | ၁ | ၆ | | ၁ | ၅ |
| အဆင့်မြင့်ပညာရေး | ၅ | ၁၈ | | | ၁ | ၅.၅ | | ၁၀ | ၁ | ၆ | ၅ | | ၁၅ | | ၂ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာစရိတ် | ၆ | ၄ | ၆ | ၂ | ၁၃ | ၁၆ | | ၈ | | ၁၁.၅ | ၁၃.၅ | ၂ | ၂ | ၆ | ၁၁.၅ |
| ကျောင်းမှ အကွာအဝေး | ၇ | ၇ | ၅ | | ၉.၅ | ၁၀.၅ | ၄ | ၅ | ၄ | ၁၀ | ၄ | ၄ | ၁၃ | | |
| ကျေးရွာ/ ရပ်ကွက်တွင် အလယ်တန်းကျောင်း မရှိမှု | ၈ | ၁၁ | | ၅ | ၆ | ၁၄.၅ | ၈.၅ | ၉ | ၅ | ၇ | ၃ | | ၁၁ | | |
| ကျေးရွာ/ ရပ်ကွက်တွင် အထက်တန်းကျောင်း မရှိမှု | ၉ | ၁၄ | | ၈ | ၅ | ၃ | | | ၆ | ၄ | ၁၁ | | ၁၃ | | ၁၁.၅ |
| ကျောင်းဆရာ မရှိ | ၁၀ | ၆ | | ၁၁ | ၁၅ | | | | ၈.၅ | ၈.၅ | ၁၂ | ၅ | ၃ | ၅ | ၄ |
| ကလေးကြီးများက မိသားစုကို အကူအညီပေးရသည်။ | ၁၁ | ၉ | ၉.၅ | ၉ | | ၁၄.၅ | | ၁၁.၅ | ၁၂.၅ | ၂.၅ | | ၁၁ | | ၇ | ၆.၅ |
| ကျောင်းကြို/ပို့အစီအစဉ်မရှိ/ခရီးစရိတ် | ၁၂ | ၃ | | ၁၀ | ၉.၅ | ၁၀.၅ | | ၁၁.၅ | ၁၀.၅ | | ၉.၅ | ၁၀ | ၁၃ | | |
| ကျောင်းအဆောက်အဦ မလုံလောက်မှု | ၁၃ | ၁၂ | | | ၇ | | | ၆ | | ၈.၅ | ၁၃.၅ | ၇ | | | ၈ |
| မိသားစုအရွယ်အစား ကြီးမှု | ၁၄ | ၁၆ | ၄ | | ၁၁.၅ | ၄ | | ၁၇ | | | | ၁၂ | ၇ | | ၁၀ |
| ကျောင်းအလှူငွေ ထည့်ရမှု | ၁၅ | ၁၇ | | ၃.၅ | | ၇ | | ၁၃.၅ | | ၁၃.၅ | | | ၅ | | ၉ |
| ကလေးအချို့ စိတ်ကြောင့်ကြမှု | ၁၆ | | | | ၁၄ | ၅.၅ | ၅ | ၁၃.၅ | ၈.၅ | | ၇ | | ၉.၅ | | |
| ဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှု | ၁၇ | ၁၀ | | | ၁၁.၅ | ၁၀.၅ | | ၇ | | ၁၃.၅ | | ၈ | | | ၆.၅ |
| ကျောင်းဝတ်စုံစရိတ် | ၁၈ | ၁၅ | ၉.၅ | ၇ | ၁၆ | ၁၃ | | | ၁၂.၅ | | ၈ | | ၆ | | |

[၆] ပညာရေးကို ဆင်းရဲနွမ်းပါးခြင်းဖြစ်ရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဖော်ထုတ်ခြင်းမရှိလျှင် FGD ၌ ပါဝင်သူများကို အတိအကျမေးမြန်းသည်။ အကယ်၍ မေးခွန်း ၄ (က) တွင် ဖြေထားပြီးဖြစ်လျှင် သို့မဟုတ် ပညာရေးသည် ပြဿနာတစ်ခုမဖြစ်လျှင် ဤမေးခွန်းကို ဖြေကြားခြင်းမရှိပါ။ မေးခွန်း ၄ (ဂ) မဖြေသော FGD စာရင်းကို နောက်ဆက်တွဲ ၆တွင် ဖော်ပြထားသည်။

ဇယား - (၁-၅) အဆက်

| အဓိကစိတ်ကူးထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန် | တနင်္သာရီ | ရခိုင်* | ဧရာဝတီ** | ရန်ကုန် | ပဲခူး | မကွေး** | မန္တလေး | စစ်ကိုင်း | ချင်း | ကယား | ရှမ်း | ကချင်* | ကရင်** |
| ကလေး ကျန်းမာရေး ချို့တဲ့မှု | ၁၉ | | ၇.၅ | | | | ၇ | | | | | | | ၄ | |
| ကျောင်းမုန့်ဖိုး မပေးနိုင်မှု | ၂၀ | ၈ | ၇.၅ | | | | | | | | | | ၈ | | |
| ကျေးရွာ/ ရပ်ကွက်တွင် မူလတန်းကျောင်း မရှိမှု | ၂၁ | | | | | | ၈.၅ | ၁၇ | ၁၀.၅ | | ၉.၅ | | | | |
| စာကြည့်ရန် လျှပ်စစ်မီးမရှိမှု | ၂၂ | ၁၃ | | | | | | ၁၅ | | | | | | | |
| ရုတ်တရက်ရေကြီးမှု | ၂၃ | | | | | | | ၁၇ | | | | | | ၈ | |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

**မန္တလေးတိုင်း**

မန္တလေးတိုင်း FGD တွင် ပါဝင်သူများ၏ ပညာရေးပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၁ % အဆင့်)ရှိသည်။ အဓိက ပညာရေးပြဿနာများမှာ (၁)အဆင့်မြင့် ပညာရေးသင်ကြားရန် လက်လှမ်းမမီမှု (၂)ငွေကြေးအခက်အခဲများ (၃)ကျောင်းစရိတ်များ (၄)ကျောင်းမှအကွာအဝေး (၅)ကျေးရွာ/ရပ်ကွက်တွင် အလယ်တန်းကျောင်း မရှိမှုတို့ဖြစ်သည်။

**စစ်ကိုင်းတိုင်း**

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ၏ ပညာရေး ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ပညာရေးပြဿနာများမှာ (၁) ကျောင်းစရိတ်များ (၂) ငွေကြေး အခက်အခဲများ (၃) ကလေးအကြီးများက မိသားစုကို အကူအညီ ပေးရသည် (၄) ကျေးရွာ/ရပ်ကွက်တွင် အထက်တန်းကျောင်းမရှိမှု (၅) မိဘများ၏ ပညာရေးအဆင့်နိမ့်မှု တို့ဖြစ်သည်။

**ချင်းပြည်နယ်**

ချင်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ပညာရေး ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ပြဿနာများမှာ (၁) မိဘများ၏ ပညာရေး အဆင့်နိမ့်မှု (၂)ကျောင်းစရိတ်များ (၃)ကျေးရွာ/ ရပ်ကွက်တွင် အလယ်တန်းကျောင်း မရှိမှု (၄)ကျောင်းမှ အကွာအဝေးနှင့်(၅) အဆင့်မြင့် ပညာရေး သင်ကြားရန် လက်လှမ်းမမီမှုတို့ဖြစ်သည်။

**ကယားပြည်နယ်**

ကယားပြည်နယ် FGD တွင် ပါဝင်သူများ၏ သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့်စုပေါင်းသဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။ အဓိက ပြဿနာများမှာ (၁) အလွတ်သဘောပေးရသောအခကြေးငွေ (၂) ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာစရိတ်(၃)ကျောင်းစရိတ်များ (၄) ကျောင်းမှ အကွာအဝေး (၅) ကျေးရွာ/ရပ်ကွက်၌ ကျောင်းဆရာ မရှိမှုတို့ဖြစ်သည်။

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ် FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိကပြဿနာများမှာ (၁) ကျောင်းစရိတ်များ (၂) ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာစရိတ် (၃) ကျေးရွာ/ ရပ်ကွက်တွင် ကျောင်းဆရာ မရှိမှု (၄) အလွတ်သဘောပေးရသောအခကြေးငွေ (၅) ကျောင်းအလှူငွေထည့်ရမှု တို့ဖြစ်သည်။

**ကချင်ပြည်နယ်**

ကချင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် သိသာထင်ရှားစွာဆက်စပ်မှု (၅% ထူးခြားမှုအဆင့်)ရှိသည်။ အဓိကပြဿနာများမှာ(၁)မိဘများ၏ပညာရေးအဆင့်နိမ့်မှု (၂) ငွေကြေး အခက်အခဲများ (၃)ကျောင်းစရိတ်များ (၄) ကလေးများကျန်းမာရေးချို့တဲ့မှုနှင့် (၅) ကျေးရွာ/ရပ်ကွက်တွင် ကျောင်းဆရာ မရှိမှုတို့ဖြစ်သည်။

**ကရင်ပြည်နယ်**

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ပညာရေး ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ပြဿနာများမှာ (၁) ကျောင်းစရိတ်များ(၂) အဆင့်မြင့်ပညာရေး အခွင့်အလမ်း မရှိမှု (၃) ငွေကြေးအခက်အခဲများ(၄)ကျေးရွာ/ရပ်ကွက်တွင်ကျောင်းဆရာမရှိမှုနှင့် (၅)မိဘများ၏ပညာရေး အဆင့်နိမ့်မှုတို့ဖြစ်သည်။

## *ရေနှင့် အညစ်အကြေးသန့်ရှင်းမှုနှင့် ဆက်နွယ်သော အကြောင်းခြင်းရာများ*

FGD တွင် ပါဝင်သူများသည် မေးမြန်းခြင်းမပြုပါက ရေနှင့် အညစ်အကြေး သန့်ရှင်းမှုတို့ကို ဆင်းရဲနွမ်းပါးမှု ဖြစ်ရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဦးစွာပထမသတ်မှတ်ဖော်ထုတ်ခြင်း မပြုကြပေ။ ပြည်နယ်/ တိုင်းအဆင့် FGD ၌ ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှု အပေါ် သဘောထား အမြင်များနှင့် ပြည်ထောင်စု အဆင့် စုပေါင်းသဘောထားအမြင်များကို ဇယား (၁-၆) တွင် ဖော်ပြထားသည်။

### မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့်အညစ်အကြေးသန့်ရှင်းမှုစနစ် အပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၁%ထူးခြားမှု အဆင့်)ရှိသည်။ မွန်ပြည်နယ်တွင် ရေနှင့်အညစ်အကြေးသန့်ရှင်းရေးနှင့် ဆက်နွယ်သည့်အဓိကပြဿနာများမှာ (၁)ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန်ခက်ခဲမှု (၂)ယင်လုံအိမ်သာများမရှိမှု (၃)အိမ်သာညံ့ဖျင်းမှု (၄) ရေပြတ်လပ်မှုနှင့် (၅) သုံးရေအတွက် ကုန်ကျစရိတ်များမှုတို့ဖြစ်သည်။

### တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ပြဿနာများမှာ (၁) ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန်ခက်ခဲမှု (၂) သောက်ရေအတွက် ကုန်ကျစရိတ်များမှု (၃) သုံးရေအတွက် ကုန်ကျစရိတ်များမှု (၄)ရေတွင်းမရှိမှုတို့ဖြစ်သည်။

### ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် FGD တွင်ပါဝင်သူများက ရေနှင့်အညစ်အကြေး သန့်ရှင်းမှုနှင့်ပတ်သက်၍ ပြဿနာ ၅ ခု ဖော်ထုတ်ရာတွင် ၄ ခု မှာ ပြည်ထောင်စုအဆင့် သတ်မှတ်ချက်များနှင့် တူညီမှုရှိသည်။ ရေတွင်းမရှိသည့်ပြဿနာကို ရခိုင်ပြည်နယ်တွင် အဆင့်(၅) သတ်မှတ်၍ ပြည်ထောင်စုတွင်အဆင့် (၇) သတ်မှတ်သည်။

### ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် FGD ၌ ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှု အပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု(၅% ထူးခြားမှုအဆင့်)ရှိသည်။ ဧရာဝတီတိုင်းတွင် ရေနှင့်သန့်ရှင်းရေးနှင့် ဆက်နွယ်သော အဓိက ပြဿနာများမှာ (၁) ဘေးကင်းသည့် ရေကောင်းရေသန့်ရရှိရန် ခက်ခဲမှု (၂) ရေရရှိရာဇစ်မြစ်နှင့်ဝေးကွာမှု(၃)ရေပြတ်လပ်မှု (၄)ရေတွင်းတူးစရိတ်ကြီးမှု(၅)ရေကြီးသည့်ဒေသများ(ရေဝပ်ခြင်း)တို့ဖြစ်သည်။

### ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ပြဿနာများမှာ (၁)သုံးရေအတွက်ကုန်ကျစရိတ်များမှု(၂)ဘေးကင်းသည့်ရေကောင်းရေသန့်ရရှိရန်ခက်ခဲမှု (၃) ရေပြတ်လပ်မှု (၄) ကျေးရွာ/ ရပ်ကွက်တွင် ရေတွင်းများ မလုံလောက်မှုနှင့် (၅) သောက်ရေအတွက် ကုန်ကျစရိတ် များမှုတို့ဖြစ်သည်။

ဇယား - (၁-၆)။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ရေနှင့် အညစ်အကြေးသန့်ရှင်းမှုနှင့် ဆက်နွယ်သော ပြဿနာများ[2]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်** | တနင်္သာရီ | ရခိုင်** | ဧရာဝတီ | ရန်ကုန် | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း | ချင်း | ကယား** | ရှမ်း | ကချင် | ကရင် |
| ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန် ခက်ခဲမှု | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၆ | ၅ | ၂ | ၅ | ၁ | ၂ |
| ရေပြတ်လပ်မှု | ၂ | ၄ | | ၂ | ၃ | ၃ | ၁၀ | ၃ | ၁ | ၂ | ၁ | ၁ | ၃ | ၂ | ၁ |
| ရေရရှိရာဇစ်မြစ်နှင့် ဝေးကွာမှု | ၃ | ၆ | | ၃ | ၂ | ၉ | ၁၀ | ၇ | ၆ | ၁ | ၈ | ၃ | ၁ | | ၆ |
| ယင်လုံအိမ်သာများ မရှိမှု | ၄ | ၂ | | ၄ | | ၇ | ၄ | ၈ | | | ၄ | ၄ | ၂ | ၄ | ၄ |
| သုံးရေအတွက် ကုန်ကျစရိတ်များမှု | ၅ | ၅ | ၄ | ၆ | | ၁ | | ၄ | | | ၆ | | | | ၃ |
| အညစ်အကြေးသန့်ရှင်းရေး အခြေအနေ မကောင်း | ၆ | | | | | ၈ | ၂ | ၁၀ | ၆ | ၄ | ၃ | ၅ | | ၆ | |
| ရေတွင်းမရှိမှု | ၇ | ၇ | ၄ | ၅ | | ၆ | ၅ | ၁၁ | ၃ | ၅ | | | ၈ | ၇ | |
| အိမ်သာညံ့ဖျင်းမှု | ၈ | ၃ | | ၈ | | | ၁၁ | ၆ | ၆ | | | ၆ | ၁၀ | ၃ | |
| သောက်ရေအတွက် ကုန်ကျစရိတ်များမှု | ၉ | ၁၀ | ၂ | | | ၅ | | ၂ | | | | ၇ | | | ၆ |
| အိမ်သာဆောက်လုပ်ရန် ကုန်ကျစရိတ်ကြီးမှု | ၁၀ | | | | | | ၆ | ၁၀ | | | ၃ | ၁၀ | ၄ | | |
| အမှိုက်စွန့်ပစ်မှုစနစ် မရှိမှု | ၁၁ | | | | | | | ၆ | ၄ | ၄ | ၈ | ၈ | | | |
| ကျေးရွာ/ ရပ်ကွက်တွင် ရေတွင်းများ မလုံလောက်မှု | ၁၂ | | | | | ၄ | ၃ | ၁၃ | ၈ | ၇ | | | ၉ | ၈ | |
| အဖုံးအကာမရှိသော ရေတွင်း/ ရေလှောင်ကန် | ၁၃ | ၈ | | | | | ၈ | ၁၂ | | | | | ၇ | ၅ | |
| ရေတွင်းတူးစရိတ်ကြီးမှု | ၁၄ | ၁၀ | | | ၄ | ၁၀ | ၇ | | | | | | | | |
| ရေကြီးသည့် ဒေသများ (ရေဝပ်ခြင်း) | ၁၅ | | | ၇ | ၅ | | | | | | | ၉ | ၆ | | |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/တိုင်းနှင့် ပြည်ထောင်စုအကြားသိသာထင်ရှားစွာဆက်စပ်မှု (ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

---

[2] ရေနှင့် အညစ်အကြေးသန့်ရှင်းမှုကို ဆင်းရဲနွမ်းပါးရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဖော်ထုတ်ခြင်းမပြုလျှင် FGD ၌ ပါဝင်သူများကို အတိအကျမေးမြန်းသည်။ အကယ်၍ မေးခွန်း ၄ (က) တွင် ဖြေထားပြီးဖြစ်လျှင် သို့မဟုတ် ရေနှင့် အညစ်အကြေးသန့်ရှင်းမှုသည် ပြဿနာတစ်ခုမဖြစ်လျှင် ဤမေးခွန်းကို ဖြေကြားခြင်းမရှိပါ။ မေးခွန်း ၄ (ဃ) မဖြေသော FGD စာရင်းကို နောက်ဆက်တွဲ ၆ တွင် ဖော်ပြထားသည်။

**ပဲခူးတိုင်း**

ပဲခူးတိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ပြဿနာများမှာ (၁) ဘေးကင်းသည့် ရေ ကောင်းရေသန့်ရရှိရန်ခက်ခဲမှု (၂) အညစ်အကြေး သန့်ရှင်းရေး အခြေအနေမကောင်း (၃) ကျေးရွာ/ ရပ်ကွက်တွင် ရေတွင်းများ မလုံလောက်မှု (၄) ယင်လုံအိမ်သာများ မရှိမှုနှင့် (၅) ရေတွင်း မရှိမှုတို့ဖြစ် သည်။

**မကွေးတိုင်း**

မကွေးတိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့်ဆက်စပ်မှုမရှိပါ။မကွေးတိုင်းမှ FGD တွင်ပါဝင်သူများက သတ်မှတ်ဖော်ထုတ်သည့် ရေနှင့်အညစ်အကြေး သန့်ရှင်းမှုနှင့် ဆက်နွယ်သော အဓိကပြဿနာများမှာ (၁) ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန် ခက်ခဲမှု (၂)သောက်ရေအတွက်ကုန်ကျစရိတ်များမှု(၃)ရေပြတ်လပ်မှု (၄) သုံးရေအတွက် ကုန်ကျစရိတ်များမှု (၅) အမှိုက်စွန့်ပစ်မှုစနစ် မရှိမှုနှင့် အိမ်သာညံ့ဖျင်းမှုတို့ဖြစ်သည်။

**မန္တလေးတိုင်း**

မန္တလေးတိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကပြဿနာများမှာ (၁)ရေပြတ်လပ်မှု(၂) ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန်ခက်ခဲမှု (၃) ရေတွင်းမရှိမှု (၄) အမှိုက်စွန့်ပစ်မှု စနစ် မရှိမှု (၅)ရေရရှိရာဇစ်မြစ်နှင့် ဝေးကွာမှုနှင့် အိမ်သာများ ညံ့ဖျင်းမှုတို့ဖြစ်သည်။

**စစ်ကိုင်းတိုင်း**

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စု အဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကပြဿနာများမှာ(၁)ရေရရှိရာဇစ်မြစ်နှင့် ဝေးကွာမှု (၂) ရေပြတ်လပ်မှု (၃) အညစ်အကြေး သန့်ရှင်းရေးအခြေအနေမကောင်း (၄) အမှိုက်စွန့်ပစ်မှုစနစ်မရှိမှု (၅) ရေတွင်းမရှိမှုတို့ ဖြစ်သည်။

**ချင်းပြည်နယ်**

ချင်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့်အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကပြဿနာများမှာ (၁) ရေပြတ်လပ်မှု (၂) အညစ်အကြေးသန့်ရှင်းရေး အခြေအနေမကောင်း (၃) အိမ်သာဆောက်လုပ်ရန် ကုန်ကျစရိတ်ကြီးမှု (၄) ယင်လုံ အိမ်သာများမရှိမှုနှင့် (၅) ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန် ခက်ခဲမှုတို့ဖြစ်သည်။

**ကယားပြည်နယ်**

ကယားပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့်အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထား အမြင်များသည် ပြည်ထောင်စု အဆင့် စုပေါင်းသဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၁% ထူးခြားမှု အဆင့်) ရှိသည်။ ကယားပြည်နယ်၌ အုပ်စုဆွေးနွေးပွဲတွင်ပါဝင်သူများကသတ်မှတ်ဖော်ထုတ်သည့် အဓိကပြဿနာ (၄) ခု သည် ပြည်ထောင်စုအဆင့် ပြဿနာများနှင့် တူညီမှုရှိသည်။ အညစ်အကြေး သန့်ရှင်းမှု အခြေအနေကိုသာ ကယားပြည်နယ်တွင် အဆင့် (၅) သတ်မှတ်၍ ပြည်ထောင်စုတွင် အဆင့် (၆) သတ်မှတ်သည်။

### ရှမ်းပြည်နယ်

ရှမ်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ပြဿနာများမှာ (၁) ရေရရှိရာဇစ်မြစ်နှင့် ဝေးကွာမှု (၂) ယင်လုံ အိမ်သာများမရှိမှု (၃) ရေပြတ်လပ်မှု (၄) အိမ်သာဆောက်လုပ်ရန် ကုန်ကျစရိတ်ကြီးမှုနှင့် (၅) ဘေးကင်းသည့် ရေကောင်းရေသန့်ရရှိရန် ခက်ခဲမှုတို့ဖြစ်သည်။

### ကချင်ပြည်နယ်

ကချင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိကပြဿနာများမှာ (၁)ဘေးကင်းသည့် ရေကောင်းရေသန့် ရရှိရန် ခက်ခဲမှု (၂) ရေပြတ်လပ်မှု (၃) အိမ်သာညံ့ဖျင်းမှု (၄) ယင်လုံအိမ်သာများ မရှိမှု (၅) အဖုံးအကာ မရှိသော ရေတွင်း/ ရေလှောင်ကန် တို့ဖြစ်သည်။

### ကရင်ပြည်နယ်

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများ၏ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု မရှိပါ။ အဓိက ပြဿနာများမှာ (၁) ရေပြတ်လပ်မှု (၂) ဘေးကင်းသည့် ရေကောင်း ရေသန့် ရရှိရန် ခက်ခဲမှု (၃) သုံးရေ အတွက် ကုန်ကျစရိတ်များမှု (၄) ယင်လုံအိမ်သာများမရှိမှု (၅) ရေထွက်ပင်ရင်းနှင့် ဝေးကွာမှုနှင့် သောက်ရေအတွက် ကုန်ကျစရိတ်များမှုတို့ဖြစ်သည်။

### *ငွေကြေးဝန်ဆောင်မှု များနှင့် ဆက်နွယ်သော ပြဿနာများ*

ငွေကြေး ဝန်ဆောင်မှုနှင့် ဆက်နွယ်သော ပြဿနာများကို FGD တွင် ပါဝင်သူများကသိမြင်နားလည်မှုအတိုင်း ပြည်နယ်/ တိုင်းအဆင့်နှင့် ပြည်ထောင်စုအဆင့်တွင် စုပေါင်း၍ ဇယား (၁-၇) တွင် တင်ပြထားသည်။

တနင်္သာရီတိုင်း FGD ၌ ပါဝင်သူများက ငွေကြေးဝန်ဆောင်မှုနှင့် ဆက်နွယ်သော ပြဿနာများကို သတ်မှတ်ဖော်ထုတ် တင်ပြထားခြင်း မရှိသည် ကိုသတိမူမိရန်အရေးကြီးပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များသည် ပြည်နယ်/တိုင်း (၁၃)ခုအတွက် သဘောထားအမြင်များကိုသာ ကိုယ်စားပြုပါသည်။

အလေးထားရန် အချက်တစ်ချက်မှာအားလုံးသော ပြည်နယ်/တိုင်း(၁၃)ခုတွင် အတိုးနှုန်းမြင့်မားမှုကို ဦးစားပေးပြဿနာအဖြစ်အဆင့်ပေးခဲ့ကြောင်း (ပထမပြဿနာသုံးခုထဲတွင် အဆင့်ပေးထားသည်)ပင်ဖြစ်သည်။

### မွန်ပြည်နယ်

မွန်ပြည်နယ် FGD တွင်ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှု ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှု (၁% ထူးခြားမှု အဆင့်)ရှိသည်။ အဓိကပြဿနာ (၃) ခုသည် ပြည်ထောင်စုအဆင့်နှင့် တူညီပြီး ချေးငွေ ပမာဏ နည်းပါးမှုနှင့် အာမခံပစ္စည်းများ မရှိမှုတို့ကိုသာ ပြဿနာအဆင့် (၄) နှင့် (၅) အသီးသီး သတ်မှတ်သည်။ သို့ရာတွင် မွန်ပြည်နယ် FGD တွင် ပါဝင်သူများက စိုက်ပျိုးစရိတ် ချေးငွေ ရရှိရန် ခက်ခဲမှုကို ပြဿနာအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်းမရှိပါ။

### ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ငွေကြေးဝန်ဆောင်နှင့် စပ်လျဉ်း၍ ပြဿနာ (၃) ခုကိုသာ သတ်မှတ်ဖော်ထုတ် တင်ပြသဖြင့် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့်ဆက်စပ်မှုမရှိပါ။ ဤပြဿနာများမှာ (၁) အတိုးနှုန်း မြင့်မားမှု (၃) ချေးငွေ ရရှိနိုင်မှု နိမ့်ကျခြင်း (၃) စိုက်ပျိုးစရိတ်ချေးငွေရရှိမှုနိမ့်ကျခြင်းတို့ဖြစ်သည်။

ဇယား- (၁-၇)။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်မှုနှင့် ဆက်နွယ်သော ပြဿနာများ[၈]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန်* | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန်** | ပဲခူး | မကွေး* | မန္တလေး | စစ်ကိုင်း | ချင်း* | ကယား | ရှမ်း | ကချင် | ကရင်* |
| အတိုးနှုန်းမြင့်မားမှု | ၁ | ၁ | | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၂ | ၁ | ၁ | ၃ | ၁ |
| ချေးငွေ ရရှိနိုင်မှုနိမ့်ကျခြင်း | ၂ | ၃ | | ၃ | | ၂ | | ၂ | ၁ | ၄ | ၁ | ၂ | | ၃ | ၂ |
| အသေးစား ငွေချေး စီမံချက် မရှိမှု | ၃ | ၂ | | | ၂ | ၅ | | ၄ | ၄ | ၇ | ၃ | | | ၃ | |
| စိုက်ပျိုးစရိတ် ချေးငွေ ရရှိမှုနိမ့်ကျခြင်း | ၄ | | | ၃ | ၃ | ၃ | | ၅ | ၄ | ၄ | ၅ | ၄ | | ၃ | ၄ |
| အာမခံပစ္စည်းများ မရှိမှု | ၅ | ၅ | | | | ၄ | | ၃ | | ၄ | ၅ | | | | |
| ချေးငွေပမာဏ နည်းပါးမှု | ၆ | ၄ | | | | ၆ | ၂ | | | ၇ | | | ၃ | | ၅ |
| ချေးငွေထုတ်ချေးရန် အချိန်ကြာမြင့်မှု | ၇ | | | | | ၈ | | ၆ | | ၄ | ၅ | | | | ၄ |
| ချေးငွေကာလ တိုတောင်းမှု | ၈ | ၆ | | | | ၈ | | | ၅ | | | ၃ | ၃ | | ၆ |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁ %) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၅ %) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

[၈] ငွေကြေးဝန်ဆောင်မှုများရရှိနိုင်မှုကို ဆင်းရဲနွမ်းပါးခြင်းဖြစ်ရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဖော်ထုတ်ခြင်းမရှိလျှင် FGD ၌ ပါဝင်သူများကို အတိအကျမေးမြန်းသည်။ အကယ်၍ မေးခွန်း ၄ (က) တွင် ဖြေထားပြီးဖြစ်လျှင် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုများရရှိနိုင်မှုသည် ပြဿနာတစ်ခုမဖြစ်လျှင် ဤမေးခွန်းကို ဖြေကြားခြင်းမရှိပါ။ မေးခွန်း ၄ (င) မဖြေသော FGD စာရင်းကို နောက်ဆက်တွဲ ၆တွင် ဖော်ပြထားသည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် ငွေကြေးဝန်ဆောင်မှုနှင့် စပ်လျဥ်း၍ ပြဿနာ (၃) ခုကိုသာ သတ်မှတ်ဖော်ထုတ် တင်ပြသဖြင့် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့်ဆက်စပ်မှုမရှိပါ။ ၎င်းပြဿနာများမှာ (၁) အတိုးနှုန်းမြင့်မားမှု (၂)အသေးစားငွေချေးစီမံချက်မရှိမှု(၃) စိုက်ပျိုးစရိတ် ချေးငွေ ရရှိမှု နိမ့်ကျခြင်းတို့ဖြစ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGD တွင် ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုများကို လက်လမ်းမီမှုနှင့် ဆက်နွယ်သည့် ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၁%ထူးခြားမှု အဆင့်) ရှိသည်။ ရန်ကုန်တိုင်း၌ သတ်မှတ်ဖော်ထုတ် တင်ပြသည့် အဓိကပြဿနာ ၅ ခု မှာ ပြည်ထောင်စုအဆင့်နှင့် တူညီသည်။

## ပဲခူးတိုင်း

ပဲခူးတိုင်းတွင် FGD တွင် ပါဝင်သူများက ငွေကြေးဝန်ဆောင်မှုနှင့် စပ်လျဥ်း၍ ပြဿနာ(၂) ခုကိုသာသတ်မှတ်ဖော်ထုတ်တင်ပြသဖြင့်သဘောထားအမြင်များမှာ ပြည်ထောင်စုအဆင့်ရလဒ်များနှင့်ဆက်စပ်မှုမရှိပါ။၎င်းပြဿနာများမှာ(၁) အတိုးနှုန်းမြင့်မားမှု (၂) ချေးငွေပမာဏ နည်းပါးမှုတို့ဖြစ်သည်။

## မကွေးတိုင်း

မကွေးတိုင်း FGD တွင် ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုများ ရရှိခြင်းနှင့် ဆက်နွယ်သည့် ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၅% ထူးခြားမှု အဆင့်) ရှိသည်။ မကွေးတိုင်းမှ ပါဝင်သူများက သတ်မှတ်ဖော်ထုတ် တင်ပြသည့် အဓိက ပြဿနာ ၅ ခု မှာ ပြည်ထောင်စုအဆင့်တွင် သတ်မှတ်ဖော်ထုတ်သည့်ပြဿနာများနှင့် တူညီသည်။

## မန္တလေးတိုင်း

မန္တလေးတိုင်း FGD တွင် ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုရရှိခြင်းနှင့် ဆက်နွယ်သည့် ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်း သဘောထားအမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကပြဿနာများမှာ (၁) ချေးငွေရရှိမှုနိမ့်ကျခြင်း (၂) အတိုးနှုန်းမြင့်မားမှု (၃)အသေးစားငွေချေးစီမံချက်မရှိမှု(၄) စိုက်ပျိုးစရိတ်ချေးငွေ ရရှိမှု နိမ့်ကျခြင်းနှင့် (၅) ချေးငွေကာလတိုတောင်းမှု တို့ဖြစ်သည်။

## စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့် ပြဿနာများအပေါ် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိက ပြဿနာများမှာ (၁) အတိုးနှုန်း မြင့်မားမှု (၂) ချေးငွေ ရရှိမှု နိမ့်ကျခြင်း ၊ (၃)စိုက်ပျိုးစရိတ်ချေးငွရရှိမှုနိမ့်ကျခြင်း၊ အာမခံပစ္စည်းများမရှိမှုနှင့် ချေးငွေထုတ်ချေးရန်အချိန်ကြာမြင့်မှုတို့ဖြစ်သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ် FGD တွင် ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီမှုနှင့်ဆက်နွယ်သည်ပြဿနာများအပေါ် သဘောထားအမြင်

များသည် ပြည်ထောင်စုအဆင့် စုပေါင်းသဘော ထားအမြင်များနှင့် ထူးခြားသည့် ဆက်စပ်မှု (၅ % ထူးခြားမှု အဆင့်) ရှိသည်။ ချင်းပြည်နယ်မှပါဝင် သူများသတ်မှတ်ဖော်ထုတ်သည့် အဓိက ပြဿနာ များမှာ (၁) ချေးငွေရရှိမှုနိမ့်ကျခြင်း၊ (၂) အတိုးနှုန်း မြင့်မားမှု (၃) အသေးစား ငွေချေးစီမံချက် မရှိမှု (၄)စိုက်ပျိုးစရိတ်ချေးငွေ ရရှိမှုနိမ့်ကျခြင်း၊ အာမခံ ပစ္စည်းများမရှိမှုနှင့် ချေးငွေထုတ်ချေးရန် အချိန် ကြာမြင့်မှု တို့ဖြစ်သည်။

## ကယားပြည်နယ်

ကယားပြည်နယ်တွင် FGD တွင် ပါဝင်သူ များကငွေကြေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ပြဿနာ (၄)ခုကိုသာ သတ်မှတ်ဖော်ထုတ် တင်ပြသဖြင့် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့်ဆက်စပ်မှုမရှိပါ။ ဤပြဿနာများမှာ (၁)အတိုးနှုန်းမြင့်မားမှု(၂) ချေးငွေရရှိမှုနိမ့်ကျခြင်း၊ (၃) ချေးငွေကာလ တိုတောင်းမှုနှင့် (၄) စိုက်ပျိုး စရိတ်ချေးငွေ ရရှိမှုနိမ့်ကျခြင်းတို့ဖြစ်သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် FGD တွင် ပါဝင်သူများ က ငွေကြေးဝန်ဆောင်မှု နှင့် စပ်လျဉ်း၍ ပြဿနာ (၃) ခုကိုသာ သတ်မှတ်ဖော်ထုတ် တင်ပြသဖြင့် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့်ဆက်စပ်မှုမရှိပါ။ ဤပြဿနာများမှာ (၁)အတိုးနှုန်းမြင့်မားမှု (၂)ချေးငွေပမာဏနည်းပါး မှုနှင့် (၃)ချေးငွေကာလတိုတောင်းမှုတို့ဖြစ်သည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်တွင် FGD တွင် ပါဝင်သူ များက ငွေကြေးဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ပြဿနာ(၄)ခုကိုသာ ဖော်ထုတ် တင်ပြသဖြင့် သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် ရလဒ်များနှင့် ဆက်စပ်မှုမရှိပါ။ ဤပြဿနာများ မှာ (၁) အတိုးနှုန်း မြင့်မားမှု (၂) ချေးငွေ ရရှိမှု နိမ့် ကျခြင်း ၊ (၃) အသေးစားငွေချေး စီမံချက် မရှိမှုနှင့် (၄) စိုက်ပျိုးစရိတ်ချေးငွေ ရရှိမှုနိမ့်ကျခြင်း တို့ဖြစ် သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGDတွင်ပါဝင်သူများ၏ ငွေကြေးဝန်ဆောင်မှုနှင့် စပ်လျဉ်းသောပြဿနာ များအပေါ် သဘောထားအမြင်များမှာ ပြည်ထောင် စုအဆင့် စုပေါင်းသဘောထား အမြင်များနှင့် ဆက်စပ်မှုမရှိပါ။ အဓိကပြဿနာများမှာ(၁)အတိုး နှုန်းမြင့်မားမှု (၂) ချေးငွေရရှိမှု နိမ့်ကျခြင်း (၃)စိုက်ပျိုးစရိတ်ချေးငွေ ရရှိမှုနိမ့်ကျခြင်း (၄)ချေး ငွေထုတ်ချေးရန် အချိန်ကြာမြင့်မှုနှင့် (၅) ချေးငွေ ပမာဏနည်းပါးမှုတို့ဖြစ်သည်။

## *ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သည့် ပြဿနာများ*

ပြည်ထောင်စုအဆင့်တွင် FGD ၌ ပါဝင် သူများက ပစ္စည်းကိရိယာ နှင့် သွင်းအားစုများ ရရှိ နိုင်မှုကို ဆင်းရဲနွမ်းပါးမှု ဖြစ်ရသော အခြေခံ အကြောင်းရင်းတစ်ရပ်အဖြစ်အဆင့်၁၆ သတ်မှတ် သည်။ ပြည်နယ်/တိုင်းအဆင့်တွင်စုစည်းပြီး ပစ္စည်း ကိရိယာနှင့်သွင်းအားစုများ ရရှိနိုင်မှုနှင့် ဆက်နွယ် သည့် သီးသန့်ပြဿနာများကို ဇယား (၁-၈) တွင် တင်ပြထားသည်။

ပြည်နယ်/ တိုင်းများအကြား FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် လွန်စွာကွဲပြားခြားနားမှုရှိသည်။ အကယ်စင်စစ် ကချင်ပြည်နယ်တွင်သာ FGD တွင် ပါဝင်သူများ၏ သဘောထားအမြင်များသည် ပြည်ထောင်စုအဆင့် စုပေါင်းရလဒ်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှု (၁ % ထူးခြားမှုအဆင့်) ရှိသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ် FGDတွင်ပါဝင်သူများသိမြင်နားလည်သည့်အဓိကပစ္စည်းကိရိယာနှင့်သွင်းအားစုနှင့် ဆက်နွယ်သောအဓိက ပြဿနာများမှာ (၁)စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု (၂)လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၃)လုပ်သားငှားရမ်းစရိတ်ကြီးမြင့်မှု(၄)လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်းစရိတ်ကြီးမြင့်မှု (၅) သယ်ယူပို့ဆောင်စရိတ်ကြီးမားမှုတို့ဖြစ်သည်။

## တနင်္သာရီတိုင်း

တနင်္သာရီတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သော အဓိက ပြဿနာများမှာ (၁)လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှု (၂)ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှု (၃) လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၄)စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှု (၅)လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိမှုတို့ဖြစ်သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ပစ္စည်းကိရိယာ၊သွင်းအားစုများနှင့်ဆက်နွယ်သော အဓိကပြဿနာများမှာ (၁)လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်း စရိတ်ကြီးမြင့်မှု(၂)လုပ်သားငှားရမ်းစရိတ်ကြီးမြင့်မှု (၃)စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှု (၄) ငါးဖမ်းကိရိယာမရှိမှု (၅)လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှုတို့ဖြစ်သည်။

## ဧရာဝတီတိုင်း

ဧရာဝတီတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့် ပစ္စည်းကိရိယာ၊သွင်းအားစုများနှင့် ဆက်နွယ်သော အဓိက ပြဿနာများမှာ (၁) စိုက်ပျိုးရေး သွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု (၂) လုပ်သားငှားရမ်းစရိတ်ကြီးမြင့်မှု (၃) လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၄) ပစ္စည်းကိရိယာငှားရမ်းစရိတ်ကြီးမြင့်မှုနှင့် (၅)ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှုတို့ဖြစ်သည်။

## ရန်ကုန်တိုင်း

ရန်ကုန်တိုင်း FGDတွင်ပါဝင်သူများသိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊သွင်းအား စုများနှင့်ဆက်နွယ်သောအဓိကပြဿနာများမှာ (၁) ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှု(၂)ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းမရှိမှု (၃) လုပ်ငန်းခွင်သုံးတိရစ္ဆာန်ဈေးနှုန်းကြီးမြင့်မှု (၄) လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိ မှုနှင့် (၅)ငါးဖမ်းကိရိယာမရှိမှုတို့ဖြစ်သည်။

ဇယား - (၁-၈)။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းအဆင့်တွင် FGD ၌ ပါဝင်သူများသိမြင်နားလည်သည့် ပစ္စည်းကိရိယာသွင်းအားစုများရရှိနိုင်မှုနှင့် ဆက်နွယ်သော ပြဿနာများ[၉]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်အဆင့် | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန် | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန် | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း | ချင်း | ကယား | ရှမ်း | ကချင်* | ကရင် |
| စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု | ၁ | ၁ | ၅ | ၄ | ၁ | ၆ | ၃ | ၆ | ၁ | ၃ | ၆ | ၄ | ၅ | ၁ | ၅ |
| လယ်ယာသုံးပစ္စည်းကိရိယာ မရှိမှု | ၂ | ၃ | ၃ | | ၃ | | ၂ | ၁ | | | ၅ | ၁ | ၁ | ၃ | ၃ |
| ပစ္စည်းကိရိယာဈေးနှုန်း ကြီးမြင့်မှု | ၃ | ၁၀ | ၂ | | ၅ | ၁ | ၁ | ၂ | ၈ | ၈ | ၂ | ၉ | ၇ | | |
| လယ်ယာသုံးစက် ကိရိယာ ပစ္စည်း မရှိမှု | ၄ | ၇ | ၅ | | | ၄ | ၆ | ၅ | ၄ | ၁ | ၅ | ၂ | | ၆ | |
| လုပ်သားငှားရမ်းစရိတ် ကြီးမြင့်မှု | ၅ | ၃ | ၇ | ၂ | ၂ | ၈ | ၁၁ | ၈ | ၆ | ၉ | ၁၀ | ၆ | ၁၂ | ၂ | ၅ |
| လယ်ယာသုံး မဟုတ်သော ပစ္စည်းကိရိယာ မရှိမှု | ၆ | ၁၂ | ၁ | ၅ | | | ၆ | | | | ၃ | | ၂ | ၄ | |
| ပစ္စည်း ကိရိယာ ငှားရမ်းစရိတ် ကြီးမြင့်မှု | ၇ | ၆ | | ၆ | ၄ | ၉ | | ၇ | ၇ | ၆ | ၁ | ၅ | ၄ | ၁၀ | |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန် ငှားရမ်းစရိတ် ကြီးမြင့်မှု | ၈ | ၄ | | ၁ | ၆ | | ၁၀ | ၉ | ၂ | | ၁၂ | ၇ | ၉ | | ၇ |
| ငါးဖမ်းကိရိယာ (ငါးဖမ်းပိုက်/ လှေ) မရှိမှု | ၉ | ၁၂ | | ၄ | | ၅ | ၁၀ | ၃ | | | | ၃ | ၆ | | |
| ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း မရှိမှု | ၁၀ | ၈ | | | | ၂ | ၈ | ၁၂ | | ၂ | ၁၂ | | ၉ | ၇ | ၁ |
| အကျိုးအမြတ် ပြန်ရနှုန်း နည်းပါးမှု | ၁၁ | ၁၂ | | | | | ၁၃ | ၄ | ၃ | ၄ | ၉ | ၉ | ၃ | ၉ | |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှု | ၁၂ | ၁၄ | ၅ | ၇ | | ၈ | ၁၂ | ၁၀ | ၅ | ၅ | ၈ | ၁၀ | | ၆ | ၇ |
| သယ်ယူပို့ဆောင်စရိတ် ကြီးမားမှု | ၁၃ | ၅ | | | | | | | | | ၇ | | | | ၂ |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန်ဈေးနှုန်းကြီးမြင့်မှု | ၁၄ | | | ၈ | | ၃ | ၁၄ | ၁၁ | | ၈ | | | | ၈ | |
| လောင်စာ ပြတ်လပ်မှု | ၁၅ | ၉ | | | | | ၇ | | | | | | ၁၂ | | |
| လောင်စာ ဈေးနှုန်းကြီးမြင့်မှု | ၁၆ | | | | | | ၄ | | ၉ | | | | | | |
| ငှားရမ်းစရိတ် ကြီးမြင့်မှု (ဆိုင်ခန်း) | ၁၇ | | | | | | | | | | | | ၉ | | |

** ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၁%) ရှိ၊ * ပြည်နယ်/ တိုင်းနှင့် ပြည်ထောင်စုအကြား သိသာထင်ရှားစွာ ဆက်စပ်မှု (ထူးခြားမှုအဆင့်၅%) ရှိ၊

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ (၂၀၀၃-၂၀၀၄)

---

[၉] စက်ပစ္စည်းကိရိယာရရှိနိုင်မှုကို ဆင်းရဲနွမ်းပါးခြင်းဖြစ်ရသော အကြောင်းရင်းတစ်ရပ်အဖြစ် ဖော်ထုတ်ခြင်းမရှိလျှင် FGD ၌ ပါဝင်သူများကို အတိအကျမေးမြန်းသည်။ မေးခွန်း ၄ (က) တွင် ဖြေထားပြီးဖြစ်လျှင် သို့မဟုတ် စက်ပစ္စည်းကိရိယာရရှိနိုင်မှုသည် ပြဿနာတစ်ရပ်မဖြစ်လျှင် ဤမေးခွန်းကို ဖြေကြားခြင်းမရှိပါ။ မေးခွန်း ၄ (င) မဖြေသော FGD စာရင်းကို နောက်ဆက်တွဲ ၆တွင် ဖော်ပြထားသည်။

### ပဲခူးတိုင်း

ပဲခူးတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သော အဓိကပြဿနာများမှာ (၁)ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှု (၂)လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၃) စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှု (၄) လောင်စာဈေးနှုန်းကြီးမြင့်မှုနှင့် (၅) လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှုတို့ဖြစ်သည်။

### မကွေးတိုင်း

မကွေးတိုင်း FGD တွင်ပါဝင်သူများသိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သော အဓိကပြဿနာများမှာ (၁)လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၂) ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှု (၃)ငါးဖမ်းကိရိယာမရှိမှု (၄)အကျိုးအမြတ်ပြန်ရနှုန်းနည်းပါးမှု(၅)လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိမှုတို့ဖြစ်သည်။

### မန္တလေးတိုင်း

မန္တလေးတိုင်းFGDတွင်ပါဝင်သူများသိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သောအဓိကပြဿနာများမှာ (၁)စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု (၂)လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်းစရိတ်ကြီးမြင့်မှု (၃)အကျိုးအမြတ်ပြန်ရနှုန်းနည်းပါးမှု (၄)လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိမှု (၅) လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှုတို့ဖြစ်သည်။

### စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်း FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သော အဓိကပြဿနာများမှာ (၁) လယ်ယာသုံး စက်ကိရိယာ ပစ္စည်းမရှိမှု (၂) ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းမရှိမှု (၃) စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှု(၄)အကျိုးအမြတ်ပြန်ရနှုန်းနည်းပါးမှု (၅)လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှုတို့ဖြစ်သည်။

### ချင်းပြည်နယ်

ချင်းပြည်နယ် FGD တွင်ပါဝင်သူများ သိမြင်နားလည်သည့် ပစ္စည်းကိရိယာ၊ စိုက်ပျိုးရေးသွင်းအားစုများနှင့်ဆက်နွယ်သောအဓိကပြဿနာများမှာ (၁)ပစ္စည်းကိရိယာငှားရမ်း စရိတ်ကြီးမြင့်မှု (၂)ပစ္စည်းကိရိယာဈေးနှုန်းကြီးမြင့်မှု (၃) လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှု(၄) လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၅) လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိမှုတို့ဖြစ်သည်။

### ကယားပြည်နယ်

ကယားပြည်နယ် FGD တွင် ပါဝင်သူများ သိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ စိုက်ပျိုးရေးသွင်းအားစုများနှင့်ဆက်နွယ်သောအဓိကပြဿနာများမှာ (၁) လယ်ယာသုံးပစ္စည်း ကိရိယာမရှိမှု (၂)လယ်ယာသုံးစက်ကိရိယာပစ္စည်းမရှိမှု (၃)ငါးဖမ်းကိရိယာ (ငါးဖမ်းပိုက်/ လှေ)မရှိမှု (၄)စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှုနှင့်(၅) ပစ္စည်းကိရိယာငှားရမ်းစရိတ်ကြီးမြင့်မှုတို့ဖြစ်သည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်FGDတွင်ပါဝင်သူများသိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့်ဆက်နွယ်သောအဓိကပြဿနာများမှာ (၁)လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၂)လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှု (၃)အကျိုးအမြတ်ပြန်ရနှုန်းနည်းပါးမှု (၄) ပစ္စည်းကိရိယာငှားရမ်းစရိတ်ကြီးမြင့်မှု (၅)စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှုတို့ဖြစ်သည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ် FGD တွင် ပါဝင်သူများသိမြင်နားလည်သည့်ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့်ဆက်နွယ်သော အဓိကပြဿနာများမှာ (၁) စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု (၂)လုပ်သားငှားရမ်းစရိတ်ကြီးမြင့်မှု (၃)လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၄)လယ်ယာသုံးမဟုတ်သောပစ္စည်းကိရိယာမရှိမှုနှင့် (၅) လယ်ယာသုံးစက်ကိရိယာပစ္စည်းနှင့် လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှုတို့ဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ် FGD တွင် ပါဝင်သူများသိမြင်နားလည်သည့် ပစ္စည်းကိရိယာ၊ သွင်းအားစုများနှင့် ဆက်နွယ်သော အဓိကြပဿနာများမှာ (၁)ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းမရှိမှု (၂) သယ်ယူပို့ဆောင်စရိတ်ကြီးမားမှု (၃) လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၄) စိုက်ပျိုးရေးသွင်းအားစုများဈေးနှုန်းကြီးမြင့်မှု (၅) လုပ်သားငှားရမ်းစရိတ်ကြီးမြင့်မှုတို့ဖြစ်သည်။

## ၁-၃။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု

ဤအခန်းသည် FGD မှ အချက်အလက်များနှင့်FGDပြုလုပ်ရာကျေးရွာ/ရပ်ကွက်မှအဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုမှ ရရှိသောအချက်အလက်များကိုအသုံးပြု၍ မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကို ပိုမိုသိရှိနားလည်စေခြင်းငှာ ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ပြည်နယ်/တိုင်းနှင့် ပြည်ထောင်စုအဆင့် စုပေါင်းရလဒ်များမှရရှိသည့် အဓိက စီးပွားရေးလုပ်ဆောင်မှုများ၏အရေးပါမှု စီးပွားရေးလုပ်ငန်းတစ်ခုချင်း၌ လုပ်ကိုင်နေသည့် အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၊ စီးပွားရေးလုပ်ဆောင်မှုအလိုက် ရာသီလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၊ ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၏ အရင်းခံဇာစ်မြစ်များနှင့် ရပ်ရွာ၊ အိမ်ထောင်စုနှင့်တစ်ဦးချင်း ပြဿနာဖြေရှင်းသည့်ဗျူဟာများကို ပြည်နယ်/တိုင်းအဆင့် ပေါင်းစပ်၍ တင်ပြထားသည်။

### *အဓိက စီးပွားရေးလုပ်ဆောင်မှုများနှင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု*

### အဓိကစီးပွားရေးလုပ်ဆောင်မှုများ

ပြည်နယ်/ တိုင်းအဆင့်၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ လုပ်ကိုင်နေသည့် အိမ်ထောင်စုဦးရေအချိုးကို လေ့လာမှုတွင်ပါဝင်သည့်ကျေးရွာ (၂၈) ရွာနှင့် ရပ်ကွက် (၂၈) ရပ်ကွက်တို့တွင် အရည်အသွေးဆိုင်ရာ လေ့လာမှုများ ပြုလုပ်ခဲ့စဉ်က အဓိကသတင်းပေးသူများက သိမြင်နားလည်သည့်အတိုင်း ဇယား ၁-၉ (က) နှင့် (ခ) တွင် တင်ပြထားသည်။ သို့ဖြစ်၍ရလဒ်များမှာ ညွှန်ပြရုံသာဖြစ်ပြီး လူဦးရေတစ်ခုလုံးအတွက် လွှမ်းခြုံကောက်ချက်ချ၍မရပေ။

### ကျေးလက်ဒေသ

ပြည်နယ်/တိုင်းအားလုံးလိုလို၌ ကျေးလက်ဒေသများရှိ အဓိက စီးပွားရေးအုပ်စု (၂) စုမှာ လယ်ယာလုပ်ကိုင်သူနှင့် ကျပန်းအလုပ်သမားများဖြစ်ကြသည်။ တနင်္သာရီတိုင်း တစ်ခုမှာသာလျှင် အဓိကစီးပွားရေးအုပ်စုများမှာလယ်ယာလုပ်ကိုင်သူနှင့် စီးပွားရေးလုပ်ငန်း/ ကုန်ရောင်းကုန်ဝယ်တို့ဖြစ်သည်။

လယ်သမားများသည် ကျေးလက်ဒေသလူဦးရေ၏ ၇၀% ကျော်ရှိသည့် ပြည်နယ်/တိုင်းများမှာချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် လယ်ယာလုပ်ကိုင်သူအချိုးသည် ၅၀% ထက်လျော့နည်းသည်။

တနင်္သာရီတိုင်းမှ သတင်းပေးသူများက ကျေးလက်ဒေသတွင် စီးပွားရေးလုပ်ငန်းရှင်/ ကုန်ရောင်းကုန်ဝယ်လုပ်သူ အချိုးကို အများဆုံးဟု သတ်မှတ်ဖော်ထုတ်ခဲ့ကြပြီး ရခိုင်နှင့် မွန်ပြည်နယ်များတွင် စက်ချုပ်/ရက်ကန်းရက်သူ အချိုးအများဆုံးဖြစ်ပါသည်။

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ် ကျေးလက်ဒေသများတွင် အဓိကသတင်းပေးသူများက တံငါသည်နှင့်ရေလုပ်ငန်း လုပ်သားများကို သတ်မှတ်ဖော်ထုတ်ခဲ့ကြသည်။

ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် ကျေးလက်ဒေသများတွင် စီးပွားရေးလုပ်ဆောင်မှု အမျိုးမျိုး အများဆုံး လုပ်ကိုင်ကြပြီး ချင်းပြည်နယ်တွင် စီးပွားရေးလုပ်ရေးလုပ်ဆောင်မှု အမျိုးမျိုး လုပ်ကိုင်မှု အနည်းဆုံးဖြစ်သည်။

## မြို့ပြဒေသများ

မြို့ပြဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုများသည် ကျေးလက်ဒေသများထက် ပို၍အမျိုးမျိုးလုပ်ကိုင်ကြသည်။ ပြည်နယ်/တိုင်းများအကြားတွင်လည်း ပိုမိုကွဲပြားခြားနားမှုရှိသဖြင့် ရလဒ်များကို ပြည်နယ်/တိုင်းအလိုက် တင်ပြပါသည်။ သို့ရာတွင် ပြည်နယ်/တိုင်းအားလုံးတွင် ကျပန်းအလုပ်သမားသည် အဓိကစီးပွားရေးအုပ်စုများတွင် ပါဝင်ပါသည်။

## မွန်ပြည်နယ်

အဓိကသတင်းပေးသူများက သိမြင်နားလည်သည့် မွန်ပြည်နယ်ရှိ မြို့ပြဒေသများတွင် အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) လယ်ယာ လုပ်ကိုင်သူများ (၃) စီးပွားရေးလုပ်ငန်း/အရောင်းအဝယ်လုပ်ငန်းတို့ဖြစ်သည်။

## တနင်္သာရီတိုင်း

အဓိကသတင်းပေးသူများက သိမြင်နားလည်သည့် တနင်္သာရီတိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) စီးပွားရေးလုပ်ငန်း/အရောင်းအဝယ်လုပ်ငန်း (၂) လယ်ယာလုပ်ကိုင်သူများ (၃) ကျပန်းအလုပ်သမားတို့ဖြစ်သည်။

## ရခိုင်ပြည်နယ်

အဓိက သတင်းပေးသူများက သိမြင်နားလည်သည့် ရခိုင်ပြည်နယ်ရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ(၁) ကျပန်းအလုပ်သမား (၂) တံငါသည် (၃) လယ်ယာလုပ်ကိုင်သူများတို့ဖြစ်သည်။

## ဧရာဝတီတိုင်း

အဓိက သတင်းပေးသူများက သိမြင်နားလည်သည့် ဧရာဝတီတိုင်းရှိ အဓိကစီးပွားရေး လုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) ရေလုပ်ငန်းလုပ်သား (၃) လယ်ယာလုပ်ကိုင်သူများတို့ဖြစ်သည်။

ဇယား - ၁-၉ (က)။ အမိကသတင်းပေးသူများ သိမြင်နားလည်သည့် ပြည်နယ်/ တိုင်းအဆင့် ကျေးလက်ဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ လုပ်ကိုင်နေသည့် အိမ်ထောင်စုအချိုး(%)[၁၀]

| အမိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသအတွက်ရလဒ်များ(%) | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည် ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန် | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန် | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း | ချင်း | ကယား | ရှမ်း | ကချင် | ကရင် |
| လယ်ယာလုပ်ကိုင်သူများ[၁] | ၅၃.၄၆ | ၅၅.၉၃ | ၅၂.၉၄ | ၃၃.၁၆ | ၅၀.၇၉ | ၂၆.၈၆ | ၂၆.၆၇ | ၅၁.၀၅ | ၅၂.၇၇ | ၇၀.၁၁ | ၉၅.၀၂ | ၈၀.၇၃ | ၆၅.၆၃ | ၅၅.၂၇ | ၇၂.၁၄ |
| ကျပန်းအလုပ်သမား[၂] | ၂၇.၅၂ | ၂၄.၇၆ | ၈.၈၂ | ၄၂.၀၁ | ၂၅.၃၇ | ၂၆.၇၀ | ၄၁.၅၈ | ၄၈.၃၆ | ၃၀.၇၀ | ၂၃.၈၆ | ၄.၉၈ | ၉.၀၆ | ၂၀.၈၃ | ၃၈.၁၈ | ၂၃.၇၈ |
| စီးပွားရေးလုပ်ငန်း/ အရောင်းအဝယ်လုပ်ငန်း | ၄.၇၂ | ၀.၀၀ | ၃၅.၂၉ | ၁.၀၂ | ၆.၄၀ | ၂.၉၀ | ၃.၂၅ | ၀.၀၀ | ၄.၅၅ | ၁.၆၅ | ၀.၀၀ | ၀.၀၀ | ၀.၆၃ | ၀.၀၀ | ၂.၀၄ |
| ခေါင်းရွက်ဗျပ်ထိုးဈေးသည် | ၃.၀၈ | ၅.၄၄ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၅.၉၄ | ၂.၄၂ | ၀.၅၉ | ၉.၀၈ | ၀.၀၀ | ၀.၀၀ | ၂.၈၁ | ၀.၀၀ | ၂.၉၉ | ၀.၀၀ |
| အစိုးရဝန်ထမ်းများ | ၂.၂၆ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၇.၇၅ | ၈.၆၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁.၁၉ |
| တံငါသည် | ၁.၉၉ | ၀.၀၀ | ၀.၀၀ | ၂.၃၈ | ၁၇.၄၄ | ၃.၆၁ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၈၃ | ၀.၀၀ | ၀.၀၀ |
| ဆိုက္ကားနင်း | ၀.၁၁ | ၁.၃၃ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| အပ်ချုပ်/ ရက်ကန်းရက် | ၃.၁၄ | ၁၁.၄၁ | ၀.၀၀ | ၂၀.၄၃ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၂.၅၈ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၃.၇၅ | ၀.၀၀ | ၀.၀၀ |
| လက်သမား/ ပန်းရန် | ၀.၁၄ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၈၂ | ၀.၀၀ | ၀.၀၀ | ၁.၄၆ | ၀.၀၀ | ၀.၀၀ |
| ရေလုပ်ငန်းလုပ်သား | ၀.၃၇ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၇.၄၁ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| ယာဉ်မောင်း | ၀.၀၃ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၃၂ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| အခြား | ၃.၁၈ | ၁.၁၂ | ၂.၉၄ | ၀.၀၀ | ၀.၀၀ | ၆.၂၄ | ၁၇.၄၇ | ၀.၀၀ | ၀.၀၀ | ၃.၅၅ | ၀.၀၀ | ၀.၀၀ | ၆.၈၈ | ၃.၅၇ | ၀.၈၅ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |

[၁] အထွေထွေလယ်ယာလုပ်ကိုင်သူများ (လယ်ယာထုတ်ကုန်မဖော်ပြ)

[၂] ရာသီအလိုက် အလုပ်လုပ်ကိုင်သူများ ပါဝင်နိုင်သည်။

[၁၀] အခြားစီးပွားရေးလုပ်ဆောင်မှုများ။ လှည်းမောင်း၊ ဆေးသုတ်၊ ပန်းချီ၊ လျှော်ဖွပ်ပို့ဆောင်ခြင်း၊ သံဖြူ/ ပန်းပဲ၊ ဆံသ၊ ကုမ္ပဏီဝန်ထမ်း၊ ဂဟေ၊ ကျောက်ဆစ်၊ လက်မှုလုပ်ငန်းလုပ်ကိုင်၊ သစ်ခုတ်၊ ပစ္စည်းအမျိုးမျိုးပြင်၊ မီးသွေးဖုတ်၊ တိရစ္ဆာန်မွေးမြူ၊ ကြံစိုက်၊ ရော်ဘာလုပ်သား၊ သတ္တုတွင်းလုပ်သား၊ အုတ်ဖုတ်၊ ဖျာရက်၊ ဘာသာရေးသင်းဖွဲ့ခေါင်းဆောင်၊

ဇယား-၁-၉(ခ)။အဓိကသတင်းပေးသူများ သိမြင်နားလည်သည့် ပြည်နယ်/တိုင်းအဆင့် မြို့ပြဒေသများတွင် စီးပွားရေးလုပ်ဆောင်မှုတစ်ခုစီ၌ လုပ်ကိုင်နေသည့် အိမ်ထောင်စုအချိုး

| အဓိကစိတ်ကူး | လေ့လာဒေသအတွက်ရလဒ်များ(%) | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | ကမ်းရိုးတန်းဒေသ | | | မြစ်ဝကျွန်းပေါ်ဒေသ | | | အပူပိုင်းဒေသ | | | တောင်ပေါ်ဒေသ | | | | |
| | | မွန် | တနင်္သာရီ | ရခိုင် | ဧရာဝတီ | ရန်ကုန် | ပဲခူး | မကွေး | မန္တလေး | စစ်ကိုင်း | ချင်း | ကယား | ရှမ်း | ကချင် | ကရင် |
| လယ်ယာလုပ်ကိုင်သူများ[၁] | ၁၉.၈၄ | ၂၀.၃၁ | ၃၃.၆၄ | ၁၄.၃၄ | ၁၅.၂၆ | ၀.၀၀ | ၂၆.၂၉ | ၉.၈၀ | ၂၄.၄၁ | ၂.၂၀ | ၂၇.၂၄ | ၆၁.၂၇ | ၀.၀၀ | ၃၃.၁၇ | ၃၁.၃၃ |
| ကျပန်းအလုပ်သမား[၂] | ၃၂.၈၁ | ၃၄.၈၅ | ၁၀.၀၀ | ၅၀.၀၄ | ၃၄.၉၅ | ၁၈.၃၃ | ၃၄.၇၉ | ၅၃.၈၄ | ၂၇.၀၆ | ၄၂.၈၁ | ၁၇.၇၀ | ၁၂.၉၃ | ၃၉.၁၂ | ၄၉.၃၅ | ၂၅.၈၈ |
| စီးပွားရေးလုပ်ငန်း/ အရောင်းအဝယ်လုပ်ငန်း | ၁၁.၁၁ | ၁၇.၂၈ | ၃၅.၁၇ | ၂.၇၀ | ၁.၁၂ | ၇.၆၃ | ၉.၂၈ | ၁.၈၀ | ၁၂.၇၀ | ၂၆.၄၃ | ၀.၀၀ | ၉.၉၇ | ၄.၂၉ | ၁.၂၅ | ၁၆.၃၉ |
| ခေါင်းရွက်ဗျပ်ထိုးဈေးသည် | ၉.၅၀ | ၁၃.၁၃ | ၀.၀၀ | ၂.၀၃ | ၁၂.၅၇ | ၂၀.၈၈ | ၄.၀၅ | ၃၀.၃၉ | ၁၁.၄၆ | ၄.၁၂ | ၀.၀၀ | ၁၅.၈၂ | ၃.၅၇ | ၄.၆၅ | ၀.၀၀ |
| အစိုးရဝန်ထမ်း | ၆.၃၆ | ၁၃.၇၃ | ၂.၇၃ | ၀.၀၀ | ၀.၀၀ | ၂၂.၉၉ | ၅.၉၅ | ၀.၀၀ | ၁၅.၀၂ | ၀.၀၀ | ၉.၉၇ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၆.၄၉ |
| တံငါသည် | ၂.၅၉ | ၀.၀၀ | ၉.၀၂ | ၁၄.၆၃ | ၇.၁၃ | ၀.၃၂ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| ဆိုက္ကားနင်း | ၄.၃၉ | ၀.၀၀ | ၀.၀၀ | ၇.၂၃ | ၈.၃၃ | ၁၂.၂၅ | ၁၉.၆၄ | ၀.၀၀ | ၀.၀၀ | ၃.၅၇ | ၀.၀၀ | ၀.၀၀ | ၁.၄၇ | ၀.၀၀ | ၁.၂၇ |
| အပ်ချုပ်/ ရက်ကန်းရက် | ၀.၉၅ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၄၀ | ၁.၅၈ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၈.၂၇ | ၀.၀၀ | ၀.၀၀ | ၁.၄၇ | ၀.၂၀ | ၀.၃၃ |
| လက်သမား/ ပန်းရန် | ၂.၆၄ | ၀.၀၀ | ၀.၀၀ | ၀.၅၆ | ၃.၅၇ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၆.၃၂ | ၀.၀၀ | ၀.၀၀ | ၂၅.၁၉ | ၈.၈၅ | ၁.၄၅ |
| ရေလုပ်ငန်းလုပ်သား | ၁.၈၁ | ၀.၀၀ | ၃.၀၁ | ၀.၀၀ | ၁၆.၂၇ | ၀.၄၉ | ၀.၀၀ | ၁.၉၆ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| ယာဉ်မောင်း | ၂.၀၃ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၉.၈၀ | ၀.၀၀ | ၁.၄၀ | ၀.၀၀ | ၃.၅၄ | ၀.၀၀ | ၀.၀၀ | ၁၃.၂၇ | ၀.၄၁ | ၂.၃၇ |
| အခြား | ၅.၉၇ | ၀.၆၉ | ၆.၄၃ | ၈.၄၇ | ၀.၄၀ | ၄.၇၃ | ၀.၀၀ | ၀.၈၂ | ၉.၃၆ | ၂.၇၅ | ၄၅.၀၉ | ၀.၀၀ | ၁၁.၆၂ | ၂.၁၂ | ၄.၄၉ |
| စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |

[၁] အထွေထွေလယ်ယာလုပ်ကိုင်သူများ (လယ်ယာထုတ်ကုန်မဖော်ပြ)

[၂] ရာသီအလိုက် အလုပ်လုပ်ကိုင်သူများ ပါဝင်နိုင်သည်။

**ရန်ကုန်တိုင်း**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ရန်ကုန်တိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) အစိုးရဝန်ထမ်း (၂) ခေါင်းရွက်ဗျပ်ထိုးဈေးသည် (၃)ကျပန်းအလုပ်သမားတို့ဖြစ်သည်။

**ပဲခူးတိုင်း**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ပဲခူးတိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂)လယ်ယာလုပ်ကိုင်သူများ(၃) ဆိုက်ကားနင်းသူတို့ဖြစ်သည်။

**မကွေးတိုင်း**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်းမကွေးတိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တို့ဖြစ်သည်။

**မန္တလေးတိုင်း**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း မန္တလေးတိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) လယ်ယာလုပ်ကိုင်သူများ (၃) အစိုးရဝန်ထမ်းတို့ဖြစ်သည်။

**စစ်ကိုင်းတိုင်း**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း စစ်ကိုင်းတိုင်းရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) စီးပွားရေးလုပ်ငန်း/ အရောင်းအဝယ်လုပ်ငန်း (၃)အပ်ချုပ်/ရက်ကန်းရက်တို့ဖြစ်သည်။

**ချင်းပြည်နယ်**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ချင်းပြည်နယ်ရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) လှည်းမောင်းသူများ (၂)လယ်သမား (၃) ကျပန်းအလုပ်သမားတို့ဖြစ်သည်။

**ကယားပြည်နယ်**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ကယားပြည်နယ်ရှိ အဓိကစီးပွားရေး လုပ်ဆောင်မှုများမှာ (၁) လယ်ယာလုပ်ကိုင်သူများ (၂) ခေါင်းရွက်ဗျပ်ထိုး ဈေးသည် (၃) ကျပန်းအလုပ်သမား တို့ဖြစ်သည်။

**ရှမ်းပြည်နယ်**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ရှမ်းပြည်နယ်ရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား (၂) လက်သမား/ ပန်းရန် (၃) ယာဉ်မောင်းတို့ဖြစ်သည်။

**ကချင်ပြည်နယ်**

အဓိကသတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း ကချင်ပြည်နယ်ရှိ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ (၁) ကျပန်းအလုပ်သမား(၂)လယ်ယာလုပ်ကိုင်သူများ(၃)လက်သမား/ပန်းရန်တို့ဖြစ်သည်။

**ကရင်ပြည်နယ်**

FGD တွင်ပါဝင်သူများ၏ သိမြင်နားလည်မှုအရလူနေမှုဘဝပြည့်စုံဖူလုံမှု၏ အဓိကရှုထောင့်အမြင်များမှာ ပြည်ထောင်စုအဆင့်အတွက် စုစည်းရာတွင် (၁) နေအိမ်ကောင်းမွန်မှု (၂) စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှု (၃) အစားအစာကောင်းမွန်မှု (၄) အဝတ်အစားကောင်းမွန်မှု (၅) ယာဥ်ပိုင်ဆိုင်မှု (၆) မြေယာပိုင်ဆိုင်မှု (၇) ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း(၈) ပညာရေးကောင်းမွန်မှု (၉) ပုံမှန်ဝင်ငွေရရှိမှု(၁၀) အစားအစာပေါ်များမှုနှင့် (၁၁) ကျန်းမာရေးကောင်းမွန်မှု တို့ဖြစ်ပါသည်။

နေအိမ် ကောင်းမွန်မှုဆိုသည်မှာ အများအားဖြင့်ပိုင်ဆိုင်မှုအပြင်ထိုနေအိမ်ကိုဆောက်လုပ်ရာတွင်အသုံးပြုနိုင်သည့် ဆောက်လုပ်ရေးပစ္စည်းတို့၏ အရည်အသွေး(သွပ်ပြားအမိုးတိုက်အိမ်များ၊ အုတ် (သို့) သစ်သားအိမ် အစရှိသည်တို့)နှင့်ပါဆက်နွယ်နေပါသည်။

အလတ်စားမှအကြီးစားစီးပွားရေးလုပ်ငန်းများပိုင်ဆိုင်သူများကို လုပ်ငန်းတစ်ခု ထူထောင်ရန်ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းလုံလောက်စွာရှိကြပြီး၊ ဝင်ငွေအတွက်အလုပ်အကိုင်ရရှိမှုအပေါ် မှီခိုအားထားရခြင်းမရှိသဖြင့် စီးပွားရေးကောင်းသူများဟုသိမြင်နားလည်ကြသည်။ ၎င်းတို့သည် ကောင်းမွန်သည့် စားဝတ်နေရေးအခြေအနေ ရရှိရန် ဝင်ငွေကိုလည်း လုံလောက်စွာရှာဖွေနိုင်ကြသည်။

အစားအစာသည် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးပါသည့် ရှုထောင့်အမြင် တစ်ခုဖြစ်ပါသည်။ အစားအစာ ပမာဏထက် သား/ငါးစားသုံးနိုင်ခြင်း ကဲ့သို့သောအစားအစာ၏ အရည်အသွေးသည် အိမ်ထောင်စုတစ်ခု၏ စားဝတ်နေရေးအခြေအနေများ၏ညွှန်ကိန်းတစ်ခုပင်ဖြစ်ပါသည်။

FGD တွင်ပါဝင်သူများက စားဝတ်နေရေးအခြေအနေကို အဝတ်အစားကြည့်၍ သိနိုင်ကြောင်းထုတ်ဖော်ပြောကြားကြပါသည်။ ငွေကြေးပြည့်စုံသူများက ကောင်းစွာဝတ်ဆင်ပြီး တန်ဖိုးကြီးသည့် အဝတ်အစားများကို ဝတ်ဆင်နိုင်ကြသည်။ ၎င်းတို့တွင် ကောင်းမွန်သန့်ရှင်းပြီး အရောင်အသွေးစုံသည့် အဝတ်အစားများ ရှိကြသည်။

ယာဥ်ပိုင်ဆိုင်မှုမှာလည်း စားဝတ်နေရေးအခြေအနေ ကောင်းမွန်မှု၏ ညွှန်ကိန်းတစ်ခုဖြစ်ပါသည်။ မော်တော်ယာဥ်တစ်စီး (သို့မဟုတ်) မော်တော်ဆိုင်ကယ် တစ်စီးကို ပိုင်ဆိုင်လောက်အောင် ငွေကြေးရှိသူကို ဥစ္စာခနပြည့်စုံသူဟူ၍ယူဆကြလေ့ရှိပါသည်။ ယာဥ်တစ်စီးကိုဝယ်ယူနိုင်လျှင် စားဝတ်နေရေး အခြေခံလိုအပ်ချက်ဟူသမျှကို ဖြည့်ဆည်းနိုင်မည်ဟုလည်း ဆိုလိုသည်။

မြေယာပိုင်ဆိုင်မှုသည်လည်း လူနေမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးသည့် ညွှန်ကိန်းတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးသည်လူဦးရေ၏ အဓိကစီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုဖြစ်ပြီး စိုက်ပျိုးမြေ ရှားပါးသည့် ကျေးလက်ဒေသများတွင် အရည်အသွေး ကောင်းမွန်သည့်မြေယာပိုင်ဆိုင်မှုမှာ အရေးကြီးပါသည်။

ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း ရှိသူများသည် ဥစ္စာခန ပြည့်စုံကြပါသည်။ သူတို့သည် သူတို့၏ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ကြသည့်အပြင်စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် သူတို့၏ စီးပွားရေးလုပ်ကိုင် ဆောင်ရွက်မှုတွင် ရင်းနှီးမြှုပ်နှံရန်လည်း အလုံအလောက် စုဆောင်းနိုင်ကြသည်။

ပညာရေးမှာလည်း လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးသည့် ရှုထောင့်အမြင် တစ်ခုပင်ဖြစ်ပါသည်။ သားသမီးများကို ကျောင်းထားပြီး ကောင်းစွာပညာသင်ပေးရန် တတ်နိုင်သူများသည် စီးပွားရေး ကောင်းလေ့ရှိပါသည်။ အကြောင်းမှာ သူတို့၏သားသမီးများသည်အလုပ်အကိုင်ကောင်းများရရှိရန် အခွင့်အလမ်းပိုရှိ ပိုမိုရရှိလိမ့်မည် ဖြစ်ပြီး သူတို့ကို ထောက်ပံ့နိုင်မည်ဖြစ်၍ သူတို့သည် အနာဂတ်ကာလတွင် ပိုမို ကောင်းမွန်သည့် စားဝတ်နေရေး အခြေအနေများ ရရှိရန်လည်း မျှော်မှန်းနိုင်ကြမည်ဖြစ်ပါသည်။

ပိုမှန်ဝင်ငွေ ရရှိသူများကိုလည်း ဥစ္စာခနပြည့်စုံသူများဟုသိမြင်နားလည်ကြပါသည်။ သူတို့တွင် ပိုမှန်အလုပ်အကိုင် (သို့မဟုတ်) ပိုမှန် ဝင်ငွေပေးနိုင်လောက်အောင် ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခု ရှိကြပါသည်။ လူအများအပြားသည် ကျပန်းအလုပ်သမားအဖြစ် လုပ်ကိုင်နေကြရပြီး နေ့စဉ်နှင့်အမျှ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေ ကြရသဖြင့် ဝင်ငွေပိုမှန်ရရှိမှုသည် လွန်စွာအရေးကြီးဟန် ရှိပါသည်။

ကျန်းမာရေး ကောင်းမွန်ခြင်း (သို့မဟုတ်) ကောင်းမွန်သော ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီ နိုင်ခြင်းသည် လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးကြီးသည့် ရှုထောင့်တစ်ရပ် ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုသည် ကျန်းမာရေး ချို့တဲ့မှု၏ သွယ်ဝိုက်သည့် အကြောင်းရင်းတစ်ခု ဖြစ်နိုင်သကဲ့သို့ ကျန်းမာရေးဆိုင်ရာ ပြဿနာများသည် ဆင်းရဲနွမ်းပါးမှု၏ အကြောင်းတစ်ရပ် ဖြစ်သည်ဟူ၍ မကြာခဏ ဖော်ထုတ်သတ်မှတ် ယူဆထားကြပါသည်။ကျန်းမာရေးကောင်းမွန်အောင်နေထိုင်နိုင်သူများနှင့် ဆေးဝါးကုသမှုခံယူရန် ငွေကုန်ကြေးကျခံနိုင်သူများကို စီးပွားရေးကောင်းသူများဟူ၍ယူဆကြပါသည်။

## နေထိုင်သည့် နေရာအလိုက်

ကျေးလက်နှင့် မြို့ပြဒေသများအတွင်း လူနေမှုဘဝ ပြည်စုံဖူလုံမှု ဆိုင်ရာ ရှုထောင့်အမြင်များနှင့်စပ်လျဉ်း၍FGDတွင်ပါဝင်သူများ၏ သိမြင်နားလည်မှုများသည် (ထူးခြားမှုအဆင့် ၁ ရာခိုင်နှုန်းတွင်)ဆက်စပ်မှုရှိနေသော်လည်းကွဲပြားခြားနားမှု တချို့ကိုမီးမောင်းထိုးပြနိုင်ပါသည်။

- ကျေးလက်ပြည်သူများသည် စားဝတ်နေရေးအတွက် စိုက်ပျိုးရေးကိုသာ အများအားဖြင့် အားထားရသဖြင့် မြေယာပိုင်ဆိုင်မှုသည် ကျေးလက်နေသူတို့၏ စားဝတ်နေရေးအခြေအနေအတွက် ဒုတိယအရေးကြီးသည့် ရှုထောင့်အမြင်ဖြစ်နေခြင်းမှာ အချက်အလက်ခိုင်မာမှုကျိုးကြောင်းဆီလျော်မှုရှိပါသည်။ အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးမြေဧရိယာပိုင်ဆိုင်မှုသည်ကျေးလက်ပြည်သူများအတွက် စားဝတ်နေရေးအခြေအနေကောင်းမွန် တိုးတက်အောင် ပြုလုပ်နိုင်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အလားတူပင် ပြည်ထောင်စုအဆင့်တွင် ခိုင်းကျွဲ/ နွား ကဲ့သို့သောလုပ်ငန်းခွင်သုံးတိရစ္ဆာန်ကို စားဝတ်နေရေး အခြေအနေ များ၏ ရှုထောင့်အမြင် တစ်ခုအဖြစ် စတုတ္ထအဆင့်ပေးထားသည်။ ထိုနည်းတူစွာ ပစ္စည်းကိရိယာနှင့် စက်ပစ္စည်း ကိရိယာပိုင်ဆိုင်မှု၊ လယ်ယာလုပ်ကွက် အရွယ်အစား၊ စပါးအထွက်တို့မှာ ကျေးလက်ဒေသများတွင် စားဝတ်နေရေးအခြေအနေနှင့် စပ်လျဉ်း၍ အရေးကြီးသည့် ရှုထောင့်အမြင်များအဖြစ်သတ်မှတ်ဖော်ထုတ်ထားသည်။ (အဆင့် ၁၂၊ ၁၃ နှင့် ၁၄ အသီးသီးအဆင့် ပေးထားပါသည်။)
- ကျေးလက် ဒေသများမှ FGD တွင် ပါဝင်သူများသည်မြို့ပြဒေသမှ FGD တွင် ပါဝင်သူများထက် ပညာရေးကို အဆင့်ပိုပေးခဲ့သည် (အဆင့် ၇ နှင့် အဆင့် ၁၃)။ ဤသို့ ဖြစ်ရခြင်းမှာ မြို့ပြတွင် ကျေးလက်ထက် ပညာရေးအခွင့်အလမ်း ပိုမို မြင့်မားခြင်းနှင့် ကျေးလက်မှကလေးသူငယ်များသည် အထက်တန်း ပညာသင်ယူနိုင်ရန် အတွက် မြို့ပြသို့ သွားရောက်ကြရခြင်း သို့မဟုတ် ကျောင်းအိပ်ကျောင်းစားနေကြရသည့်အတွက် မိဘများအဖို့ စရိတ်ကြီးသဖြင့် အထက်တန်းပညာကိုလက်လှမ်းမီရန် ခက်ခဲလေ့ရှိခြင်း တို့ကြောင့်ဖြစ်နိုင်သည်။
- စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှုကို မြို့ပြ (အဆင့်-၂) တွင် စီးပွားရေးအခွင့်အလမ်းနည်းပါးသည့် ကျေးလက်ဒေသ(အဆင့်-၆ )ထက်အဆင့်ပိုမြင့်စွာပေးထားသည်။
- ကား/မော်တော် ဆိုင်ကယ်အစရှိသည့် ယာဉ်တစ်စီး ပိုင်ဆိုင်မှုကို စားဝတ်နေရေး အခြေအနေကောင်းမွန်မှု၏ အရေးပါသည့် ရှုထောင့်အမြင်တစ်ခုအဖြစ် သိမြင်နားလည်ကြပြီး အထူးသဖြင့် (အဆင့် ၃) ပေးထားသည့် မြို့ပြဒေသတွင် ဤသို့ သိမြင်နားလည်ကြပါသည်။

- ငွေကြေး သုံးစွဲနိုင်မှုသည် မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် ပို၍အရေးကြီးဟန်ရှိပါသည်။ယင်းကို မြို့ပြတွင် အဆင့် ၁၄ ပေးထားပြီး ကျေးလက်တွင်အဆင့် ၂၂ ပေးထားပါသည်။ မြို့ပြတွင် ကျေးလက်ထက် ငွေကြေးသုံးစွဲရသည့် အခွင့်အလမ်း ပိုမိုများပြားသည့်အပြင် မြို့ပြဒေသ၏စီးပွားရေးသည် ကျေးလက်ဒေသများထက် ပိုမိုပြီး ငွေကြေးအရင်းခံသည့် အချက်ကြောင့် ဤသို့ဖြစ်နိုင်ပါသည်။

- ပုံမှန်ဝင်ငွေ သို့မဟုတ် လစာရရှိမှုသည် စားဝတ်နေရေး အခြေအနေကောင်းမွန်မှုအတွက်အရေးကြီးသည့် ရှုထောင့်အမြင် တစ်ခုဖြစ်ပြီး အများအားဖြင့် မြို့ပြဒေသတွင် အများဆုံး ရှုမြင်ကြသည်။ ကျေးလက် ဒေသ၏ အဆင့် ၂၅နှင့် နှိုင်းယှဥ်ပါက မြို့ပြဒေသတွင် အဆင့် ၆ ရှိသည်။ ဤအချက်က မြို့ပြဒေသတွင် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ ကောင်းမွန်မှု ရှိစေနိုင်ရန်အတွက် အလုပ်အကိုင် ရှိမှုနှင့် အလုပ်ရနိုင်မှုတို့၏ ပိုမိုအရေးပါမှုကို ထင်ဟပ်ပြနေသည်။

- အိမ်ထောင်စုတစ်ခုတွင် မှီခိုသူဦးရေနှင့် နှိုင်းယှဥ်လျှင် အလုပ်လုပ်သူဦးရေကို ဆိုလိုသည့် မှီခိုမှု အချိုးနိမ့်မှုသည် စားဝတ်နေရေး အခြေအနေတို့ကို အရေးပါသည့် ပြဌာန်းချက်တစ်ခုဖြစ်သည်။ ဝင်ငွေရရှိမှုသည် အလုပ်အကိုင်ရှိမှု ပေါ်တွင် အများအားဖြင့် မူတည်လျက်ရှိသည့် မြို့ပြ အခြေအနေ မျိုးအတွက် အဓိက အားဖြင့် ဤသို့ ဖြစ်ရသည်။ မြို့ပြအတွက် အဆင့် ၇ ပေးထားပြီး၊ ကျေးလက်အတွက် အဆင့် ၁၉ ပေးထားပါသည်။ အလားတူစွာပင် စားဝတ်နေရေး အခြေအနေများ၏ ရှုထောင့်အမြင် တစ်ခုအဖြစ် အလုပ်အကိုင်ရှိမှုကို မြို့ပြတွင် အဆင့် ၉ ပေးထားပြီး ကျေးလက်တွင် အဆင့် ၁၅ ပေးထားသည်။

လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ ရှုထောင့်အမြင်များသည် ပြည်ထောင်စု အဆင့်တွင် ဆက်စပ်မှု ရှိနေသော်လည်း စားဝတ်နေရေး အခြေအနေဆိုင်ရာ ညွှန်ကိန်းအမျိုးမျိုး၊ အထူးသဖြင့် စီးပွားရေး လုပ်ဆောင်ချက်များနှင့် ပိုင်ဆိုင်မှု ပစ္စည်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ညွှန်ကိန်းများကို ဖော်ထုတ်သတ်မှတ်ခြင်းသည် လျော်ကန် သင့်မြတ်ကြောင်းပြသည့် အနေဖြင့် ကျေးလက်နှင့်မြို့ပြမှပါဝင်သူများအကြားတွင် ရှုထောင့်အမြင်များသည် အရေးပါလှစွာ ကွဲပြားခြားနားနေပါသည်။

**ကျား / မ အလိုက်**

လူနေမှုဘဝ ပြည့်စုံဖူလုံမှု ရှုထောင့်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်တွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ သိမြင်နားလည်မှုများအကြား ဆက်စပ်မှုရှိနေပါသည်။ (ထူးခြားမှုအဆင့် ၁.၀% ဖြစ်ပါသည်။) သို့ရာတွင် ကွာခြားချက်အနည်းငယ်ကို ထောက်ပြနိုင်ပါသည်။

- လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ လူမှုရေးဆိုင်ရာ ရှုထောင့်အမြင်များနှင့် စပ်လျဉ်းသည့် အစားအစာ၏ အရည်အသွေး၊ ဝတ်အစား၊အစားအသောက် ပမာဏနှင့်မိသားစုအရွယ်တို့အပေါ်တွင် အရေးပါမှုကို အမျိုးသမီးက အမျိုးသားထက် အနည်းငယ်ပို၍ အရေးပါမှု မပေးခဲ့ကြသော်လည်း ပညာရေးနှင့် ကျန်းမာရေးကို အမျိုးသားက အမျိုးသမီးထက်ပို၍ အရေးပါမှုအဆင့်ပေးခဲ့ကြသည်။
- လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ စီးပွားရေးဆိုင်ရာ ရှုထောင့်အမြင်များဖြစ်သည့် ယာဥ်ပိုင်ဆိုင်မှု၊ စီးပွားရေးအခြေအနေ ကောင်းမွန်မှု၊ ငွေကြေးသုံးစွဲနိုင်မှု၊ ဝင်ငွေ/ထွက်ငွေ မျှတသည့် အိမ်ထောင်စု အသုံးစရိတ်၊ လယ်ယာလုပ်ကွက် အရွယ်အစားနှင့် မိဘဘိုးဘွားများထံမှ အမွေရရှိမှုတို့ကိုအမျိုးသားက အမျိုးသမီးထက် ပို၍အရေးပါမှု အဆင့်ပေးခဲ့ကြပါသည်။ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း၊ လုပ်ငန်းခွင်သုံးတိရစ္ဆာန်ပိုင်ဆိုင်မှု၊ လျှပ်စစ်အသုံးအဆောင် ပစ္စည်း၊ ရွှေနှင့် လက်ဝတ်လက်စား၊ ပစ္စည်းကိရိယာနှင့် စက်ပစ္စည်းကိရိယာ၊ စပါးထွက်ရှိမှုတို့ကို အမျိုးသမီးက အမျိုးသားထက် ပို၍ အရေးပါမှု အဆင့်ပေးခဲ့ကြသည်။

ခြုံ၍ကြည့်လျှင်အမျိုးသားနှင့်အမျိုးသမီးတို့အကြား ရှုထောင့်အမြင်များ၏ အရေးပါမှုသည် ပြောင်းလဲနိုင်သော်လည်း ကျားနှင့် မကွဲပြားမှုသည် လူနေမှုဘဝပြည့်စုံဖူလုံမှု၏ ရှုထောင့်များကိုသိမြင်နားလည်မှုများအပေါ်ကြီးမားသော အကျိုးသက်ရောက်မှုရှိဟန်မတူပေ။ အမှန်စင်စစ် အမျိုးသားရောအမျိုးသမီးများပါ လူနေမှုဘဝပြည့်စုံဖူလုံမှု၏ လူမှုရေးသွင်ပြင် လက္ခဏာများနှင့် စီးပွားရေးသွင်ပြင်လက္ခဏာများတွင် နစ်မြုပ်နေကြပါသည်။

**အသက် အုပ်စုအလိုက်**

လူနေမှုဘဝ ပြည့်စုံဖူလုံမှု ရှုထောင့်များ အပေါ် အသက်အုပ်စု အလိုက်သိမြင်နားလည်မှု များသည် မြင့်မြင့်မားမား ဆက်စပ်လျှက်ရှိပါသည်။ (r=၀.၉၂၂ ဖြစ်ပါသည်။) ဆိုလိုသည်မှာ လူငယ် ပါဝင်သူများနှင့် လူကြီး ပါဝင်သူများတို့၏ သိမြင် နားလည်မှုများသည် ချွင်းချက် အနည်းငယ်မှအပ ဆင်တူကြပါသည်။

- ပြည်ထောင်စုအဆင့်တွင် FGD တွင် ပါဝင်သည့် လူငယ်များသည် လူကြီး ပါဝင်သူများထက် အနည်းငယ် ပိုမြင့်စွာ အောက်ပါလူနေမှုဘဝပြည်စုံဖူလုံမှုရှုထောင့်များကို အဆင့်ပေးခဲ့သည်။ အဝတ်အစားကောင်းမွန်မှု၊ ပုံမှန်ဝင်ငွေရရှိမှု၊ ငွေကြေးသုံးစွဲနိုင်မှု၊ ရွှေနှင့် လက်ဝတ်လက်စား ပိုင်ဆိုင်မှုတို့နှင့် ဥစ္စာနေပြည့်စုံသူများသည် ၎င်းတို့၏ နေထိုင် စားသောက်မှုအတွက် ပူပင်ကြောင့်ကြစရာများ မရှိဟူသည့် စိတ်ကူးထင်မြင်ချက်များ၊
- ပြည်ထောင်စု အဆင့်တွင် FGD တွင် ပါဝင်သည့် လူကြီးများသည် လူငယ်များထက် အနည်းငယ်ပိုသော အရေးပါမှုအဆင့်ကို အောက်ပါလူနေမှုဘဝ ပြည့်စုံဖူလုံမှု ရှုထောင့်များအားပေးခဲ့သည်။မှီခိုမှုအချိုးနိမ့်မှု၊အလုပ်အကိုင်ရှိမှုနှင့် ကောင်းမွန်သည့် စားဝတ်နေရေးအခြေအနေ(နေထိုင်မှု အဆင့်အတန်း)

FGD တွင် ပါဝင်သည့် လူငယ်နှင့် လူကြီးတို့၏ လူနေမှုဘဝ ပြည်စုံဖူလုံမှု ရှုထောင့်များ အပေါ် သိမြင်နားလည်မှုများတွင် ပြည်ထောင်စု အဆင့်အတွက် စုပေါင်းလိုက်သောအခါ ကွဲပြားခြားနားမှုများရှိနေစေကာမူ အဆိုပါ လူမှု/စီးပွား အုပ်စုနှစ်ခုကို တစ်သီးတစ်ခြားစီခွဲ၍ စားဝတ်နေရေးအခြေအနေပြ ညွှန်ကိန်းများအားဖြင့် လေ့လာရန် လျော်ကန်သင့်မြတ်ကြောင်း ပြလောက်သည့် လုံလောက်သော ကွဲပြားခြားနားမှု များရှိဟန်မတူပေ။

## *အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်များ (FWBF)*

FGD မှ ရရှိသည့် အချက်အလက်များကို အခြေပြု၍ အခြေခံလူနေမှုဘဝ ပြည့်စုံဖူလုံမှုမှီချက်(FWBF)များကို တည်ဆောက်ခဲ့သည့် အပြင် FGD များမှ လေ့လာရရှိသည့် ရလဒ်များကို ပြည်ထောင်စုအဆင့်တွင် စုစည်းပြီး ကျေးလက်/မြို့ပြဒေသများနှင့် လူမှု/စီးပွား အတန်းအစား တစ်ခုချင်းအလိုက် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်

အောက်ဖော်ပြပါ မှီချက်သည် FGD တွင် ပါဝင်သူများက သတ်မှတ် ဖော်ထုတ်ပေးခဲ့သည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ အဓိက ရှုထောင့် အမြင်၁၀ ခု နှင့် ၎င်းတို့၏ နှိုင်းရှည့်အလေးများကို ဖော်ပြထားပါသည်။

$FWBF_{ပြည်ထောင်စု}$ = **၀.၀၇၈ နေအိမ်ကောင်းမွန်မှု + ၀.၀၅၉ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၂ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၈ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၇ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၄၆ မြေယာပိုင်ဆိုင်မှု + ၀.၀၃၆ ရင်းနှီး မြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၄ ပညာရေး ကောင်းမွန်မှု + ၀.၀၃၃ ပုံမှန်ဝင်ငွေရရှိမှု + ၀.၀၃၁ အစားအစာ ပေါများမှု**

ပြည်ထောင်စုအဆင့်တွင် ပဓာနကျသည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင်များမှာ အခြေခံ လိုအပ်ချက်များဖြစ်သည့် နေအိမ်၊ အစားအစာ၊ အဝတ်အစားနှင့် ပညာရေးတို့ကို ဖြည့်ဆည်းပေးနိုင်မှုနှင့် ချိတ်ဆက်နေပါသည်။ အခြား ရှုထောင့် အမြင်များဖြစ်သည့် စီးပွားရေး လုပ်ငန်း (သို့မဟုတ်) မြေယာပိုင်ဆိုင်မှု၊ ပုံမှန်ဝင်ငွေရရှိမှုတို့သည် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများနှင့်ချိတ်ဆက်နေပါသည်။ ယာဥ်ပိုင်ဆိုင်မှုမှာ အများအားဖြင့်ပို၍ ကြွယ်ဝချမ်းသာသည့် အိမ်ထောင်စု(သို့)ပုဂ္ဂိုလ်များကို သတ်မှတ်ဖော်ထုတ်သည့်နည်းတစ်ခုဖြစ်ပါသည်။

## နေထိုင်သည့် နေရာအလိုက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်

$FWBF_{ကျေးလက်}$ = **၀.၀၇၅ နေအိမ်ကောင်းမွန်မှု + ၀.၀၆၉ မြေပိုင်ဆိုင်မှု + ၀.၀၄၇ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၄ လုပ်ငန်းခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်မှု + ၀.၀၄၃ အဝတ်အစား ကောင်းမွန်မှု + ၀.၀၄၂ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှု + ၀.၀၃၉ ပညာရေး ကောင်းမွန်မှု + ၀.၀၃၅ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၄ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၃၃ အစားအစာ ပေါများမှု**

ကျေးလက်အတွက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်သည် မြို့ပြအတွက် မှီချက်နှင့် ကွဲပြား ခြားနားနေပါသည်။ ကျေးလက်အတွက် မှီချက်တွင် ပါဝင်ပြီး မြို့ပြအတွက် မှီချက်တွင် မပါဝင်သည့် ရှုထောင့်များမှာ မြေယာ ပိုင်ဆိုင်မှု၊ လုပ်ငန်းခွင်သုံး တိရစ္ဆာန်ပိုင်ဆိုင်မှု၊ ပညာရေး ကောင်းမွန်မှုနှင့် အစားအစာပမာဏ (အစားအစာ ပေါများမှု) တို့ဖြစ်ပါသည်။

$FWBF_{\text{မြို့ပြ}}$ = ၀.၀၈၁ နေအိမ်ကောင်းမွန်မှု + ၀.၀၇၆ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှု + ၀.၀၆၀ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၅၈ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၅၃ အဝတ်အစား ကောင်းမွန်မှု +၀.၀၅၁ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၄၁ မှီခိုမှု အချိုး နိမ့်ကျမှု + ၀.၀၃၆ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၂ အလုပ်အကိုင်ရှိမှု + ၀.၀၃၀ ကျန်းမာရေး ကောင်းမွန်မှု

မြို့ပြဒေသများအတွက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်တွင် ပါဝင်ပြီး ကျေးလက်ဒေသများအတွက်မှီချက်တွင်မပါရှိသည့်ရှုထောင့်များမှာ မှီခိုမှုအချိုးနိမ့်မှု၊ အလုပ်အကိုင်ရှိမှုနှင့် ကျန်းမာရေး ကောင်းမွန်မှု တို့ဖြစ်ပါသည်။

## ကျား/မ အလိုက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်

$FWBF_{\text{အမျိုးသား}}$ = ၀.၀၇၄ နေအိမ် ကောင်းမွန်မှု + ၀.၀၆၃ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၄၇ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၄၄ မြေယာပိုင်ဆိုင်မှု + ၀.၀၄၂ ပညာရေး ကောင်းမွန်မှု + ၀.၀၄၀ အဝတ်အစား ကောင်းမွန်မှု + ၀.၀၃၈ ကျန်းမာရေး ကောင်းမွန်မှု + ၀.၀၃၇ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၃၆ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၃၆ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း

အမျိုးသားအတွက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်သည် အမျိုးသမီးအတွက် မှီချက်နှင့် ကွဲပြားခြားနားပြီး ရှုထောင့်တစ်ချို့သည် အမျိုးသားအတွက် မှီချက်တွင်ပါဝင်ပြီး အမျိုးသမီးအတွက် မှီချက်တွင် မပါဝင်ပါ။ ယင်းရှုထောင့်များမှာ ပညာရေးကောင်းမွန်မှု၊ ကျန်းမာရေး ကောင်းမွန်မှုနှင့် ပုံမှန်ဝင်ငွေရရှိမှုတို့ဖြစ်ပါသည်။

$FWBF_{\text{အမျိုးသမီး}}$ = ၀.၀၈၂ နေအိမ်ကောင်းမွန်မှု + ၀.၀၆၈ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၅၇ အဝတ်အစား ကောင်းမွန်မှု + ၀.၀၅၆ စီးပွားရေး လုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၄၈ မြေပိုင်ဆိုင်မှု + ၀.၀၄၇ ယာဥ် ပိုင်ဆိုင်မှု + ၀.၀၃၅ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၂ အစားအစာ ပေါများမှု + ၀.၀၃၁ လုပ်ငန်းခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်မှု + ၀.၀၃၁ မှီခိုမှု အချိုး နိမ့်မှု

အမျိုးသမီးအတွက် မှီချက်တွင် ပါဝင်ပြီး အမျိုးသားအတွက် မှီချက်တွင် မပါဝင်သည့် ရှုထောင့်များမှာ အစားအစာပမာဏ (အစားအစာ ပေါများမှု)၊ လုပ်ငန်းခွင်သုံးတိရစ္ဆာန် ပိုင်ဆိုင်မှုနှင့် မှီခိုမှုအချိုးနိမ့်မှုတို့ဖြစ်ပါသည်။

## အသက်အုပ်စုအလိုက် အခြေခံ လူနေမှုဘဝ ပြည့်စုံဖူလုံမှု မှီချက်

$FWBF_{လူငယ်}$ = ၀.၀၈၁ နေအိမ်ကောင်းမွန်မှု + ၀.၀၆၃ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၆ အဝတ်အစား ကောင်းမွန်မှု + ၀.၀၅၄ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၅၀ ယာဉ် ပိုင်ဆိုင်မှု + ၀.၀၄၅ မြေပိုင်ဆိုင်မှု + ၀.၀၃၉ ပုံမှန်ဝင်ငွေ ရရှိမှု + ၀.၀၃၃ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၂ ငွေကြေးသုံးစွဲနိုင်မှု + ၀.၀၃၁ ပညာရေး ကောင်းမွန်မှု

အသက်အုပ်စု အလိုက် အခြေခံ လူနေမှုဘဝပြည့်စုံဖူလုံမှုမှီချက်များသည် ရှုထောင့်အမြင် (၂) ခု ၌သာ ကွဲလွဲချက် ရှိပါသည်။ FGD တွင် ပါဝင်သည့် လူငယ်အတွက် မှီချက်တွင် ပါဝင်ပြီး လူကြီးအတွက် မှီချက်တွင် မပါဝင်သည့် ရှုထောင့်များမှာ ပုံမှန်ဝင်ငွေရရှိမှုနှင့် ငွေကြေးသုံးစွဲနိုင်မှုတို့ ဖြစ်ပါသည်။ လူကြီး ပါဝင်သူများအတွက် မှီချက်တွင်သာ ပါဝင်ပြီး လူငယ်ပါဝင်သူများအတွက် မှီချက်တွင် မပါဝင်သည့် ရှုထောင့်နှစ်ရပ်တို့မှာ အလုပ်အကိုင်ရှိမှုနှင့် မှီခိုမှုအချိုးနိမ့်မှုတို့ ဖြစ်ပါသည်။

$FWBF_{လူကြီး}$ = ၀.၇၅ နေအိမ်ကောင်းမွန်မှု + ၀.၀၅၆ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု + ၀.၀၅၀ အစားအစာ အရည်အသွေး ကောင်းမွန်မှု + ၀.၀၄၈ မြေပိုင်ဆိုင်မှု + ၀.၀၄၄ ယာဉ် ပိုင်ဆိုင်မှု + ၀.၀၄၁ အဝတ်အစား ကောင်းမွန်မှု + ၀.၀၃၈ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း + ၀.၀၃၇ ပညာရေး ကောင်းမွန်မှု + ၀.၀၃၆ အလုပ်အကိုင်ရှိမှု + ၀.၀၃၆ မှီခိုမှုအချိုး နိမ့်မှု

## *ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့် အမြင်များ*

FGD တွင် ပါဝင်သူများက သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အဓိက ရှုထောင့် အမြင်များကို စုပေါင်းပြီး ပြည်ထောင်စု အဆင့်အတွက် ကျေးလက်/ မြို့ပြအလိုက်၊ ကျား / မအလိုက်၊ အသက်အုပ်စု အလိုက်ဇယား (၂-၂) [၂၉] တွင်ဖော်ပြထားပါသည်။

---

[၂၉] ဤဇယားသည် ပြည်ထောင်စုအဆင့်အတွက် စားဝတ်နေရေး အခြေအနေနှင့် သက်ဆိုင်သည့် အဓိက ရှုထောင့်အမြင် ၂၀ ကို ဖော်ပြထားပါသည်။ ရှုထောင့်အမြင် အားလုံး ပါဝင်သည့် ဇယားကို နောက်ဆက်တွဲ ဇယား (၅) တွင် ဖော်ပြထားပါသည်။

ဇယား ၂-၂။ FGD တွင် ပါဝင်သူအမျိုးအစားအလိုက်၊ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များ

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်များအတွက် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေ ရရှိမှု (ကျပန်းအလုပ်သမား) | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| အစားအစာ ပမာဏ နည်းပါးမှု | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| မှီခိုမှုအချိုး မြင့်မားမှု | ၃ | ၆ | ၃ | ၃ | ၅ | ၇ | ၃ |
| မိသားစုအရွယ်အစား ကြီးမှု | ၄ | ၈ | ၄ | ၅ | ၄ | ၄ | ၄ |
| နေအိမ်အမျိုးအစား | ၅ | ၃ | ၅ | ၆ | ၃ | ၃ | ၆ |
| အိမ်ထောင်စု ဝင်ငွေ /ထွက်ငွေ မမျှတမှု | ၆ | ၅ | ၆ | ၄ | ၈ | ၅ | ၈ |
| ပညာရေး အဆင့် နိမ့်ကျမှု | ၇ | ၄ | ၈ | ၇ | ၆ | ၆ | ၅ |
| အစားအစာ အရည်အသွေး နိမ့်ကျမှု | ၈ | ၇ | ၉ | ၈ | ၇ | ၈ | ၇ |
| အလုပ်လက်မဲ့ဖြစ်မှု | ၉ | ၁၃ | ၇ | ၉ | ၉ | ၁၀ | ၁၁ |
| ကြွေးမြီတင်ရှိမှု | ၁၀ | ၁၀ | ၁၁ | ၁၀ | ၁၀ | ၁၃ | ၉ |
| ကျန်းမာရေး ချို့တဲ့မှု | ၁၁ | ၉ | ၁၂ | ၁၁ | ၁၂ | ၁၁ | ၁၀ |
| ဝင်ငွေနိမ့်ကျမှု/ ပုံမှန်ဝင်ငွေ မရှိမှု | ၁၂ | ၁၂ | ၁၀ | ၁၂ | ၁၁ | ၉ | ၁၃ |
| အဝတ်အစား နွမ်းပါးမှု | ၁၃ | ၁၁ | ၁၃ | ၁၃ | ၁၃ | ၁၂ | ၁၂ |
| ငွေကြေးသုံးစွဲနိုင်မှု နည်းပါးမှု | ၁၄ | ၁၆ | ၁၄ | ၁၄ | ၁၅ | ၁၅ | ၁၄ |
| စားဝတ်နေရေး အခြေအနေ ဆိုးရွားမှု | ၁၅ | ၁၅ | ၁၆ | ၁၅ | ၁၆ | ၁၄ | ၁၈ |
| မြေမဲ့ယာမဲ့ ဖြစ်မှု | ၁၆ | ၁၄ | ၂၂ | ၁၈ | ၁၄ | ၁၆ | ၁၅ |
| အကျင့်စရိုက် | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၆ |
| ငွေကြေးချို့တဲ့မှု | ၁၈ | ၁၉ | ၁၉ | ၂၁ | ၁၈ | ၁၈ | ၂၀ |
| ခက်ခဲကြမ်းတမ်းသည့် အလုပ်အကိုင် အခြေအနေ | ၁၉ | ၂၄ | ၁၅ | ၁၆ | ၂၅ | ၁၉ | ၂၃ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု | ၂၀ | ၂၂ | ၁၈ | ၁၉ | ၂၀ | ၂၃ | ၁၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၉၅၅)
- ကျား/ မ အရ (r=၀.၉၃၁)
- အသက်အုပ်စု အရ (r=၀.၉၄၁)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

## ပြည်ထောင်စုအဆင့်

FGD တွင် ပါဝင်သူများကသိမြင်နားလည်ခဲ့သည့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အဓိက ရှုထောင့်အမြင်များကို ပြည်ထောင်စုအဆင့် စုစည်းရရှိချက်မှာ (၁) တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရရှိမှု (ကျပန်းလုပ်သား)(၂) အစားအစာပမာဏနည်းပါးမှု (၃) မှီခိုမှုအချိုး မြင့်မားမှု (၄) မိသားစုအရွယ်အစားကြီးမှု(၅)နေအိမ်အမျိုးအစား(၆)အိမ်ထောင်စုဝင်ငွေ / ထွက်ငွေ မမျှတမှု (၇) ပညာရေးအဆင့်နိမ့်ကျမှု (၈) အစား အစာ အရည်သွေး နိမ့်ကျမှု (၉) အလုပ်လက်မဲ့ ဖြစ်မှု (၁၀)ကြွေးမြီတင်ရှိမှုနှင့် ကျန်းမာရေးချို့တဲ့မှု တို့ဖြစ်ပါသည်။

တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရခြင်း၊ တစ်နေ့လုပ်မှ တစ်နေ့စားရခြင်း (သို့မဟုတ်) ပုံမှန် အလုပ်မရှိခြင်းကို ဆင်းရဲနွမ်းပါးမှု၏ အရေးပါဆုံး ရှုထောင့်အမြင်အဖြစ် အဆင့် ပေးထားသည်။ ကျပန်း အလုပ်သမားအဖြစ် လုပ်ကိုင်နေသူများသည် ဆင်းရဲချို့တဲ့ကြပြီး ၎င်းတို့၏ အသက်

မွေးဝမ်းကျောင်းမှုကို ထိန်းသိမ်းနိုင်စွမ်း မရှိကြပါ။ နေ့စဉ်နေ့တိုင်းသည်အစားအစာဝယ်ယူရန်ဝင်ငွေ လုံလောက်စွာ ရရှိဖို့အတွက် ရုန်းကန်လှုပ်ရှားမှု တစ်ခု ဖြစ်နေသည်။

*"အခက်အခဲ ကြုံတွေ့နေကြရသည့် အိမ်ထောင်အများစုမှာ မိသားစုဝင် ဦးရေများပြားစွာရှိကြသည်။ သူတို့တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း မရှိကြပါ။ ၎င်းတို့သည် ကျပန်းလုပ်သားများ ဖြစ်ပြီး တစ်နေ့လုပ်မှ တစ်နေ့စားရသူများ ဖြစ်ပါသည်။ ၎င်းတို့သည် သားသမီးများကို ကျောင်းလည်း မထားနိုင်၊ အဝတ်အစားလည်း မဆင်နိုင်၊ ကောင်းစွာလည်း မကျွေးမွေးနိုင်ကြပါ။ မိသားစု ခုနစ်ယောက်တွင် နှစ်ယောက်သာ အလုပ်လုပ်နေပြီး နှစ်ယောက်မှ တစ်ယောက် ဖျားနာလျှင် မိသားစုတစ်စုလုံးကို မကျွေးမွေးနိုင်ပါ။ တစ်နေ့ထက်တစ်နေ့ အခက်အခဲများ ပို၍ပို၍ ဖြစ်လာပြီး မိသားစုအဖို့ ပြဿနာတစ်ခု ဖြစ်လာပါတော့သည်။"*

လူကြီး၊ ရပ်ကွက်
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

လူနေမှုဘဝပြည့်စုံဖူလုံမှုဆိုင်ရာရှုထောင့်အမြင်များတွင် အစားအစာ အရည်အသွေးကို အစားအစာပမာဏ(အစားအစာပေါ်များမှု)ထက်ပို၍မြင့်စွာအဆင့်ပေးထားပါသည်။ အခြားတစ်ဖက်တွင် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များတွင် အစားအစာ စားသုံးမှုပမာဏ နည်းပါးခြင်းကို အစားအစာ အရည်အသွေး နိမ့်ကျမှုထက် ပို၍ မြင့်စွာ အဆင့်ပေးထားပါသည်။ (အဆင့် ၂ နှင့် အဆင့် ၈)

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေများ သတ်မှတ်ရာတွင် မှီခိုသူအချိုးသည် အိမ်ထောင်စု အရွယ်အစား ထက်ပို၍ အလွန်အရေးကြီးပါသည်။ ငယ်ရွယ်သည့် သားသမီးများရှိသည့် မိသားစုများတွင် မိဘများကသာ အလုပ်လုပ်ကိုင်နိုင်ကြပြီး သားသမီးများ၏ ပညာရေးအတွက် ကုန်ကျကြရသဖြင့် အခြားသော မိသားစုများနှင့်နှိုင်းယှဉ်ပါကပို၍ဆင်းရဲလေ့ရှိသည်။သို့ရာတွင် ကလေးများကြီးပြင်းလာ၍ အလုပ်အကိုင်များ ရရှိလာကြသည့်အခါ မိသားစုကို ငွေကြေးအားဖြင့် ကူညီပေးကြပါသည်။ ဤအချက်သည်ဆင်းရဲသည့် အိမ်ထောင်စုများက မိသားစုကိုကူညီရန် အလို့ငှာ သားသမီးအကြီးများကိုတစ်ခါတစ်ရံကျောင်းမှ နုတ်သွားရသည့် အကြောင်းရင်းများအနက် တစ်ခု ဖြစ်လျှက်ရှိပါသည်။ လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာရှုထောင့်အမြင်များအဖြစ်မှီခိုမှု အချိုးထက် မိသားစုအရွယ်အစားကို များစွာအဆင့်နိမ့်၍ပေးထားပါသည်။(အဆင့်၁၂ နှင့်အဆင့် ၂၈ အသီးသီးဖြစ်ကြပါသည်။)

နေထိုင်သည့် နေအိမ် အမျိုးအစားသည်လည်း အိမ်ထောင်စုတစ်ခု ဆင်းရဲသည်ကိုသိရှိနိုင်သည့် နည်းတစ်ခုဖြစ်သည်။ ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စုများသ သက်ငယ်မိုး၊ ဓနိမိုး၊ ဝါးထရံကာ ဝါးကြမ်းခင်းထားသည့် အိမ်ငယ်များတွင် နေထိုင်ကြလိမ့်မည်။ ၎င်းတို့သည် မကြာခဏအိမ်မပြင်နိုင်ကြသဖြင့် အိမ်သည်ယိုယွင်းပြီး အခြေအနေဆိုးဝါးလျက်ရှိပါသည်။ နေအိမ် အမျိုးအစားကို လူနေမှုဘဝ ပြည့်စုံဖူလုံမှု၏ အရေးပါဆုံးရှုထောင့်အမြင်အဖြစ် အဆင့်ပေးထားပြီး ဆင်းရဲနွမ်းပါးမှု၏ ရှုထောင့်အမြင်အဖြစ်မှု အဆင့် ၅ ပေးထားသည်။

ဝင်ငွေ/ ထွက်ငွေ မျှတအောင် မလုပ်ဆောင်နိုင်ခြင်း (ဝင်ငွေနှင့်နှိုင်းယှဉ်လျှင် အသုံးစရိတ်)သည်လည်း ဆင်းရဲနွမ်းပါးမှု၏ အရေးပါသည့် ရှုထောင့်အမြင်တစ်ခု ဖြစ်ပါသည်။ မကြာခဏပင်အိမ်ထောင်စုများ၏ ဝင်ငွေသည် ယင်းတို့၏ အခြေခံအကျဆုံး လိုအပ်ချက်များ ဖြစ်သည့် အစားအစာ၊ အဝတ်အစားနှင့် နေအိမ်တို့အတွက် ကာမိအောင် လုံလောက်မှုမရှိပါ။ အိမ်ထောင်စုများသည် အသုံးစရိတ်များကို ကာမိစေရန်အတွက် မကြာခဏဆိုသလိုပင် ကြွေးမြီတင်ရှိကြလိမ့်မည်။ အိမ်ထောင်စု ဝင်ငွေထွက်ငွေ မျှတမှုကို လူနေမှုဘဝပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင် တစ်ခုအဖြစ်များစွာ နိမ့်ကျစွာအဆင့်ပေးထားပြီး အဆင့်မှာ ၂၃ ဖြစ်၍ ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်အရ ဆိုပါမူ အဆင့်၆ ပေးထားသည်။

ဆင်းရဲချို့တဲ့သူများသည် မကြာခဏ ၎င်းတို့ သားသမီးများကို ကျောင်းမထားနိုင်ကြပါ။ မြန်မာနိုင်ငံ ပြည်သူများအတွက် ပညာရေးသည် အလွန်အရေးကြီးပြီး သူတို့သည် စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်စေရန်အတွက် သားသမီးများ ပညာတတ်များဖြစ်ရန် အရေးကြီးကြောင်း သိရှိကြပါသည်။ ကံမကောင်းအကြောင်းမလှစွာပင်ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စုအများအပြားသည် ၎င်းတို့၏ သားသမီးများ အားလုံးကို ကျောင်းထားရန်အတွက် ငွေကြေးအင်အား ပြည့်စုံမှုမရှိကြပါ။ဆင်းရဲနွမ်းပါးမှုအတွက်ရှုထောင့်အမြင်နှင့် လူနေမှုဘဝပြည့်စုံဖူလုံမှုအတွက် ရှုထောင့်အမြင် နှစ်ခုစလုံးတွင် ပညာရေးကို အဆင့်တူနီးပါးမျှပေးထားပါသည်။

အလုပ်လက်မဲ့ ဖြစ်မှုသည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသည့် ရှုထောင့်အမြင်တစ်ခု ဖြစ်ပါသည်။ အလုပ်လက်မဲ့ ဖြစ်နေသူများသည် ဝင်ငွေတစ်စုံတစ်ရာ မရှိကြသည့်အတွက် ဆင်းရဲချို့တဲ့သူများအဖြစ် သိမြင်နားလည်ကြသည်။ အသေးအဖွဲ အလုပ်များကိုပင် မရနိုင်ကြသည့် (ကျပန်းအလုပ်သမားများ)သည်မကြာခဏ ၎င်းတို့မိသားစုအတွက် အစားအစာကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် လုပ်စရာအလုပ်အကိုင်တစ်ခု ရှာမရသေးမီ အစားအစာဝယ်ယူရန်အတွက် ပိုင်ဆိုင်မှုပစ္စည်းများကို ရောင်းချခြင်း၊ ကြွေးမြီတင်ရှိခြင်း ပြုကြရလိမ့်မည်။ ဤအချက်က ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးသည့် ရှုထောင့်အမြင်တစ်ခုအဖြစ်ကြွေးမြီတင်ရှိမှုက နောက်ဆက်၍ ဖြစ်ရခြင်းကို တစ်စိတ်တစ်ပိုင်း ရှင်းပြပါသည်။ ဆင်းရဲချို့တဲ့သူများသည် မကြာခဏ ကြွေးမြီတင်ရှိမှုများပြားလေ့ရှိပါသည်။ ၎င်းတို့၏ အခြေခံလိုအပ်ချက်များ ကာမိရန် ချေးငှားကြရပြီး ကြွေးမြီများကို အချိန်တိုင်းလောက်တွင် ပြန်မပေးဆပ်နိုင်သဖြင့် ဆင်းရဲတွင်း နက်သည်ထက် နက်ကြရပါတော့သည်။

ကျန်းမာရေးသည် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးသည့် ရှုထောင့်အမြင်တစ်ခု ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုသည် မကြာခဏ ကျန်းမာရေးကို ချို့တဲ့စေပြီး အပြန်အလှန်အားဖြင့် ကျန်းမာရေးချို့တဲ့မှုကလည်း ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေပြန်ပါသည်။ ဆင်းရဲချို့တဲ့သူများသည် မကြာခဏ ဆေးရုံ/ ဆေးခန်းများနှင့် ဆေးဝါးများကို လက်လှမ်းမမီကြပါ။ ထို့ကြောင့် ၎င်းတို့သည် ကာလရှည်ကြာစွာနေထိုင်မကောင်းဖြစ်နေကြပြီး အကျိုးဆက်အားဖြင့် အလုပ်မလုပ်နိုင် ဖြစ်လိမ့်မည်။

ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အခြားသော ရှုထောင့်အမြင်များမှာ ဝင်ငွေနည်းခြင်း၊ ပုံမှန်ဝင်ငွေ မရရှိခြင်း၊ အဝတ်အစားနွမ်းပါးခြင်း၊ ငွေကြေးသုံးစွဲနိုင်မှု နည်းပါးခြင်း၊ စားဝတ်နေရေး အခြေအနေ ဆိုးရွားခြင်း၊ မြေမဲ့ယာမဲ့ဖြစ်ခြင်း၊ မကောင်းသည့် အမူအကျင့်များ (အရက်သေစာသောက်စားခြင်း/ လောင်းကစားခြင်းစသည်)၊ ငွေကြေးချို့တဲ့ခြင်း၊ ကြမ်းတမ်းခက်ခဲသည့် လုပ်ငန်းခွင်အခြေအနေများ (အလုပ်၏ခက်ခဲကြမ်းတမ်းမှု)နှင့် ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိခြင်းတို့ ဖြစ်ပါသည်။

## နေထိုင်သည့် နေရာအလိုက်

ကျေးလက်နှင့် မြို့ပြအလိုက် FGD တွင် ပါဝင်သူများ၏ သိမြင်မှုများသည် ပြည်ထောင်စုအဆင့် စုစည်းရာတွင် ခိုင်မာစွာ ဆက်စပ်မှုရှိနေပြီး စပီးယားမင်း မြှောက်ဖော်ကိန်းမှာ(r= ၀.၉၅၅) ဖြစ်သဖြင့် အမျိုးသားအဆင့်စုစည်းထားသော ပြည်သူများ၏ သိမြင်နားလည်မှုများသည် ကျေးလက်နှင့်မြို့ပြအကြား လွန်စွာဆင်တူသည် ဟုဆိုလိုသည်။

မြို့ပြနှင့်နှိုင်းစာလျှင် ကျေးလက်အတွက် ပိုမိုအရေးပါသည့် ရှုထောင့်အမြင်များမှာပညာရေးနိမ့်ကျမှု၊ ကျန်းမာရေး ချို့တဲ့မှု၊ မြေမဲ့ယာမဲ့ ဖြစ်မှုနှင့် လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှုများဖြစ်ပါသည်။

ကျေးလက်ပါဝင်သူများနှင့် နှိုင်းစာပါက မြို့ပြပါဝင်သူများအတွက် ပိုမို အရေးပါသည့် ရှုထောင့်အမြင်များမှာ မှီခိုမှုအချိုးမြင့်မှု၊ မိသားစုအရွယ်အစားကြီးမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အလုပ်၏ ခက်ခဲကြမ်းတမ်းမှု၊ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိမှုတို့ ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်တွင် ကျေးလက်နှင့်မြို့ပြမှ ပါဝင်သူများ၏ ဆင်းရဲနွမ်းပါးမှု ဆိုင်ရာရှုထောင့်အမြင်များအတွက် သိမြင်နားလည်မှုများတွင် ကွဲပြားခြားနားမှုများသည် လူနေမှုဘဝ ပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင်များအတွက် သိမြင်နားလည်မှုများတွင် ကွဲပြားခြားနားမှုများ လောက်အရေးပါမှုမရှိပေ။

## ကျား / မ အလိုက်

FGD တွင် ပါဝင်သည့် အမျိုးသားနှင့်အမျိုးသမီးတို့၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များအတွက် သိမြင်နားလည်မှုတို့သည် မြင့်မားစွာ ဆက်စပ်လျက် ရှိပါသည်။ (r= ၀.၉၃၁ ဖြစ်ပါသည်။) ရှုထောင့်အမြင်အနည်းငယ်အတွက် အမျိုးသားရောအမျိုးသမီးပါ အရေးပါမှုအဆင့်ကို ပို၍မြင့်လျက်သတ်မှတ်ပေးထားသော်လည်းဆင်းရဲနွမ်းပါးမှုဆိုင်ရာ အဓိက ရှုထောင့်အမြင်များမှာမူ အလွန်ပင် ဆင်တူနေပါသည်။

အမျိုးသားက အမျိုးသမီးထက်ပို၍အရေးပါကြောင်း ဖော်ပြခဲ့သည့် ရှုထောင့်အမြင်များမှာ ဝင်ငွေထွက်ငွေ မမျှတသည့် အိမ်ထောင်စုအသုံးစရိတ်နှင့်အလုပ်၏ ခက်ခဲကြမ်းတမ်းမှုတို့ဖြစ်ပြီး အမျိုးသမီးက အမျိုးသားထက် ပို၍အရေးပါကြောင်းသတ်မှတ်ပေးသည့် ရှုထောင့်အမြင်များမှာ နေအိမ်အမျိုးအစားနှင့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် မကြာခဏ ဆင်းရဲချို့တဲ့ကြသည်ဟူသည့်အချက်တို့ပင်ဖြစ်ပါသည်။

ခြုံ၍ကြည့်လျှင် ပြည်ထောင်စုအဆင့်တွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် လူနေမှုဘဝပြည့်စုံဖူလုံမှု ရှုထောင့်အမြင်များထက် ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်များတွင် ပို၍သဘောတူညီမှုများရှိနေသည်။

## အသက်အုပ်စုအလိုက်

ဆင်းရဲနွမ်းပါးမှုဆိုင်ရ ရှုထောင့်အမြင်များ အပေါ် အသက်အုပ်စုအလိုက် သိမြင် နားလည်မှု များသည် မြင့်မားစွာ ဆက်စပ်လျက် ရှိပါသည်။ (r=၀.၉၄၁ ဖြစ်ပါသည်။) သို့သော်လည်း လူငယ် နှင့် လူကြီးပါဝင်သူတို့၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များကို ပေးထားသည့်အဆင့်များ တွင်မူ ကွဲပြားခြားနားမှုတချို့ကို တွေ့ရှိနိုင်ပါသည်။

လူငယ် ပါဝင်သူများက နေအိမ်အမျိုး အစား၊ အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မမျှတမှု၊ စားဝတ်နေရေး အခြေအနေဆိုးရွားမှု၊ လုပ်ကိုင်ရ သည့် အလုပ်၏ ခက်ခဲကြမ်းတမ်းမှု၊ စက်ဘီးမပိုင် ဆိုင်မှုတို့ကို အနည်းငယ် ပို၍အရေးပါကြောင်း ဖော်ပြခဲ့ပြီး လူကြီးပါဝင်သူများကမူ မှီခိုမှုအချိုး မြင့်မှု၊ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှုတို့ကို အနည်းငယ် ပို၍ အရေးပါကြောင်း ဖော်ပြခဲ့ကြပါ သည်။

အဆိုပါ လူငယ်နှင့် လူကြီးပါဝင်သူများ အကြား ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင် များကို အဆင့်ပေးရာတွင် ကွဲပြားခြားနားချက် တချို့ရှိနေသော်လည်း၊ သူတို့၏ သိမြင်နားလည်မှု များမှာ မြင့်မားစွာ ဆင်တူနေပါသည်။

## ၂-၂။ ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းများ

ဤအခန်းသည် လူအများအဘယ်ကြောင့် ဆင်းရဲရသည်ကို ပိုမို နားလည်သဘောပေါက်စေ ရန် ရည်ရွယ်ပါသည်။ ဤအခန်းတွင် ကျန်းမာရေး၊ ပညာရေး၊ရေနှင့်အညစ်အကြေးသန့်ရှင်းမှု၊ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပစ္စည်းကိရိယာ များနှင့် သွင်းအားစုများနှင့် ဆက်နွယ်သည့်သီးခြား အကြောင်းရပ်များအတွက် FGD တွင် ပါဝင်သူများ ၏ သိမြင်နားလည်မှုများကို ပြည်ထောင်စုအဆင့် စုစည်းဖော်ပြထားပါသည်။

## ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အဓိကအကြောင်းရင်းများ

ဇယား ၂-၃။ ပြည်ထောင်စုအဆင့်အတွက် FGD တွင် ပါဝင်သူများက သိမြင်နားလည်သော ဆင်းရဲနွမ်းပါးမှု ဖြစ်ရသည့် အဓိက အကြောင်းရင်းများကို အတန်းအစားအလိုက် ဖော်ပြချက်[၂၄]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ကျန်းမာရေး | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု | ၂ | ၂ | ၄ | ၄ | ၂ | ၄ | ၂ |
| မိသားစု အရွယ်အစားကြီးမှု / မှီခိုမှု အချိုးမြင့်မှု | ၃ | ၄ | ၃ | ၃ | ၃ | ၂ | ၅ |
| မိသားစု ဝင်ငွေ / ထွက်ငွေ မညီမျှမှု | ၄ | ၆ | ၂ | ၂ | ၅ | ၃ | ၄ |
| ကြွေးမြီတင်ရှိမှု | ၅ | ၃ | ၇ | ၅ | ၄ | ၅ | ၃ |
| အလုပ်လက်မဲ့ ဖြစ်မှု | ၆ | ၉ | ၆ | ၆ | ၆ | ၇ | ၆ |
| ဝင်ငွေ/လုပ်ခ နည်းပါးမှု | ၇ | ၁၁ | ၅ | ၇ | ၇ | ၆ | ၈ |
| ပညာရေး | ၈ | ၇ | ၉ | ၈ | ၈ | ၈ | ၇ |
| တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေရမှု (ကျပန်း အလုပ်သမား) | ၉ | ၁၀ | ၈ | ၉ | ၉ | ၉ | ၉ |
| ရာသီဥတု ဆိုးရွားမှု | ၁၀ | ၅ | ၁၁ | ၁၀ | ၁၁ | ၁၀ | ၁၀ |
| ကုန်စည်ပစ္စည်းဈေးနှုန်း ကြီးမြင့်မှု | ၁၁ | ၁၆ | ၁၀ | ၁၁ | ၁၀ | ၁၁ | ၁၁ |
| အထွက်လျော့နည်းမှု | ၁၂ | ၈ | ၂၁ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| သွင်းအားစု/ အလုပ်သမား/ ထုတ်လုပ်မှုစရိတ် ကြီးမြင့်မှု | ၁၃ | ၁၅ | ၁၄ | ၁၅ | ၁၄ | ၁၃ | ၁၄ |
| အစားအစာဈေးနှုန်း ကြီးမြင့်မှု | ၁၄ | ၂၆ | ၁၂ | ၁၄ | ၁၆ | ၁၆ | ၁၃ |
| ကြိုတင်ပေးငွေ | ၁၅ | ၁၄ | ၁၉ | ၁၆ | ၁၅ | ၁၄ | ၁၆ |
| ပစ္စည်းကိရိယာနှင့် ကိုယ်ပိုင် စက်ပစ္စည်းကိရိယာ မရှိမှု | ၁၆ | ၁၇ | ၁၆ | ၁၃ | ၂၂ | ၁၅ | ၁၈ |
| ကိုယ်ပိုင်လုံလောက်မှု မရှိခြင်း | ၁၇ | ၁၈ | ၁၈ | ၁၈ | ၁၃ | ၂၂ | ၁၅ |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှု | ၁၈ | ၁၂ | ၃၉ | ၁၇ | ၂၀ | ၂၁ | ၁၇ |
| မြေယာအရည်အသွေး ညံ့ဖျင်းမှု | ၁၉ | ၁၃ | ၄၀ | ၂၁ | ၁၇ | ၁၇ | ၁၉ |
| စီးပွားရေး အခွင့်အလမ်း နည်းပါးမှု | ၂၀ | ၂၉ | ၁၅ | ၂၀ | ၂၄ | ၂၀ | ၂၃ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၇၆၇)
- ကျား/ မ အရ (r=၀.၉၀၈)
- အသက်အုပ်စု အရ (r=၀.၉၂၆)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၂၄] ဤဇယားသည် ပြည်ထောင်စုအဆင့်အတွက် ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသည့် အဓိက အကြောင်းရင်း ၂၀ ကို ဖော်ပြထားပါသည်။ ရှုထောင့်အမြင် အားလုံးပါဝင်သည့် ဇယားကို နောက်ဆက်တွဲ (၅) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

FGD တွင်ပါဝင်သူများက ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် ကွဲပြား ခြားနားသော အကြောင်းရင်း ပေါင်း ၅၀ ကို သတ်မှတ်ဖော်ထုတ် ပေးခဲ့ပါသည်။ ထိုအထဲမှ ပြည်ထောင်စုအဆင့် သတ်မှတ်ဖော် ထုတ်ခဲ့သည့် အရေးအပါဆုံး ဖြစ်သည့် အကြောင်း ရင်း ၁၁ ခုတို့မှာ (၁) ကျန်းမာရေး (၂) ရင်းနှီးမြှုပ် နှံရန် ငွေလုံးငွေရင်း မရှိမှု (၃) မိသားစုအရွယ် အစားကြီးမှု / မှီခိုမှု အချိုးမြင့်မှု (၄) အိမ်ထောင်စု ဝင်ငွေထွက်ငွေ မမျှတမှု (၅) ကြွေးမြီတင်ရှိမှု (၆) အလုပ်လက်မဲ့ ဖြစ်မှု (၇) ဝင်ငွေ/လုပ်ခ နည်းပါးမှု (၈) ပညာရေး (၉) တစ်နေ့လုပ်မှ တစ်နေ့ဝင်ငွေ ရရှိမှု(ကျပန်းလုပ်ကိုင်ရမှု) (၁၀) ရာသီဥတုဆိုးရွား မှု (၁၁) ကုန်စည်ပစ္စည်း ဈေးနှုန်းကြီးမြင့်မှုတို့ဖြစ် ပါသည်။

ကျန်းမာရေး ဟူသည်မှာ အထူးအားဖြင့် ကျန်းမာရေး ပြဿနာများနှင့် ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမမီခြင်း တို့နှင့် ဆက်နွယ်နေပါသည်။ လူအများသည် ကျန်းမာရေးပြဿနာများကြောင့် ဆင်းရဲကြရသည့် အဖြစ်(သို့မဟုတ်) ဆင်းရဲတွင်းမှလွတ်အောင် ရုန်း မထွက်နိုင်သည့် အဖြစ်သို့ ရောက်ကြရပါသည်။ အမှန်အားဖြင့် နေထိုင်မကောင်းဖြစ်သူသည် အလုပ် မလုပ်နိုင်သည့်အတွက် မိသားစု ဝင်ငွေ နည်းပါးလာချိန်မျိုးတွင်ကျန်းမာရေးအတွက် အသုံး စရိတ်ပိုမိုလာသဖြင့် ကျန်းမာရေးဆိုင်ရာ ပြဿနာ များဖြစ်ရပါသည်။ ဆင်းရဲသည့်ကျေးရွာ/ ရပ်ကွက် တို့သည် မကြာခဏ မြို့နှင့် ဝေးကွာသည့် နေရာ များတွင်တည်ရှိနေလိမ့်မည်ဖြစ်ပြီးဆေးရုံ၊ ဆေးပေး ခန်းတို့နှင့်လည်း အလှမ်းဝေးပါသည်။ ထိုဒေသ များတွင် နေထိုင်သူများ ဆေးဝါးကုသမှုခံယူရန် ဆေးခန်းရှိရာသို့ သွားရောက်ရသည့် ခရီးစရိတ် ကုန်ကျမှုများသည် အမြဲလိုလိုပင် လွန်စွာများပြား လေ့ ရှိပါသည်။

ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိခြင်း သည် ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အခြားအရေး ပါသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့ကြပါ သည်။ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှုသည် အိမ်ထောင်စုတစ်ခုကို စိုက်ပျိုးရေးလုပ်ငန်း၏ အထွက်တိုးတက်စေရန် (သို့မဟုတ်) လုပ်ကွက် ဧရိယာအားလုံးကိုစိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သမျှ သွင်းအားစုများကို လုံလောက်စွာ ဝယ်ယူခြင်းမပြုနိုင်ရန် တားဆီးလေ့ရှိလိမ့်မည်။ အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်အတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန် ဖြစ်စေ၊ရှိပြီးစီးပွားရေးလုပ်ငန်းကို တိုးချဲ့ရန်အတွက် ဖြစ်စေ လုပ်ဆောင်နိုင်ခြင်း မရှိအောင်လည်း တားဆီးပါသည်။

မိသားစု အရွယ်အစား ကြီးမှုမှာလည်း ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော အကြောင်းရင်း တစ်ခုပင်ဖြစ်ပါသည်။ မိသားစုအရွယ်အစားကြီး သည့် အိမ်ထောင်စုများသည် အသုံးစရိတ် ပိုများ လေ့ရှိသည့်အတွက်ဆင်းရဲလေ့ရှိကြသည်။ ထို့ပြင် မှီခိုမှုအချိုးနှင့်လည်း မြင့်မားစွာ ချိတ်ဆက်နေပြန် သည့်အတွက် ဝင်ငွေရရှိအောင် ရှာနိုင်သူဦးရေ ပိုများပြီး၊ မှီခိုသူဦးရေ ပိုနည်းသည့် မိသားစုများ သည် ကလေးငယ်များရှိသည့် မိသားစုများထက် ပို၍ စီးပွားရေး အဆင်ပြေလေ့ ရှိကြပါသည်။

အိမ်ထောင်စု အများအပြားသည် သူတို့ ၏ အသုံးစရိတ်ကို ကာမိနိုင်ခြင်း မရှိကြသည့် အတွက် အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မမျှတမှု ဖြစ်ရခြင်းမှာလည်း ဆင်းရဲနွမ်းပါးမှု၏ အကြောင်း အရင်း တစ်ရပ် ဖြစ်ပါသည်။ ဤအိမ်ထောင်စုများ သည် သူတို့၏ စားဝတ်နေရေးအတွက် အခြေခံ အကျဆုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင် ရန်အတွက် ကြွေးမြီတင်ရှိမှု (ပြည်ထောင်စု အဆင့် တွင် ဆင်းရဲနွမ်းပါးမှု၏ နောက်အကြောင်းရင်း

တစ်ရပ်) အတွင်း ကျဆင်းလိမ့်မည်။ ငွေချေးယူသည့် အတိုးနှုန်းများ မြင့်မားလွန်းသည့်အတွက် အိမ်ထောင်စု အတော်များများသည် ချေးငွေကို ပြန်ဆပ်နိုင်လိမ့်မည် မဟုတ်ကြဘဲ မိမိတို့ ပေါင်နှံထားသည့် အာမခံထားသည့် ပိုင်ဆိုင်ပစ္စည်းများကို အဆုံးခံရလိမ့်မည်။ ဤသို့ဖြင့် ဆင်းရဲတွင်းသို့ ပိုနက်စွာ ကျဆင်းကြရသည်။

အလုပ်လက်မဲ့ဖြစ်မှုသည် အိမ်ထောင်စုတစ်ခု၏ ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်ဖြစ်စေသည့် အကြောင်းတရားတစ်ခုဖြစ်ပါသည်။အလုပ်အကိုင်အခွင့်အလမ်းများ မရှိမှုသည် ဆင်းရဲနွမ်းပါးမှုဖြစ်စေသည့်အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး အထူးသဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှု နည်းပါးသည့် ဒေသများတွင် ဖြစ်စေသည်။ အလုပ်လက်မဲ့ဖြစ်ကြရမှုနှင့်အတူ ဝင်ငွေနည်းပါးမှု၊ လုပ်ခနိမ့်ကျမှုတို့သည်လည်း ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေနိုင်ကြောင်း FGD တွင်ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့ကြပါ သည်။

*"ကျွန်မတို့၏ မိသားစုသည် မိသားစုဝင်ဦးရေ များပါသည်။ ခင်ပွန်းမှ ဖျားနေသည်နှင့် ကျောင်းနေသည့် သားသမီး သုံးယောက်၊ လက်သမားလုပ်ငန်း လုပ်ကိုင်သည့် မောင်တစ်ယောက် စုစုပေါင်းမိသားစုဝင် ၆ ဦး ပါဝင်ပါသည်။ ကျွန်မ၏ ခင်ပွန်းသည် နာရီပြင်သူတစ်ဦးဖြစ်ပြီး ဝင်ငွေမှန်မှန် မရတတ်ပါ။ တစ်ချို့ရက်များတွင် နာရီပြင်သူ တစ်ဦးတစ်လေမျှ မရှိပါ။ ကျွန်မက မြန်မာသွားရေစာ အကြော်ရောင်းပါသည်။ ကျွန်မဝင်ငွေကလည်း မမှန်ပါ။ ကျွန်မတို့ မိသားစု ၆ ဦးအနက် ၃ ဦးက နေ့စဉ် အလုပ်လုပ်ပါသည်။ တစ်နေ့ကျပ် ၁၅၀၀ ခန့် ရရှိပါသည်။ ကျွန်မတို့ မိသားစုအတွက် လောက်ငရန် အနိုင်နိုင်ပင် ဖြစ်ပါသည်။"*

လူငယ်၊ အမျိုးသမီး၊ ရပ်ကွက်၊
ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း။

ပညာရေးသည်လည်း ဆင်းရဲနွမ်းပါးမှု ဖြစ်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ပညာမသင်နိုင်ခဲ့ရခြင်းမှာ ဆင်းရဲနွမ်းပါးမှု၏ ရလဒ်တစ်ခု ဖြစ်နိုင်ပါသည်။ မိဘများသည်သားသမီးများအတွက်ကျောင်းစရိတ်များကိုပေးရန် အတတ်နိုင်ဆုံး ကြိုးစားကြပါသည်။ ကျောင်းတက်နေသည့် သားသမီးများ ရှိသည့် မိသားစုများသည်ကျောင်းစရိတ်များနှင့်ကျောင်းနေသည့်သူတို့၏ ကလေးများက အလုပ်မလုပ်နိုင်ကြ၍ ပို၍ ဆင်းရဲနိုင်ပါသည်။ တစ်ချိန်တည်းတွင် ပညာနိမ့်သူများသည် အလုပ်အကိုင်ကောင်းများ ရှာဖွေရနိုင်မည်မဟုတ်ဘဲ အလုပ်လက်မဲ့ ဖြစ်လာလိမ့်မည် သို့မဟုတ် ကျပန်းအလုပ်သမားအဖြစ် လုပ်ကိုင်ကြရလိမ့်မည်။ ဤသို့ဖြင့် ၎င်းတို့သည် ဆင်းရဲနွမ်းပါးလာရန်အခွင့်အရေးပိုမိုရရှိကြသည်။

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကျပန်းအလုပ်သမားအဖြစ် လုပ်ကိုင်ရခြင်း (တစ်နေ့လုပ်မှ တစ်နေ့လုပ်ခ/ ဝင်ငွေရခြင်း) သည် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးသည့် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ တစ်နေ့တာရသည့်လုပ်ခ/ ဝင်ငွေမှာ အများအားဖြင့် အလွန်နည်းပါးသည့်အပြင် အလုပ်ကို ပုံမှန်မလုပ်ရပါ။ ကျပန်းအလုပ်သမားများသည် ညဘက်တွင် အိမ်အတွက်လုံလောက်သော အစားအစာကို ဝယ်ယူသွားနိုင်ရန် နေ့စဉ် ရုန်းကန်ကြိုးစားနေကြရပါသည်။ FGD တွင် ပါဝင်သူများက ကျပန်းအလုပ်သမား တစ်ဦး၏ တစ်နေ့တာလုပ်ခ/ ဝင်ငွေမှာ နေရာဒေသကိုလိုက်၍ ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အတွင်းသာရှိကြောင်း ထုတ်ဖော်ပြောဆိုကြပါသည်။

*"လက်လုပ်လက်စား အလုပ်သမားများအဖို့ တစ်နေ့တာ ဝင်ငွေမှာ ကျပ် ၈၀၀ ခန့်မျှဖြစ်ပါသည်။ ကလေးငယ်များနှင့် မိသားစုဝင်များစွာ ရှိသဖြင့် အစစအရာရာ ချွေတာသုံးစွဲကြရပါသည်။ မိသားစုတချို့မှာ အစားအစာကို ချိုးငဲ့စွာ စားကြရပြီး တချို့မှာ တစ်နေ့ထမင်း နှစ်နပ်အစား တစ်နပ်သာ စားသုံးကြရပါသည်။"*

လူငယ်၊ အမျိုးသား၊ ရပ်ကွက်၊
သံလျှင်မြို့နယ်၊ ရန်ကုန်တိုင်း။

နေရာဒေသ အတော်များများတွင် ရာသီဥတုဆိုးရွားမှုကလည်း ဆင်းရဲနွမ်းပါးမှုဖြစ်စေသည့် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ အချို့ဒေသများတွင်မိုးခေါင်ခြင်းသည်အဓိကပြဿနာဖြစ်ပြီးအချို့ဒေသများတွင်မူ ရေကြီးခြင်းက အဓိကပြဿနာဖြစ်လျက်ရှိပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ခုမှာ ဆင်းရဲနွမ်းပါးမှု၏ အရေးပါသည့် အကြောင်းရင်းတစ်ခုဖြစ်သည့် ရာသီဥတုသည် ကျေးလက်ဒေသတွင် ပို၍ အရေးကြီးစေကာမူ (အဆင့် ၅) မြို့ပြ ပါဝင်သူများက ရာသီဥတုကို ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော အကြောင်းရင်း အဖြစ်အဆင့် ၁၁ တွင် ထားရှိပါသည်။ မြို့ပြဒေသများတွင်ပင်လျှင် ရာသီဥတုသည် ဆင်းရဲနွမ်းပါးမှု၏အရေးကြီးသည့် ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် သတ်မှတ်ဖော်ထုတ်သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရသည့် အခြားအကြောင်းရင်းများမှာ ကုန်စည်ပစ္စည်း ဈေးနှုန်း ကြီးမြင့်မှု၊ အစားအစာဈေးနှုန်း အထူးသဖြင့် နေ့စဉ်အာဟာရအခြေခံအစားအစာဖြစ်သည့် ဆန်ဈေးနှုန်း ကြီးမြင့်မှုတို့နှင့် ဆက်နွယ်လျက်ရှိပါသည်။ အထွက်လျော့နည်းမှု၊ ကြိုတင်ငွေရယူမှု (ထုတ်လုပ်သူသည် အနာဂတ်ထွက်ရှိလာမည့်ကုန်များအတွက်ကြိုတင်ငွေကိုရယူပြီး ပစ္စည်းဖြင့် ပြန်လည်ပေးဆပ်ခြင်း) ပစ္စည်းကိရိယာနှင့် စက်ပစ္စည်းကိရိယာမရှိခြင်းနှင့် အစားအစာ ပင်ကိုလုံလောက်မှု မရှိခြင်းတို့မှာလည်း ပြည်ထောင်စုအဆင့်တွင် FGD ၌ ပါဝင်သူများ ဖော်ထုတ်သတ်မှတ်ခဲ့သည့် ဆင်းရဲနွမ်းပါးမှုဖြစ်ရခြင်း၏ အခြားအကြောင်းရင်းများ ဖြစ်ပါသည်။

## နေထိုင်သည့် နေရာအလိုက်

ဆင်းရဲနွမ်းပါးမှုဖြစ်ရသည့် အကြောင်းရင်းများကို သိမြင်နားလည်မှုများသည် ကျေးလက်နှင့် မြို့ပြဒေသများအကြားတွင် ဆက်စပ်မှုအလွန်အားကောင်းခြင်း မရှိသော်လည်း ထူးခြားစွာ ဆက်စပ်မှုရှိနေသည်။ (r= ၀.၇၆၇ ဖြစ်ပါသည်)။ ကျေးလက်နှင့် မြို့ပြပါဝင်သူများက သိမြင်နားလည်သည့် ဆင်းရဲနွမ်းပါးမှု၏ အဓိက အကြောင်းရင်း ၁၀ ခုတို့သည်ဝင်ငွေနည်းပါးမှုအထွက်နည်းမှု၊ ကုန်စည်ပစ္စည်း ဈေးနှုန်းကြီးမြင့်မှုတို့မှအပ တူညီကြပါသည်။ ဝင်ငွေနည်းပါးမှုကို မြို့ပြက အဆင့် ၅ ပေးပြီး ကျေးလက်က အဆင့် ၁၁ပေးပါသည်။ အထွက်နည်းမှုကို ကျေးလက်က အဆင့် ၈ နှင့် မြို့ပြက အဆင့် ၂၀ ပေးပါသည်။ ကုန်စည်/ပစ္စည်း ဈေးနှုန်းကြီးမြင့်မှုသည်မြို့ပြတွင်အဆင့် ၁၀နှင့် ကျေးလက်တွင် အဆင့် ၁၆ ဖြစ်ပါသည်။

မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် အဆင့်ပိုမြင့်စွာ ပေးထားသော ဆင်းရဲနွမ်းပါးမှု ဖြစ်ရသည့် အခြားအကြောင်းရင်းများမှာ ကြွေးမြီတင်ရှိမှု၊ လုပ်ငန်းခွင်သုံး တိရစ္ဆာန်များ (အများအားဖြင့် ခိုင်းကျွဲ/နွား) မရှိမှု၊ မြေအရည်အသွေးညံ့ဖျင်းမှု၊ ကြိုတင်ငွေရယူမှု၊ သီးနှံဆုံးရှုံးမှုနှင့်မိုးရွာသွန်းခြင်း မမှန်ကန်မှုတို့ဖြစ်ကြပါသည်။ ကြွေးမြီ တင်ရှိမှုမှအပ အခြားဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းများမှာ ကျေးလက်ဒေသများ၏ အဓိက စီးပွားရေး လုပ်ကိုင် ဆောင်ရွက်မှုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် တိုက်ရိုက် ဆက်နွယ်လျှက်ရှိပါသည်။

FGDတွင်မြို့ပြပါဝင်သူများက ကျေးလက်ပါဝင်သူများထက် ပို၍ မြင့်စွာ အဆင့်ပေးခဲ့သည့် ဆင်းရဲနွမ်းပါးမှု ဖြစ်ရသည့် အကြောင်းရင်းများမှာ အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေမမျှတမှု၊ အလုပ်လက်မဲ့ဖြစ်မှုအစားအစာဈေးနှုန်းကြီးမြင့်မှု၊ ဝယ်လိုအားနည်းပါးမှု၊ စီးပွားရေးလုပ်ငန်းလုပ်ရန် အခွင့်အလမ်းမရှိမှု၊ အမူအကျင့်မကောင်းမှုနှင့် လျှပ်စစ်မီးမရရှိမှုတို့ဖြစ်ပါသည်။ မြို့နေလူထုသည် ဝင်ငွေရရှိမှုအတွက် အလုပ်အကိုင်ရှိမှုနှင့် စီးပွားရေးလုပ်ငန်းများကို ကျေးလက်နေ လူထုထက်ပို၍ အားထားကြပါသည်။ ထို့အတူ မြို့နေလူထုသည် စိုက်ပျိုးရေးထွက်ကုန်ရရှိရန် စိုက်ပျိုးလုပ်ကိုင်လေ့မရှိကြသည့်အတွက် ၎င်းတို့အဖို့ အစားအစာနှင့် ကုန်ပစ္စည်းအများစုကို ဝယ်ယူရန် လိုအပ်ပါသည်။ ဤအချက်က အစားအစာ ဈေးနှုန်း ကြီးမြင့်မှုကို

မြို့ပြဒေသများတွင် ပိုမြင့်သည့် အဆင့်ပေးထားခြင်းကိုရှင်းပြနိုင်သည်။ အလားတူစွာပင် မြို့ပြဒေသများတွင် နေထိုင်မှုစရိတ် ပို၍ကြီးမားလေ့ရှိခြင်းက အိမ်ထောင်စု ဝင်ငွေ/ထွက်ငွေ မမျှတမှုကို ဆင်းရဲနွမ်းပါးမှုဖြစ်ရ သည့် အကြောင်းရင်းများတွင် မြို့ပြဒေသများ၌ ဒုတိယအဆင့်ပေးပြီး ကျေးလက်ဒေသများတွင် အဆင့် ၆ ပေးထားသည်ကို ရှင်းပြနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် အပြင်ထွက်၍ ငွေကြေး သုံးစွဲရန် အခွင့်အလမ်းများသည် ကျေးလက်ဒေသများ ထက်မြို့များတွင် ပိုမိုများပြားခြင်းက မကောင်းသောအမူအကျင့်သည် မြို့ပြဒေသများတွင်ပို၍အရေးကြီးသော ဆင်းရဲနွမ်းပါးမှုဖြစ်ရသည့် အကြောင်းတစ်ရပ်ဖြစ်ရခြင်းကို ရှင်းပြနိုင်ပါသည်။

## ကျား/မ အလိုက်

ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းများနှင့် စပ်လျဉ်း၍ အမျိုးသားနှင့် အမျိုးသမီးတို့ သိမြင်နားလည်မှုများသည် ပြည်ထောင်စုအဆင့်တွင် ကွဲပြားခြားနားချက် အနည်းငယ် ရှိသော်လည်း ဆက်စပ်မှု ရှိပါသည်။ (ထူးခြားမှု ၁.ဝ% အဆင့်နှင့် r=ဝ.၉ဝ၈ ဖြစ်ပါသည်။)

ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းများနှင့် စပ်လျဉ်းပြီး အမျိုးသားက အမျိုးသမီးထက်ပို၍ မြင့်စွာအဆင့်ပေးထားသည့် သိမြင်နားလည်မှုများမှာ ပစ္စည်းကိရိယာနှင့် စက်ပစ္စည်းကိရိယာ မရှိမှု (အဆင့် ၁၃ နှင့် အဆင့် ၂၂) သီးနှံဆုံးရှုံးမှု (အဆင့် ၁၉ နှင့် အဆင့်၂၉) စီးပွားရေး လုပ်ကိုင်ရန် အခွင့်အလမ်းရှားပါးမှု (အဆင့် ၂ဝ နှင့် အဆင့် ၂၄) တို့ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းများနှင့် စပ်လျဉ်း၍ အမျိုးသမီးက အမျိုးသားထက် ပို၍ မြင့်စွာ အဆင့်ပေးထားသည့် သိမြင်နားလည်မှုများမှာ ကိုယ်ပိုင်အစားအစာ လုံလောက်ခြင်းမရှိမှု၊မြေအရည်အသွေး ညံ့ဖျင်းမှု၊ အကြွေးရောင်းချမှုနှင့် လျှပ်စစ်မီးမရရှိမှုတို့ ဖြစ်ပါသည်။

## အသက်အုပ်စုအလိုက်

FGD တွင် ပါဝင်သည့် လူငယ်နှင့် လူကြီးပါဝင်သူတို့၏ သိမြင်နားလည်မှုများမှာ မြင့်မားစွာ ဆက်စပ်မှုရှိ နေပါသည်။ (r= ဝ.၉၂၆ ဖြစ်ပါသည်။) အလွန် နည်းပါးသည့် မတူညီမှုများကို မီးမောင်းထိုးပြ နိုင်ပါသည်။

- လူငယ် ပါဝင်သူများက ပို၍မြင့်မားစွာ အဆင့်ပေးထားသည့် အကြောင်းရင်းများမှာ လျှပ်စစ်မီး မရရှိခြင်း၊ ဝယ်လိုအား လျော့နည်းခြင်း၊ စီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ မရှိခြင်း တို့ဖြစ်ကြသည်။
- လူကြီးပါဝင်သူများက ပို၍ မြင့်မားစွာ အဆင့်ပေးထားသည့် အကြောင်းရင်းများမှာ အစားအစာ ကိုယ်ပိုင်လုံလောက်မှု မရှိခြင်း၊ လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိခြင်းနှင့် လယ်ယာလုပ်ကွက် သေးငယ်ခြင်းတို့ဖြစ်ကြသည်။

## *ကျန်းမာရေးနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများ*

ပြည်ထောင်စုအဆင့် စုစည်းသောအခါ ကျန်းမာရေးကို ဆင်းရဲနွမ်းပါးမှု ဖြစ်ရသည့် ပထမဆုံးအကြောင်းရင်းအဖြစ် FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ခဲ့သည်ကို အလေးထားဖော်ပြရန် အရေးကြီးပါသည်။ ကျန်းမာရေးနှင့် ဆက်နွယ်သည့် သီးခြားအကြောင်းခြင်းရာများကို ဇယား (၂-၄)တွင် ဖော်ပြထားပါသည်။

ဇယား ၂-၄။ ပြည်ထောင်စုအဆင့်တွင် ကျန်းမာရေးနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြားဖော်ပြချက်[၂၅]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ* | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ဆေးကုသစရိတ် | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ငှက်ဖျားရောဂါ | ၂ | ၂ | ၃ | ၂ | ၂ | ၂ | ၂ |
| အနည်းငယ် နာမကျန်းဖြစ်မှု | ၃ | ၅ | ၄ | ၅ | ၃ | ၆ | ၃ |
| ကျေးရွာ / ရပ်ကွက်တွင် ကျန်းမာရေး ဆေးခန်းမရှိမှု | ၄ | ၄ | ၆ | ၆ | ၄ | ၃ | ၅ |
| ကျန်းမာရေးဆေးခန်းနှင့် အကွာအဝေး | ၅ | ၃ | ၁၀ | ၄ | ၅ | ၄ | ၄ |
| ဆေးဝါးကုန်ကျစရိတ် | ၆ | ၈ | ၂ | ၃ | ၆ | ၅ | ၆ |
| နာတာရှည် ရောဂါများ | ၇ | ၉ | ၅ | ၈ | ၇ | ၇ | ၇ |
| ရေ၏အရည်အသွေး | ၈ | ၇ | ၈ | ၇ | ၁၀ | ၈ | ၁၁ |
| အာဟာရချို့တဲ့မှု/ အာဟာရ မပြည့်ဝမှု | ၉ | ၁၃ | ၇ | ၁၀ | ၉ | ၉ | ၈ |
| ဝမ်းရောဂါ | ၁၀ | ၆ | ၁၁ | ၉ | ၁၁ | ၁၀ | ၁၀ |
| ဝမ်းပျက်ဝမ်းလျှောရောဂါ (ဝမ်းနှင့်ပတ်သက်သောရောဂါ) | ၁၁ | ၁၄ | ၉ | ၁၃ | ၈ | ၁၁ | ၉ |
| ကျန်းမာရေး ဝန်ထမ်းမရှိမှု[၂၆] | ၁၂ | ၁၀ | | ၁၂ | ၁၅ | ၁၅ | ၁၃ |
| တိုင်းရင်းဆေးခန်း မရှိမှု | ၁၃ | ၁၅ | ၁၃ | ၁၈ | ၁၂ | ၁၃ | ၁၅ |
| အညစ်အကြေး သန့်ရှင်းမှု | ၁၄ | ၁၆ | ၁၂ | ၁၄ | ၁၄ | ၁၄ | ၁၄ |
| မသွားလာနိုင်မှု (လမ်းများ) | ၁၅ | ၁၁ | | ၁၆ | ၁၃ | ၁၂ | ၁၇ |
| ကျန်းမာရေး ပညာပေးမှု | ၁၆ | ၁၂ | ၁၇ | ၁၁ | ၁၆ | ၁၈,၅ | ၁၂ |
| ဆေးခန်းဖွင့်ချိန် | ၁၇ | ၁၈ | ၁၅ | ၁၅ | | ၁၆ | ၁၈,၅ |
| သွေးလွန်တုပ်ကွေးရောဂါ | ၁၈ | ၁၇ | ၁၆ | ၁၇ | ၁၉ | ၁၇ | ၁၈,၅ |
| သားဖွားမိခင် ကျန်းမာရေး | ၁၉ | | ၁၄ | ၁၉ | ၁၈ | | ၁၆ |
| သားဆက်ခြားမှု | ၂၀ | ၁၉ | | | ၁၇ | ၁၈,၅ | |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ * ဆက်စပ်မှုသည် ၅% အဆင့်၌ထူးခြားသည်။

- နေထိုင်သည့် နေရာ အရ (r=၀.၆၇၆)
- ကျား/ မ အရ (r=၀.၈၆၈)
- အသက်အုပ်စု အရ (r=၀.၉၀၂)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၂၅] ကျန်းမာရေးကို ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းတစ်ရပ်အဖြစ် အလေးထား မဖော်ပြသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းခဲ့ပါသည်။ မေးခွန်း ၄ (က) ကို ဖြေကြားပြီးပါက (သို့မဟုတ်) ကျန်းမာရေးသည် ပြဿနာတစ်ရပ် မဟုတ်ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း ၄ (ခ)ကို ဖြေကြားခြင်း မပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

[၂၆] FGD တွင်ပါဝင်သူများက အဓိက စိတ်ကူးထင်မြင်ချက် (Key idea) တစ်ခုကို သတ်မှတ်ဖော်ထုတ်ပေးခြင်း မပြုပါက သက်ဆိုင်ရာအုပ်စုကို ဤအဓိက စိတ်ကူးထင်မြင်ချက်အတွက် ရမှတ်မပေးပါ။ ဤအချက်က ဇယားများတွင် ကွက်လပ်အချို့ ပါရှိနေခြင်းကို ရှင်းပြပါသည်။

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့်တွင် စုစည်းထားသော FGD တွင်ပါဝင်သူများက မီးမောင်းထိုးပြခဲ့သည့် ကျန်းမာရေးဆိုင်ရာ အဓိကပြဿနာများမှာ (၁)ဆေးကုသစရိတ်(၂)ငှက်ဖျားရောဂါ(၃)အနည်းငယ်နာမကျန်းဖြစ်မှု (၄) ကျေးရွာ/ရပ်ကွက်တွင် ကျန်းမာရေးဆေးခန်းမရှိမှု (၅)ကျန်းမာရေးဆေးခန်းနှင့်အကွာအဝေး (၆) ဆေးဝါးကုန်ကျစရိတ် (၇) နာတာရှည်ရောဂါများ (၈) ရေ၏အရည်အသွေး (၉) အာဟာရချို့တဲ့မှု/အာဟာရမပြည့်ဝမှု (၁၀) ဝမ်းရောဂါ (၁၁) ဝမ်းပျက်ဝမ်းလျှောရောဂါ (ဝမ်းနှင့်ပတ်သက်သောရောဂါ) တို့ဖြစ်ကြပါသည်။

ပြည်ထောင်စုအဆင့် စိစစ်မှုသည် အရေးကြီးသည့် ကျန်းမာရေးပြဿနာများနှင့် စပ်လျဉ်း၍ ကောင်းမွန်သော သတင်းအချက်အလက် ပေးနိုင်စေကာမူ ပြဿနာများမှာ FGD လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသကိုလိုက်၍ အထူးသဖြင့် ရောဂါအမျိုးအစားနှင့် ဆေးခန်း ပြသနိုင်မှုတို့အတွက်ပြောင်းလဲမှု ရှိနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။

## အတန်းအစားအလိုက်

FGD တွင် ပါဝင်သူများ၏ ကျား/မနှင့် အသက်အုပ်စုအလိုက် သိမြင်နားလည်မှုများသည် မြင့်မားစွာ ဆက်စပ်သော်လည်း နေထိုင်ရာ ဒေသပေါ်မူတည်၍ သိမြင်နားလည်မှုများ ကွဲပြားခြားနားပါသည်။

ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့် ပြဿနာများသည် မြို့ပြဒေသများနှင့် နှိုင်းစာပါက ကျေးလက်ဒေသများတွင် ပိုမိုအရေးပါလျက် ရှိပါသည်။ ကျေးလက်ကျန်းမာရေးဆေးခန်းမှ အကွာအဝေး၊ ကျေးရွာ/ရပ်ကွက် ကျန်းမာရေး ဆေးခန်းမရှိမှု စသည့် အကြောင်းရပ်ကို ကျေးလက်ဒေသများတွင် ပို၍ အရေးကြီးသည်ဟု သိမြင်နားလည် ထားပါသည်။ အလားတူစွာပင် ကျန်းမာရေး ဝန်ထမ်းမရှိမှုနှင့် လမ်းများ ပျက်စီးယိုယွင်း၍ မသွားလာနိုင်မှုတို့ကို ကျေးလက်ဒေသများတွင်သာ သတ်မှတ်ဖော်ထုတ်ပေးခဲ့ကြပါသည်။ကျေးလက်ဒေသများတွင် အတန်ငယ်ပို၍ ဦးစားပေးခဲ့သည့် အခြားကျန်းမာရေး ပြဿနာတစ်ခုမှာ ကာလဝမ်းရောဂါ ဖြစ်ပါသည်။

မြို့ပြ ဒေသများတွင် ကျန်းမာရေး ဝန်ဆောင်မှုကို လက်လှမ်းမီရန် ပြဿနာရှိမှုသည် ဆေးဝါးကုန်ကျ စရိတ်ကြီးမြင့်မှုနှင့် ဆေးကုသစရိတ် ကြီးမြင့်မှုတို့ကြောင့် အများအားဖြင့် ဖြစ်ရသည်။ နာတာရှည်ရောဂါများ၊ အာဟာရချို့တဲ့မှုနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ (ဝမ်းနှင့်ပတ်သက်သောရောဂါ)များကို မြို့ပြပါဝင်သူများက အတန်ငယ်ပို၍ အရေးပါသည်ဟု သိမြင်နားလည်ခဲ့ကြသည်။

## *ပညာရေးနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများ*

ပြည်ထောင်စုအဆင့် စုစည်းသည့် အခါ၌ FGD တွင် ပါဝင်သူများက ပညာရေးကို ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းတစ်ရပ်အဖြစ် အဆင့် ၈ ပေးထားပါသည်။ ပညာရေးနှင့် ဆက်နွယ်လျက်ရှိသည့် သီးခြားအကြောင်းခြင်းရာများကို ဇယား (၂-၅) တွင် ဖော်ပြထားပါသည်။

ဇယား ၂-၅။ ပြည်ထောင်စုအဆင့် ပညာရေးဆိုင်ရာ အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုး အစားအလိုက် ခွဲခြားဖော်ပြချက်[၂၇]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ကျား/ မ* | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ကျောင်းစရိတ် | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ငွေရေးကြေးရေး အခက်အခဲများ (ပိုက်ဆံ) | ၂ | ၂ | ၃ | ၂ | ၂ | ၂ | ၂ |
| အလွတ်ပညာသင်ခများ | ၃ | ၉ | ၂ | ၃ | ၃ | ၃ | ၃ |
| မိဘများ၏ ပညာရေး နိမ့်ကျမှု | ၄ | ၃ | ၄ | ၅ | ၄ | ၄ | ၄ |
| အဆင့်မြင့်ပညာရေး | ၅ | ၁၁ | ၅ | ၄ | ၇ | ၈ | ၅ |
| ကျောင်းသုံးစာအုပ် / စာရေး ကိရိယာ စရိတ် | ၆ | ၆ | ၆ | ၆ | ၈ | ၆ | ၆ |
| ကျောင်းမှ ခရီးအကွာအဝေး | ၇ | ၄ | ၉ | ၉ | ၅ | ၅ | ၇ |
| ကျေးရွာ/ ရပ်ကွက်တွင် အ.လ.က မရှိမှု | ၈ | ၈ | ၁၀ | ၁၁ | ၆ | ၇ | ၉ |
| ကျေးရွာ / ရပ်ကွက်တွင် အ.ထ.က မရှိမှု | ၉ | ၅ | ၁၄ | ၈ | ၉ | ၁၂ | ၈ |
| ကျောင်းဆရာများ မရှိမှု | ၁၀ | ၇ | ၁၉ | ၇ | ၁၆ | ၁၁ | ၁၁ |
| သားသမီးအကြီးများက မိသားစုကို ကူညီရမှု | ၁၁ | ၁၃ | ၁၂ | ၁၂ | ၁၃ | ၉ | ၁၇ |
| သယ်ယူပို့ဆောင်ရေးမရှိမှုနှင့် ခရီးစရိတ် | ၁၂ | ၁၂ | ၁၈ | ၁၃ | ၁၅ | ၁၃ | ၁၃ |
| ကျောင်းအဆောက်အဦ မပြည့်စုံမှု | ၁၃ | ၁၀ | ၂၀ | ၁၀ | ၁၈ | ၁၄ | ၁၄ |
| မိသားစုအရွယ်အစား ကြီးမှု | ၁၄ | ၁၄ | ၁၃ | ၁၅ | ၁၂ | ၁၇ | ၁၀ |
| ကျောင်းအလှူငွေထည့်ဝင်ရမှု | ၁၅ | ၁၈ | ၈ | ၂၁ | ၁၀ | ၁၀ | ၂၀ |
| ကလေးတချို့ စိတ် ကြောင့်ကြမှု | ၁၆ | ၂၂ | ၇ | ၁၄ | ၁၇ | ၁၅ | ၁၈ |
| ဘွဲ့ရများအတွက် အလုပ်အကိုင် အခွင့်အလမ်း မရှိမှု | ၁၇ | ၁၇ | ၁၁ | ၁၈ | ၁၁ | ၁၆ | ၁၅ |
| ကျောင်းဝတ်စုံစရိတ် | ၁၈ | ၁၅ | ၁၅ | ၂၀ | ၁၄ | ၁၈ | ၁၂ |
| ကလေးကျန်းမာရေးမကောင်းမှု | ၁၉ | ၁၉ | ၁၇ | ၁၆ | ၁၉ | ၂၁ | ၁၆ |
| ကျောင်းမုန့်ဖိုး မပေးနိုင်မှု | ၂၀ | ၂၁ | ၁၆ | ၁၇ | ၂၁ | ၂၀ | ၁၉ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ ဆက်စပ်မှုသည် ၅% အဆင့်၌ထူးခြားသည်။

- ကျား/ မ အရ (r=၀.၆၈၇)
- အသက်အုပ်စု အရ (r=၀.၇၆၈)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၂၇] ပညာရေးကို ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းတစ်ရပ်အဖြစ်၊ အလေးအနက်ထား မဖော်ပြသည့် FGD တွင်ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းခဲ့ပါသည်။ မေးခွန်း ၄ (က) ကို ဖြေကြားပြီးပါက (သို့မဟုတ်) ပညာရေးသည် ပြဿနာတစ်ရပ် မဟုတ်ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း ၄ (ဂ) ကို ဖြေကြား ခြင်းမပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့်တွင် FGD တွင် ပါဝင်သူများက သိမြင်နားလည်သည့် ပညာရေးနှင့် ဆက်နွယ်သော အဓိက ပြဿနာ ၃ ရပ် တို့မှာ စီးပွားရေးဆိုင်ရာ အကြောင်းရင်းများနှင့် ချိတ်ဆက်နေပါသည်။ ၎င်းတို့မှာ ကျောင်းစရိတ်များ၊ ငွေရေးကြေးရေး အခက်အခဲများ (ပိုက်ဆံမရှိခြင်း)နှင့် အလွတ် ပညာသင်ခများ ဖြစ်ပါသည်။ အမှန်စင်စစ် အဓိက ပညာရေးဆိုင်ရာ ပြဿနာ ၂၀ ရှိသည့်အနက် ၁၁ ခု တို့ကို စီးပွားရေးဆိုင်ရာ အကြောင်းရပ်များက ရှင်းပြထားသည်။

ပညာရေးနှင့် ဆက်နွယ်လျက်ရှိသည့် အခြား ပြဿနာများမှာ ကျောင်းနှင့် အကွာအဝေး၊ ကျေးရွာ/ရပ်ကွက်တွင် အလယ်တန်းကျောင်း မရှိမှု၊ ကျေးရွာ/ ရပ်ကွက်တွင် အထက်တန်းကျောင်း မရှိမှု၊ကျောင်းဆရာများမရှိမှု၊သယ်ယူပို့ဆောင်ရေး မရှိမှုနှင့် ခရီးစရိတ်၊ ကျောင်းအဆောက်အဦ မလုံလောက်မှုတို့ ဖြစ်ပါသည်။

## အတန်းအစားအလိုက်

ကျား/မ အလိုက်နှင့် အသက်အုပ်စု အလိုက် ပါဝင်သူများ၏ သိမြင် နားလည်မှုများသည် ဆက်စပ်မှုများ ရှိနေသော်လည်း နေထိုင်ရာ ဒေသအလိုက် သိမြင် နားလည်မှုများမှာမူ အတော်ပင် ကွဲပြားခြားနားကြပါသည်။

FGD တွင် ကျေးလက် ပါဝင်သူများက အထူးသဖြင့် မီးမောင်းထိုး ဖော်ပြခဲ့သည့် ပညာရေးနှင့် ဆက်နွယ်သည့် ပြဿနာတချို့မှာ ကျောင်းမှ အကွာအဝေး၊ ကျေးရွာတွင် အထက်တန်းကျောင်း မရှိမှု၊ ကျောင်းဆရာများ မရှိမှု၊ ကျောင်းအဆောက်အဦများ မလုံလောက်မှု၊ သယ်ယူပို့ဆောင်ရေး မရှိမှုနှင့်ခရီးစရိတ်၊ ကျေးရွာ မူလတန်းကျောင်း မရှိမှုတို့ဖြစ်ပါသည်။မြို့ပြဒေသများတွင် အထူးသဖြင့် သတ်မှတ် ဖော်ထုတ်ခဲ့သည့် ပညာရေးဆိုင်ရာ ပြဿနာများမှာ အလွတ်ပညာသင်ခများ၊ အဆင့်မြင့်ပညာသင်ကြားနိုင်မှုကလေးသူငယ်တချို့ စိတ်ကြောင့်ကြခြင်းဖြစ်ရမှု (သူတို့၏အဝတ်အစားများအတွက် ကျောင်းစရိတ်ပေးရန် ပိုက်ဆံလုံလောက်စွာမရှိဟု အခြားကလေးများက သိလိမ့်မည်ဖြစ်သည့်အတွက်)ကျောင်းအတွက် အလှူငွေထည့်ဝင်ရမှု၊ ဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းအနည်းငယ်သာရှိမှုတို့ဖြစ်ပါသည်။သို့ဖြစ်၍ ပညာရေးလက်လှမ်းမီမှု ပြဿနာများသည် ကျေးလက်နှင့် မြို့ပြ အခြေအနေများအကြား လွန်စွာကွဲပြားခြားနားလျက်ရှိပါသည်။

## ရေနှင့် အညစ်အကြေး သန့်ရှင်းမှုနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများ

FGDတွင်ပါဝင်သူများကိုမေးမြန်းခြင်းမပြုခဲ့ပါက ရေနှင့်အညစ်အကြေးသန့်ရှင်းမှုကို ဆင်းရဲနွမ်းပါးမှု၏ အဓိက အကြောင်းရင်း တစ်ရပ်အဖြစ် မသတ်မှတ် မဖော်ထုတ်ခဲ့ကြပါ။ ပြည်ထောင်စုအဆင့်အတွက် FGD တွင် ပါဝင်သူများက သိမြင်နားလည်ထားသည့်ရေနှင့်အညစ်အကြေးသန့်ရှင်းမှုနှင့်ဆက်နွယ်သည့် သီးခြားအကြောင်းခြင်းရာများကို ဇယား(၂-၆) တွင် ဖော်ပြထားပါသည်။

ဇယား ၂-၆။ ပြည်ထောင်စုအဆင့် ရေနှင့် အညစ်အကြေး သန့်ရှင်းမှုဆိုင်ရာ အကြောင်းခြင်းရာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြား ဖော်ပြချက်[၂၈]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့်နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ဘေးကင်းသည့် ရေကို လက်လှမ်းမီမှု နိမ့်ကျခြင်း/ ရေအရည်အသွေး | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ရေပြတ်လပ်မှု | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ရေရရှိရာဇစ်မြစ်နှင့် အကွာအဝေး | ၃ | ၄ | ၅ | ၃ | ၅ | ၃ | ၈ |
| ယင်လုံအိမ်သာများ မရှိမှု | ၄ | ၃ | ၈ | ၄ | ၄ | ၄ | ၅ |
| ရေအတွက် ကုန်ကျစရိတ်များပြားမှု (သုံးရေ) | ၅ | ၅ | ၄ | ၆ | ၃ | ၆ | ၄ |
| အညစ်အကြေး သန့်ရှင်းမှု အခြေအနေ ညံ့ဖျင်းမှု | ၆ | ၇ | ၃ | ၅ | ၆ | ၈ | ၃ |
| ရေတွင်း မရှိမှု | ၇ | ၆ | ၉ | ၁၀ | ၇ | ၇ | ၆ |
| အိမ်သာများ အရည်အသွေး ညံ့ဖျင်းမှု | ၈ | ၈ | ၇ | ၈ | ၉ | ၅ | ၁၃ |
| သောက်ရေအတွက် ကုန်ကျစရိတ် များပြားမှု | ၉ | ၁၀ | ၆ | ၇ | ၁၀ | ၁၂ | ၇ |
| အိမ်သာများ ဆောက်ရန် ကုန်ကျစရိတ် ကြီးမြင့်မှု | ၁၀ | ၁၁ | ၁၁ | ၉ | ၁၅ | ၁၀ | ၉ |
| အမှိုက်စွန့်ပစ်မှုစနစ် မရှိမှု | ၁၁ | ၁၃ | ၁၀ | | ၈ | ၉ | ၁၀ |
| ကျေးရွာ / ရပ်ကွက်တွင် ရေတွင်းများ မလုံလောက်မှု | ၁၂ | ၉ | ၁၂ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ရေတွင်း/ ရေလှောင်ကန် အကာအရံမရှိမှု | ၁၃ | ၁၄ | ၁၄ | ၁၄ | ၁၂ | ၁၅ | ၁၂ |
| ရေတွင်းတူးရန် ကုန်ကျစရိတ် ကြီးမြင့်မှု | ၁၄ | ၁၂ | ၁၅ | ၁၂ | ၁၃ | ၁၃ | ၁၄ |
| ရေကြီးသည့် ဒေသများ (ရေသေ/ ရေဝပ်ခြင်း | ၁၅ | ၁၅ | ၁၃ | ၁၃ | ၁၄ | ၁၄ | ၁၅ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၈၂၁)
- ကျား/ မ အရ (r=၀.၇၇၉)
- အသက်အုပ်စု အရ (r=၀.၇၁၈)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၂၈] ရေနှင့်အညစ်အကြေး သန့်ရှင်းမှုကို ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းတစ်ရပ်အဖြစ် အလေးအနက်ထား မဖော်ပြသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခုမေးမြန်းပါသည်။ မေးခွန်း (၄) (က) တွင် ဖြေကြားပြီးဖြစ်ပါက (သို့မဟုတ်) ရေနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်သည် ပြဿနာတစ်ရပ် မဟုတ်ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း ၄ (ဃ) ကို ဖြေကြားခြင်း မပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ရလဒ်များကို ပြည်ထောင်စုအဆင့် စုစည်းသည့်အခါ ရေနှင့်အညစ်အကြေး သန့်ရှင်းမှုဆိုင်ရာအဓိကပြဿနာများမှာရေအရည်အသွေး နိမ့်ကျမှု(သို့)ဘေးကင်းသည့်ရေရရှိရန် လက်လှမ်းမီမှု နိမ့်ကျခြင်း၊ ရေရရှိရာဇစ်မြစ်နှင့် အကွာအဝေး၊ ယင်လုံအိမ်သာများ မရှိမှု၊ အိမ်ထောင်စုသုံးရေနှင့် သောက်ရေတို့အတွက် ကုန်ကျစရိတ်၊ အညစ်အကြေးသန့်ရှင်းမှုအခြေအနေ ညံ့ဖျင်းမှု၊ ကျေးရွာနှင့် ရပ်ကွက်တွင် ရေတွင်းများမရှိမှုနှင့် အိမ်သာများဆောက်လုပ် ကုန်ကျစရိတ်တို့နှင့် ချိတ်ဆက်လျက်ရှိပါသည်။

ရေနှင့် အညစ်အကြေး သန့်ရှင်းရေးနှင့် ဆက်နွယ်သည့် ပြဿနာရပ်များသည်နေရာဒေသကိုလိုက်ပြီး ပြောင်းလဲမှုများ ရှိနိုင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့် စုစည်းထားသောရလဒ်များကို စိစစ်ခြင်းသည် ရေနှင့်အညစ်အကြေး သန့်ရှင်းရေးဆိုင်ရာ အဓိက ဦးစားပေးစရာနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပေးခဲ့သည့်တိုင်အောင် ရလဒ်များသည် ကျေးရွာ/ ရပ်ကွက် အားလုံးအတွက် လိုအပ်သည့်အတိုင်း ဖော်ပြနိုင်ခြင်း ရှိနိုင်မည်မဟုတ်ဟူ၍ နှလုံးသွင်းပြီး ရလဒ်များကို စေ့စပ်သေချာစွာ စိစစ်ရမည်ဖြစ်ပါသည်။

## အတန်းအစားအလိုက်

FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများသည် ကျေးလက်/ မြို့ပြ၊ ကျား/မ၊ အသက်အုပ်စုအလိုက် ဆက်စပ်မှုများ ရှိနေပါသည်။ သို့သော်လည်း ယင်လုံအိမ်သာများ မရှိမှုနှင့် ရေတွင်းများ လုံလောက်စွာမရှိမှု တို့ကို ကျေးလက်ပါဝင်သူများက ပို၍ မြင့်မားစွာ အဆင့်ပေးခဲ့သည်ကို အလေးအနက်ထားရန် အရေးကြီးပါသည်။ တစ်ဖက်တွင် အညစ်အကြေး သန့်ရှင်းမှုအခြေအနေ ညံ့ဖျင်းမှု၊ သောက်ရေအတွက် ကုန်ကျစရိတ်များပြားမှု၊ အမှိုက်စွန့်ပစ်သည့် စနစ်များမရှိမှုတို့ကို မြို့ပြပါဝင်သူများက အတန်ငယ်ပို၍မြင့်မားစွာ အဆင့်ပေးခဲ့ကြသည်။

## *ငွေကြေးဝန်ဆောင်မှုများနှင့် ဆက်နွယ်သည့် ပြဿနာများ*

ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီမှုကို ကြွေးမြီတင်ရှိခြင်းနှင့် အတိုးနှုန်း မြင့်မားခြင်း ကဲ့သို့သော အကြောင်းရင်းများမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းအဖြစ် သွယ်ဝိုက်၍ ဖော်ထုတ်သတ်မှတ်ခဲ့ကြပါသည်။ ဇယား(၂-၇) သည် ပြည်ထောင်စုအဆင့် စုစည်းထားသော FGD တွင် ပါဝင်သူများကသိမြင်နားလည်ခဲ့ကြသည့် ငွေကြေး ဝန်ဆောင်မှုများနှင့် ဆက်နွယ်သည့် သီးခြား ပြဿနာများကို ဖော်ပြထားပါသည်။

ဇယား ၂-၇။ ပြည်ထောင်စုအဆင့် ငွေကြေးဝန်ဆောင်မှုများနှင့် ဆက်နွယ်သည့် ပြဿနာများကို FGD တွင် ပါဝင်သူအမျိုးအစားအလိုက် ခွဲခြားဖော်ပြချက် [၂၉]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ | | ကျား/ မ** | | အသက်အုပ်စု* | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| အတိုးနှုန်း မြင့်မားမှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ချေးငွေလက်လှမ်းမီမှု နိမ့်ကျခြင်း | ၂ | ၃ | ၂ | ၂ | ၂ | ၂ | ၂ |
| အသေးစားချေးငွေ စီမံချက် မရှိမှု | ၃ | ၂ | ၄ | ၃ | ၄ | ၃ | ၄ |
| စိုက်ပျိုးစရိတ် ချေးငွေ လက်လှမ်းမီမှု နိမ့်ကျခြင်း | ၄ | ၄ | ၆ | ၅ | ၃ | ၆ | ၃ |
| အာမခံထားရန် မရှိမှု (ပစ္စည်းများ) | ၅ | ၇ | ၃ | ၄ | ၇ | ၄ | ၆ |
| ချေးငွေပမာဏ နည်းပါးမှု | ၆ | ၆ | ၅ | ၆ | ၆ | ၇ | ၅ |
| ချေးငွေထုတ်ချေးရန် ဆောင်ရွက်ချိန် ကြာမြင့်မှု | ၇ | ၅ | ၈ | ၈ | ၅ | ၅ | |
| ချေးငွေကာလ တိုတောင်းမှု | ၈ | ၈ | ၇ | ၇ | ၈ | ၈ | ၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ *ဆက်စပ်မှုသည် ၅%အဆင့်၌ထူးခြားသည်။

- ကျား/ မ အရ (r=၀.၇၁၄)
- အသက်အုပ်စု အရ (r=၀.၆၆၇)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၂၉] ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုကို ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်းတစ်ရပ်အဖြစ် အလေးအနက်ထား ဖော်ပြခြင်း မပြုသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းပါသည်။ မေးခွန်း ၄(က) တွင် ဖြေကြားပြီးပါက (သို့မဟုတ်) ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှုများကို ပြဿနာတစ်ရပ်အဖြစ် သိမြင်နားလည်မှုမရှိပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း (၄) (င) ကို ဖြေကြားခြင်း မပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

အတိုးနှုန်း မြင့်မားခြင်းသည် ငွေကြေး ဝန်ဆောင်မှုများ လက်လှမ်းမီမှု အားဖြင့်ဆိုရလျှင် အဓိက ပြဿနာတစ်ခု ဖြစ်ပါသည်။ (ဖြေကြားသူ ၅၀.၀ ရာခိုင်နှုန်းကျော်က ထုတ်ဖော်ပြောကြား ခဲ့ကြပါသည်။) ချေးငွေ လက်လှမ်းမီမှု နိမ့်ကျခြင်း နှင့် အသေးစားချေးငွေ စီမံချက်များ မရှိခြင်းတို့က ပြဿနာများ ဖြစ်လာသည်။ စိုက်ပျိုးစရိတ် ချေးငွေ လက်လှမ်းမီမှု နိမ့်ကျခြင်းသည်လည်း အနည်းဆုံး စိုက်ပျိုးသည့် မြေဧကနှင့် စိုက်ပျိုးသည့် သီးနှံ အမျိုးအစား (အများအားဖြင့် ဆန်စပါး) ပေါ်တွင် မကြာခဏ မူတည်နေပါသည်။ အပေါင်ဆိုင်များ တွင် တစ်လအောက်နှင့် တစ်ခါတစ်ရံ ရက်အနည်း ငယ်ချေးငွေအတွက် အတိုးနှုန်းသည် ၃၅.၀ ရာခိုင် နှုန်းအထိမြင့်မားနေသဖြင့် (ငွေတိုး ချေးစားသူများ ၏ အတိုးနှုန်းသည် ထို့ထက်ပို၍ မြင့်ပါသေးသည်) ငွေချေးငှားရပြီဆိုပါက ပြည်သူများသည် ဆင်းရဲ တွင်းသို့သာပိုနက်စွာကျဆင်းကြရပါသည်။ငွေချေး ငှားခြင်းသည်အကြွေးသံသရာတွင် ထောင်ချောက် မိခံရသကဲ့သို့ဖြစ်ပြီးကြွေးမြီတင်ရှိခြင်းမှ ရုန်းထွက် ရန် အလွန်ခက်ခဲလာပါသည်။ ဤအချက်သည် ပြည်သူများက သင့်တင့်မျှတသည့် အတိုးနှုန်းဖြင့် အသေးစားချေးငွေများကို လက်လှမ်းမီ ရရှိလိုကြ ခြင်း၏ အကြောင်းရင်း ဖြစ်နိုင်ပါသည်။

## အတန်းအစားအလိုက်

ပြည်ထောင်စုအဆင့် စုစည်းသောအခါ ကျေးလက်နှင့်မြို့ပြပါဝင်သူများ၏သိမြင်နားလည် မှုများအတွင်း ဆက်စပ်မှုမရှိပါ။ လူငယ်နှင့်လူကြီး တို့၏ သိမြင်နားလည်မှုများအတွင်း ထူးခြားမှု ၅% အဆင့်တွင် ဆက်စပ်မှုရှိလျက် အမျိုးသားနှင့်အ မျိုးသမီးများ၏ သိမြင်နားလည်မှုများသည် ၁% ထူး ခြားမှုအဆင့်တွင် ဆက်စပ်မှုရှိနေကြသည်။

ကျေးလက်နှင့် မြို့ပြ ပါဝင်သူများက ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့်ပြဿနာစရပ်ကိုတူညီစွာသတ်မှတ် ဖော်ထုတ်ခဲ့ကြသော်လည်း(တူညီသောပထမဦးဆုံး အဓိကပြဿနာနှစ်ရပ်မှအပ) ကျန်ပြဿနာများ အတွက်အဆင့်ပေးရာတွင် ကွဲပြားခြားနားမှုများ ရှိ ခဲ့ပါသည်။ကျေးလက်ပါဝင်သူများကစိုက်ပျိုးစရိတ် ချေးငွေ လက်လှမ်းမမီမှုနှင့် ချေးငွေထုတ်ချေးရန် ဆောင်ရွက်ချိန် ကြာမြင့်မှုတို့ကဲ့သို့သော ပြဿနာ များကို ပို၍မြင့်မားစွာ အဆင့်ပေးကြပြီး မြို့ပြပါဝင် သူများက ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်း မီမှုအတွက် ပြဿနာအဖြစ် အာမခံထားရန် မရှိ ခြင်းကို ပို၍မြင့်မားစွာ အဆင့်ပေးခဲ့ကြပါသည်။

FGD တွင် ပါဝင်သည့် လူငယ်အုပ်စုက သာလျှင် ချေးငွေထုတ်ချေးရန် ဆောင်ရွက်ချိန် ကြာမြင့်မှုကို ငွေကြေးဝန်ဆောင်မှုများ လက်လှမ်း မီမှု၏ ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ဖော်ထုတ် ခဲ့ကြပြီး စိုက်ပျိုးရေး ချေးငွေ လက်လှမ်းမီမှုကို လူကြီးအုပ်စုက လူငယ်အုပ်စုထက် အနည်းငယ် ပို၍အရေးကြီးသည်ဟုသိမြင်နားလည်ခဲ့ကြသည်။

## ပစ္စည်းကိရိယာနှင့် သွင်းအားစုများနှင့်ဆက်နွယ်သည့် ပြဿနာများ

ပြည်ထောင်စုအဆင့် စုစည်းသောရလဒ်များတွင် ပစ္စည်းကိရိယာနှင့် သွင်းအားစုများ လက်လှမ်းမီမှုသည် ဆင်းရဲနွမ်းပါးမှု၏ မူလအကြောင်းရင်းတစ်ရပ်အဖြစ် အဆင့် ၁၆ ရှိသည်။

ဇယား (၂-၈) သည် ပြည်ထောင်စုအဆင့် ပစ္စည်းကိရိယာနှင့် သွင်းအားစုများ လက်လှမ်းမီ မှုနှင့် ဆက်နွယ်သည့် သီးခြားပြဿနာများကို FGD တွင် ပါဝင်သူများ၏ အတန်းအစားအလိုက် ခွဲခြားဖော်ပြထားခြင်း ဖြစ်ပါသည်။

ဇယား ၂-၈။ ပြည်ထောင်စုအဆင့် ပစ္စည်းကိရိယာနှင့် သွင်းအားစုဆိုင်ရာ ပြဿနာများကို FGD တွင် ပါဝင်သူအတန်းအစားအလိုက် ခွဲခြားဖော်ပြချက် [၃၀]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ* | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်း ကြီးမြင့်မှု | ၁ | ၁ | ၇ | ၁ | ၂ | ၂ | ၂ |
| လယ်ယာသုံးပစ္စည်းကိရိယာများ မရှိမှု | ၂ | ၂ | ၁ | ၃ | ၁ | ၃ | ၁ |
| ပစ္စည်းကိရိယာ ဈေးနှုန်း ကြီးမြင့်မှု | ၃ | ၃ | ၂ | ၂ | ၃ | ၁ | ၃ |
| လယ်ယာသုံး စက်ပစ္စည်းကိရိယာ မရှိမှု | ၄ | ၅ | ၄ | ၅ | ၅ | ၄ | ၅ |
| အလုပ်သမားငှားရမ်းခ ကြီးမြင့်မှု | ၅ | ၄ | ၉ | ၄ | ၆ | ၇ | ၄ |
| လယ်ယာသုံးမဟုတ်သည့် ပစ္စည်း ကိရိယာ မရှိမှု | ၆ | ၇ | ၃ | ၇ | ၄ | ၅ | ၇ |
| ပစ္စည်းကိရိယာ ငှားရမ်းစရိတ် ကြီးမြင့်မှု | ၇ | ၉ | ၅ | ၉ | ၇ | ၆ | ၁၀ |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်းခ ကြီးမြင့်မှု | ၈ | ၆ | ၁၁ | ၆ | ၈ | ၈ | ၈ |
| ငါးဖမ်းကိရိယာ မရှိမှု (ပိုက်ကွန်/ လှေ) | ၉ | ၁၁ | ၈ | ၁၀ | ၉ | ၁၁ | ၉ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း ရှားပါးမှု | ၁၀ | ၁၃ | ၆ | ၈ | ၁၁ | ၁၃ | ၆ |
| အမြုတ် ပြန်ရချက်နှုန်း နည်းပါးမှု | ၁၁ | ၁၂ | ၁၀ | ၁၂ | ၁၀ | ၉ | ၁၁ |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန် မရှိမှု | ၁၂ | ၈ | ၁၅ | ၁၁ | ၁၃ | ၁၀ | ၁၂ |
| သယ်ယူပို့ဆောင်စရိတ် ကြီးမားမှု | ၁၃ | ၁၆ | ၁၂ | ၁၆ | ၁၂ | ၁၂ | ၁၆ |
| လုပ်ငန်းခွင်သုံးတိရစ္ဆာန်ဈေးနှုန်း ကြီးမြင့်မှု | ၁၄ | ၁၀ | ၁၆ | ၁၃ | ၁၄ | ၁၄ | ၁၃ |
| လောင်စာပြတ်လပ်မှု | ၁၅ | ၁၅ | ၁၃ | ၁၄ | | ၁၅ | ၁၅ |
| လောင်စာဈေးနှုန်း ကြီးမြင့်မှု | ၁၆ | ၁၄ | ၁၄ | ၁၅ | ၁၅ | ၁၆ | ၁၄ |
| ငှားရမ်းခ ကြီးမြင့်မှု (ဆိုင်ခန်း) | ၁၇ | | ၁၇ | ၁၇ | | ၁၇ | |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ * ဆက်စပ်မှုသည် ၅% အဆင့်၌ ထူးခြားသည်။

- နေထိုင်သည့် နေရာ အရ (r=၀.၆၄၇)
- ကျား/ မ အရ (r=၀.၉၁၆)
- အသက်အုပ်စု အရ (r=၀.၈၅၃)

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

---

[၃၀] ပစ္စည်းကိရိယာနှင့် စက်ပစ္စည်းများ လက်လှမ်းမီမှုကို ဆင်းရဲနွမ်းပါးရသည့် အကြောင်းရင်းတစ်ရပ်အဖြစ် အလေးအနက်ထားမဖော်ပြသည့် FGD များကို သီးခြားမေးခွန်းမေးမြန်းပါသည်။ မေးခွန်း ၄ (က) တွင် ဖြေကြားပြီးပါက သို့မဟုတ် ပစ္စည်းကိရိယာနှင့် သွင်းအားစုများ လက်လှမ်းမီမှုကို ပြဿနာတစ်ရပ်အဖြစ် သိမြင်နားလည်မှု မရှိပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း ၄ (ခ) ကို ဖြေကြားခြင်း မပြုသည့် FGD များ၏ စာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ပစ္စည်းကိရိယာနှင့် သွင်းအားစုများနှင့် စပ်ဆိုင်သည့် ပို၍အရေးကြီးသော ပြဿနာများမှာ (၁) စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှု (မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ) (၂) လယ်ယာသုံးပစ္စည်းကိရိယာမရှိမှု (၃) ပစ္စည်းကိရိယာ ဈေးနှုန်းကြီးမြင့်မှု (၄) လယ်ယာသုံးစက်ပစ္စည်းမရှိမှု (၅) လုပ်သား ငှားရမ်းခစရိတ် ကြီးမြင့်မှု (၆) လယ်ယာသုံး မဟုတ်သည့် ပစ္စည်းကိရိယာမရှိမှု (၇) ပစ္စည်းကိရိယာ (သို့မဟုတ်) လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိသည့်အတွက် ငှားရမ်းရသည့် စရိတ်တို့ဖြစ်ပါသည်။

စိုက်ပျိုးရေး သွင်းအားစု မရှိခြင်းသည် ရာသီဥတုကြောင့်ကလွဲလျှင် လယ်ယာထွက်ကုန်လျော့နည်းခြင်းနှင့် ထုတ်လုပ်မှုလျော့နည်းရခြင်းတို့၏အကြောင်းရင်းများအနက်တစ်ခုဖြစ်ပါသည်။ တစ်ခါတစ်ရံ လယ်ယာစိုက်ပျိုးသူများသည် သူတို့၏ လယ်ယာလုပ်ကွက် အားလုံးကို စိုက်ပျိုးနိုင်ရန် လိုအပ်သည့် သွင်းအားစုများ အလုံအလောက်မရှိသည့်အတွက် သူတို့၏စိုက်ပျိုးမြေ တစ်စိတ်တစ်ပိုင်းမှသာ စိုက်ပျိုးထုတ်လုပ်ကြပါသည်။ လယ်ယာကုန်ထွက် လျော့နည်းရခြင်း၏ အခြားအကြောင်းမှာ လယ်ယာသုံးပစ္စည်း ကိရိယာနှင့် စက်ပစ္စည်းကိရိယာ မရှိခြင်းဖြစ်သည်။ လယ်ယာစိုက်ပျိုးမှုအများစုကို ကုန်ထုတ်လုပ်မှု တိုးတက်စေနိုင်သည့် ပစ္စည်းကိရိယာမပါဘဲ ရှေးရိုးနည်းအတိုင်းစိုက်ပျိုးကြပါသည်။တစ်ခါတစ်ရံလယ်ယာစိုက်ပျိုးသူတချို့သည် လယ်ယာစိုက်ပျိုးရန်အတွက် လိုအပ်သည့် မိသားစုဝင်ဦးရေ မရှိသည့်အပြင် အလုပ်သမား ငှားရမ်းခကလည်း အလွန်ကြီးမြင့်သည့်အတွက် မိမိတို့၏စိုက်ပျိုးမြေအားလုံးကို စိုက်ပျိုးလိမ့်မည် မဟုတ်ပေ။

စိုက်ပျိုးရေးနှင့် ဆက်နွယ်ခြင်းရှိရန် မလိုသည့် ပစ္စည်းကိရိယာများနှင့် သွင်းအားစုဆိုင်ရာ အခြား ပြဿနာများမှာ တံငါသည်များအတွက် ငါးဖမ်းလုပ်ငန်းသုံး ပစ္စည်းကိရိယာများ မရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းမရှိခြင်း၊ သယ်ယူပို့ဆောင်ရန် နည်းလမ်းမရှိခြင်း၊ လောင်စာပြတ်လပ်ခြင်း၊ လောင်စာဈေးနှုန်း ကြီးမြင့်ခြင်း၊ ဆိုင်ခန်းသို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်နေရာငှားရမ်းခကြီးမြင့်ခြင်းတို့ဖြစ်ပါသည်။

## အတန်းအစားအလိုက်

ပစ္စည်းကိရိယာနှင့် သွင်းအားစုများ လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့် ပြဿနာများကို သိမြင်နားလည်မှုများမှာ ကျေးလက်နှင့်မြို့ပြဒေသတို့အကြားတွင် ၅% ထူးခြားမှုအဆင့်တွင်ဆက်စပ်မှုရှိပါသည်။ အမှန်စင်စစ် ကျေးလက် ပါဝင်သူများ၏ သိမြင်နားလည်မှုတွင် လယ်ယာသုံးပစ္စည်းကိရိယာနှင့် သွင်းအားစုများက မြို့ပြ ပါဝင်သူများထက် ယေဘုယျအားဖြင့် ပို၍ နေရာယူထားပါသည်။

ကျေးလက် ပါဝင်သူများက မြို့ပြပါဝင်သူများထက် ပို၍ မြင့်မားစွာ အဆင့်ပေးထားသော ပြဿနာများမှာ စိုက်ပျိုးရေး သွင်းအားစုများ၏ ဈေးနှုန်း ကြီးမြင့်မှု၊ လုပ်သားငှားရမ်းခ စရိတ်ကြီးမြင့်မှု၊ လုပ်ငန်းခွင်သုံးတိရစ္ဆာန်မရှိမှု၊ လုပ်ငန်းခွင်သုံးတိရစ္ဆာန်ငှားရမ်းခစရိတ် ကြီးမြင့်မှုနှင့် လုပ်ငန်းခွင်သုံးတိရစ္ဆာန် ဈေးနှုန်းကြီးမြင့်မှုတို့ ဖြစ်ပါသည်။ မြို့ပြပါဝင်သူများက ပို၍မြင့်မားစွာ အဆင့်ပေးထားသော ပြဿနာများမှာ လယ်ယာသုံး မဟုတ်သည့် ပစ္စည်းကိရိယာမရှိမှု၊ လယ်ယာသုံး မဟုတ်သည့် ပစ္စည်းကိရိယာ ငှားရမ်းစရိတ် ကြီးမြင့်မှု၊ ရင်းနှီးမြှုပ်နှံရန် ငွေလုံး ငွေရင်းမရှိမှုနှင့် စီးပွားရေးလုပ်ငန်း နေရာများငှားရမ်းခ ဈေးနှုန်း ကြီးမြင့်မှုတို့ဖြစ်ပါသည်။

အခြားတစ်ဖက်တွင် ကျားနှင့်မ၊ အသက်အုပ်စုများအတွင်း သိမြင်နားလည်မှုများသည် မြင့်မားစွာ ဆက်စပ်လျှက်ရှိနေသဖြင့် သိမြင် နားလည်မှုများတွင် ကွဲပြားခြားနားချက်သည်အများအားဖြင့် နေထိုင်ရာဒေသက ပြဋ္ဌာန်းသည်ကို ဆိုလိုရာရောက်သည်။

## ၂-၃။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု

ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှုကိုနည်းလမ်းအမျိုးမျိုးဖြင့်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ယင်းကို ဆင်းရဲနွမ်းပါးမှု သို့မဟုတ် ပို၍ကြီးမားသော ဆင်းရဲနွမ်းပါးမှုသို့ ကျဆင်းသည့် ဖြစ်နိုင်ခြေအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ တစ်ခါတစ်ရံ၌ နိမ့်ပါးလျှောကျမှုအန္တရာယ်ဟူ၍လည်း ရည်ညွှန်းခဲ့ကြပါသည်။ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုသည် အဓိကအကြောင်းနှစ်ရပ်ပေါ်တွင် မူတည်ပါသည်။ ၎င်းတို့မှာ အဆင်းသို့တွန်းပို့သည့် ဖိအားများနှင့် ထိတွေ့ရာမှစားဝတ်နေရေး အခြေအနေများ ဆိုးဝါးဆုတ်ယုတ်မှုဖြစ်လာခြင်းနှင့် ထိုသို့သော အခြေအနေမျိုးကို တုံ့ပြန်နိုင်စွမ်းတို့ဖြစ်ပါသည်။ အဆင်းသို့ တွန်းပို့သည့် ဖိအားများသည် တစ်စ တစ်စ ဖြည်းဖြည်းချင်းနှင့် ဆင့်ကဲစုစည်းလာသော ဖိစီးခြင်းများ၊ သို့တည်းမဟုတ် ရုတ်တရက်ဖြစ်ပြီး ကြိုတင် မမှန်းဆနိုင်သည့် တုန်လှုပ်ဖွယ်ရာများ ဖြစ်နိုင်ပါသည်။ ထိုသို့ အဆင်းသို့ တွန်းပို့သည့် ဖိအားများကို တုံ့ပြန်ခြင်းများကို ပြဿနာဖြေရှင်းသည့် နည်းဗျူဟာများဟူ၍ ဖြစ်ရိုး ဖြစ်စဉ်အားဖြင့် ရည်ညွှန်းကြပါသည်။

ဤအပိုင်းသည် FGD မှ အချက်အလက်များနှင့်FGDဆွေးနွေးမှုများတည်ရှိခဲ့သည့် ကျေးရွာများ/ ရပ်ကွက်များမှ အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းရာမှ ရရှိသည့် အချက်အလက်များကို အသုံးပြု၍ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှုကို ပိုမိုသဘော ပေါက်နားလည်လာစေရန် ရည်ရွယ်ပါသည်။ ပိုမိုတိကျစွာဆိုရလျှင် ပြည်ထောင်စုအဆင့် စုစည်းရရှိသည့် ရလဒ်များမှ အဓိကစီးပွားရေးလုပ်ကိုင် ဆောင်ရွက်မှုများ၏အရေးပါမှု၊စီးပွားရေးလုပ်ကိုင် ဆောင်ရွက်မှုတစ်ခုစီတွင်လုပ်ဆောင်လျက်ရှိသည့်အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၊ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအလိုက် ရာသီလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၊ ဆင်းရဲနွမ်းပါးမှု ဖြစ်လွယ်ခြင်း၏ ဇာစ်မြစ်များနှင့် ရပ်ရွာ၊ အိမ်ထောင်စုနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ဖြေရှင်းသည့် နည်းဗျူဟာများကို ဤအပိုင်းတွင် တင်ပြထားပါသည်။

## *အဓိက စီးပွားရေး လုပ်ဆောင် မှုများနှင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု*

### အဓိက စီးပွားရေး လုပ်ဆောင်မှုများ

ဇယား (၂-၉)သည် လေ့လာမှုတွင် ပါဝင်သည့် ကျေးရွာ ၂၈ ရွာနှင့် ရပ်ကွက် ၂၈ ခု တို့တွင် ဆောင်ရွက်ခဲ့သည့် အရည်အသွေးဆိုင်ရာလေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် အဓိကသတင်းပေးသူများ၏ သိမြင်နားလည်မှုအရ စီးပွားရေးလုပ်ဆောင်ချက် အသီးသီးတွင် လုပ်ကိုင်လျက်ရှိသူ ဦးရေအချိုးအစားကိုဖော်ပြထားပါသည်။ဤဇယားသည် ကိန်းဂဏန်း အတိအကျဖြင့် ပေးနိုင်ခြင်း မရှိစေကာမူ လေ့လာမှုတွင်ပါဝင်သည့် ဒေသများရှိ အဓိကစီးပွားရေးလုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး စိတ်ကူးထင်မြင်ချက်ကောင်းတစ်ခုကိုမူ ပေးနိုင်ပါသည်။

ဇယား ၂-၉။ အဓိက သတင်းပေးသူများက သိမြင်နားလည်မှုအရ စီးပွားရေးလုပ်ဆောင်ချက် အသီးသီးတွင် လုပ်ကိုင်လျက်ရှိသူ ဦးရေအချိုးအစားကို ပြည်ထောင်စုအဆင့် စုစည်းထားသည့်အတွက် နေထိုင်ရာ ဒေသအလိုက် တင်ပြချက် (%)

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာဒေသများအတွက် ရလဒ်များ(%) | | |
|---|---|---|---|
| | ပြည်ထောင်စု (%) | ကျေးလက် (%) | မြို့ပြ (%) |
| လယ်ယာလုပ်ကိုင်သူများ [၃၁] | ၃၆.၇ | ၅၃.၅ | ၁၉.၈ |
| ကျပန်းအလုပ်သမားများ [၃၂] | ၃၀.၂ | ၂၇.၅ | ၃၂.၈ |
| စီးပွားရေးလုပ်ငန်း/အရောင်းအဝယ်လုပ်ငန်း | ၇.၉ | ၄.၇ | ၁၁.၁ |
| ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ | ၆.၃ | ၃.၁ | ၉.၅ |
| အစိုးရဝန်ထမ်းများ | ၄.၃ | ၂.၃ | ၆.၄ |
| တံငါသည်များ | ၂.၃ | ၂.၀ | ၂.၆ |
| ဆိုက်ကားနင်းသူများ | ၂.၃ | ၀.၁ | ၄.၄ |
| အပ်ချုပ်/ ရက်ကန်းရက်သူများ | ၂.၀ | ၃.၁ | ၁.၀ |
| လက်သမား/ ပန်းရန်သမားများ | ၁.၄ | ၀.၁ | ၂.၆ |
| ရေလုပ်ငန်းအလုပ်သမားများ | ၁.၁ | ၀.၄ | ၁.၈ |
| ယာဉ်မောင်းများ | ၁.၀ | ၀.၀၃ | ၂.၀ |
| အခြား [၃၃] | ၄.၆ | ၃.၂ | ၆.၀ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

IHLCA အရည်အသွေးဆိုင်ရာ လေ့လာချက်၊ အဓိက သတင်းပေးသူများနှင့် လူတွေ့ မေးမြန်းချက် MNPED (၂၀၀၃-၀၄)

---

[၃၁] စပါးစိုက်ပျိုးသူများနှင့် ဥယာဉ်ခြံမြေစိုက်ပျိုးသူများ အပါအဝင် လယ်ယာစိုက်ပျိုးသူများအားလုံး၊ အခြား သီးခြား အမျိုးအမည် ဖော်ပြခြင်းမပြုသည့် ကုန်ပစ္စည်း ထုတ်လုပ်သူများ၊

[၃၂] ရာသီလိုက် အလုပ်သမားများ ပါဝင်နိုင်ပါသည်။

[၃၃] အခြားလုပ်ကိုင်သူများ။ လှည်းမောင်းသူ၊ ဆေးသုတ်သူ၊ ပန်းချီပညာရှင်၊ လျှော်ဖွပ်ပို့ဆောင်သူ၊ သံဖြူနှင့် ပန်းပဲဆရာ၊ ဆံသသမား၊ ကုမ္ပဏီဝန်ထမ်း၊ ဂဟေဆက်သူ၊ ကျောက်ဆစ်သမား၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ သစ်ခုတ်သမား၊ ပစ္စည်းအမျိုးမျိုး ပြုပြင်သူ၊ မီးသွေးဖုတ်သူ၊ တိရစ္ဆာန်မွေးမြူသူ၊ ကြံစိုက်တောင်သူ၊ ရာဘာအလုပ်သမား၊ သတ္တုတွင်းလုပ်သား၊ အုတ်ဖုတ်သူ၊ ဖျာရက်လုပ်သူ၊ ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်၊

ပြည်ထောင်စုအဆင့် စုစည်းထားသော အဓိက သတင်းပေးသူများကို လူတွေ့မေးမြန်းခြင်းဖြင့် ရရှိချက်များမှ အဓိကစီးပွားရေး လုပ်ဆောင်ချက်များသည် စိုက်ပျိုးရေးနှင့် ဆက်နွယ်လျက်ရှိပါသည်။ ဤလေ့လာချက်တွင် ပါဝင်သည့် ကျေးရွာရပ်ကွက် လူဦးရေ၏ ၃၅.၀% ကျော်သည် စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြပါသည်။ ဒုတိယ အရေးပါဆုံး လုပ်ကိုင်ဆောင်ရွက်မှုမှာ ကျပန်း လုပ်သားဖြစ်ပြီး လေ့လာသည့်ဒေသများရှိ လူဦးရေ၏ ၃၀.၀% ရှိပါသည်။ တတိယ အရေးပါသော အလုပ်မှာ စီးပွားရေး လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်း (လေ့လာသည့် ဒေသများရှိ လူဦးရေ၏ ၈.၀%) ဖြစ်ပြီး ခေါင်းရွက်ဗျပ်ထိုးဈေးသည်များမှာ ၆.၀% မျှရှိပါသည်။

လေ့လာမှုတွင် ပါဝင်သည့် ကျေးလက်နှင့် မြို့ပြဒေသများ အကြား၊ အဓိကစီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများ အတော်ပင် ကွဲပြားခြားနားကြပါသည်။ ကျေးလက် လူဦးရေသည် စိုက်ပျိုးရေး (၅၃.၀%)နှင့်ကျပန်းအလုပ်သမား(၂၈.၀%)အလုပ်ကို အများအားဖြင့် အားထားကြပြီး ခေါင်းရွက်ဗျပ်ထိုးဈေးသည် အပါအဝင် စီးပွားရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း (၂၁.၀%)၊ ကျပန်း အလုပ်သမား (၃၃%) အလုပ်ကို မြို့ပြ လူဦးရေက အများအားဖြင့် အားထားကြပါသည်။ စိုက်ပျိုးရေး လုပ်ငန်းသည် မြို့ပြဒေသ၏ အဓိက စီးပွားရေး လုပ်ကိုင် ဆောင်ရွက်မှု မဟုတ်စေကာမူ လေ့လာသည့် မြို့ပြဒေသရှိ လူဦးရေ၏ ၂၀.၀% မှာ စိုက်ပျိုးရေးတွင် လုပ်ကိုင်နေကြခြင်းကြောင့် မြို့ပြဒေသအတွက်လည်းအရေးပါပေသည်။ နောက်ဆုံးအနေဖြင့် လေ့လာသည့်ရပ်ကွက်များမှ လူဦးရေ၏ ၆.၀% မှာ အစိုးရဝန်ထမ်းများ ဖြစ်ပြီး၊ ကျေးလက်ဒေသများတွင်မူ ၂.၀% ခန့်မျှသာ ရှိပါသည်။

## စီးပွားရေး လုပ်ဆောင်ချက် အလိုက် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု

သက်ဆိုင်ရာ ကျေးရွာ/ ရပ်ကွက်များရှိ စီးပွားရေးလုပ်ဆောင်ချက် အသီးသီးတွင် လုပ်ကိုင်နေကြသူများထဲမှ စီးပွားရေး အဆင်ပြေသူဦးရေနှင့် ဆင်းရဲချို့တဲ့သူဦးရေကိုလည်း အဓိကသတင်းပေးသူများအား မေးမြန်းခဲ့ပါသည်။ ထိုသို့ မေးမြန်းရာမှ ရရှိသည့် သတင်းအချက်အလက်များအရ ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စုအချိုးအစားကို စီးပွားရေး လုပ်ဆောင်ချက်အလိုက် တွက်ချက်ပြီး ဇယား(၂-၁၀)တွင် ဖော်ပြထားပါသည်။ ဤဇယားက လေ့လာသည့် ဒေသများမှ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်ဆုံးသော စီးပွားရေး အုပ်စုများနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကိုပေးပါသည်။

ဇယား ၂-၁၀။ အဓိက သတင်းပေးသူများက သိမြင်နားလည်ထားသည့်အတိုင်း စီးပွားရေးလုပ်ဆောင်ချက် တစ်ခုစီအတွက် ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စု အချိုးအစားများကို ပြည်ထောင်စုအဆင့် နေထိုင်ရာဒေသဖြင့် ဖော်ပြချက် (%)

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာသည်ဒေသများအတွက် ရလဒ်များ(%) | | |
|---|---|---|---|
| | ပြည်ထောင်စု (%) | ကျေးလက် (%) | မြို့ပြ (%) |
| ကျပန်းအလုပ်သမား [၃၄] | ၈၆.၂ | ၈၃.၅ | ၈၈.၉ |
| လက်သမား / ပန်းရန်သမား | ၈၄.၃ | ၇၁.၄ | ၉၇.၁ |
| တံငါသည်များ | ၈၂.၈ | ၈၃.၃ | ၈၂.၂ |
| ယာဉ်မောင်းများ | ၇၄.၈ | ၁၀၀.၀ | ၄၉.၆ |
| ရေလုပ်ငန်းအလုပ်သမားများ | ၇၃.၈ | ၁၀၀.၀ | ၄၇.၆ |
| အပ်ချုပ်/ ရက်ကန်းရက်သူများ | ၇၀.၈ | ၇၉.၀ | ၆၂.၆ |
| ခေါင်းရွက်ဗျပ်ထိုးဈေးသည် များ | ၆၅.၉ | ၅၈.၆ | ၇၃.၂ |
| ဆိုက်ကားနင်းသူများ | ၆၄.၆ | ၄၂.၉ | ၈၆.၃ |
| လယ်ယာစိုက်ပျိုးသူများ [၃၅] | ၆၃.၅ | ၅၇.၆ | ၆၉.၅ |
| အစိုးရဝန်ထမ်းများ | ၅၉.၃ | ၅၁.၄ | ၆၇.၁ |
| စီးပွားရေးလုပ်ငန်း/ကုန်ရောင်း ကုန်ဝယ်လုပ်ငန်း | ၃၂.၇ | ၃၇.၅ | ၂၇.၉ |
| အခြား [၃၆] | ၅၆.၃ | ၅၄.၅ | ၅၈.၉ |

IHLCA အရည်အသွေးဆိုင်ရာ လေ့လာချက်။ အဓိက သတင်းပေးသူများနှင့် လူတွေ့မေးမြန်းချက်။ MNPED (၂၀၀၃-၀၄)

[၃၄] ရာသီလိုက်အလုပ်သမားများ ပါဝင်နိုင်ပါသည်။
[၃၅] လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအားလုံး (ထုတ်လုပ်မှု အမျိုးအစား သီးခြား မဖော်ပြပါ)
[၃၆] <u>အခြားလုပ်ကိုင်သူများ</u>။ လှည်းမောင်းသမား၊ ဆေးသုတ်သမား၊ ပန်းချီပညာရှင်၊ လှေဖြင့်ပို့ဆောင်သူ၊ သံဖြူနှင့် ပန်းပဲဆရာ၊ ဆံသသမား၊ ကုမ္ပဏီဝန်ထမ်း၊ ဂဟေဆက်သူ၊ ကျောက်ဆစ်သမား၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ သစ်ခုတ်သမား၊ ပစ္စည်းအမျိုးမျိုး ပြုပြင်သူ၊ မီးသွေးဖုတ်သူ၊ တိရစ္ဆာန် မွေးမြူသူ၊ ကြံစိုက်တောင်သူ၊ ရော်ဘာအလုပ်သမား၊ သတ္တုတွင်းလုပ်သား၊ အုတ်ဖုတ်သူ၊ ဖျာရက်လုပ်သူ၊ ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်။

ကျပန်းအလုပ်သမားများကို ဆင်းရဲနွမ်းပါး ခြင်းအဖြစ်လွယ်ဆုံး စီးပွားရေးအုပ်စု အဖြစ် ကျေးလက်နှင့် မြို့ပြဒေသ နှစ်ခုစလုံးတွင် တွေ့ဆုံ မေးမြန်းခဲ့သည့် အဓိက သတင်းပေးသူများက သိမြင် နားလည်ခဲ့ကြရာတွင် ကျပန်းအလုပ်သမား များ၏ ၈၅.၀% ကျော်မှာ ဆင်းရဲချို့တဲ့ကြသူများ ဖြစ်ကြောင်း သတ်မှတ် ဖော်ထုတ်ခဲ့ကြပါသည်။ ကျပန်း အလုပ်သမားများနှင့် အလားတူပင် လက် သမား၊ ပန်းရန်၊ တံငါသည်၊ ယာဉ်မောင်း၊ ရေလုပ် ငန်းအလုပ်သမား၊ အပ်ချုပ်နှင့် ရက်ကန်းရက်သူ များကဲ့သို့သော အခြားအလုပ်သမားများကို ဆင်းရဲ ချို့တဲ့သူများအဖြစ် သိမြင်နားလည်လေ့ရှိပါသည်။ (ယင်းတို့အနက် ၇၀.၀% မှ ၈၄.၀%အတွင်း ဆင်းရဲ ချို့တဲ့ကြပါသည်။)

ဤအချိုးအစားနှင့် အလားတူစွာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ ဆိုက်ကားနင်းသူနှင့် လယ်ယာ စိုက်ပျိုးလုပ်ကိုင်သူ တို့ကိုလည်း ဆင်းရဲ ချို့တဲ့သူများဟု ပြောကြားခဲ့ကြပါသည်။(အချိုး အစားအားဖြင့် ၆၅.၀% မျှ ရှိပါသည်။) လေ့လာ သည့်ဒေသများရှိ အစိုးရဝန်ထမ်း၅၀.၀% ကျော်ကို လည်း ဆင်းရဲချို့တဲ့သူများ ဖြစ်ကြကြောင်း အဓိက သတင်းပေးသူများက သတ်မှတ် ဖော်ထုတ်ခဲ့ကြပါ သည်။

အဓိကကျသည့် စီးပွားရေး လုပ်ဆောင် ချက်များအတွင်း စီးပွားရေး လုပ်ငန်းရှင်များနှင့် ကုန်ရောင်း ကုန်ဝယ်လုပ်ကိုင်သူများသည် အခြား သူများထက် အခြေအနေ ပိုကောင်းကြဟန် ရှိပြီး ၎င်းတို့အနက်မှ ၃၃.၀% မျှလောက်ကိုသာ ဆင်းရဲ ချို့တဲ့သူများ ဖြစ်ကြသည်ဟု ပြောကြားခဲ့ကြပါ သည်။

အချို့သော စီးပွားရေး အုပ်စုများသည် လေ့လာခဲ့သည့် မြို့ပြဒေသများတွင် ကျေးလက် ဒေသများထက် ပို၍ ဆင်းရဲကြပါသည်။ အထူး အားဖြင့် လက်သမား/ပန်းရန်များ (မြို့ပြဒေသတွင် ၉၇.၀% မှာ ဆင်းရဲကြပြီး ကျေးလက်ဒေသတွင် ၇၁.၀% ဆင်းရဲကြပါသည်)၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ (မြို့ပြတွင် ၇၉.၀% နှင့် ကျေးလက် တွင် ၅၉.၀%)၊ ဆိုက်ကားနင်းသူများ (မြို့ပြတွင် ၈၆.၀% နှင့် ကျေးလက်တွင် ၄၃.၀%)၊ လယ်ယာ စိုက်ပျိုးသူများ ( မြို့ပြတွင် ၆၉.၀%နှင့် ကျေးလက် တွင် ၅၈.၀%)၊ အစိုးရဝန်ထမ်းများ (မြို့ပြတွင် ၆၇.၀% နှင့် ကျေးလက်တွင် ၅၁.၀%) ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းကို မြို့ပြဒေသတွင် နေထိုင်မှု စရိတ် ပိုမိုမြင့်မားခြင်းနှင့် မြို့ပြဒေသနှင့် နှိုင်းစာ ပါက ကျေးလက်ဒေသတွင် ဝယ်လိုအား ပို၍ နည်းပါးသော်လည်း ပြိုင်ဆိုင်မှု ပို၍နည်းသည့် အချက်ဖြင့် ရှင်းပြနိုင်ပါသည်။

ကျေးလက်ဒေသများထက် မြို့ပြဒေသ များတွင်ပို၍လုပ်ကိုင်မှုကောင်းကြသည့် စီးပွားရေး အုပ်စုများမှာ ယာဉ်မောင်းများ၊ ရေလုပ်ငန်းအလုပ် သမားများအပ်ချုပ်နှင့်ရက်ကန်းရက်သူများ၊ စီးပွား ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်ရောင်းကုန် ဝယ်လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြပါသည်။ထိုသို့ ဖြစ်ရခြင်းမှာ ဝယ်လိုအားသည် မြို့ပြဒေသများ တွင် ကျေးလက်ဒေသများထက် ပိုများခြင်းကြောင့် ဖြစ်နိုင်ပါသည်။

စီးပွားရေး လုပ်ဆောင်ချက် တစ်ခုစီရှိ ဆင်းရဲချို့တဲ့သူ အချိုးအစားကို အဆိုပါ စီးပွားရေး လုပ်ဆောင်ချက်တွင် လုပ်ကိုင်နေသူ အချိုးအစား နှင့်မြှောက်ခြင်းအားဖြင့် လေ့လာခဲ့သည့်ကျေးရွာ / ရပ်ကွက်များမှ ဆင်းရဲနွမ်းပါးမှုအပေါ် စီးပွားရေး အုပ်စုတစ်ခုစီ၏ အကျိုးပြု ပါဝင်မှုကို ခန့်မှန်းနိုင် ပါသည်။ (ဇယား ၂-၁၁ ကို ကြည့်ပါ။)

ဇယား ၂-၁၁။ အဓိက သတင်းပေးသူများက သိမြင်နားလည်မှုအရ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုတွင် စီးပွားရေး လုပ်ဆောင်ချက်က အကျိုးပြုပါဝင်မှုကို ဖော်ပြချက် (%)

| **အဓိကစိတ်ကူး ထင်မြင်ချက်** | **လေ့လာနယ်ပယ်များအတွက် ရလဒ်များ%** | | |
|---|---|---|---|
| | **ပြည်ထောင်စု (%)** | **ကျေးလက် (%)** | **မြို့ပြ (%)** |
| ကျပန်းအလုပ်သမား [၃၇] | ၂၆.၀ | ၂၃.၀ | ၂၉.၂ |
| လယ်ယာစိုက်ပျိုးသူ[၃၈] | ၂၃.၃ | ၃၀.၈ | ၁၃.၈ |
| ခေါင်းရွက်ဗျပ်ထိုး ဈေးသည် | ၄.၁ | ၁.၈ | ၇.၀ |
| စီးပွားရေးလုပ်ငန်း/ကုန်ရောင်းကုန်ဝယ် လုပ်ငန်း | ၂.၆ | ၁.၈ | ၃.၁ |
| အစိုးရဝန်ထမ်း | ၂.၆ | ၁.၂ | ၄.၃ |
| တံငါသည် | ၁.၉ | ၁.၇ | ၂.၁ |
| ဆိုက်ကားနင်းသူ | ၁.၅ | ၀.၀ | ၃.၈ |
| အပ်ချုပ်/ ရက်ကန်းရက်သူ | ၁.၄ | ၂.၅ | ၀.၆ |
| လက်သမား/ ပန်းရန်သမား | ၁.၂ | ၀.၁ | ၂.၆ |
| ရေလုပ်ငန်းအလုပ်သမား | ၀.၈ | ၀.၄ | ၀.၉ |
| ယာဉ်မောင်း | ၀.၈ | ၀.၀ | ၁.၀ |
| အခြား [၃၉] | ၂.၆ | ၁.၇ | ၃.၅ |
| စုစုပေါင်း | ၆၈.၈ | ၆၅.၂ | ၇၁.၉ |

တွက်ချက်မှုများသည် ဇယား ၉ နှင့် ဇယား ၁၀ မှ အချက်အလက်များကို အခြေပြုပါသည်။

[၃၇] ရာသီလိုက်အလုပ်သမားများ ပါဝင်နိုင်ပါသည်။

[၃၈] ယေဘုယျအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ (ထုတ်လုပ်မှု အမျိုးအစား သီးခြားမဖော်ပြပါ။)

[၃၉] အခြားလုပ်ကိုင်သူများ။ လှည်းမောင်းသမား၊ ဆေးသုတ်သမား၊ ပန်းချီပညာရှင်၊ လှေဖြင့်ပို့ဆောင်သူ၊ သံဖြူနှင့် ပန်းပဲဆရာ၊ ဆံသသမား၊ ကုမ္ပဏီဝန်ထမ်း၊ ဂဟေဆက်သူ၊ ကျောက်ဆစ်သမား၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ သစ်ခုတ်သမား၊ ပစ္စည်းအမျိုးမျိုး ပြုပြင်သူ၊ မီးသွေးဖုတ်သူ၊ တိရစ္ဆာန်မွေးမြူသူ၊ ကြံစိုက်တောင်သူ၊ ရော်ဘာအလုပ်သမား သတ္တုတွင်း လုပ်သား၊ အုတ်ဖုတ်သူ၊ ဖျာရက်လုပ်သူ၊ ဘာသာရေး အဖွဲ့အစည်းခေါင်းဆောင်။

ပြည်ထောင်စုအဆင့် စုစည်းခဲ့လျှင် လေ့လာခဲ့သည့် ဒေသများရှိ ဆင်းရဲနွမ်းပါးမှုတွင် အများဆုံးအကျိုးပြုပါဝင်သည်ဟု သိမြင်နားလည်ခဲ့ကြသည့် စီးပွားရေးအုပ်စုနှစ်ခုမှာ ကျပန်းအလုပ်သမားနှင့် လယ်ယာစိုက်ပျိုးသူများ ဖြစ်ပါသည်။ ဤစီးပွားရေး အုပ်စုနှစ်ခုအတွက် ဦးတည်ချက်ထားဆောင်ရွက်သည့်စီမံချက်များသည် လေ့လာမှုပြုသည့်ဒေသများတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချမှုကို အများဆုံး တွေ့ထိဆုံမိခြင်း ရှိမည်ဟု ဆိုလိုပေသည်။

ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးသူများသည် ကျပန်းအလုပ်သမားများထက် ဆင်းရဲနွမ်းပါးမှုတွင် အကျိုးပြု ပါဝင်မှု ပို၍ကြီးမားပါသည်။အခြားတစ်ဖက်တွင်လည်းလေ့လာခဲ့သည့် မြို့ပြဒေသများတွင်၊ ကျပန်းအလုပ်သမားများသည် ဆင်းရဲနွမ်းပါးမှုတွင် အကျိုးပြု ပါဝင်မှုအများဆုံးဖြစ်ပြီး ၎င်းတို့နောက်မှ လယ်ယာစိုက်ပျိုးသူများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်းများ၊ ဆိုက်ကားနင်းသူများ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ/ ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်သူများ ရှိကြပါသည်။

အားလုံးခြုံ၍ ကြည့်မည်ဆိုပါက လေ့လာခဲ့သည့် ဒေသများမှ လူဦးရေ၏ ၇၀.၀% သည် ဆင်းရဲချို့တဲ့ကြသည်ဟု အဓိကသတင်းပေးသူများ သိမြင်နားလည်ခဲ့ကြပါသည်။ ဤအချိုးအစားသည် ကျေးလက်နှင့် မြို့ပြဒေသများအတွင်း အတူတူနီးပါးမျှ ဖြစ်ပါသည်။ ဤအရည်အသွေးဆိုင်ရာ လေ့လာချက်တွင် အဓိက မြို့ကြီးများဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့များ ပါဝင်ခြင်းမရှိဘဲ ရွေးချယ်ထားသည့် မြို့နယ် ၂၈ ခုတို့မှ အရည်အသွေးဆိုင်ရာ လေ့လာချက်တွင် ပါဝင်သည့် ကျေးရွာ/ရပ်ကွက်ပေါင်း၅၆ခုတို့နှင့်သာသက်ဆိုင်သည့်အတွက် ဤအချိုးအစားသည် ရှိသင့်သည်ထက် ပိုမိုခန့်မှန်းထားခြင်း ဖြစ်မည်ကို သတိပြုမိရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေတစ်ခုလုံးအတွက် ကောက်ချက်ချ၍ မရနိုင်ပါ။

### *စီးပွားရေး လုပ်ဆောင်မှုအလိုက်၊ ရာသီလိုက် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု*

ပြည်သူလူထု၏ လူနေမှုဘဝ ပြည့်စုံဖူလုံမှုတွင် ရာသီလိုက် ပြောင်းလဲမှုများကို FGD တွင် ပါဝင်သူများ၏ သိမြင် နားလည်မှုများအရ အဓိက စီးပွားရေးအုပ်စုများအတွက်ဇယား (၂-၁၂) တွင် ဖော်ပြထားပါသည်။ ပြည်သူများကို ဆင်းရဲချို့တဲ့သည်ဟု ဆိုခဲ့လျှင် ၁ မှတ်၊ အဆင်ပြေသည်ဆိုလျှင် ၂မှတ်နှင့် စီးပွားရေးကောင်းမွန်သည် ဆိုလျှင် ၃ မှတ် ပေးထားပါသည်။ ၃ မှတ်နှင့် နီးကပ်မှုရှိလေလေ ပြည်သူများသည် စီးပွားရေးအဆင်ပြေကောင်းမွန်လေလေ ဖြစ်ပါသည်။

ဇယား ၂-၁၂။ FGD တွင် ပါဝင်သူများက သိမြင်နားလည်ခဲ့မှုအရ နေရာဒေသအလိုက် အဓိက စီးပွားရေး လုပ်ဆောင်ချက်များတွင် ရာသီလိုက် ပြောင်းလဲမှုများကို ဖော်ပြချက်

| အဓိကစိတ်ကူးထင်မြင်ချက် | လေ့လာနယ်ပယ်များအတွက် ရလဒ်များ | | | | | |
|---|---|---|---|---|---|---|
| | ကျေးလက် | | | မြို့ပြ | | |
| | နွေရာသီ (မတ်လ မှ မေလ) | မိုးရာသီ (ဇွန်လ မှ အောက်တိုဘာလ) | ဆောင်းရာသီ (နိုဝင်ဘာလ မှ ဖေဖော်ဝါရီလ) | နွေရာသီ (မတ်လ မှ မေလ) | မိုးရာသီ (ဇွန်လ မှ အောက်တိုဘာလ) | ဆောင်းရာသီ (နိုဝင်ဘာလ မှ ဖေဖော်ဝါရီလ) |
| လယ်ယာစိုက်ပျိုးသူများ[၄၀] | ၂.၃ | ၁.၃ | ၂.၇ | ၁.၆ | ၁.၃ | ၂.၆ |
| ကျပန်းလုပ်သား [၄၁] | ၂.၁ | ၁.၃ | ၂.၅ | ၂.၁ | ၁.၂ | ၂.၃ |
| စီးပွားရေးလုပ်ငန်း/ ကုန်ရောင်းကုန်ဝယ် လုပ်ငန်း | ၂.၆ | ၁.၇ | ၂.၃ | ၂.၅ | ၁.၃ | ၂.၅ |
| ခေါင်းရွက်ဗျပ်ထိုးဈေးသည် | ၁.၅ | ၁.၁ | ၁.၈ | ၂.၃ | ၁.၅ | ၂.၅ |
| အစိုးရ ဝန်ထမ်း | ၁.၃ | ၁.၀ | ၁.၃ | ၂.၅ | ၁.၅ | ၂.၅ |
| တံငါသည် | ၂.၅ | ၁.၂ | ၂.၇ | ၂.၄ | ၁.၈ | ၂.၃ |
| ဆိုက်ကားနင်းသူ | ၂.၀ | ၁.၀ | ၃.၀ | ၂.၆ | ၁.၁ | ၂.၉ |
| လက်သမား / ပန်းရန် | ၂.၅ | ၁.၂ | ၂.၇ | ၂.၉ | ၁.၂ | ၃.၀ |
| အပ်ချုပ် / ရက်ကန်းရက်သူ | ၂.၀ | ၁.၁ | ၂.၃ | ၂.၁ | ၁.၅ | ၂.၆ |
| ရေလုပ်ငန်းအလုပ်သမားများ | ၁.၀ | ၂.၃ | ၀.၉ | ၂.၀ | ၂.၀ | ၂.၀ |
| ယာဉ်မောင်းများ | | | | ၂.၅ | ၁.၁ | ၂.၆ |
| ပျမ်းမျှ | ၂.၂ | ၁.၃ | ၂.၃ | ၂.၂ | ၁.၃ | ၂.၃ |

IHLCAအရည်အသွေးဆိုင်ရာလေ့လာချက်, MNPED (၂၀၀၃-၀၄)

ရှင်းလင်းချက်

၁ = ဆင်းရဲချို့တဲ့သူ
၂ = အဆင်ပြေသူ
၃ = စီးပွားရေး ကောင်းမွန်သူ

[၄၀] ယေဘုယျအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ (ထုတ်လုပ်မှု အမျိုးအစား သီးခြား မဖော်ပြပါ။)
[၄၁] ရာသီလိုက် အလုပ်သမားများ ပါဝင်နိုင်ပါသည်။

နေရာဒေသ မခွဲခြားဘဲ နွေရာသီနှင့် ဆောင်းရာသီများတွင် လူအများစုမှာ စီးပွားရေး ကောင်းမွန်ကြပြီး မိုးရာသီတွင်မူ စီးပွားရေးအုပ်စု အများစုသည်ဆင်းရဲချို့တဲ့ကြပါသည်။ ကျေးလက် ဒေသများတွင် မိုးရာသီ၌ စီးပွားရေးကောင်းမွန် သည်ဟုပြောကြသည့် ရေလုပ်သားများက လွဲလျှင် ဤသို့ဖြစ်ကြပါသည်။

အရေအတွက်ဆိုင်ရာ လေ့လာမှု၌ ကျေးလက်နှင့် မြို့ပြဒေသ နှစ်ခုစလုံးတွင် ရာသီ လိုက် ပြောင်းလဲမှုကို နားလည်သဘောပေါက်ရန် အသေအချာ အရေး ကြီးပါသည်။ အဘယ့်ကြောင့် ဆိုသော် စားဝတ်နေရေး အခြေအနေများတွင် ပြောင်းလဲမှုများသည် ဥတုရာသီပေါ်တွင် မူတည် ချက်အရ အသေအချာ အရေးကြီးသောကြောင့် ဖြစ်ပါသည်။

### *ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များ*

FGD တွင် ပါဝင်သူများက သိမြင် နားလည်ခဲ့မှုအရ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များကို ဇယား (၂-၁၃) တွင် ဖော်ပြထား ပါသည်။

ဇယား ၂-၁၃။ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု[၄၂]၏ အဓိကဇာစ်မြစ်များကို FGD တွင် ပါဝင်သူအမျိုးအစား[၄၃] အလိုက် ခွဲခြားဖော်ပြချက်

| အဓိကစိတ်ကူးထင်မြင်ချက် | လေ့လာ့ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ရာသီဥတု ဆိုးရွားမှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| သီးနှံအထွက် နည်းပါးမှု | ၂ | ၂ | ၆ | ၂ | ၂ | ၂ | ၂ |
| ကုန်စျေးနှုန်း ကြီးမြင့်မှု | ၃ | ၅ | ၂ | ၄ | ၃ | ၃ | ၃ |
| အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှု | ၄ | ၃ | ၄ | ၅ | ၄ | ၅ | ၄ |
| အစားအစာ စျေးနှုန်းကြီးမြင့်မှု | ၅ | ၈ | ၃ | ၃ | ၅ | ၄ | ၅ |
| ကျန်းမာရေး ချို့တဲ့မှု | ၆ | ၄ | ၈ | ၇ | ၆ | ၇ | ၆ |
| ဝယ်လိုအား ကျဆင်းမှု | ၇ | ၁၄ | ၅ | ၆ | ၇ | ၆ | ၈ |
| ရေလွှမ်းမှု | ၈ | ၁၀ | ၇ | ၈ | ၁၀ | ၁၀ | ၇ |
| လယ်ယာထွက်ကုန်စျေးနှုန်း နိမ့်ကျမှု | ၉ | ၇ | ၁၀ | ၉ | ၁၁ | ၉ | ၁၁ |
| ရှိရင်း ရေထွက်ကုန်နည်းပါးမှု | ၁၀ | ၆ | ၁၃ | ၁၂ | ၈ | ၈ | ၁၃ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု | ၁၁ | ၁၁ | ၁၂ | ၁၇ | ၉ | ၁၃ | ၁၀ |
| သွင်းအားစုများ စျေးနှုန်းကြီးမြင့်မှု | ၁၂ | ၁၃ | ၁၁ | ၁၀ | ၁၂ | ၁၆ | ၉ |
| မိုးခေါင်မှု | ၁၃ | ၉ | ၁၈ | ၁၁ | ၁၃ | ၁၂ | ၁၄ |
| ရောင်းကုန်ပစ္စည်း စျေးနှုန်းနိမ့်ကျမှု | ၁၄ | ၁၆ | ၉ | ၁၃ | ၁၄ | ၁၁ | ၂၀ |
| သီးနှံရောဂါနှင့် ပိုးမွှားအန္တရာယ် | ၁၅ | ၁၂ | ၂၂ | ၁၅ | ၁၆ | ၁၈ | ၁၂ |
| အလုပ်သမား ငှားရမ်းခစရိတ် ကြီးမြင့်မှု (လုပ်ခ) | ၁၆ | ၁၅ | ၁၆ | ၁၄ | ၁၇ | ၁၄ | ၁၆ |
| လုပ်ခ / လစာ နည်းပါးမှု | ၁၇ | ၂၀ | ၁၄ | ၁၆ | ၂၀ | ၂၀ | ၁၅ |
| အပြိုင်အဆိုင် များပြားမှု | ၁၈ | ၂၃ | ၁၅ | ၂၅ | ၁၅ | ၁၅ | ၂၄ |
| အဆင့်မြင့် ပညာရေးစရိတ် ကြီးမြင့်မှု | ၁၉ | ၂၁ | ၁၇ | ၁၉ | ၁၉ | ၁၉ | ၁၉ |
| သားသမီးများ အသက်ငယ်ရွယ်မှု | ၂၀ | ၁၉ | ၂၁ | ၂၃ | ၁၈ | ၂၈ | ၁၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၇၅၂);
- ကျား/ မ အရ (r=၀.၉၀၂);
- အသက်အုပ်စု အရ (r=၀.၈၄၆).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

---

[၄၂] ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်ရသည့် အဓိကအကြောင်းရင်း ၂၀ ကို ဤဇယားတွင် ဖော်ပြထားပါသည်။ အဓိကစိတ်ကူးထင်မြင်ချက် အားလုံးပါဝင်သည့် ဇယားကို နောက်ဆက်တွဲ (၅)တွင် ဖော်ပြထားပါသည်။

[၄၃] ရာသီလိုက် အပြောင်းအလဲများရှိကြောင်း FGD တွင် ပါဝင်သူများက ဖြေကြားသည့်အခါတွင်မှ ဤမေးခွန်းကို မေးမြန်းပါသည်။ တစ်စုံတစ်ရာ ဖြေကြားခြင်း မပြုသည့် FGD များမှာ -

ပဲခူးတိုင်း၊ သယာဝတီမြို့နယ် (ကျေးရွာ/ လူငယ်အမျိုးသား)
တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် (ကျေးရွာ/ လူကြီးအမျိုးသား)
ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ် (ကျေးရွာ/ လူငယ်အမျိုးသမီး)
မကွေးတိုင်း၊ မင်းဘူးမြို့နယ် (ရပ်ကွက်/ လူကြီးအမျိုးသမီး)
စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် (ရပ်ကွက်/လူငယ် အမျိုးသမီး)
စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် (ရပ်ကွက်/ လူကြီး အမျိုးသား)
ချင်းပြည်နယ်၊ ဟားခါးမြို့နယ် (ရပ်ကွက်/ လူငယ်အမျိုးသား)
ရှမ်းပြည်နယ် ၊ ညောင်ရွှေမြို့နယ် (ကျေးရွာ/ လူငယ်အမျိုးသား)
ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် (ရပ်ကွက်/ လူကြီး အမျိုးသမီး)
ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ် (ကျေးရွာ/ လူငယ်အမျိုးသား)

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့် စုစည်းထားသည့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အဓိကဇာစ်မြစ်များနှင့် စပ်လျဉ်းပြီး FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများမှာ ရာသီဥတုဆိုးရွားမှု၊ သီးနှံအထွက်နည်းပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ အစားအစာဈေးနှုန်းကြီးမြင့်မှု (အထူးသဖြင့် ဆန်ဈေးနှုန်း)၊ ကျန်းမာရေးချို့တဲ့မှု၊ရေလွှမ်းမှု၊လယ်ယာထွက်ကုန်ဈေးနှုန်းနိမ့်ကျမှု၊ ရှိရင်း ရေထွက်ကုန်နည်းပါးမှုနှင့် ဝယ်လိုအား ကျဆင်းမှုတို့ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အခြားသော ဇာစ်မြစ်များမှာ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း မရှိမှု၊ သွင်းအားစုများဈေးနှုန်း ကြီးမြင့်မှု၊ မိုးခေါင်မှုနှင့် ရောင်းကုန်ပစ္စည်းဈေးနှုန်းနိမ့်ကျမှု အစရှိသည်တို့ ဖြစ်ပါသည်။

## အတန်းအစားအလိုက်

ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ အဓိကဇာစ်မြစ်များနှင့် စပ်လျဉ်းပြီး နေထိုင်ရာဒေသ၊ ကျား/မ၊ လူငယ်/ လူကြီး အလိုက် သိမြင် နားလည်မှုများတွင် ဆက်စပ်မှုများရှိနေသည်။ ထိုသို့ ဆက်စပ်မှု ရှိနေသည့် တိုင်အောင် ကျေးလက်နှင့် မြို့ပြတို့အကြား အရေးကြီးသည့် ကွဲပြားခြားနားမှုများကိုမူ မီးမောင်းထိုးဖော်ပြရပေလိမ့်မည်။

ကျေးလက်ဒေသများအဖို့ မြို့ပြဒေသများထက်ပို၍ အဆင့်ပေးထားသည့် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၏ ဇာစ်မြစ်များမှာ လယ်ယာကုန်ထွက်နည်းပါးမှု၊ ကျန်းမာရေးချို့တဲ့မှု၊ ရှိရင်းရေထွက်ကုန်နည်းပါးမှု၊ လယ်ယာထွက်ကုန် ပစ္စည်းဈေးနှုန်းနိမ့်ကျမှု၊မိုးခေါင်မှု၊သီးနှံရောဂါနှင့် ပိုးမွှားအန္တရာယ်တို့အပြင် အလုပ်သမား ငှားရမ်းခစရိတ် မြင့်မားမှုတို့ပါဝင်ပါသည်။

မြို့ပြဒေသများက ကျေးလက်ဒေသများထက်ပို၍ အဆင့်ပေးခဲ့သည့် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၏ ဇာစ်မြစ်များမှာ ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှု၊ အစားအစာ ဈေးနှုန်းကြီးမြင့်မှု (အထူးသဖြင့် ဆန်ဈေးနှုန်း)၊ ရေလွှမ်းမိုးမှု၊ ဝယ်လိုအားကျဆင်းမှု၊ ရောင်းကုန် ပစ္စည်းဈေးနှုန်း နိမ့်ကျမှု၊ လုပ်ခ/ လစာ နည်းပါးမှု တို့အပြင် အပြိုင်အဆိုင်များပြားမှုတို့ဖြစ်ပါသည်။

## ရပ်ရွာ၊ အိမ်ထောင်စုနှင့်တစ်ဦးချင်းအလိုက် ဖြေရှင်းဆောင်ရွက်သည့် နည်းဗျူဟာများ

အခက်အခဲများကို ရင်ဆိုင် ဖြေရှင်းရာတွင် ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်း အလိုက် ဖြေရှင်းသည့် နည်းဗျူဟာများဟုခေါ်သည့် ကွဲပြားခြားနားသော နည်းဗျူဟာများကို ဖြစ်ပေါ်စေခဲ့ကြပါသည်။ ဆင်းရဲနွမ်းပါးမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ဖြေရှင်းသည့် နည်းဗျူဟာများသည် ပို၍ပြန်လည်ပြောင်းလဲရန်မဖြစ်နိုင်တော့ပေ။ဖြေရှင်းသည့် နည်းဗျူဟာများနှင့် စပ်လျဉ်းပြီး FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများကို ပြည်ထောင်စုအဆင့် စုစည်းပြီး ဇယား (၂-၁၄) တွင် ဖော်ပြထားပါသည်။

ဇယား (၂-၁၄) ။ ပြည်ထောင်စုအဆင့် ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက် ဖြေရှင်းသည့် နည်းဗျူဟာ များ[၄၄] ကို FGD[၄၅] တွင် ပါဝင်သူ အမျိုးအစား အလိုက် ခွဲခြားဖော်ပြချက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့်နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| အတိုးဖြင့် ငွေချေးယူခြင်း | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| စီးပွားရေးလုပ်ကိုင်ကိုင်ဆောင်ရွက်မှု အမျိုးမျိုး လုပ်ကိုင်ခြင်း | ၂ | ၃ | ၂ | ၂ | ၃ | ၂ | ၃ |
| ကျပန်း အလုပ် | ၃ | ၂ | ၃ | ၃ | ၂ | ၃ | ၂ |
| ကြိုတင်ငွေယူခြင်း | ၄ | ၄ | ၁၀ | ၄ | ၉ | ၅ | ၄ |
| အခြားမိသားစုဝင်များ အလုပ် လုပ်ကိုင်ခြင်း | ၅ | ၈ | ၄ | ၅ | ၆ | ၄ | ၆ |
| ပိုင်ဆိုင်မှုပစ္စည်းများ ရောင်းချခြင်း | ၆ | ၇ | ၆ | ၈ | ၄ | ၆ | ၈ |
| အသုံးအစွဲ လျှော့ချခြင်း | ၇ | ၁၂ | ၅ | ၆ | ၁၀ | ၉ | ၅ |
| ကြိုတင် လုပ်ခငွေ ရယူခြင်း | ၈ | ၆ | ၁၁ | ၉ | ၇ | ၇ | ၉ |
| မွေးမြူရေး တိရစ္ဆာန်များ ရောင်းချခြင်း | ၉ | ၅ | ၁၈ | ၇ | ၁၃ | ၁၁ | ၇ |
| အစားအစာ စားသုံးမှု လျှော့ချခြင်း | ၁၀ | ၁၀ | ၈ | ၁၃ | ၈ | ၁၀ | ၁၀ |
| နေရာဒေသ ရွှေ့ပြောင်းခြင်း | ၁၁ | ၁၄ | ၇ | ၁၉ | ၅ | ၈ | ၁၃ |
| အချင်းချင်း အကူအညီပေးခြင်း | ၁၂ | ၉ | ၁၅ | ၁၂ | ၁၁ | ၁၄ | ၁၁ |
| မိသားစုထံမှ ချေးယူခြင်း | ၁၃ | ၁၆ | ၁၂ | ၁၁ | ၁၇ | ၁၆ | ၁၂ |
| စုဆောင်းငွေထဲမှ သုံးစွဲခြင်း | ၁၄ | ၁၉ | ၉ | ၁၇ | ၁၂ | ၁၂ | ၂၀ |
| မိသားစု၏ ငွေကြေးထောက်ပံ့မှု | ၁၅ | ၁၅ | ၁၇ | ၁၅ | ၁၅ | ၁၃ | ၁၈ |
| လှူဒါန်းငွေ/ အထောက်အပံ့ (ရပ်ရွာ) | ၁၆ | ၁၇ | ၁၄ | ၁၄ | ၁၆ | ၁၇ | ၁၄ |
| အချိန်ပို လုပ်ကိုင်မှု | ၁၇ | ၂၀ | ၁၃ | ၁၀ | ၂၄ | ၁၅ | ၁၉ |
| မိသားစုကို ကူညီရန် သားသမီးအကြီး များကို ကျောင်းမှထုတ်ခြင်း | ၁၈ | ၁၈ | ၁၆ | ၂၁ | ၁၄ | ၁၉ | ၁၅ |
| လယ်ယာထုက်ကုန်များ ရောင်းချခြင်း | ၁၉ | ၁၁ | ၂၄ | ၁၈ | ၁၉ | ၂၂ | ၁၆ |
| သီးနှံအမျိုးမျိုး စိုက်ပျိုးခြင်း | ၂၀ | ၁၃ | ၂၅ | ၁၆ | ၂၁ | ၂၀ | ၁၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။

- နေထိုင်သည့် နေရာ အရ (r=၀.၈၅၀);
- ကျား/ မ အရ (r=၀.၈၃၆);
- အသက်အုပ်စု အရ (r=၀.၉၄၁).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၄၄] ဤဇယားသည် အဓိက ဖြေရှင်းဆောင်ရွက်မှု နည်းဗျူဟာ ၂၀ကို ပြည်ထောင်စုအဆင့်အတွက် ဖော်ပြထားပါသည်။ အဓိက စိတ်ကူးထင်မြင်ချက်များ အားလုံးပါဝင်သည့် ဇယားကို နောက်ဆက်တွဲ (၅)တွင် ဖော်ပြထားပါသည်။

[၄၅] ဤမေးခွန်းကို FGD အုပ်စု ၂ ခုတို့က ဖြေကြားခြင်းမပြုပါ။ ၎င်းတို့မှာ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ကျေးရွာလူငယ် (အမျိုးသား) နှင့် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာလူငယ် (အမျိုးသား) တို့ ဖြစ်ပါသည်။

## ပြည်ထောင်စုအဆင့်

အခက်အခဲများကို ကြုံတွေ့ရသည့် အိမ်ထောင်စုများနှင့် လူတစ်ဦးချင်း အလိုက် လက်ငင်းဖြေရှင်းသည့် နည်းဗျူဟာများမှာ ငွေချေးယူခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် အပေါင်ဆိုင်၊ စီးပွားရေးလုပ်ငန်းရှင်နှင့် မိသားစုထံမှ ငွေချေးယူကြပါသည်။ FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုအရ မိမိ၏ မိသားစုထံမှ ငွေချေးယူခြင်း၏ အကျိုးကျေးဇူးမှာ အတိုးပေးရန် လိုလေ့မရှိခြင်း ဖြစ်ပြီး အခြားဇာစ်မြစ်များမှ ချေးယူမည်ဆိုပါက အတိုး အလွန်မြင့်သည့် အပြင် အာမခံထားပေးရန် လိုအပ်လေ့ရှိခြင်း ဖြစ်ပါသည်။

*"ကျွန်တော်တို့ ငွေကြေး အခက်အခဲ ဖြစ်သည့်အခါ အခြားသူများထံမှ ငွေချေးယူပါသည်။ ထိုချေးငွေကို အလုပ်အကိုင်ကောင်းသည့် ဆောင်းရာသီအစောပိုင်းတွင် ပြန်လည်ပေးဆပ်ပါသည်။ ကျွန်တော်တို့သည် ညီအစ်ကို မောင်နှမများထံမှ ချေးယူသည့်အခါ အတိုးပေးရန် မလိုပါ။ အကယ်၍ အခြားသူများထံမှ ချေးယူမည်ဆိုပါက အပေါင်အဖြစ် အာမခံပစ္စည်းကို ပေးရဦးမည် ဖြစ်သည့်အပြင် အတိုးကို လည်း ပေးရဦးမည်ဖြစ်ပါသည်။"*

အမျိုးသား၊ လူငယ်၊ ကျေးရွာ၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုအမျိုးမျိုး လုပ်ကိုင်ခြင်းနှင့် ကျပန်းလုပ်ကိုင်ခြင်းသည် တစ်ဦးချင်းအလိုက်နှင့် အိမ်ထောင်စုအလိုက် ဖြေရှင်းဆောင်ရွက်သည့် နည်းဗျူဟာများ ဖြစ်ပါသည်။ စီးပွားရေးလုပ်ကိုင် ဆောင်ရွက်မှုသည် အလွန်ဆုံးရှုံးနစ်နာမည့် အနေအထားရှိခြင်း သို့တည်းမဟုတ် လုံလောက်စွာ ကောင်းမွန်စွာ လုပ်မရကြောင်း တွေ့ရပါက လုပ်ကိုင်ဆောင်ရွက်မှု အမျိုးမျိုးလုပ်ကိုင်လေ့ ရှိပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ရာသီလိုက် ပြောင်းလဲမှုများကို ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

ကြိုတင်ငွေယူမှုနှင့် ကြိုတင်လုပ်ခ/လစာငွေ တို့မှာလည်း အရေးပါသည့် နည်းဗျူဟာများ ဖြစ်ပါသည်။ ကြိုတင်ငွေယူမှုမှာ များသောအားဖြင့် လယ်ယာစိုက်ပျိုး လုပ်ကိုင်သူများအတွက် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းရှိရန် နည်းဗျူဟာ (သို့မဟုတ်)၎င်းတို့အတွက် စားသုံးရန် ဆန်လက်ကျန်နည်းပါးသည့် ကာလများကို ကာမိစေရန် ဖြေရှင်းသည့် နည်းဗျူဟာ ဖြစ်ပါသည်။ ကြိုတင်လုပ်ခမှာ ကျပန်းအလုပ်သမားများ အလုပ်မရှိသည့်အခါအတွက်နည်းဗျူဟာဖြစ်ပါသည်။အလုပ်မရှိဖြစ်နေစဉ်အချိန်အတွင်း ၎င်းတို့၏ ဝမ်းရေးအတွက် ချေးငှားရယူသုံးစွဲပြီး အလုပ်ပေါ်သည့်အချိန်တွင် ၎င်းတို့လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြပါသည်။

*"လယ်ယာစိုက်ပျိုး လုပ်ကိုင်သူတချို့သည် စပါးအတွက် ကြိုတင်ငွေ ရယူလေ့ရှိကြပါသည်။ တစ်ခါတစ်ရံ ၎င်းတို့အတွက် စားသုံးရန် စပါးလက်ကျန် မရှိကြပါ။ ထို့အခါ ဆန်ကို ဝယ်ယူကြရပါသည်။ တစ်ခါတစ်ရံ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများ နာမကျန်း ဖြစ်ကြပါသည်။ ထိုအခါ ခိုင်းကျွဲ/ နွားများကို ရောင်းချရပြီး အခြေအနေ ဆိုးလာပါသည်။ ၎င်းတို့ထံတွင် ခိုင်းကျွဲ/ နွားများ မရှိသဖြင့် စပါးပေးဖြင့် ခိုင်းကျွဲ/နွားများကို ငှားရမ်းကြရပါသည်။"*

အမျိုးသမီး၊ လူငယ်၊ ကျေးရွာ၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း။

*"ကျွန်မတို့ အလုပ်အကိုင် မရှိသည့်အချိန်မျိုးတွင် ကြိုတင်လုပ်ခငွေကို ရယူကြပါသည်။ ကျွန်မတို့ အလုပ်လုပ်ပေးသည့်အခါ လုပ်ခကို ကြိုတင်ယူငွေနှင့် ခုနှိမ်ပေးပါသည်။ ထိုအခါ ကျွန်မတို့သည် ကြပ်တည်း သဖြင့် ထပ်မံ၍ ကြိုတင်လုပ်ခယူရပြန် ပါသည်။ ထို့ကြောင့် ကြိုတင်လုပ်ခယူလိုက်၊ အလုပ်လုပ်ပေးလိုက်ဖြင့် သံသရာလည်နေပါတော့သည်။"*

အမျိုးသမီး၊ လူငယ်၊ ကျေးရွာ၊
ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း။

အခြား အရေးပါသော ဖြေရှင်းသည့် နည်းဗျူဟာများမှာ ပိုင်ဆိုင်မှုပစ္စည်းများ ရောင်းချခြင်း၊ အသုံးအစွဲ လျှော့ချခြင်း၊ မွေးမြူရေး တိရစ္ဆာန်များ ရောင်းချခြင်း၊အခြားအိမ်ထောင်စုဝင်များ (အမျိုးသမီးများ၊ သားသမီးအကြီးများ) အလုပ်လုပ်ကြရခြင်း၊အစားအစာစားသုံးမှုကိုလျှော့ချခြင်းနှင့် ဒေသရွှေ့ပြောင်းနေထိုင်ခြင်း (ရာသီလိုက် သို့မဟုတ် အမြဲတမ်း) တို့ဖြစ်ပါသည်။

### အတန်းအစားအလိုက်

နေထိုင်ရာဒေသ၊ ကျား/ မနှင့် အသက်အုပ်စုအလိုက်သိမြင်နားလည်မှုများသည် ဆက်စပ်မှုများ ရှိနေသော်လည်း ကျေးလက်နှင့် မြို့ပြမှ FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် ဖြေရှင်းသည့် နည်းဗျူဟာများ၏ ကွဲပြားခြားနားမှုများကို မီးမောင်းထိုးပြရန် လိုအပ်ပါသည်။

ကျေးလက်ဒေသများက မြို့ပြဒေသများထက် ပို၍ မြင့်မားစွာ အဆင့်ပေးခဲ့သည့် ဖြေရှင်းရေးနည်းဗျူဟာများမှာ ကြိုတင်ငွေရယူမှု၊ မွေးမြူရေးတိရစ္ဆာန်များရောင်းချမှု၊ လုပ်ခလစာ ကြိုတင်ယူမှု၊ရပ်ရွာအတွင်းအချင်းချင်း ကူညီစောင့်ရှောက်မှု၊ လယ်ယာထုတ်ကုန် ပစ္စည်းများရောင်းချမှုနှင့် သီးနှံအမျိုးမျိုး စိုက်ပျိုးလုပ်ကိုင်မှု တို့ဖြစ်ပါသည်။

မြို့ပြဒေသများက ကျေးလက်ဒေသများထက်ပို၍ မြင့်မားစွာ အဆင့်ပေးထားသည့် ဖြေရှင်းရေး နည်းဗျူဟာများမှာ အသုံးစရိတ်လျှော့ချမှု၊ နေရာဒေသရွှေ့ပြောင်း နေထိုင်မှု၊ စုဆောင်းငွေမှ သုံးစွဲမှုနှင့် အချိန်ပိုလုပ်ကိုင်မှုတို့ဖြစ်ပါသည်။

## ၂-၄။ ဆင်းရဲနွမ်းပါးမှု လျှော့ချရန် လုပ်ငန်းအစီအစဥ်နှင့် လုပ်ငန်းစီမံချက်များ

ဆင်းရဲနွမ်းပါးမှု လျှော့ချရန် နည်းလမ်းများကို သတ်မှတ် ဖော်ထုတ်နိုင်ရန်အတွက် FGD တွင် ပါဝင်သူများကို ၎င်းတို့၏ စားဝတ်နေရေးအခြေအနေ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ကျေးရွာ/ရပ်ကွက်တွင် မည်ကဲ့သို့သော လုပ်ငန်းအစီအစဥ်နှင့် လုပ်ငန်းစီမံချက်များရှိရန် လိုအပ်ပါသလဲဟု မေးမြန်းခဲ့ပါသည်။ ဇယား(၂-၁၅)သည် FGD တွင်ပါဝင်သူများကဖော်ထုတ်သတ်မှတ်ပေးခဲ့သည့် အဓိကလုပ်ငန်းအစီအစဥ်နှင့် စီမံချက်များကို ပြည်ထောင်စုအဆင့်စုစည်းပြီး၊ FGDတွင်ပါဝင်သူများ၏ အတန်းအစားအလိုက်ခွဲခြား ဖော်ပြထားပါသည်။

ဇယား ၂-၁၅။ ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် စားဝတ်နေရေး အခြေအနေ[၄၆] တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို FGD တွင် ပါဝင်သူ[၄၇]၏ အမျိုးအစားအလိုက် ခွဲခြားဖော်ပြချက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ* | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| စက်ရုံ/ အလုပ်ရုံများ | ၁ | ၅ | ၁ | ၃ | ၁ | ၂ | ၁ |
| လျှပ်စစ်ဓာတ်အား | ၂ | ၁ | ၄ | ၂ | ၂ | ၁ | ၂ |
| အလုပ်အကိုင် အခွင့်အလမ်း | ၃ | ၄ | ၂ | ၁ | ၅ | ၃ | ၄ |
| ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်း | ၄ | ၃ | ၃ | ၄ | ၄ | ၅ | ၃ |
| လမ်းများ တိုးချဲ့ဖောက်လုပ်မှု | ၅ | ၂ | ၅ | ၅ | ၃ | ၄ | ၅ |
| တိရစ္ဆာန် မွေးမြူမှု | ၆ | ၇ | ၆ | ၆ | ၆ | ၆ | ၆ |
| ငွေရေးကြေးရေး အကူအညီ | ၇ | ၈ | ၇ | ၇ | ၇ | ၇ | ၇ |
| လယ်ယာလုပ်ငန်း သွင်းအားစုများ (ဓာတ်မြေဩဇာ/ ပိုးသတ်ဆေး စသည်) | ၈ | ၆ | ၁၆ | ၈ | ၁၀ | ၁၁ | ၈ |
| ကျေးရွာ/ ရပ်ကွက်များအတွက်ဆေးရုံ/ ဆေးခန်း/ ဆေးပေးခန်း | ၉ | ၁၁ | ၈ | ၉ | ၈ | ၈ | ၉ |
| ကျေးရွာ/ ရပ်ကွက်အတွက် အလယ်တန်းကျောင်း | ၁၀ | ၉ | ၁၇ | ၁၀ | ၁၁ | ၉ | ၁၅ |
| ကိုယ့်အားကိုယ်ကိုးလုပ်ငန်း အစီအစဉ်များ | ၁၁ | ၁၆ | ၁၁ | ၁၃ | ၁၃ | ၁၂ | ၁၁ |
| ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက် | ၁၂ | ၁၇ | ၁၀ | ၁၂ | ၁၇ | ၁၄ | ၁၀ |
| စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေမှု | ၁၃ | ၂၂ | ၁၂ | ၁၁ | ၂၃ | ၁၈ | ၁၂ |
| ဆည်မြောင်းလုပ်ငန်း စီမံချက် | ၁၄ | ၁၀ | ၃၀ | ၁၉ | ၁၂ | ၁၃ | ၁၈ |
| ကျေးရွာ/ရပ်ကွက်အတွက် ဈေးရုံ/ဈေးဆိုင်တန်း | ၁၅ | ၁၂ | ၂၆ | ၂၆ | ၉ | ၁၀ | ၂၉ |
| အသေးစားချေးငွေ လုပ်ငန်း စီမံချက် | ၁၆ | ၂၃ | ၁၃ | ၁၅ | ၁၉ | ၁၉ | ၁၄ |
| ကျေးရွာ/ ရပ်ကွက်အတွက် တံတား | ၁၇ | ၁၅ | ၁၅ | ၁၆ | ၁၆ | ၂၀ | ၁၃ |
| လယ်ယာသုံး စက်ပစ္စည်းကိရိယာ | ၁၈ | ၁၃ | ၂၀ | ၁၄ | ၂၀ | ၁၆ | ၁၆ |
| ကုန်ပစ္စည်း ဈေးနှုန်း လျှော့ချမှု | ၁၉ | ၃၀ | ၉ | ၂၃ | ၁၄ | ၁၅ | ၂၀ |
| လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း ကျွမ်းကျင်မှု၊ တိုးတက်ကောင်းမွန်မှု | ၂၀ | ၁၄ | ၂၅ | ၁၇ | ၂၁ | ၂၁ | ၁၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ *ဆက်စပ်မှုသည် ၅%အဆင့်၌ထူးခြားသည်

- နေထိုင်သည့် နေရာ အရ (r=၀.၆၄၉);
- ကျား/ မ အရ (r=၀.၈၁၇);
- အသက်အုပ်စု အရ (r=၀.၈၆၄).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

---

[၄၆] ဤဇယားသည် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့ကြသည့် အဓိက လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက် ၂၀ (ပြည်ထောင်စုအဆင့်) ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ အဓိကစိတ်ကူးထင်မြင်ချက်များအားလုံး ပါဝင်သည့်ဇယားကို နောက်ဆက်တွဲ (၅) တွင် ဖော်ပြထားပါသည်။

[၄၇] ဤမေးခွန်းအတွက် ဖြေကြားခြင်းမပြုသည့် FGD များမှာ -
ပဲခူးတိုင်း၊ သာယာဝတီမြို့နယ် (ရပ်ကွက်၊ အမျိုးသမီးလူကြီး)
တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် (ရပ်ကွက်၊ အမျိုးသမီးလူကြီး)
တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် (ရပ်ကွက်၊ အမျိုးသမီးလူငယ်)

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့် စုစည်းရာတွင် FGD တွင် ပါဝင်သူများက သတ်မှတ် ဖော်ထုတ်ခဲ့သည့် အဓိက လုပ်ငန်း အစီအစဥ်နှင့် လုပ်ငန်းစီမံချက်များကို အောက်ပါအတိုင်း အတန်းအစားအားဖြင့် ၅ မျိုး ခွဲနိုင်ပါသည်။

- ဝင်ငွေရရှိစေမည့် လုပ်ငန်းစီမံချက်များ (စက်ရုံအလုပ်ရုံများ၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေး၊ ငွေကြေးအရင်းအနှီး၊ တိရစ္ဆာန်မွေးမြူရေး၊ လယ်ယာသွင်းအားစုများ အစရှိသည်)
- အခြေခံ အဆောက်အအုံများ (လျှပ်စစ်ဓာတ်အား၊ လမ်းများ တိုးချဲ့ဖောက်လုပ်ရေး၊ ကိုယ့်အားကိုယ်ကိုးလုပ်ငန်း အစီအစဥ်များ၊ ဆည်မြောင်းလုပ်ငန်း စီမံချက်များ၊ တံတား တိုးချဲ့ဖောက်လုပ်ခြင်း အစရှိသည်)
- ငွေကြေးဝန်ဆောင်မှုများ (ငွေကြေးပံ့ပိုးကူညီမှု၊ အသေးစား ချေးငွေ အစရှိသည်)
- ကျန်းမာရေး အထောက်အကူများ (ကျေးရွာ/ ရပ်ကွက်များတွင် ဆေးရုံ/ ဆေးခန်း/ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်မှု)
- ပညာရေး (ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ကျောင်းအတွက် သယ်ယူပို့ဆောင်ရေး အစရှိသည်)

## အတန်းအစား အလိုက်

FGD တွင်ပါဝင်သူများ၏ သိမြင်နားလည်မှုများသည် ကျားနှင့်မတို့ အကြားတွင်လည်းကောင်း၊ အသက်အုပ်စုများ အကြားတွင်လည်းကောင်း ဆက်စပ်မှုများ ရှိသော်လည်း ကျေးလက်ဒေသများနှင့်မြို့ပြဒေသများအကြားကွဲပြားခြားနားမှုများ ရှိနေပါသည်။

ကျေးလက် ပါဝင်သူများက လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းတိုးချဲ့ ဖောက်လုပ်မှုနှင့် စိုက်ပျိုးရေးသွင်းအားစုများ လက်လှမ်းမီမှု၊ ကျေးရွာတွင် အလယ်တန်းကျောင်းရှိမှု၊ ဆည်မြောင်း လုပ်ငန်းစီမံချက်၊ ကျေးရွာတွင် ဈေးရှိမှု၊ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု၊ တိုးတက်ကောင်းမွန်မှု တို့ကို မြို့ပြ ပါဝင်သူများထက် ပို၍ ဦးစားပေးဖော်ထုတ်ခဲ့ကြပါသည်။

မြို့ပြပါဝင်သူများကမူ ကျေးလက်ပါဝင်သူများထက် စက်ရုံ/ အလုပ်ရုံများ၊ ကုန်ပစ္စည်းဈေးနှုန်းလျှော့ချမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များ၊ ကိုယ့်အားကိုယ်ကိုးလုပ်ငန်းအစီအစဥ်များ၊စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားချေးငွေနှင့် လယ်ယာသုံးပစ္စည်း ကိရိယာများကိုပို၍ ဦးစားပေးခဲ့ကြပါသည်။ မြို့ပြဒေသများသည် ကုန်ဈေးနှုန်းတက်မှုနှင့် ပိုမိုကြုံတွေ့ရလေ့ရှိသည်ဖြစ်ရာ ထိုအချက်က FGD တွင် ပါဝင်သူတချို့သည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ၎င်းတို့၏ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှု မျိုးစုံလုပ်ကိုင်ရန်နှင့် ကုန်ဈေးနှုန်းအတက်အကျများ ကြုံတွေ့ရမှု နည်းပါးစေရန် နည်းလမ်းတစ်ရပ်အဖြစ် အဘယ်ကြောင့် ဖော်ထုတ်သတ်မှတ်ခဲ့ကြခြင်းကို ရှင်းပြနိုင်ပါသည်။

### *ဝင်ငွေရရှိစေနိုင်သည့် လုပ်ငန်း စီမံချက်များ*

စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန်စေရန်အတွက် FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ခဲ့သည့် ဝင်ငွေရရှိစေနိုင်သော သီးခြားလုပ်ငန်း အစီအစဥ်နှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စုအဆင့် စုစည်း၍ ဇယား ၂-၁၆ တွင် ဖော်ပြထားပါသည်။

ဇယား ၂-၁၆။ ပြည်ထောင်စုအဆင့် FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ပေးခဲ့သည့် ဝင်ငွေရစေနိုင်သည့် လုပ်ငန်းအစီအစဥ်နှင့် လုပ်ငန်းစီမံချက်များကို ပေါင်းစည်းပြီး အတန်းအစားအလိုက် ခွဲခြားဖော်ပြချက်[၄၈]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ* | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ | ၁ | ၂ | ၁ | ၂ | ၁ | ၁ | ၁ |
| စက်ရုံ/ အလုပ်ရုံ၊ | ၂ | ၄ | ၂ | ၃ | ၂ | ၃ | ၃ |
| တစ်ပိုင်တစ်နိုင် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး၊ | ၃ | ၁ | ၅ | ၁ | ၄ | ၄ | ၂ |
| အသေးစားစီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများဖွံ့ဖြိုးတိုးတက်ရေး | ၄ | ၅ | ၃ | ၄ | ၃ | ၂ | ၅ |
| မြေယာတိုးချဲ့စိုက်ပျိုး လုပ်ကိုင်ရေး၊ | ၅ | ၃ | ၉ | ၅ | ၆ | ၅ | ၄ |
| အလုပ်အကိုင် အခွင့်အလမ်းများ | ၆ | ၁၀ | ၄ | ၈ | ၅ | ၆ | ၇ |
| ကျေးရွာ/ရပ်ကွက်အတွက် ဆန်စက်၊ | ၇ | ၆ | ၈ | ၆ | ၇ | ၈ | ၆ |
| ကုန်ကြမ်းမှ ကုန်ချောပစ္စည်း ထုတ်လုပ်မှု၊ | ၈ | ၇ | ၆ | ၇ | ၁၀ | ၉ | ၈ |
| ချေးငွေရရှိနိုင်မှု | ၉ | ၈ | ၁၀ | ၉ | ၉ | ၇ | ၁၁ |
| လယ်ယာသုံး ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်း | ၁၀ | ၉ | ၁၂ | ၁၀ | ၈ | ၁၀ | ၁၀ |
| သမဝါယမ အသင်းဆိုင် | ၁၁ | ၁၂ | ၇ | ၁၁ | ၁၁ | ၁၃ | ၉ |
| ကျေးရွာ/ရပ်ကွက်တွင် အပေါင်ဆိုင် ဖွင့်ခွင့် လိုင်စင် | ၁၂ | ၁၁ | ၁၃ | ၁၃ | ၁၂ | ၁၁ | ၁၃ |
| ငါးဖမ်းကိရိယာများ | ၁၃ | ၁၃ | ၁၁ | ၁၂ | ၁၃ | ၁၂ | ၁၂ |
| သစ်သီးဝလံ တာရှည်ခံရန် အစီအမံ | ၁၄ | | ၁၄ | | ၁၄ | | ၁၄ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ ဆက်စပ်မှုသည် ၅%အဆင့်
- နေထိုင်သည့် နေရာ အရ (r=၀.၆၇၅);
- ကျား/ မ အရ (r=၀.၉၀၄);
- အသက်အုပ်စု အရ (r=၀.၈၅၇).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၄၈] ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်အတွက် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဥ်များကို အလေးအနက်ထားဖော်ပြခြင်းမပြုသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းပါသည်။ မေးခွန်း ၇ (က) တွင် ဖြေကြားခဲ့ပြီးပါက (သို့မဟုတ်) ဝင်ငွေရရှိနိုင်သည့် လုပ်ငန်း စီမံချက်များ မလိုအပ်ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်းအမှတ် ၇(ခ) ကို ဖြေကြားခြင်းမပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့် စုစည်းသောအခါ FGD တွင် ပါဝင်သူများ ဖော်ထုတ်သတ်မှတ်ခဲ့သည့် ဝင်ငွေရရှိစေနိုင်သော အဓိကလုပ်ငန်းစီမံချက်များမှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှု၊ စက်ရုံ/ အလုပ်ရုံများ၊ တစ်ပိုင်တစ်နိုင်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားစီးပွားရေး လုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုတိုးချဲ့ စိုက်ပျိုးလုပ်ကိုင်မှု၊ ပို၍များသော အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျေးရွာ/ရပ်ကွက်အတွင်းဆန်စက်ရှိမှု၊ ဒေသထွက်ကုန်ကြမ်းမှ ကုန်ချောများကို ပြောင်းလဲထုတ်လုပ်မှု၊ ချေးငွေရရှိနိုင်မှု၊ လယ်ယာသုံး ပစ္စည်းကိရိယာများနှင့် စက်ကိရိယာများ အစရှိသည်တို့ဖြစ်ပါသည်။ စီးပွားရေး လုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့ကို FGD တွင်ပါဝင်သူများက ဦးစားပေးခဲ့ကြပါသည်။

## အတန်းအစားအလိုက်

FGD တွင် ကျေးလက် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ခဲ့ကြသည့် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်း စီမံချက်နှင့် လုပ်ငန်းအစီအစဥ်များသည် ပြည်ထောင်စုအဆင့် စုစည်းရာ၌ ကျားနှင့်မတို့အကြားတွင်လည်းကောင်း၊ အသက်အုပ်စုတို့အကြားတွင်လည်းကောင်းဆက်စပ်မှုရှိကြပါသည်။ သို့ရာတွင် နေထိုင်ရာနေရာများပေါ် မူတည်၍ ယင်းတို့သည် အတော်အတန် ကွဲပြားခြားနားမှုများ ရှိနေပါသည်။

FGD တွင် ကျေးလက် ပါဝင်သူများက တစ်ပိုင်တစ်နိုင် တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်မှု၊ လယ်ယာသုံးပစ္စည်းကိရိယာနှင့် စက်ကိရိယာတို့ကို ပို၍မြင့်မားစွာ အဆင့်ပေးခဲ့ကြပါသည်။ မြို့ပြပါဝင်သူများကမူ အလုပ်အကိုင်အခွင့်အလမ်းပိုများမှုနှင့်သမဝါယမ အသင်းဆိုင်တို့ကို ပို၍မြင့်မားသည့်အဆင့်ပေးခဲ့ကြသည်။

ကျေးလက်ပါဝင်သူများက ဦးစားပေးခဲ့ကြသည့် ဝင်ငွေရရှိစေနိုင်သော လုပ်ကိုင်ဆောင်ရွက်မှုများမှာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုတိုးလာခြင်းတို့နှင့် ဆက်နွယ်ပြီး မြို့ပြပါဝင်သူများကမူ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်ဖွံ့ဖြိုးတက်မှုတို့ကို ဦးစားပေးခဲ့ကြပါသည်။

## *ငွေကြေးဝန်ဆောင်မှုများ*

ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှု ပိုမိုတိုးတက် ကောင်းမွန်စေရန် FGD တွင်ပါဝင်သူများကဖော်ထုတ်သတ်မှတ်ခဲ့သည့် လုပ်ငန်းအစီအစဥ်နှင့်စီမံချက်များကို ဇယား(၂-၁၇)တွင်ဖော်ပြထားပါသည်။

ဇယား ၂-၁၇။  ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေရန် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက် အမျိုးအစားများ[၇၉]

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေရရှိနိုင်မှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| အသေးစားချေးငွေလုပ်ငန်း စီမံချက် | ၂ | ၂ | ၂ | ၂ | ၄ | ၂ | ၂ |
| ရင်းနှီးမြှုပ်နှံရန် ချေးငွေ | ၃ | ၃ | ၄ | ၄ | ၂ | ၃ | ၄ |
| အသေးစားချေးငွေဌာန/ငွေစုငွေချေးအသင်း | ၄ | ၅ | ၃ | ၃ | ၃ | ၄ | ၃ |
| စိုက်ပျိုးစရိတ် ချေးငွေ | ၅ | ၄ | ၅ | ၅ | ၅ | ၅ | ၅ |
| မွေးမြူရေးလုပ်ကိုင်ရန်အတွက် ချေးငွေ | ၆ | ၇ | ၆ | ၆ | ၆ | ၇ | ၆ |
| ချေးငွေများများ ရရှိနိုင်မှု | ၇ | ၆ | ၁၀ | ၇ | ၇ | ၆ | ၈ |
| ကျေးရွာ/ရပ်ကွက်တွင်အပေါင်ဆိုင်ဖွင့်လှစ်မှု | ၈ | ၉ | ၈ | ၈ | ၈ | ၁၂ | ၇ |
| အာမခံ ပစ္စည်းလိုအပ်ချက်ကို လျှော့ချမှု | ၉ | ၁၃ | ၇ | ၁၀ | ၉ | ၈ | ၉ |
| ကျန်းမာရေးနှင့်ပညာရေးအတွက် ချေးငွေ | ၁၀ | ၁၁ | ၉ | ၉ | ၁၁ | ၉ | ၁၀ |
| ချေးငွေ အချိန်မီ ရရှိနိုင်မှု (လိုအပ်သည့် အချိန်တွင် ရရှိမှု) | ၁၁ | ၈ | ၁၄ | ၁၂ | ၁၀ | ၁၁ | ၁၂ |
| ကျေးရွာ/ရပ်ကွက်တွင် ဘဏ်ဖွင့်လှစ်မှု | ၁၂ | ၁၀ | ၁၂ | ၁၃ | ၁၂ | ၁၀ | ၁၃ |
| ကာလရှည် ချေးငွေကို လက်လှမ်းမီမှု | ၁၃ | ၁၂ | ၁၁ | ၁၁ | ၁၄ | ၁၃ | ၁၁ |
| ငွေစုဆောင်းမှုအုပ်စု (စုပေါင်း) | ၁၄ | | ၁၃ | | ၁၃ | ၁၄ | |

**   ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၇၆၇);
- ကျား/ မ အရ (r=၀.၉၃၈);
- အသက်အုပ်စု အရ (r=၀.၈၉၅).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၇၉] ဆင်းရဲနွမ်းပါးမှု လျှော့ချရန် အစီအစဉ်များအဖြစ် ငွေကြေးဝန်ဆောင်မှုများ လက်လှမ်းမီမှုကို အလေးအနက်ထား မဖော်ပြသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခုမေးမြန်းပါသည်။ မေးခွန်း ၇(က) တွင် ဖြေကြားခဲ့ပြီး ဖြစ်ပါက (သို့မဟုတ်) ငွေကြေးဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သည့် လုပ်ငန်းစီမံချက် မလိုအပ်ခဲ့ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပါ။ မေးခွန်း ၇ (ဂ) ကို ဖြေကြားခြင်းမပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ငွေကြေးဝန်ဆောင်မှုများကိုလက်လှမ်းမီမှု ပိုမိုကောင်းမွန်တိုးတက်စေရန် FGD တွင်ပါဝင်သူများကသတ်မှတ်ဖော်ထုတ်ခဲ့သော ပြည်ထောင်စုအဆင့် အဓိကကြားဝင် ဆောင်ရွက်မှုများ၊ လုပ်ငန်းအစီအစဉ်နှင့် စီမံချက်များမှာ အတိုးနှုန်းနည်းပါးမှု၊ အသေးစား ချေးငွေစီမံချက်၊ ရင်းနှီးမြှုပ်နှံရန်ချေးငွေ၊ အသေးစားချေးငွေဌာန သို့မဟုတ် ငွေစုငွေချေးအသင်းများ၊ လယ်ယာစိုက်ပျိုးရေး ချေးငွေရရှိနိုင်မှု (တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း အပါအဝင်နှင့် အကြီးစားချေးငွေ) တို့ ဖြစ်ပါသည်။

## အတန်းအစားအလိုက်

ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီမှုပိုမိုကောင်းမွန်တိုးတက်စေရန် FGD တွင်ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့ကြသည့် ကြားဝင်ဆောင်ရွက်မှုများမှာ နေထိုင်ရာနေရာအရ လည်းကောင်း၊ကျား/မအရလည်းကောင်း၊ အသက်အုပ်စုများအရလည်းကောင်း ဆက်စပ်မှုရှိကြပါသည်။

ကျေးလက်ဒေသများက မြို့ပြဒေသများထက် ပို၍မြင့်မားစွာ အဆင့်ပေးခဲ့သော ကြားဝင်ဆောင်ရွက်မှုများမှာ အကြီးစားချေးငွေ ရရှိနိုင်မှုနှင့် အချိန်မီချေးငွေကို ရရှိနိုင်မှုတို့ ဖြစ်ပါသည်။ မြို့ပြဒေသများက ကျေးလက်ဒေသများထက် ပို၍မြင့်မားစွာ အဆင့်ပေးခဲ့သော ကြားဝင်ဆောင်ရွက်မှုများမှာ ပေါင်နှံရာတွင် အာမခံအဖြစ်ထားရန် လက်ခံသည့် ပစ္စည်းအမျိုးအစားပင် ဖြစ်ပါသည်။

## *အခြေခံ အဆောက်အအုံများ*

ဇယား (၂-၁၈)သည် ကျေးလက်နှင့် မြို့ပြဒေသအတွက် အခြေခံ အဆောက်အအုံ တိုးတက်ကောင်းမွန်စေပြီး စားဝတ်နေရေး အခြေအနေ တိုးတက် ကောင်းမွန်ရန်အတွက် FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကြားဝင်ဆောင်ရွက်မှု အမျိုးအစားများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

ဇယား ၂-၁၈။ FGD တွင် ပါဝင်သူများက ဖော်ထုတ်သတ်မှတ်ခဲ့သည့် အခြေခံအဆောက်အအုံများနှင့် ဆက်နွယ်သည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စု အဆင့်နှင့် FGD အတန်းအစား[၅၀] အလိုက် ခွဲခြား ဖော်ပြချက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာ နယ်ပယ် အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ** | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| လျှပ်စစ်ဓာတ်အား | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| လမ်းများ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ |
| ရေဖြန့်ဝေပေးမှု | ၃ | ၃ | ၃ | ၃ | ၃ | ၃ | ၃ |
| ရေတွင်း | ၄ | ၄ | ၆ | ၆ | ၄ | ၄ | ၅ |
| လမ်းမီးများ | ၅ | ၈ | ၄ | ၄ | ၆ | ၅ | ၄ |
| ဘေးကင်းသည့် သောက်ရေ | ၆ | ၅ | ၇ | ၈ | ၅ | ၆ | ၆ |
| တံတား | ၇ | ၆ | ၅ | ၅ | ၈ | ၇ | ၉ |
| ယင်လုံအိမ်သာများ | ၈ | ၉ | ၉ | ၁၁ | ၇ | ၁၀ | ၇ |
| ရေသိုလှောင်ကန် | ၉ | ၁၃ | ၈ | ၇ | ၁၀ | ၈ | ၁၀ |
| တယ်လီဖုန်း | ၁၀ | ၇ | ၁၂ | ၉ | ၉ | ၁၃ | ၈ |
| လူနေတိုက်ခန်း အဆောက်အဦများ | ၁၁ | ၁၁ | ၁၁ | ၁၀ | ၁၁ | ၉ | ၁၁ |
| ဆည်ရေ ရရှိမှု | ၁၂ | ၁၀ | | ၁၂ | ၁၂ | ၁၁ | ၁၃ |
| ရေနုတ်မြောင်းစနစ် | ၁၃ | ၁၅ | ၁၀ | ၁၄ | ၁၃ | ၁၄,၅ | ၁၂ |
| တာတမံ | ၁၄ | ၁၂ | | ၁၃ | ၁၄ | ၁၂ | ၁၄ |
| မီးရထား ဘူတာရုံ | ၁၅ | ၁၄ | | | ၁၅ | | ၁၅ |
| ကစားကွင်း | ၁၆ | | ၁၃ | ၁၅ | | ၁၇ | ၁၆ |
| ယာဉ်ပြင်အလုပ်ရုံ | ၁၇ | | ၁၄ | | ၁၆ | ၁၄,၅ | |
| ဘတ်စ်ကားမှတ်တိုင် | ၁၈ | ၁၆ | | ၁၆ | | ၁၆ | |
| ဗီဒီယိုရုံ | ၁၉ | ၁၇ | | | ၁၇ | ၁၈ | |
| ဘုန်းကြီးကျောင်း | ၂၀ | | ၁၅ | | ၁၈ | | ၁၇ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၇၇၄);
- ကျား/ မ အရ (r=၀.၉၁၉);
- အသက်အုပ်စု အရ (r=၀.၉၁၀).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၅၀] ဆင်းရဲနွမ်းပါးမှု လျှော့ချရန်အတွက် နည်းလမ်းတစ်ရပ်အဖြစ် အခြေခံအဆောက်အအုံများကို အလေးထား ဖော်ပြခြင်းမပြုသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းပါသည်။ မေးခွန်း ၇ (က)တွင် ဖြေကြားခဲ့ပြီးပါက (သို့မဟုတ်) အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်ရေးကို ဦးတည်သည့်လုပ်ငန်းစီမံချက်များ မလိုအပ်ခဲ့ပါက ဤမေးခွန်းကို ဖြေကြားခြင်းမပြုပါ။ မေးခွန်းအမှတ် ၇ (ဃ) ကို ဖြေကြားခြင်း မပြုသည့် FGD များ စာရင်းကို နောက်ဆက်တွဲ (၆) တွင် ဇယားဖြင့် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

FGD တွင် ပါဝင်သူများကသတ်မှတ်ဖော်ထုတ်ပေးခဲ့သည့် ပြည်ထောင်စုအဆင့် ဦးစားပေးကြားဝင် ဆောင်ရွက်ရန် နည်းလမ်းများမှာ (၁)လျှပ်စစ်ဓာတ်အား၊ (၂)လမ်းများ၊ (၃)ရေတိုးတက်ဖြန့်ဝေမှု၊ (၄) ရေတွင်းများ၊ (၅) လမ်းမီးများ၊ (၆)ဘေးကင်းသည့်သောက်ရေ၊ (၇) တံတားများ အစရှိသည်တို့ဖြစ်ပါသည်။

တစ်ဖန် ထိုသို့ကြားဝင်ဆောင်ရွက်မှုများသည် FGDများကိုပြုလုပ်ခဲ့သည့်ဒေသရှိကျေးရွာ/ရပ်ကွက်များပေါ်မူတည်၍ ပြောင်းလဲနိုင်သဖြင့် အထက်ဖော်ပြပါ ရလဒ်များကို ဒေသအားလုံးအတွက် ကောက်ချက်ချ၍ ရလိမ့်မည်မဟုတ်ပါ။

## အတန်းအစားအလိုက်

FGD တွင် ပါဝင်သူများကသတ်မှတ်ဖော်ထုတ်ခဲ့သည့် အခြေခံ အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များမှာ နေထိုင်ရာဒေသ၊ ကျားနှင့်မ၊ အသက်အုပ်စုတို့အလိုက် ဆက်စပ်မှုများရှိပါသည်။ သို့ရာတွင်ကျေးလက်နှင့် မြို့ပြဒေသတို့၏ ဆက်စပ်မှုမှာ အရေးပါမှု ပိုနည်းပါသည် (r=၀.၇၇၄)။ အတန်းအစား မခွဲခြားဘဲအရေးအကြီးဆုံးဦးစားပေးများမှာလျှပ်စစ်ဓာတ်အား၊ လမ်းများနှင့် ရေဖြန့်ဝေမှုတို့ဖြစ်ပါသည်။

ကျေးလက်ပါဝင်သူများက အဓိကထား သတ်မှတ်ဖော်ထုတ်ခဲ့ကြသည့်အခြေခံအဆောက်အအုံလိုအပ်ချက်တချို့မှာ တယ်လီဖုန်း၊ ဆည်ရေရရှိမှု၊ တာတမံ၊ မီးရထားဘူတာရုံ၊ ဘတ်စ်ကားမှတ်တိုင်နှင့်ဗီဒီယိုရုံတို့ဖြစ်ပါသည်။ မြို့ပြပါဝင်သူများက အဓိကထား သတ်မှတ် ဖော်ထုတ်ခဲ့သည့် အခြေခံ အဆောက်အအုံ လိုအပ်ချက်များမှာ လမ်းမီး၊ ရေသိုလှောင်ကန်၊ ရေနုတ်မြောင်းစနစ်၊ ကစားကွင်း၊ ယာဉ်စက်ပြင် အလုပ်ရုံနှင့် ဘုန်းကြီးကျောင်းတို့ ဖြစ်ပါသည်။

## *ပညာရေး*

FGD တွင် ပါဝင်သူများက သိမြင်နားလည်ခဲ့သည့် ပြည်ထောင်စုအဆင့် ပညာရေးလက်လှမ်းမီမှုကို တိုးတက် ကောင်းမွန်စေသည့် နည်းလမ်းများကို ဇယား(၂-၁၉) ဖြင့် တင်ပြထားပါသည်။

ဇယား ၂-၁၉။ ပညာရေးလက်လှမ်းမီမှု တိုးတက်ကောင်းမွန်စေရန်အတွက် FGD တွင် ပါဝင်သူများ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စု အဆင့်အတွက် FGD တွင် ပါဝင်သူအမျိုးအစား [၅၁] အလိုက် ခွဲခြားဖော်ပြချက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့် နေရာ* | | ကျား/ မ* | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ကျေးရွာ/ရပ်ကွက်အတွက် အလယ်တန်း ကျောင်း | ၁ | ၁ | ၂ | ၁ | ၁ | ၁ | ၁ |
| ကျောင်းဆရာတိုးချဲ့ခန့်ထားမှု | ၂ | ၂ | ၁၃ | ၂ | ၂ | ၄ | ၂ |
| ငွေကြေးကူညီ ထောက်ပံ့မှု | ၃ | ၄ | ၃ | ၃ | ၅ | ၂ | ၈ |
| ကျောင်းအဆောက်အအုံ တိုးချဲ့မှု | ၄ | ၉ | ၁ | ၄ | ၃ | ၃ | ၄ |
| ကျောင်းကြို/ပို့အစီအစဉ် | ၅ | ၅ | ၅ | ၆ | ၄ | ၆ | ၃ |
| ကျေးရွာ/ ရပ်ကွက် အတွက် စာကြည့်တိုက် | ၆ | ၆ | ၇ | ၅ | ၉ | ၅ | ၇ |
| ကျေးရွာ/ ရပ်ကွက် အတွက် အထက်တန်း ကျောင်း | ၇ | ၃ | ၁၂ | ၇ | ၆ | ၈ | ၅ |
| ကျောင်းသုံးစာအုပ် ထောက်ပံ့ကူညီမှု | ၈ | ၇ | ၄ | ၈ | ၇ | ၉ | ၆ |
| စာရေးကိရိယာ ထောက်ပံ့ကူညီမှု | ၉ | ၈ | ၆ | ၉ | ၁၀ | ၇ | ၉ |
| ပညာရေးရန်ပုံငွေ | ၁၀ | ၁၆ | ၈ | ၁၀ | ၁၅ | ၁၂ | ၁၃.၅ |
| အလွတ်ပညာ သင်ကြေး လျှော့ချမှု | ၁၁ | ၁၅ | ၁၀ | ၁၁ | ၁၆ | ၁၃ | ၁၃.၅ |
| ကျေးရွာ/ရပ်ကွက် အတွက် မူကြို/ နေ့ကလေး ထိန်းဌာန | ၁၂ | ၁၂ | ၁၄ | | ၈ | ၁၀ | ၁၉ |
| အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေး ဖွံ့ဖြိုးတိုးတက်မှု | ၁၃ | ၁၄ | ၁၁ | ၁၇ | ၁၁ | ၁၄ | ၁၅ |
| ညနေကျောင်းဖွင့်မှု | ၁၄ | | ၉ | ၁၂ | ၁၈ | ၁၁ | ၂၀ |
| အဆင့်မြင့်ပညာရေးအတွက် ချေးငွေ | ၁၅ | ၁၇ | ၁၅ | ၁၅ | ၁၄ | ၁၆.၅ | ၁၀ |
| ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ကူညီမှု | ၁၆ | ၁၁ | ၁၆ | ၁၈ | ၁၂ | ၁၅ | ၁၇ |
| စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး | ၁၇ | ၁၃ | ၁၈ | ၁၃ | ၂၀ | ၂၀ | ၁၂ |
| ကျေးရွာ/ရပ်ကွက် အတွက် မူလတန်းကျောင်း | ၁၈ | ၁၀ | ၂၂ | ၁၉ | ၁၃ | ၂၀ | ၁၁ |
| အစိုးရဘောဒါကျောင်း | ၁၉ | ၂၀ | ၁၇ | ၂၂ | ၁၇ | ၂၂ | ၁၆ |
| ကျေးရွာ/ရပ်ကွက် အတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း | ၂၀ | | ၁၉ | ၁၄ | | | ၁၈ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ *ဆက်စပ်မှုသည် ၅% အဆင့်၌ထူးခြားသည်။
- နေထိုင်သည့် နေရာ အရ (r=၀.၅၉၄);
- ကျား/ မ အရ (r=၀.၆၉၅);
- အသက်အုပ်စု အရ (r=၀.၇၁၈).

IHLCAအရည်အသွေးဆိုင်ရာလေ့လာမှု၊MNPED၊ပြည် ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

---

[၅၁] ပညာရေးအခွင့်အလမ်းများ တိုးတက်ရရှိမှုကို အလေးအနက်ထား ဖော်ပြခြင်းမပြုသည့် FGD တွင် ပါဝင်သူများကို သီးခြားမေးခွန်းတစ်ခု မေးမြန်းပါသည်။ မေးခွန်း ၇(က) တွင် ဖြေကြားပြီးပါက (သို့မဟုတ်) အခြေခံ အဆောက်အအုံ တိုးတက်ကောင်းမွန်ရေးကို ရည်ရွယ်သည့် လုပ်ငန်းစီမံကိန်းများ မလိုအပ်ဟု ယူဆပါက ဤ မေးခွန်းကို ဖြေကြားခြင်းမပြုပါ။ မေးခွန်း ၇(င) ကို ဖြေကြားခြင်း မပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် သီးခြား ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့် စုစည်းထားသော ပညာရေး လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေးအတွက် FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် အဓိကလုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဥ်များမှာ ကျေးရွာ/ရပ်ကွက်တွင် အလယ်တန်းကျောင်းတစ်ကျောင်း ဆောက်လုပ်မှု၊ ကျောင်းဆရာ တိုးချဲ့ခန့်ထားမှု၊ ပညာရေးအတွက် ငွေကြေးကူညီထောက်ပံ့မှု၊ကျောင်းအဆောက်အဦ တိုးချဲ့ဆောက်လုပ်မှု၊ ကျောင်းကြို/ပို့ အစီအစဉ်၊ ကျေးရွာ/ရပ်ကွက်တွင်စာကြည့်တိုက်ဆောက်လုပ်မှု၊ ကျေးရွာ/ ရပ်ကွက်တွင် အထက်တန်းကျောင်း ဆောက်လုပ်မှုတို့အပြင်ကျောင်းသုံးစာအုပ်၊စာရေးကိရိယာနှင့်ကျောင်းဝတ်စုံအတွက်ထောက်ပံ့ကူညီမှုတို့ဖြစ်ပါသည်။

၎င်းအစီအစဥ်များနှင့် စီမံချက်များသည် ကျောင်းအဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခြင်း၊ (သို့မဟုတ်) ကျောင်းကြို/ပို့အစီအစဉ် ပိုမိုကောင်းမွန်ခြင်းဖြင့်ကျောင်းထားရန် ပိုမိုလက်လှမ်းမီအောင်လိုအပ်သည့်အတိုင်းပြုလုပ်ပေးမှု၊ကလေးသူငယ်များကို ကျောင်းထားနိုင်ရန် ကျောင်းသားမိဘများကို ငွေကြေးထောက်ပံ့ခြင်းဖြင့် သူတို့၏ သားသမီးများကို ကျောင်းထားနိုင်ရန် ကူညီမှု၊ ကျောင်းဆရာများပိုမိုခန့်ထားမှုတို့ကိုရည်ရွယ်ခြင်းဖြစ်ပါသည်။

## အတန်းအစားအလိုက်

အသက်အုပ်စုများအကြားသိမြင်နားလည်မှုများသည် ဆက်စပ်မှုရှိသော်လည်း (r = ၀.၇၁၈) ပညာရေးလက်လှမ်းမီမှုပိုမိုကောင်းမွန်ရေးအတွက် ဖော်ထုတ်သတ်မှတ်ခဲ့သည့် လုပ်ငန်းအစီအစဥ်နှင့် လုပ်ငန်းစီမံချက်များသည်နေထိုင်ရာနေရာ၊ ကျားနှင့်မ၊ အသက်အုပ်စုတို့အကြားတွင် အရေးပါစွာပြောင်းလဲနေပါသည်။

၎င်းနေရာတွင် ကျေးလက်နှင့် မြို့ပြဒေသများအကြားအရေးကြီးသည့် ကွဲပြားခြားနားချက်များကိုမီးမောင်းထိုးပြနိုင်ပါသည်။ ကျေးလက်ပါဝင်သူများက ပိုမိုဦးစားပေးခဲ့သည့် လိုအပ်ချက်များမှာ ကျောင်းဆရာတိုးချဲ့ခန့်ထားမှု၊ ကျေးရွာအထက်တန်းကျောင်းထားရှိပေးမှု၊ လယ်ယာလုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ပါသည်။ ကျေးရွာအားလုံးတွင် ကလေးသူငယ်များအတွက် စာသင်ကြားရန်ကျောင်းနှင့် ကျောင်းဆရာ ဦးရေလုံလောက်စွာမရှိပါ။ ပညာရေးကို ရပ်ပိုင်းဆိုင်ရာ လက်လှမ်းမီမှုသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက် ပို၍ခက်ခဲပါသည်။

မြို့ပြဒေသပါဝင်သူများက ပိုမို မြင့်မားစွာ အဆင့်ပေးခဲ့သည့် လိုအပ်ချက်များမှာ ကျောင်းအဆောက်အဦ တိုးချဲ့ဆောက်လုပ်မှု၊ ကျောင်းသုံးစာအုပ်အတွက်ထောက်ပံ့ကူညီမှု၊ ပညာရေးရန်ပုံငွေ၊ညနေကျောင်း၊အလွတ်ပညာသင်ကြားလျှော့ချမှု၊ အစိုးရ ကျောင်းအိပ်/ကျောင်းစားကျောင်း (ဘော်ဒါဆောင်)နှင့် လက်လှမ်းမီမှု၊ ရပ်ကွက်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိမှုတို့ဖြစ်ပါသည်။ မြို့ပြဒေသများတွင်ပညာရေးလက်လှမ်းမီမှုနှင့်သက်ဆိုင်သည့် ပြဿနာများသည် ရပ်ပိုင်းဆိုင်ရာ လက်လှမ်းမီမှုထက်၊ ငွေရေးကြေးရေး အကြောင်းများနှင့် ပို၍ဆက်နွယ်လျက်ရှိပါသည်။

ပညာရေး လက်လှမ်းမီမှုများအတွက် အမျိုးသားအများစုက အလေးအနက်ထားခဲ့သည့် ကြားဝင် ဆောင်ရွက်ရန်များမှာ ကျေးရွာ/ ရပ်ကွက်တွင် စာကြည့်တိုက်ဖွင့်လှစ်မှု၊ ပညာရေးရန်ပုံငွေ၊ အလွတ် ပညာသင်ကြားလျှော့ချမှု၊ ညကျောင်းဖွင့်လှစ်မှု၊ စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေခြင်း၊ကျေးရွာ/ရပ်ကွက်တွင်ဘုန်းတော်ကြီး သင်ပညာရေး ကျောင်းဖွင့်လှစ်မှုတို့ ဖြစ်ပါသည်။ အမျိုးသမီးအများစုကမူ ကျေးရွာ/ရပ်ကွက်တွင် မူကြိုနှင့် နေ့ကလေးထိန်းကျောင်းဖွင့်လှစ်မှု၊

အသက်မွေးဝမ်းကျောင်း ပညာဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျောင်းဝတ်စုံအတွက် ထောက်ပံ့ပေးမှု၊ ကျေးရွာ/ရပ်ကွက်တွင်မူလတန်းကျောင်းဖွင့်လှစ်မှုနှင့်အစိုးရဘော်ဒါဆောင်ရရှိသည့် ကျောင်းတွင်ထားရန် လက်လှမ်းမီမှုတို့ကိုကြားဝင် ဆောင်ရွက်စရာများအဖြစ် အလေးအနက်ထားခဲ့ကြပါသည်။

***ကျန်းမာရေး***

FGD တွင် ပါဝင်သူများက ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်စေရန်အတွက်သတ်မှတ်ဖော်ထုတ်ခဲ့သည့်လုပ်ငန်းအစီအစဉ်နှင့်လုပ်ငန်းစီမံချက်များကိုပြည်ထောင်စုအဆင့်စုစည်းလေ့လာပြီး FGD တွင်ပါဝင်သူများ၏ အတန်းအစား အလိုက်ခွဲခြား၍ ဇယား (၂-၂၀) တွင် ဖော်ပြထားပါသည်။

ဇယား (၂-၂၀) ။ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု၊ တိုးတက် ကောင်းမွန်စေရန် အတွက် FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် လုပ်ငန်း အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်များကို ပြည်ထောင်စုအဆင့် စုစည်းပြီး FGD တွင် ပါဝင်သူအမျိုးအစား[၅၂] အလိုက်ခွဲခြား ဖော်ပြချက်

| အဓိကစိတ်ကူး ထင်မြင်ချက် | လေ့လာနယ်ပယ်အတွက် သတ်မှတ်သည့် အဆင့် | | | | | | |
|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | နေထိုင်သည့်နေရာ* | | ကျား/ မ** | | အသက်အုပ်စု** | |
| | | ကျေးလက် | မြို့ပြ | ကျား | မ | လူငယ် | လူကြီး |
| ကျေးရွာ/ရပ်ကွက်တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးရာဌာနတစ်ခု ဆောက်လုပ်မှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ကျန်းမာရေး ဝန်ထမ်းများ တိုးချဲ့ခန့်ထားမှု | ၂ | ၂ | ၄ | ၃ | ၂ | ၂ | ၂ |
| အခမဲ့ ကျန်းမာရေး ဝန်ဆောင်မှုများ | ၃ | ၃ | ၂ | ၂ | ၄ | ၃ | ၃ |
| ဆေးဝါးပစ္စည်းများ ဈေးနှုန်းသက်သာမှု | ၄ | ၆ | ၃ | ၅ | ၃ | ၆ | ၄ |
| ဆေးဝါးပစ္စည်းများကို လက်လှမ်းမီမှု | ၅ | ၄ | ၆ | ၄ | ၇ | ၄ | ၅ |
| ကျေးရွာ/ရပ်ကွက်အတွင်း တိုင်းရင်းဆေးပေးခန်း/ ဆေးရုံ ထားရှိမှု | ၆ | ၈ | ၅ | ၆ | ၅ | ၅ | ၇ |
| ကျေးရွာ/ ရပ်ကွက်အတွင်း သားဖွားဆရာမရှိမှု | ၇ | ၅ | | ၈ | ၆ | ၇ | ၈ |
| မိခင်နှင့် ကလေးစောင့်ရှောက်ရေး ဝန်ဆောင်မှုများ | ၈ | ၇ | ၇ | ၇ | ၈ | ၈ | ၆ |
| ကျန်းမာရေး ဆေးခန်းများ ဖွင့်ချိန်၊ တိုးချဲ့မှု | ၉ | ၁၀ | ၈ | ၉ | ၉ | ၁၀ | ၉ |
| ခြင်ထောင်အတွက် ထောက်ပံ့ပေးမှု | ၁၀ | ၉ | | | ၁၀ | ၉ | ၁၀ |

** ဆက်စပ်မှုသည် ၁% အဆင့်၌ ထူးခြားသည်။ * ဆက်စပ်မှုသည် ၅% အဆင့်၌ ထူးခြားသည်။

- နေထိုင်သည့် နေရာ အရ (r=၀.၆၈၇);
- ကျား/ မ အရ (r=၀.၈၅၅);
- အသက်အုပ်စု အရ (r=၀.၉၀၃).

IHLCA အရည်အသွေးဆိုင်ရာ လေ့လာမှု၊ MNPED၊ ပြည်ထောင်စု မြန်မာနိုင်ငံ၊ (၂၀၀၃-၀၄)။

[၅၂] ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီမှု တိုးတက်ကောင်းမွန်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အလေးအနက်ထားဖော်ပြခြင်းမရှိသည့် FGD များကို သီးခြားမေးခွန်းတစ်ခု မေးမြန်းပါသည်။ မေးခွန်း ၇(က) တွင် ဖြေကြားပြီးပါက (သို့မဟုတ်) အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်ရေးကို ရည်ရွယ်သည့် လုပ်ငန်းစီမံချက်များကို မလိုအပ်ခဲ့ပါက ဤမေးခွန်းကို ဖြေကြားခြင်း မပြုပေ။ မေးခွန်း ၇(ခ) ကို ဖြေကြားခြင်းမပြုသည့် FGD များစာရင်းကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုအဆင့်

ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီမှု ဖွံ့ဖြိုးတိုးတက်စေရန် FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် အရေးပါဆုံးလိုအပ်ချက်မှာကျေးရွာ/ရပ်ကွက်များတွင်ဆေးရုံ၊ဆေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနများ ကဲ့သို့သော ကျန်းမာရေးအတွက် စောင့်ရှောက်မှုပေးရာဌာနများ၊ဆေးပေးခန်းနှင့်ကျန်းမာရေးဆေးခန်းများ တိုးချဲ့ဆောက်လုပ်မှုဖြစ်ပါသည်။ (FGD တွင် ပါဝင်သူ ၅၅.၀ ရာခိုင်နှုန်းကျော်ကထုတ်ဖော်ပြောကြားခဲ့ပါသည်။) ပြည်ထောင်စုအဆင့် စုစည်းလေ့လာထားသော ကျန်းမာရေးနှင့်စပ်ဆိုင်သည့် အခြားလိုအပ်ချက်များမှာကျန်းမာရေးဆိုင်ရာဝန်ထမ်းများ (ဆရာဝန်၊ သူနာပြုနှင့်ကျန်းမာရေးမှူးများ) ကို ပိုမိုခန့်ထားပေးရန်၊ အခမဲ့ ကျန်းမာရေး ဝန်ဆောင်မှု၊ ဆေးဝါးပစ္စည်း ဈေးနှုန်းသက်သာမှုနှင့် ဆေးဝါးပစ္စည်းများ လက်လှမ်းမီမှုတို့ဖြစ်ကြပါသည်။

## အတန်းအစားအလိုက်

FGD တွင် ပါဝင်သူများက သတ်မှတ်ဖော်ထုတ်ခဲ့သည့် ကြားဝင်ဆောင်ရွက်ရန်များမှာ အမျိုးသားနှင့်အမျိုးသမီးတို့ အကြားတွင်လည်းကောင်း၊ အသက်အုပ်စုတို့ အကြားတွင်လည်းကောင်း ၁% ထူးခြားမှုအဆင့်တွင် ဆက်စပ်မှုရှိနေပြီး ကျေးလက်နှင့်မြို့ပြတို့အကြားတွင်မူ ၅%အဆင့်တွင်ဆက်စပ်မှုရှိသည်။

ကျေးလက်နှင့် မြို့ပြ အကြား၁%ထူးခြားမှုအဆင့်တွင် ဆက်စပ်မှုမရှိသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနများကို ကျေးလက်နှင့်မြို့ပြနှစ်ရပ်စလုံးက အဓိက ဦးစားပေးအဖြစ် ဖော်ထုတ် သတ်မှတ်ခဲ့ ပါသည်။

ကျေးလက် ပါဝင်သူများကသာ သတ်မှတ်ဖော်ထုတ်ခဲ့သည့် လိုအပ်ချက်များမှာ ကျေးရွာအတွက် သားဖွားဆရာမ ထားရှိပေးရေးနှင့် ခြင်ထောင် ရရှိရေးတို့အတွက် ထောက်ပံ့ကူညီမှုပေးရေးတို့ဖြစ်ပါသည်။မြို့ပြဒေသများတွင်ဆေးဝါးပစ္စည်းဈေးနှုန်း သက်သာမှုနှင့် ရပ်ကွက်အတွင်းတိုင်းရင်းဆေးခန်းဆောက်လုပ်မှု တို့ဖြစ်ပါသည်။

## ၂-၅။ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ၊ အရေအတွက် ဆိုင်ရာ စစ်တမ်းအတွက် သွယ်ဝိုက်ပတ်သက်မှု များ

ဤအခန်းသည်မြန်မာနိုင်ငံတွင်အကောင်အထည်ဖော်ဆောင်ရွက်မည့်အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံ လေ့လာမှု (IHLCA)၏နောက်ပိုင်း အရေအတွက်ဆိုင်ရာ စစ်တမ်း၏မေးခွန်းလွှာတွင်ထည့်သွင်းသင့်သည့်ညွှန်ကိန်းများကို ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု၊ ကျန်းမာရေးနှင့်ပညာရေးကဲ့သို့သော အခြေခံဝန်ဆောင်မှုများကိုလက်လှမ်းမီမှုငွေကြေးဝန်ဆောင်မှုများနှင့်အခြေခံအဆောက်အအုံများ (ရေနှင့် အညစ်အကြေးသန့်ရှင်းရေးအပါအဝင်) ကို ရရှိလက်လှမ်းမီမှုတို့နှင့်စပ်လျဥ်း၍ ထောက်ခံအကြံပြုချက်များပေးရန်ရည်ရွယ်ပါသည်။ထို့ပြင်(IHLCA)အရေအတွက်ဆိုင်ရာစစ်တမ်းအတွက်ယေဘုယျထောက်ခံအကြံပြုချက်များကိုလည်း ပေးထားပါသည်။

## စားဝတ်နေရေး အခြေအနေများကို လေ့လာစိစစ်ချက်

အိမ်ထောင်စုများ၏ စားဝတ်နေရေးဆိုင်ရာလေ့လာစိစစ်ချက်သည်လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု နှစ်ခုစလုံးကို ရည်ညွှန်းပါသည်။ အချို့သော လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းများသည် အရေးပါမှုတွင် ကွဲပြားခြားနားနိုင်သော်လည်း လွန်စွာဆင်တူမှု ရှိပါသည်။ သို့သော်လည်း လူနေမှုဘဝပြည့်စုံဖူလုံမှုကို စိစစ်ခြင်းအတွက်သာ အကျုံးဝင်သည့် ညွှန်ကိန်း တချို့ရှိသကဲ့သို့ အချို့သော ညွှန်ကိန်းများမှာမူအများအားဖြင့်ဆင်းရဲနွမ်းပါးမှုအတွက်သာ အကျုံးဝင်ပါသည်။

အရည်အသွေးဆိုင်ရာ လေ့လာမှု၏ ပဏာမတွေ့ရှိချက်များအရလူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းတချို့သည် ကျေးလက်နှင့် မြို့ပြဒေသ နှစ်မျိုးစလုံးနှင့် သက်ဆိုင်သော်လည်း အချို့သော ညွှန်ကိန်းများသည်ကျေးလက်ဒေသများအတွက်ပို၍ဆီလျော်ပြီး ညွှန်ကိန်းတချို့သည် မြို့ပြဒေသများနှင့် ပို၍ ဆီလျော်ပါသည်။ စားဝတ်နေရေး အခြေအနေကို သိမြင်နားလည်ထားမှုများသည်ကျားနှင့်မ၊အသက်အုပ်စုများအတွင်းလုံလောက်စွာ ကွဲပြားခြားနားမှု မရှိသဖြင့် စားဝတ်နေရေးအခြေအနေများ စိစစ်ရာတွင်ကျား/မနှင့် အသက်အုပ်စုတို့ကို သီးခြားစီခွဲခြား လေ့လာရန် အထောက်အထားမရှိပေ။

ဇယား (၂-၂၁)သည် အောက်ပါခေါင်းစဉ် (၈) ခုတို့ဖြင့် ခွဲခြားစုစည်းထားသည့် လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့အတွက် အဆိုပြုထားသည့် ညွှန်ကိန်းများကိုဖော်ပြထားပါသည်။

၁။ အခြေခံလိုအပ်ချက်များ ပြည့်စုံဖူလုံမှု

၂။ ကျန်းမာရေး

၃။ ပညာရေး

၄။ ဝင်ငွေ၏ ဇာစ်မြစ်များ

၅။ ကုန်ထုတ်ကိရိယာများ လက်လှမ်းမီမှု

၆။ အိမ်ထောင်စု ပိုင်ဆိုင်ပစ္စည်းများ

၇။ ဝင်ငွေနှင့် သုံးစွဲမှု

၈။ အခြား

ဇယား ၂-၂၁။ မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ အရေအတွက်ဆိုင်ရာ စစ်တမ်းအတွက် အဆိုပြုထားသည့် လူနေမှုဘဝ ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်းများ

| ညွှန်ကိန်း အမျိုးအစား | လူနေမှုဘဝပြည့်စုံဖူလုံမှု ညွှန်ကိန်း | ဆင်းရဲနွမ်းပါးမှု ညွှန်ကိန်း |
|---|---|---|
| အခြေခံလိုအပ်ချက်များ ပြည့်စုံဖူလုံမှု | နေအိမ် (ပိုင်ဆိုင်မှု၊ အသုံးပြုပစ္စည်း အမျိုးအစားနှင့် အရွယ်အစား)<br>အစားအစာအရည်အသွေး<br>အဝတ်အစားအတွက် သုံးစွဲမှု<br>အစားအစာ ပမာဏ<br>စားဝတ်နေရေး အခြေအနေကောင်းမွန်မှု | အစားအစာပမာဏ<br>နေအိမ်(ပိုင်ဆိုင်မှု၊ အသုံးပြုပစ္စည်း အမျိုးအစားနှင့် အရွယ်အစား)<br>အစားအစာ အရည်အသွေး<br>အဝတ်အစားအတွက် သုံးစွဲမှု<br>စားဝတ်နေရေး အခြေအနေ ညံ့ဖျင်းမှု |
| ကျန်းမာရေးဆိုင်ရာ လက်လှမ်းမီမှု | ကျန်းမာရေး အဆင့်အတန်း၊ ရယူသည့် ဆေးဝါးကုသခံယူမှု အမျိုးအစား | ကျန်းမာရေး အဆင့်အတန်း၊ ရယူသည့် ဆေးဝါးကုသမှုခံယူမှု အမျိုးအစား |
| ပညာရေးဆိုင်ရာ လက်လှမ်းမီမှု | ကျောင်းနေနှုန်း (အသားတင်နှင့်စုစုပေါင်း)<br>ပညာရေးအဆင့်<br>အဆင့်မြင့် ပညာရေး<br>အလွတ်သင် ပညာရေး | ကျောင်းနေနှုန်း (အသားတင်နှင့် စုစုပေါင်း)<br>ပညာရေးအဆင့်<br>စာတတ်မြောက်မှုနှုန်း |
| ဝင်ငွေ၏ ဇာစ်မြစ်များ | အဓိကစီးပွားရေးလုပ်ဆောင်ချက်များ<br>လယ်ယာထွက်ကုန် အမျိုးအစား (r)<br>အလုပ်အကိုင် အဆင့်အတန်း<br>အလုပ်ပုံမှန် လုပ်ကိုင်ရမှု<br>လုပ်ငန်းအရွယ်အစား(အလုပ်သမားဦးရေ) | အဓိက စီးပွားရေးလုပ်ဆောင်ချက်များ<br>လယ်ယာထွက်ကုန်အမျိုးအစား(r)<br>အလုပ်လက်မဲ့ ဖြစ်မှု<br>ကျပန်းအလုပ်သမား<br>အသေးစားစီးပွားရေးလုပ်ဆောင်ချက်များ |
| ကုန်ထုတ်ကိရိယာ လက်လှမ်းမီမှု (သွင်းအားစုများ/ အရင်းအနှီး အလုပ်သမား) | ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း<br>မြေယာ (အရွယ်အစားအရည်အသွေး)(r)<br>ပစ္စည်းကိရိယာနှင့် စက်ပစ္စည်း<br>လုပ်ငန်းခွင်သုံးတိရစ္ဆာန် (r) | မြေယာမဲ့သူများ (r)<br>ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်း ငှားရမ်း အသုံးပြုမှု<br>လုပ်ငန်းခွင်သုံးတိရစ္ဆာန် ငှားရမ်းအသုံးပြုမှု(r)<br>ဈေးနှင့် ခရီးအကွာအဝေး (r) |
| အိမ်ထောင်စုပိုင်ဆိုင်ပစ္စည်းများ | ယာဉ်ပိုင်ဆိုင်မှု (u)<br>လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ<br>ရွှေနှင့် လက်ဝတ်လက်စား<br>မိဘဘိုးဘွား အမွေပစ္စည်း<br>စက်ဘီး<br>အိမ်အသုံးအဆောင်ပစ္စည်း (ပရိဘောဂ၊ အိုးခွက်၊ ပုဂံ အစရှိသည်)<br>မွေးမြူရေး တိရစ္ဆာန် (r)<br>ဆန်စက် (r) | |
| ဝင်ငွေနှင့် သုံးစွဲမှု | ပုံမှန်ဝင်ငွေ<br>စားသုံးမှု (သုံးစွဲမှု)<br>စုဆောင်းငွေ | မှီခိုသူအချိုးအစား(အလုပ်လုပ်သူဦးရေနှင့် မှီခိုသူဦးရေ နှိုင်းယှဉ်ချက်)<br>မိသားစု အရွယ်<br>ဝင်ငွေ/ထွက်ငွေ မမျှတသည့် မိသားစုဘတ်ဂျက်<br>ကြွေးမြီတင်ရှိမှု<br>ဝင်ငွေ(နည်းပါးခြင်း/ပုံမှန်မရရှိခြင်း)<br>စားသုံးမှု (သုံးစွဲမှု) |
| အခြား | လှူဒါန်းမှု/ ထည့်ဝင်မှု<br>လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု<br>ဆန်ပိုလျှံမှု (r)<br>ပြည်ပမှ လွှဲပို့ငွေ (u)<br>လျှပ်စစ်ဓာတ်အား | အလုပ်၏ ကြမ်းတမ်းခက်ခဲမှု<br>အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ<br>သက်ကြီးရွယ်အိုများ<br>မိဘမဲ့ကလေးများ |

အညွှန်း။ r = အများအားဖြင့် ကျေးလက်နှင့်သက်ဆိုင်ခြင်း၊ u = အများအားဖြင့် မြို့ပြနှင့် သက်ဆိုင်ခြင်း။ ကျန်ညွှန်ကိန်းများမှာ ကျေးလက်/ မြို့ပြဒေသ ၂-ရပ်စလုံးနှင့် သက်ဆိုင်ခြင်း

## *အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကို စိစစ်ချက်*

အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကို လေ့လာစိစစ်ချက်နှင့် စပ်လျဥ်း၍ အရေအတွက်ဆိုင်ရာ စစ်တမ်းတွင် အလေးထားသင့်သည့် မူလအခြေခံ အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ကွဲပြားခြားနားသောလူမှု-စီးပွား အုပ်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုနှင့် ဆင်းရဲနွမ်းပါးမှုတွင် ၎င်းတို့၏ အကျိုးပြု ပါဝင်မှု
- မတူညီသည့် လူမှု၊ စီးပွားအုပ်စုများ၏ ရာသီလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု
- ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များ
- ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက်ဖြေရှင်းသည့်နည်းဗျူဟာများ

## မတူညီသည့် လူမှု- စီးပွားအုပ်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု

အရည်အသွေးဆိုင်ရာ စစ်တမ်းသည် မြန်မာနိုင်ငံသူ/ နိုင်ငံသားများ၏ အဓိကစီးပွားရေး လုပ်ဆောင်ချက်များနှင့် ဆင်းရဲနွမ်းပါးခြင်း အဖြစ်လွယ်ဆုံးအုပ်စုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဖြည့်ဆည်း ပေးနိုင်ပါသည်။ သို့ရာတွင် ဤသတင်းအချက်အလက်များမှ လူဦးရေတစ်ခုလုံးနှင့်တစ်နိုင်ငံလုံးအတွက်ကောက်ချက်ချ၍မရပါ။ ကွဲပြားခြားနားသော စီးပွားရေးအုပ်စုများ၏အရေးပါမှု၊ ၎င်းတို့၏ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှုနှင့် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုတွင် ၎င်းတို့၏ အကျိုးပြုပါဝင်မှုတို့ကို ခန့်မှန်းနိုင်ရန်အတွက် အရေအတွက်ဆိုင်ရာ စစ်တမ်းတွင် မေးခွန်းများ ထည့်သွင်းပါရှိရန် အရေးကြီးပါသည်။

အိမ်ထောင်စုများ၏ အဓိက စီးပွားရေးလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သည့် မေးခွန်းများကို အရေအတွက်ဆိုင်ရာ စစ်တမ်းမေးခွန်းလွှာတွင် ထည့်သွင်းခြင်းဖြင့် လူဦးရေတစ်ရပ်လုံး၏ အဓိက စီးပွားရေး လုပ်ဆောင်ချက်များကို ခန့်မှန်းနိုင်စေလိမ့်မည်။ အစားအစာ၊ အစားအစာ မဟုတ်သော စားသုံးမှု၊ သုံးစွဲမှုတို့ကိုအသုံးပြု၍ ဆင်းရဲနွမ်းပါးမှုပြမျဥ်းကို ခန့်မှန်းတွက်ချက်ခြင်းသည် စီးပွားရေးအုပ်စုများအလိုက် ဆင်းရဲသူနှင့် မဆင်းရဲသူရာခိုင်နှုန်းနှင့် ဆင်းရဲနွမ်းပါးခြင်း အလွယ်တကူဖြစ်နိုင်သည့်လူဦးရေအချိုးအစားကိုသတ်မှတ်ပေးလိမ့်မည်။ ထိုမှစီးပွားရေးအုပ်စုအလိုက် ဆင်းရဲနွမ်းပါးခြင်းတွင် ပါဝင်မှုကိုလည်းတွက်ချက် ရရှိနိုင်ပါမည်။ ထို့နောက် ဤသတင်းအချက် အလက်များကို အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းရာမှ ရရှိခဲ့သည့် သတင်းအချက်အလက်များနှင့် နှိုင်းယှဥ်လေ့လာကြည့်ရလိမ့်မည်။

## ရာသီလိုက်၊ ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု

ရာသီလိုက် ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုသည် ကျေးလက်နှင့် မြို့ပြဒေသနှစ်ရပ်စလုံး အတွက်အရေးပါဟန်ရှိပါသည်။ စီးပွားရေးလုပ်ငန်း အုပ်စု အများစုအတွက် မိုးရာသီသည် အခက်အခဲ အများဆုံး ကြုံတွေ့ရသည့်ကာလ ဖြစ်ပါသည်။ သို့ဖြစ်၍ အရေးအတွက်ဆိုင်ရာ စစ်တမ်းကို အနည်းဆုံးနှစ်ကြိမ် ကောက်ယူရန် ဆုံးဖြတ်ချက် မှာမှန်ကန်သင့်လျော်ပါသည်။ပထမအကြိမ်အဖြစ် ဆောင်းရာသီ (နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ) သို့မဟုတ် နွေရာသီ (မတ်လမှ မေလလယ် အထိ) နှင့် ဒုတိယအကြိမ်အဖြစ် မိုးရာသီ (မေလလယ်မှ အောက်တိုဘာလထိ)တွင်နှစ်ကြိမ်ကောက်ယူမှုပြု ခြင်းသည် ရာသီလိုက် ပြောင်းလဲဖြစ်ပေါ်မှုကို ကောင်းစွာဖော်ပြ နိုင်စေရန် အရေးကြီးပါသည်။

## ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များ

ဆင်းရဲ နွမ်းပါးခြင်း ဖြစ်လွယ်မှု၏ ဇာစ်မြစ်များကို အောက်ပါအတိုင်း အမျိုးအစား (၈) မျိုး ခွဲခြားနိုင်ပါသည်။

၁။ ရာသီဥတုဆိုးရွားမှု (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးရွာသွန်းခြင်း စသည်)

၂။ လယ်ယာကုန်ထွက်နိမ့်ကျမှု(အထွက်၊ သီးနှံရောဂါနှင့် ပိုးမွှားအန္တရာယ်ကြောင့်ဆုံးရှုံးမှုများ၊ရာသီဥတုကြောင့် ဆုံးရှုံးမှုများနှင့်၊ ဆန်လက်ကျန်)

၃။ ဈေးနှုန်းအပြောင်းအလဲများ (ကုန်ပစ္စည်းဈေးနှုန်း၊ အစားအစာဈေးနှုန်း၊ သွင်းအားစုများနှင့်၊ အလုပ်သမားကဲ့သို့သော ကုန်ထုတ်လုပ်မှု ကိရိယာများအတွက် ကုန်ကျစရိတ်၊ လယ်ယာထွက်ကုန်ဈေးနှုန်း၊ ငွေကြေးဖောင်းပွမှု အစရှိသည်)

၄။ ကျန်းမာရေး ဆိုင်ရာ ပြဿနာများ

၅။ ဝင်ငွေ(အလုပ်လက်မဲ့ ဖြစ်မှု၊ လုပ်ခများ)

၆။ ကြွေးမြီတင်ရှိမှု (ကြွေးမြီ၊ကြိုတင်ယူငွေ၊ မြင့်မားသည့် အတိုးနှုန်းများ)

၇။ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ (ဝယ်လိုအားနည်းပါးမှု၊ ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေရင်းမရှိမှု၊အပြိုင်အဆိုင်များပြားမှု)

၈။ အရင်းအမြစ်များရရှိနိုင်မှု(ဖမ်းဆီးရန်ရှိရင်း ရေထွက်ကုန် နည်းပါးမှု၊ သစ်တောပြုန်းတီးမှု၊ တောမီးလောင်ကျွမ်းမှု၊ စိုက်ပျိုးမြေ အရည်အသွေး အစရှိသည်)

ကွဲပြားခြားနားသည့် ဒေသများနှင့်စီးပွားရေးအုပ်စုများ၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကို ပိုင်းဖြတ်နိုင်ရန်အတွက် IHLCA မေးခွန်းလွှာတွင် အထက်ပါ ဆင်းရဲနွမ်းပါးခြင်း၏ ဇာစ်မြစ်များကို ထည့်သွင်းမေးမြန်းမှု သေချာစေရန် အရေးကြီးပါသည်။

ကျေးလက်ဒေသများတွင် အိမ်ထောင်စုတစ်ခု၏ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှုကိုပိုင်းဖြတ်ရာ၌ လက်ဝယ်ရှိဆန်ပမာဏသည်အရေးကြီးပါသည်။အိမ်ထောင်စုများလက်ဝယ်ရှိသည့်ဆန်ကို ကုန်သည်အထိ စားသုံးနိုင်မည့် လပေါင်းသည် အိမ်ထောင်စုများ၏အခက်အခဲရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းရည်အတွက် ညွှန်ကိန်းကောင်းတစ်ခုကို ပေးပါသည်။

## ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက် ဖြေရှင်းသည့် နည်းဗျူဟာများ

ရပ်ရွာအလိုက်၊ အိမ်ထောင်စုအလိုက်နှင့် တစ်ဦးချင်းအလိုက် အခက်အခဲ ဖြေရှင်းသည့် နည်းဗျူဟာများသည် ဆင်းရဲနွမ်းပါးမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ပို၍ပို၍ မသုံးမဖြစ် ဖြစ်လာပါသည်။ အရည်အသွေးဆိုင်ရာ လေ့လာမှုတွင်ပါဝင်သူများသည်အခက်အခဲဖြေရှင်းသည့် နည်းဗျူဟာများကိုရပ်ရွာ၊အိမ်ထောင်စုနှင့်တစ်ဦးချင်းအလိုက် သီးခြားစီခွဲခြားသတ်မှတ်ရန်ခက်ခဲကြသဖြင့်ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းအလိုက်မေးခွန်းများကိုတစ်ပေါင်းတည်းစိစစ်ရပါသည်။၎င်းတွင်ဆုံးဖြတ်ချက်အများစုကိုရပ်ရွာအလိုက်(သို့မဟုတ်)တစ်ဦးချင်းအလိုက်ထက် အိမ်ထောင်စုအဆင့်တွင်သာ ချမှတ် လုပ်ဆောင်လိမ့်မည်ဟု ဆိုလိုသည်။ ၎င်းအချက်သည် IHLCA စစ်တမ်းအတွက်စိတ်ဝင်စားဖွယ်ကောင်းပါသည်။အကြောင်းမှာအိမ်ထောင်စုအလိုက်ဖြေရှင်းသည့်နည်းဗျူဟာများနှင့်စပ်လျဉ်းပြီးအချက်အလက် အများအပြား ဆုံးရှုံးရခြင်းမရှိဘဲ စစ်တမ်းမေးခွန်းလွှာကို အိမ်ထောင်စုအဆင့် (အိမ်ထောင်စုဝင် တစ်ဦးတည်း)တွင် မေးမြန်းနိုင်သည်ဟုဆိုလို၍ဖြစ်သည်။

IHLCA မေးခွန်းလွှာတွင် မေးခွန်းများဖြင့် ဖြည့်စွက်ထည့်သွင်းနိုင်သည့် အဓိက အခက်အခဲ ဖြေရှင်းသည့် နည်းဗျူဟာများကို အောက်ပါအတိုင်း အတန်းအစား အမျိုးမျိုးအဖြစ် အုပ်စုဖွဲ့နိုင်ပါသည်။

- ကြွေးမြီတင်ရှိမှု (ပေါင်နှံရန်ပိုင်ဆိုင်မှုပစ္စည်း၊ ကြိုတင်ယူငွေ၊ ကြိုတင်လုပ်ခငွေ)
- စီးပွားရေး လုပ်ဆောင်ချက် အမျိုးမျိုးပြောင်းလဲလုပ်ကိုင်မှု (စီးပွားရေးလုပ်ဆောင်ချက် ပြောင်းလဲလုပ်ကိုင်မှု၊ စီးပွားရေး လုပ်ဆောင်ချက် အမျိုးမျိုးလုပ်ကိုင်မှု၊သီးနှံအမျိုးမျိုးစိုက်ပျိုးမှု၊ ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်မှု၊ အချိန်ပို လုပ်ကိုင်မှု)
- ပိုင်ဆိုင်ပစ္စည်းများ ရောင်းချမှု (တိရစ္ဆာန်များ၊ ပစ္စည်းကိရိယာနှင့် စက်ပစ္စည်း ကိရိယာများ၊ အိမ်သုံးပစ္စည်းများ)
- စားသုံးမှု/သုံးစွဲမှုလျှော့ချခြင်း (အစားအစာနှင့် အစားအစာ မဟုတ်သည့်ပစ္စည်း)
- နေရာဒေသရွှေ့ပြောင်းမှု(ရာသီလိုက်နှင့် အမြဲတမ်း)
- လူမှုရေးလုံခြုံမှု အကာအကွယ်များ (မိသားစုထံမှ ချေးယူခြင်း၊ အလှူငွေ၊ မိသားစုထံမှ ငွေကြေးအကူအညီ အစရှိသည်)
- စုဆောင်းငွေကို အသုံးပြုမှု
- အလုပ်လုပ်သည့် မိသားစုဝင် ဦးရေတိုးမှု (အမျိုးသမီးများ အလုပ်လုပ်ခြင်း၊ မိသားစုကို ကူညီရန် သား/သမီးအကြီးများကို ကျောင်းမှထုတ်ခြင်း အစရှိသည်)

## *အခြေခံဝန်ဆောင်မှုများ၊ ငွေကြေး ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အအုံများကို လက်လှမ်းမီမှု၊*

ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် အညစ်အကြေး သန့်ရှင်းမှုနှင့် ငွေကြေးဝန်ဆောင်မှုများအပြင် အခြေခံအဆောက်အအုံတို့ကို လက်လှမ်းမီမှုဆိုင်ရာ သီးခြားအကြောင်းခြင်းရာများကို ဤအပိုင်းတွင် ဖော်ထုတ်တင်ပြထားပါသည်။

### ကျန်းမာရေး

ကျန်းမာရေးဆိုင်ရာအလေးထားရန်အရေးပါသည့် အကြောင်းခြင်းရာများမှာ -

- ကျန်းမာရေးဆိုင်ရာ လက်လှမ်းမီမှု
- အဓိက ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊
- ကျန်းမာရေး ချို့တဲ့ရသည့် အဓိက အကြောင်းရင်းများ၊

ကျန်းမာရေးဆိုင်ရာ လက်လှမ်းမီမှုနှင့် ဆက်နွယ်သည့် အကြောင်းခြင်းရာများမှာ (၁) ကျေးရွာ/ ရပ်ကွက်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနမရှိမှု (သို့မဟုတ်)ကျန်းမာရေးဌာနနှင့် ခရီးအကွာအဝေး (၂) ဆေးဝါးကုသမှုနှင့် ဆက်နွယ်သည့် ကုန်ကျစရိတ် (ဆေးဝါးတန်ဖိုး၊ ဆေးကုသစရိတ်နှင့်ခရီးစရိတ်) (၃) ကျန်းမာရေးဝန်ထမ်းများရရှိနိုင်မှု (အများအားဖြင့် ကျေးလက်ဒေသများ၌) တို့ဖြစ်ပါ သည်။

ကျေးရွာ/ ရပ်ကွက်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနမရှိမှု (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနနှင့် ခရီးအကွာအဝေးတို့ကို ကျေးရွာအဆင့် မေးခွန်းလွှာတွင်သာထည့်သွင်း လေ့ရှိလိမ့်မည်။ အကြောင်းမှာ အနီးဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာန ခရီးအကွာအဝေးသည် အနည်းနှင့် အများဆိုသလို အိမ်ထောင်စုများအတွက် တူညီသည့်သဘောရှိ၍ဖြစ်သည်။

IHLCAမေးခွန်းလွှာတွင်အလေးထားထည့်သွင်းဖော်ပြနိုင်သည့် အဓိကကျန်းမာရေးဆိုင်ရာပြဿနာများမှာ(၁)ငှက်ဖျားရောဂါ(၂)အနည်းငယ်နေထိုင်မကောင်းဖြစ်မှု(၃)ရောဂါကြီးများ(အဆုတ်နာနှင့် အခြား အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများအပါအဝင်) (၄) ဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ဝမ်းနှင့်ပတ်သက်သောရောဂါများ (၅)သွေးလွန်တုပ်ကွေးရောဂါ (၆) မိခင်ကျန်းမာရေးတို့ဖြစ်ပါသည်။

IHLCA မေးခွန်းလွှာတွင် ကျန်းမာရေးချို့တဲ့ရသည့် အကြောင်းရင်းများနှင့် စပ်လျဉ်းပြီး ဖြည့်စွက်ထည့်သွင်းနိုင်သည့်မေးခွန်းများမှာ ရေ၏ အရည်အသွေး၊ အာဟာရမပြည့်ဝမှု (သို့မဟုတ်) အာဟာရချို့တဲ့မှုနှင့် အညစ်အကြေးသန့်ရှင်းမှုစနစ် တို့အတွက် ဖြစ်ပါသည်။ ဤနေရာ၌ ရေ၏ အရည်အသွေးနှင့် အညစ်အကြေး သန့်ရှင်းမှုစနစ်တို့ကို ရေနှင့်အညစ် အကြေး သန့်ရှင်းမှုစနစ် လက်လှမ်းမီမှုတွင်လည်း ထည့်သွင်းနိုင်ပါသည်။

### ပညာရေး

ပညာရေးဆိုင်ရာ လက်လှမ်းမီမှုနှင့် စပ်လျဉ်းပြီး တွေ့ကြုံရသည့် အခက်အခဲများမှာ များသောအားဖြင့် ကျောင်းစရိတ်အတွက် ငွေကြေးအခက်အခဲများ၊ ကျေးရွာနှင့်ရပ်ကွက်တွင် စာသင်ကျောင်းမရှိမှု (သို့) ကျောင်းအဆောက်အဦ မလုံလောက်မှုနှင့် ကျောင်းဆရာမရှိမှုတို့နှင့် ဆက်နွယ်နေပါသည်။

(ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ၊ ခရီးသွားလာမှု၊ ကျောင်းအတွက် အလှူငွေ အပါအဝင်) ကျောင်းစရိတ်များနှင့် ပတ်သက်သည့် မေးခွန်းများကို IHLCA စစ်တမ်း အိမ်ထောင်စု မေးခွန်းလွှာတွင် ထည့်သွင်းမေးမြန်း သင့်ပါသည်။ ထိုသို့မေးမြန်းခြင်းဖြင့် အိမ်ထောင်စု တစ်စုတွင် ကျောင်းတက်နေသည့် ကျောင်းသား တစ်ဦးအတွက် ပညာသင်ကြားစရိတ်ကို ပိုင်းဖြတ် နိုင်ရန် ဖြစ်ပါသည်။

၎င်းပြင် မိမိသားသမီးများကို ကျောင်းမ ထားနိုင်သည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ ဥပမာအားဖြင့် ငွေရေးကြေးရေး ပြဿနာများ၊ မိသားစုကို ကူညီရန် သားသမီးအကြီးများကို ကျောင်းမှနုတ်ရခြင်းများ၊စိတ်ကြောင့်ကြမှုခံစားနေ ရသည့်ကလေးသူငယ်များ၊ဘွဲ့ရများအတွက်အလုပ် အကိုင် အခွင့်အလမ်းရှားပါးမှုနှင့် ကျန်းမာရေး ဆိုင်ရာ အကြောင်းရင်းများကိုလည်း ထည့်သွင်း လေ့လာရပေမည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းများသို့ တက်ရောက် ပညာသင်ယူရန် လက်လှမ်းမီမှု၊ ကျောင်းဆရာရရှိနိုင်မှု (အများအား ဖြင့် ကျေးလက်ဒေသများအတွက်) ကို လေ့လာ ပိုင်းဖြတ်နိုင်ရန် မေးခွန်းများကို IHLCA ရပ်ရွာ အဆင့် မေးခွန်းလွှာတွင် ထပ်မံထည့်သွင်းနိုင်ပါ သည်။

## ရေနှင့်အညစ်အကြေး သန့်ရှင်းမှု

IHLCA မေးခွန်းလွှာတွင် အလေးထားသင့် သည့်ရေရရှိရန် လက်လှမ်းမီမှုနှင့် ဆက်နွယ်သော သီးခြားအကြောင်းခြင်းရာများမှာ(၁)သောက်ရေ၏ အရည်အသွေး (၂) ရေပြတ်လပ်မှု (၃) ရေရရှိရာ ဇစ်မြစ်နှင့်အကွာအဝေး (၄) ရေအတွက်ကုန်ကျ စရိတ် (သောက်ရေနှင့် သုံးရေ) (၅) ရေရရှိရာဇစ် မြစ်အမျိုးအစား (အကာအရံမဲ့ရေတွင်း၊ရေလှောင် ကန်၊ အဝီစိတွင်း၊ မြစ်ရေ အစရှိသည်) တို့ဖြစ်ပါ သည်။

IHLCA မေးခွန်းလွှာတွင် ထည့်သွင်းသင့် သည့်အညစ်အကြေးသန့်ရှင်းမှုနှင့်ဆက်နွယ်သော သီးခြားအကြောင်းခြင်းရာများမှာ(၁)အိမ်သာအမျိုး အစား (ယင်လုံအိမ်သာ၊ အိမ်သာမရှိ စသဖြင့်) (၂)အညစ်အကြေးသန့်ရှင်းမှုအခြေအနေ (၃)ရေ နုတ်မြောင်း၏အရည်အသွေး (အကယ်၍ နေရာ ဒေသသည် အချိန်ကြာမြင့်စွာ ရေလွှမ်းမိုးခံနေရ ပါက)

## ငွေကြေးဝန်ဆောင်မှုများ

အထူး အလေးထားသင့်သည့် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီမှုနှင့် ဆက်နွယ်သော သီးခြား အကြောင်းခြင်းရာများမှာ

၁။ အကြွေးရရှိမှု၏ ဇာစ်မြစ်များ (အစိုးရ ထံမှချေးငွေ၊ အသေးစားချေးငွေ ဌာနများ၊ အပေါင်ဆိုင်များ၊ ကုန်သည် များ စသဖြင့်)

၂။ ချေးငွေအမျိုးအစား

၃။ အကြွေးရရှိမှု၏ ဇာစ်မြစ်နှင့် အကြွေး အမျိုးအစားအလိုက် အတိုးနှုန်းများ

၄။ ချေးငွေနှင့်စပ်ဆိုင်သည့် အခြေအနေ များ(ချေးငွေပမာဏ၊ အာမခံ ပစ္စည်း၊ ချေးငွေရရှိရန်ကြာမြင့်သည့် အချိန် ကာလစသဖြင့်)

အထူးသဖြင့် ကြိုတင်ပေးငွေအတွက် အတိုးနှုန်းများကိုပိုင်းဖြတ်သည့်နည်းတစ်ခုမှာ ၎င်း တို့ချေးငှားသည့်ငွေပမာဏ၊ ချေးယူသည့် ကာလ နှင့်၎င်းတို့ပြန်လည်ပေးဆပ်သည့် ပစ္စည်း၏ကာလ ပေါက်ဈေးတို့ကို မေးမြန်းရန်ဖြစ်ပါသည်။ ဤနည်း အားဖြင့် အချိန်အလတ်စား (လ, အနည်းငယ်ကြာ) ချေးငွေနှင့်၊ အချိန်တို (တစ်လထက်လျော့နည်း

သည့်) ချေးငွေများကို နှိုင်းယှဉ်ရန်၊ နှစ်စဉ်အမည်ခံ အတိုးနှုန်းကိုလည်း တွက်ချက်ရန် ပိုမိုလွယ်ကူလိမ့် မည်။

အရည်အသွေးဆိုင်ရာ လေ့လာမှုအတွင်း ငွေကြေးဝန်ဆောင်မှုများလက်လှမ်းမီမှုကိုပြည်သူ တို့အတွက် သီးခြားလိုအပ်ချက် တစ်ရပ်အဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ခြင်းမရှိပေ။[၅၉] ပြည်သူတို့ ငွေစုဆောင်းကြသော်လည်း ငွေစုဆောင်းရန် ဝန်ဆောင်မှုများ လက်လှမ်းမီမှုကို ဦးစားပေးဟန် မရှိပေ။

## အခြေခံ အဆောက်အအုံများ

အခြေခံအဆောက်အအုံများလက်လှမ်းမီ မှုကို ကျေးရွာ/ရပ်ကွက်အဆင့်တွင် လေ့လာပိုင်း ဖြတ်လေ့ရှိပါသည်။ IHLCA မေးခွန်းလွှာတွင် ထည့်သွင်းပါရှိသင့်သည့် အခြေခံအဆောက်အအုံ တချို့မှာ (၁) လျှပ်စစ်ဓာတ်အား (၂) လမ်းများ (၃) ဆည်မြောင်း (၄) လမ်းမီး (၅) တံတား (၆) တယ်လီဖုန်း (၇) တာတမံ (၈) အများပြည်သူ ပို့ဆောင်ရေး (မော်တော်ကား၊ မီးရထား၊ လှေ) (၉) ဈေးကိုလက်လှမ်းမီမှု တို့ဖြစ်ပါသည်။

## *အထွေထွေ ထောက်ခံ အကြံပြု ချက်များ*

အရည်အသွေး ဆိုင်ရာ လေ့လာမှုသည် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ ဆိုင်ရာ အဓိက ညွှန်ကိန်းများ၊ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီမှု၊ စားဝတ်နေရေး အခြေအနေ တိုးတက်ကောင်းမွန် စေမည့် လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဉ် များအတွက်အဖိုးတန်သည့်သတင်းအချက်အလက် များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ သို့ရာတွင် ဤသတင်းအချက်အလက်များသည် FGD တွင် ပါဝင်သူများ၏ သိမြင်နားလည်မှုများသာ ဖြစ် သဖြင့် မြန်မာတစ်နိုင်ငံလုံး၏ ပြည်သူအားလုံး အတွက် ကောက်ချက်ချ နိုင်လိမ့်မည် မဟုတ်ပါ။

IHLCA စစ်တမ်း၏ နှစ်ကြိမ် ကောက်ယူမှု အနက် ကောက်ယူမှု တစ်ခုတွင် အရည်အသွေး ဆိုင်ရာ သီးသန့်အပိုင်းတစ်ခုကို ထပ်ထည့်ခြင်းဖြင့် ရရှိမည့် သီးသန့်လုပ်ငန်း အစီအစဉ်များ၊ စီမံချက် များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် များမှလွဲ၍ စားဝတ်နေရေးအခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်းသည် အရည်အသွေးဆိုင်ရာ လေ့လာမှုမှရရှိသည့် သတင်းအချက်အလက် အများစု၏ မှန်ကန်မှုကို ထုတ်ဖော်ပေးနိုင်မည်ဖြစ် ပါသည်။

ဤအရည်အသွေးဆိုင်ရာ အပိုင်းသည် မေးခွန်းဖြေကြားမည့်သူများကို ၎င်းတို့၏ စားဝတ် နေရေးအခြေအနေ တိုးတက်ကောင်းမွန်ရေးကို ရည်ရွယ်သည့် သီးသန့်လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစီမံချက်များကို ဦးစားပေးဖော်ပြရန် မေးမြန်းနိုင်မည် ဖြစ်ပါသည်။ မေးမြန်းရရှိသည့် သတင်း အချက်အလက်များသည် မြန်မာနိုင်ငံတွင် ဦးစားပေး နယ်ပယ်များ၌ ဦးစားပေးလူမှု- စီးပွား အုပ်စုများအတွက် အကောင်အထည်ဖော်နိုင်မည့် ဦးစားပေး လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက် များ နှင့်စပ်လျဉ်း၍ တိကျသည့် သတင်းအချက် အလက်များကို ဖြည့်ဆည်းပေးနိုင်ပေမည်။

---

[၅၉] ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု ရေရှည် ရပ်တည် နိုင်ရန်၊ အခြားသူများကို ငွေချေးပေးနိုင်ရန် ပြည်သူများ ထံမှ စုဆောင်းငွေ များကောက်ယူရန် လိုအပ်သည်။ (ငွေရေးကြေးရေး ကြားခံဆောင်ရွက်မှုဟု ခေါ်လေ့ရှိသည်) မြန်မာနိုင်ငံတွင် အသေးစားချေးငွေ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလိုသည့် ငွေကြေးအဖွဲ့အစည်းများသည်၊ ရေရှည် ရပ်တည်နိုင်ရန် အတွက် လုံလောက်သည့် စုဆောင်းငွေများကောက်ယူရရှိနိုင်မည့် နည်းဗျူဟာတစ်ခု ကို သေချာစွာ လေ့လာဖို့ လိုလိမ့်မည်။

# နောက်ဆက်တွဲ ၁ - ခေါင်းစဥ်အလိုက် လက္ခဏာတူအုပ်စုဆွေးနွေးပွဲများအတွက် တွေ့ဆုံမေးမြန်းမှုကွန်ယက်ပုံစံ

## ခေါင်းစဉ်အလိုက် လက္ခဏာတူအုပ်စုဆွေးနွေးပွဲများအတွက် တွေ့ဆုံမေးမြန်းမှုကွန်ယက်ပုံစံ

### နိဒါန်း

၁။ ဆွေးနွေးပွဲမစမီ သင်နှင့်သင်၏ တွဲဖက် ဦးဆောင်သူကို မိတ်ဆက်ပါ။

၂။ ဆွေးနွေးပွဲ ပါဝင် တက်ရောက်သူများအားဆွေးနွေးပွဲကိုပါဝင်တက် ရောက်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကိုရှင်းပြပါ။

"စားဝတ်နေရေး အခြေအနေ အပေါ် ပြည်သူလူထု၏ သိမြင်နားလည်မှုများအတွက် အရည်အသွေးဆိုင်ရာ လေ့လာမှုသည် စားဝတ်နေရေး အခြေအနေနှင့်ဆင်းရဲနွမ်းပါးမှုတို့ကို လေ့လာ သုံးသပ်ရန် ရည်ရွယ်သည့် မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာရေးစစ်တမ်း၏ ပထမအဆင့်ဖြစ်သည်။အရည်အသွေးဆိုင်ရာလေ့လာမှု၏ ရည်ရွယ်ချက်များမှာ (၁) မြန်မာနိုင်ငံတွင် ပြည်သူလူထု သိမြင်နားလည်ထားသည့် လူနေမှုဘဝပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့် အမြင်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဦးစားပေးခြင်းပြုလုပ်ရန်(၂) အိမ်ထောင်စု စားဝတ်နေရေးအခြေအနေများကို ပိုမိုကောင်းမွန်စွာ သိရှိနားလည်ရန်ဖြစ်သည်။ ဤလေ့လာမှုမှရရှိသည့် သတင်းအချက်အလက်များသည် နောက်ဆက်တွဲအခြေခံဖြစ်မည့် အရေအတွက်ဆိုင်ရာ စစ်တမ်းတွင် အသုံးပြုရန် ဆီလျော်မှုအရှိဆုံး ဖြစ်သည့် ညွှန်ကိန်းများ ရွေးချယ်ရာတွင် သတင်းပေးနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၏ သဘောသဘာဝ၊ အကြောင်းရင်းများနှင့် စားဝတ်နေရေး အခြေအနေ ကောင်းမွန်တိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်မည့်ဖြစ်နိုင်သော အစီအစဉ်နှင့်လုပ်ငန်းစီမံချက်များကို ပိုမိုခြုံငုံသိရှိ နားလည်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်မည်။"

၃။ ခေါင်းစဉ်အလိုက် လက္ခဏာတူ အုပ်စုဆွေးနွေးပွဲ (FGD) မေးခွန်းများ ဖြင့်စတင်ရန်။

### တွေ့ဆုံမေးမြန်းခြင်း

မိမိတို့အနေဖြင့် သင်တို့၏ကျေးရွာ/ရပ်ကွက်စားဝတ်နေရေး အခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို ပိုမိုသိရှိလိုပါ၍ မေးခွန်းများ မေးပါမည်။ သင်တို့၏ ထင်မြင်ယူဆချက်များကို ပွင့်ပွင့်လင်းလင်းပြောပေးကြပါ။

**အကြောင်းအရာ ခေါင်းစဥ် ၁: စားဝတ်နေရေး အခြေအနေများ အတွက် ရှုထောင့် အမြင်များ (၁၅ မိနစ်)**

၁။ သင်တို့ကျေးရွာ/ ရပ်ကွက်တွင် အိမ်ထောင်စုတစ်ခု၏ စားဝတ်နေရေးအခြေအနေ အတော်အသင့် ကောင်းမွန်မှုရှိ/မရှိကို ဘယ်လိုမြင်နိုင်/သိနိုင်သလဲ။ *(အတိအကျဖြေပါစေ)*

**အကြောင်းအရာ ခေါင်းစဥ် ၂: ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့် အမြင်များ (၁၅ မိနစ်)**

၂။ သင်တို့ကျေးရွာ/ရပ်ကွက်တွင် အိမ်ထောင်စုတစ်ခု ဆင်းရဲနွမ်းပါးသည်ကို ဘယ်လိုမြင်နိုင်၊ သိနိုင်သလဲ။ *(အတိအကျ ဖြေပါစေ)*

**အကြောင်းအရာ ခေါင်းစဥ် ၃: ဝင်ငွေ ရရှိစေသော လုပ်ကိုင်ဆောင်ရွက်မှုများ (၁၅ မိနစ်)**

၃က။ သင်တို့ ကျေးရွာ/ ရပ်ကွက်တွင် ဝင်ငွေနှင့် အလုပ်အကိုင်ရရှိစေသည့် အဓိက ဇာစ်မြစ်များမှာဘာဖြစ်ပါသလဲ။

၃ခ။ ထိုလုပ်ကိုင် ဆောင်ရွက်မှု တစ်ခုစီတွင် လုပ်ကိုင်နေသည့် လူဦးရေအချိုး ဘယ်လောက်ရှိသလဲ။ *(ရာခိုင်နှုန်းအားဖြင့် ဆိုလျှင်၊ လူမှု-စီးပွားရေး အတန်းအစား အားလုံးအတွက် စုစုပေါင်းသည် ၁၀၀ ရာခိုင်နှုန်း ဖြစ်ရမည်)*

၃ဂ။ ဖော်ပြပါ လူအုပ်စုတစ်စုစီတွင် ဆင်းရဲနွမ်းပါးသူ ရာခိုင်နှုန်း ဘယ်လောက်ရှိသလဲ။ *(လူမှု-စီးပွားရေး အုပ်စု)*

**အကြောင်းအရာ ခေါင်းစဥ် ၄: ဆင်းရဲနွမ်းပါးခြင်းဖြစ် စေ သော အကြောင်းရင်းများ (၂၀ မိနစ်)**

၄က။ လုပ်ကိုင်ဆောင်ရွက်မှု (လူမှု-စီးပွားရေး အတန်းအစား) တစ်ခုစီ အတွက် ဘယ်လို အကြောင်းများကြောင့် ထိုသူတို့ ဆင်းရဲနွမ်းပါးခြင်းဖြစ်ရသလဲ ဆိုတာကိုပြောဆိုနိုင်ပါမည်လား။ *(တတ်နိုင်သမျှ တိကျစွာ ဖြေဆိုရန်နှင့် အရေးကြီးဆုံး အကြောင်းရင်းများမှစ၍ ပြောဆိုရန်)*

*(ပါဝင် တက်ရောက်သူများက ပြောကြားခြင်း မရှိမှသာ အောက်ပါ မေးခွန်းများကို မေးပါ။)*

၄ခ။ ကျန်းမာရေးက ဘယ်လိုရှိပါသလဲ၊ ပြဿနာရှိနေသည်ဟု ထင်ပါသလား။ ရှိခဲ့လျှင်၊ ဘာကြောင့်လဲ။

၄ဂ။ ပညာရေးက ဘယ်လိုရှိပါသလဲ၊ ပြဿနာရှိနေသည်ဟု ထင်ပါသလား။ ရှိခဲ့လျှင်၊ ဘာကြောင့်လဲ။

၄ဃ။ ရေနှင့် အညစ်အကြေး သန့်ရှင်းရေးက ဘယ်လို ရှိပါသလဲ၊ ပြဿနာရှိနေသည်ဟု ထင်ပါသလား။ ရှိခဲ့လျှင်၊ဘာကြောင့်လဲ။

၄င။ ငွေကြေး ဝန်ဆောင်မှုတွေ ရရှိနိုင်မှုက ဘယ်လို ရှိပါသလဲ၊ ပြဿနာရှိနေသည်ဟု ထင်ပါသလား။ ရှိခဲ့လျှင်၊ဘာကြောင့်လဲ။

၄စ။ ပစ္စည်း ကိရိယာများနှင့် သွင်းအားစုတွေ ရရှိနိုင်မှုက ဘယ်လိုရှိပါသလဲ၊ ပြဿနာရှိနေသည်ဟု ထင်ပါသလား။ ရှိခဲ့လျှင်၊ ဘာကြောင့်လဲ။

**အကြောင်းအရာ ခေါင်းစဥ် ၅: ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု (၂၀ မိနစ်)**

၅က။ စားဝတ်နေရေး အခြေအနေတွေ တစ်နှစ်နှင့် တစ်နှစ်မတူညီ၊ ကွဲပြားခြားနားမှုရှိပါသလား။ လူတချို့သည် အချို့နှစ်များတွင် ဆင်းရဲ၍ အချို့သော နှစ်များတွင် မဆင်းရဲကြဘူးလား။ <u>မှန်လျှင်ဘာကြောင့်လဲ။</u> *(လူမှု-စီးပွားရေး အတန်းအစားအပေါ် မူတည်ခြင်း ရှိ၊မရှိမေး၍ မူတည်သည်ဟု ဆိုပါလျှင် အတန်းအစားအလိုက် ခွဲခြားစိတ်ဖြာပေးရန်)*

၅ခ။ စားဝတ်နေရေး အခြေအနေတွေ နှစ်တစ်နှစ်အတွင်း ပြောင်းလဲသလား။ နှစ်တစ်နှစ်အတွင်း တချို့အချိန်၌ ဆင်းရဲပြီးအခြားအချိန်များတွင်မဆင်းရဲကြဘူးလား။ <u>မှန်လျှင် ဘာကြောင့်လဲ။</u> *(လူမှု-စီးပွားရေး အတန်းအစား အပေါ်မူတည်ခြင်းရှိ၊ မရှိမေး၍ မူတည်သည်ဟုဆိုလျှင် အုပ်စုအလိုက် ခွဲခြားစိတ်ဖြာပေးရန်)*

**အကြောင်းအရာ ခေါင်းစဥ် ၆: ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းစီ၏ အခက်အခဲဖြေရှင်းသည့် နည်းဗျူဟာများ (၁၅ မိနစ်)**

၆။ သင်တို့ကျေးရွာ/ ရပ်ကွက်တွင် ပြည်သူတို့သည် (ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်းစီ) သူတို့၏အခက်အခဲများကို ရင်ဆိုင်ရာတွင်ဘာတွေ လုပ်ဆောင်ပါသလဲ။

**အကြောင်းအရာ ခေါင်းစဥ် ၇: ဆင်းရဲနွမ်းပါးမှုလျှော့ချရန် လုပ်ငန်းအစီအစဥ်နှင့် လုပ်ငန်းစီမံချက်များ (၁၅ မိနစ်)**

၇က။ သင်တို့ကျေးရွာ/ ရပ်ကွက်တွေမှာ ဘယ်လိုအစီအစဥ်နှင့် လုပ်ငန်းစီမံချက်မျိုးတွေက စားဝတ်နေရေး အခြေအနေ ကောင်းမွန်တိုးတက်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချမှုကို ကူညီပေးမယ်လို့ထင်ပါသလဲ။ *(အတိအကျ ဖြေပါစေ)*

*(ပါဝင် တက်ရောက်သူများက ပြောကြားခြင်း မရှိမှသာ အောက်ပါ မေးခွန်းများကိုမေးပါ။)*

၇ခ။ ဝင်ငွေရစေသည့် လုပ်ငန်းစီမံချက်တွေဆိုရင် ဘယ်လိုသဘောရသလဲ။ ဘယ်လိုဟာမျိုးဖြစ်မလဲ။ *(အတိအကျ ဖြေပါစေ)*

၇ဂ။ ငွေကြေးဝန်ဆောင်မှု (ဥပမာ-အသေးစားချေးငွေလုပ်ငန်း) ဆိုရင် ဘယ်လိုသဘောရသလဲ။ ဘယ်လိုဟာမျိုးဖြစ်မလဲ။ *(အတိအကျ ဖြေပါစေ)*

၇ဃ။ အခြေခံအဆောက်အအုံ (ဥပမာ-ရေရရှိရေးလမ်းဖောက်လုပ်ရေး) ဆိုရင် ဘယ်လိုသဘောရသလဲ။ ဘယ်လိုဟာ မျိုးဖြစ်မလဲ။ *(အတိအကျ ဖြေပါစေ)*

၇င။ ပညာရေး အတွက်ဆိုရင် ဘယ်လိုသဘောရသလဲ။ ဘယ်လိုပညာရေးမျိုးလဲ။ *(အတိအကျ ဖြေပါစေ)*

၇စ။ ကျန်းမာရေးအတွက်ဆိုရင်ဘယ်လိုသဘောရသလဲ။ ဘယ်လို ကျန်းမာရေးမျိုးလဲ။ *(အတိအကျ ဖြေပါစေ)*

# နောက်ဆက်တွဲ ၂။ ရွေးချယ်ထားသော မြို့နယ်စာရင်း

## အရည်အသွေးဆိုင်ရာ လေ့လာမှုစစ်တမ်းအတွက် ရွေးချယ်ထားသော မြို့နယ်များစာရင်း

| ပြည်နယ်/တိုင်း | မြို့နယ် |
|---|---|
| မွန်ပြည်နယ် | သထုံ |
| | မော်လမြိုင် |
| ရခိုင်ပြည်နယ် | မြောက်ဦး |
| | စစ်တွေ |
| တနင်္သာရီတိုင်း | တနင်္သာရီ |
| | မြိတ် |
| ရန်ကုန်တိုင်း | လှည်းကူး |
| | သံလျင် |
| ပဲခူးတိုင်း | တောင်ငူ |
| | သာယာဝတီ |
| ဧရာဝတီတိုင်း | ဟင်္သာတ |
| | ဖျာပုံ |
| မကွေးတိုင်း | အောင်လံ |
| | မင်းဘူး |
| မန္တလေးတိုင်း | ကျောက်ဆည် |
| | ကျောက်ပန်းတောင်း |
| စစ်ကိုင်းတိုင်း | စစ်ကိုင်း |
| | ကလေး |
| ချင်းပြည်နယ် | ဟားခါး |
| | ဖလမ်း |
| ကချင်ပြည်နယ် | မိုးညှင်း |
| | ဝိုင်းမော် |
| ရှမ်းပြည်နယ် | လားရှိုး |
| | ညောင်ရွှေ |
| ကယားပြည်နယ် | ဒီမောဆိုး |
| | လွိုင်ကော် |
| ကရင်ပြည်နယ် | သံတောင် |
| | ဖားအံ |

## နောက်ဆက်တွဲ ၃။ ကျေးရွာ/ ရပ်ကွက်များရွေးချယ်ခြင်းနှင့် အုပ်စုဆွေးနွေးပွဲတွင် ပါဝင်မည့်သူများရွေးချယ်ရန် လမ်းညွှန်ချက်များ

# အရည်အသွေးဆိုင်ရာ လေ့လာမှုအတွက်ကျေးရွာ/ ရပ်ကွက်များရွေးချယ်ရန် လမ်းညွှန်ချက်များ

## မြို့နယ်အဆင့်

သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးမှုကောင်စီနှင့် မြို့နယ်စီမံကိန်းရုံးတို့၏ အကူအညီဖြင့်ကျေးရွာ/ ရပ်ကွက်များကိုရွေးချယ်ပါ။ ရွေးချယ်ရာတွင် စားဝတ်နေရေး အခြေအနေကောင်းမွန်သော ကျေးရွာ/ရပ်ကွက် များမဖြစ်စေဘဲ စားဝတ်နေရေးအခြေအနေ ဆိုးရွားသော ကျေးရွာ/ရပ်ကွက်များဖြစ်စေရန် သေချာစွာ ရွေးချယ်ပါ။

<u>ကျေးရွာရွေးချယ်ခြင်း</u>

၁။ မြို့နယ်ရှိ ကျေးရွာ အားလုံး၏ စာရင်းကို ပြုစုပါ။

၂။ <u>နယ်မြေဒေသ အခြေအနေအရ</u> အိမ်ထောင်စု (၆၀)မှ (၁၀၀) အတွင်း လူဦးရေရှိသော ကျေးရွာများကိုရွေးပါ။

၃။ အောက်ပါ အင်္ဂါရပ်များကို အခြေခံ၍ ကျေးရွာတစ်ရွာကို ရွေးပါ။

- မြို့နယ်မှ ကျေးရွာစစ်စစ်ကိုရွေးပါ။
- မြို့(သို့) မြို့ပြဒေသနှင့် သိပ်မနီးစေရ။
- အောက်ပါ အင်္ဂါရပ်(၂)ခု အနက် <u>အများဆုံး (၁) ခု</u>သာရှိရမည်။
  - လမ်းမကြီးသို့ သွားရောက်နိုင်မှု၊
  - ဈေးသို့ သွားရောက်နိုင်မှု၊

၄။ အောက်ပါ အခြေခံ အဆောက်အအုံ (၅) ခု အနက် <u>အများဆုံး (၂) ခု</u> သာရှိရမည်။

- ကျေးရွာကျန်းမာရေးဌာန (RHC)
- မူလတန်းကျောင်း
- အလယ်တန်းကျောင်း
- ရပ်ရွာလူထုစုဝေးရာဌာန
- လျှပ်စစ်မီး

<u>ရပ်ကွက်ရွေးချယ်ခြင်း</u>

၁။ မြို့နယ်ရှိရပ်ကွက် အားလုံး၏ စာရင်းကိုပြုစုပါ။

၂။ <u>နယ်မြေဒေသ အခြေအနေပေါ်မူတည်၍</u>အိမ်ထောင်စု(၆၀)အထက် လူဦးရေရှိသော ရပ်ကွက်များကို ရွေးပါ။

၃။ အောက်ပါ အင်္ဂါရပ်များကို အခြေခံ၍ ရပ်ကွက်ကိုရွေးပါ။

- မြို့အစွန်အဖျား ရပ်ကွက် (မြို့လယ်သို့အလွယ်တကူ မရောက်နိုင်သော နေရာ)
- အခြေခံ အဆောက်အအုံများ မရှိမှု၊
  - လမ်းများကို ကတ္တရာခင်း မထားခြင်း၊
  - အိမ်ကြီး အိမ်ကောင်း အများအစား မရှိခြင်း၊

# အရည်အသွေးဆိုင်ရာ လေ့လာမှုတွင် ပါဝင်မည့်သူများ ရွေးချယ်ရန်လမ်းညွှန်ချက်များ

**အဓိကသတင်းပေးသူများကို တွေ့ဆုံမေးမြန်းခြင်း**

နေထိုင်သည့် ပထမ နှစ်ရက်တွင် ကျေးရွာ/ ရပ်ကွက်အကြောင်း ပိုမို သိရှိရန်နှင့် လက္ခဏာတူ အုပ်စုတွင် ပါဝင်မည့် သူများကို ကူညီရွေးချယ်ရန် အဓိက သတင်းပေးသူ (၅ ဦး မှ ၈ ဦး) ပါဝင်သည့် အုပ်စုကို ဖွဲ့စည်းဆွေးနွေးပါ။

- ကျေးရွာများအတွက် ကျေးရွာလူကြီး (ခေါင်းဆောင်များ)နှင့်တွေ့ဆုံမေးမြန်းပါ။
- ရပ်ကွက်များအတွက် ရပ်ကွက်လူကြီးများ(နှင့်/သို့မဟုတ်) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးမှုကောင်စီကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးပါ။

ဤသို့အဓိကသတင်းပေးသူများနှင့်အုပ်စုဖွဲ့ဆွေးနွေးခြင်းသည် ကျေးရွာ/ ရပ်ကွက်၏ လူမှုစီးပွားရေး အခြေအနေအတွက် မှတ်စုတို တစ်ခု (စာ ၁-၂ မျက်နှာ)ကို ရေးသားနိုင်စေသည့်အပြင် ဤကျေးရွာ/ ရပ်ကွက်ကို ရွေးချယ်ခဲ့ခြင်း၏ သင့်လျော် မှန်ကန်မှုကိုပြနိုင်ပြီး ရွေးချယ်မှုစံသတ်မှတ်ချက်များကို ပေးနိုင်မည်။ ဤမှတ်စုသည် မြို့နယ်အဆင့်မှစုဆောင်းရရှိသောသတင်းအချက်အလက်များကိုလည်း အခြေခံရမည်။ အစီရင်ခံစာမှတ်စုတွင် အဓိကသတင်းပေးသူများ၏ အမည်နှင့် အလုပ်အကိုင်တို့ကိုလည်း ထည့်သွင်း ဖော်ပြရမည်။

**အဓိကသတင်းပေးသူများနှင့် ဆွေးနွေးရန်နှင့် အစီရင်ခံစာတွင် ထည့်သွင်း ပါဝင်ရမည့် ခေါင်းစဉ်များ**

၁။ ကျေးရွာ/ရပ်ကွက်ရှိ လူဦးရေ စုစုပေါင်းနှင့် အိမ်ထောင်စုအရေအတွက်၊

၂။ ကျေးရွာ/ရပ်ကွက်ရှိ အဓိက စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများ၊

၃။ စီးပွားရေး လုပ်ကိုင် ဆောင်ရွက်မှု တစ်မျိုးတွင် လုပ်ကိုင်သည့် ခန့်မှန်းအိမ်ထောင်စုဦးရေနှင့် စားဝတ်နေရေးအခြေအနေကောင်းမွန်သူ၊ဆင်းရဲနွမ်းပါးသူနှင့် အခြေအနေမဲ့သူဦးရေ၊

၄။ လမ်းမကြီးနှင့်ဈေးများသို့သွားရောက်နိုင်မှု၊

၅။ ကျေးရွာ/ ရပ်ကွက်ရှိ အဓိက အခြေခံအဆောက်အအုံများ၊

၆။ ကျေးရွာ/ ရပ်ကွက်၏ အဓိက အကြောင်းခြင်းရာ(ပြဿနာ)များ၊

၇။ လက္ခဏာတူ အုပ်စု ဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ ရွေးချယ်ခြင်း၊

## လက္ခဏာတူ အုပ်စု ဆွေးနွေးပွဲတွင် ပါဝင်မည့် သူများ ရွေးချယ်ရာတွင် ဆောင်ရွက်ရန် လုပ်ငန်းအဆင့်များ

၁။ အဓိက သတင်းပေးသူများအား ကျေးရွာ/ ရပ်ကွက်ရှိ အိမ်ထောင်စု အားလုံးကိုစာရင်းပြုစုပေးရန် ပြောဆို ပါ။

၂။ အဓိက သတင်းပေးသူ များအား အောက်ပါ အမျိုးအစား အလိုက် အိမ်ထောင်စုများကို အမျိုးအစား ခွဲခြားပေးရန် ပြောဆိုပါ။

- စားဝတ်နေရေး အခြေအနေ ကောင်းမွန်သူ၊
- စားဝတ်နေရေး အခြေအနေ ဆိုးရွားသူ၊
- အခြေအနေမဲ့သူ

၃။ လက္ခဏာတူ အုပ်စု ဆွေးနွေးပွဲတွင် ပါဝင်မည့် သူများကို ဆင်းရဲနွမ်းပါး သည့် အိမ်ထောင်စုများ မှသာ ရွေးချယ်ပေးရန် ပြောဆိုပါ။

၄။ ဤကဲ့သို့သော အိမ်ထောင်စုများ၏ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုများ (ဥပမာ- အသေးစား လယ်ယာလုပ် ကိုင်သူ၊ လယ်မဲ့ယာမဲ့၊ အသေးစား ကုန်သည်၊ အသေးစား တံငါသည် စသည်) ကို မေးမြန်းပြီး စီးပွားရေး လုပ်ကိုင် ဆောင်ရွက်မှု အမျိုးအစား အလိုက် ခွဲခြားပေးရန် ပြောဆိုပါ။

၅။ အဓိက သတင်းပေးသူ များအား လက္ခဏာတူ အုပ်စုဆွေးနွေးပွဲ တစ်ခု စီအတွက် ပါဝင်မည့်သူ (၁၀) ဦး မှ (၁၂)ဦးအထိရွေးချယ်ပေးရန် ပြောဆို ပါ။(အမျိုးသမီးကြီး/အမျိုးသမီးငယ်)၊ (အမျိုးသားကြီး/ အမျိုးသားငယ်)

- ပါဝင်သူများကို စားဝတ်နေရေး အခြေအနေ ဆိုးရွားသည့်အိမ် ထောင်စုများ၏ အဓိကစီးပွားရေး လုပ်ကိုင်ဆောင်ရွက်မှုအားလုံးမှ သေချာစွာရွေးချယ်ပါ။
- လူအများရှေ့တွင် သို့မဟုတ် အုပ်စုတစ်ခုတွင် ပါဝင် စကား ပြောဆိုရန်မကြောက်ရွံ့သူများကို ပါဝင်သူများအဖြစ် ရွေးချယ်ပေး ရန်ပြောဆိုပါ။
- ရပ်ရွာတွင် ခေါင်းဆောင်မှုပေးသူ များ မပါဝင်ခြင်းကို ပို၍ လိုလား ကြောင်းကောင်းစွာ ရှင်းပြပါ။ (ဥပမာ- ကုန်သွယ် အဖွဲ့အစည်း ခေါင်းဆောင်၊ ကျေးရွာ ခေါင်းဆောင်၊ လယ်သမားအဖွဲ့ အစည်း ခေါင်းဆောင်၊ အစိုးရ ဝန်ထမ်းစသည်)

ယောကျ်ား၊ မိန်းမ၊ အကြီး၊ အငယ်များနှင့် အုပ်စုဖွဲ့ဆွေးနွေးရန် နေ့ရက်နှင့် အချိန်တို့ကို အဓိက သတင်းပေးသူများနှင့် တိုက်ဆိုင်ညှိနှိုင်းပါ။ ဤသူတို့နှင့်ပင် လက္ခဏာတူအုပ်စု ဆွေးနွေးပွဲများ ပြုလုပ်ရန် နေရာ ရွေးချယ်မှုကို သေချာစွာ ဆောင်ရွက်ပါ။

# နောက်ဆက်တွဲ ၄။ အဓိကစိတ်ကူးထင်မြင်ချက်များ၏ အဘိဓာန်

## လူနေမှုဘဝပြည့်စုံဖူလုံမှုဆိုင်ရာ ရှုထောင့်အမြင် - အဓိက စကားလုံးဥပမာများ

| အဓိကစိတ်ကူးထင်မြင်ချက် | အဓိကစကားလုံးများ |
|---|---|
| အခြေခံလိုအပ်ချက်များ ရရှိခြင်း | သူတို့သည် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည်။ သူတို့၌ အခြား မရှိမဖြစ် လိုအပ်သမျှ ရှိသည်။ |
| ကောင်းသောအမူအကျင့် ရှိမှု | စည်းကမ်းရှိသည်။ မာနကြီးပုံရသည်။ |
| စက်ဘီးပိုင်ဆိုင်မှု | စက်ဘီးပိုင်ဆိုင်သည်။ |
| မွေးမြူရေးတိရစ္ဆာန်များ ပိုင်ဆိုင်သည် | မွေးမြူရေးလုပ်ငန်းလုပ်သူများသည် ပို၍ ဥစ္စာနေပြည့်စုံသည်။ ကြက်၊ ငှက် ဝက်များ မွေးနိုင်သည်။ နွားမများ၊ ကျွဲများရှိသည်။ ကြက်နှင့် ဝက် ကဲ့သို့သော တိရိစ္ဆာန်များ မွေးမြူလေ့ရှိသည်။ |
| အဝတ်အစား ကောင်းမွန်မှု | အဝတ်အစား ကောင်းကောင်း ဝတ်သည်။ တန်ဖိုးကြီးသည့် အဝတ်အစားများ ဝတ်ဆင်သည်။ ဝတ်စားပုံကြည့်၍ သိနိုင်သည်။ |
| သက်သောင့်သက်သာ နေထိုင်သည် | သက် သောင့် သက်သာသွားလာသည်။ အစစအရာရာ အဆင်ပြေသည်။ သက် သောင့် သက်သာ နေထိုင်သည်။ |
| မှီခိုမှုအချိုး နိမ့် မှု | အကယ်၍ အိမ်ထောင်စုတွင် ၇ ဦး ရှိပြီး ၅ ဦး အလုပ်လုပ်လျှင် |
| ဘက်စုံစီးပွားရေး လုပ်ကိုင်မှု | အကယ်၍ နှစ်သီး၊ သုံးသီးစိုက်ပျိုးလျှင် |
| အလှူအတန်း ပြုလုပ်နိုင်မှု | အလှူအတန်း အများအပြား ပြုလုပ်သူ |
| စီးပွားရေး ကောင်းမွန်မှု | ငွေရှိသည်။ ချမ်းသာသည်။ ငွေကြေးအတွက် ပူပင်စရာမရှိ။ |
| လျှပ်စစ်ပစ္စည်းများ ပိုင်ဆိုင်မှု | ရုပ်မြင်သံကြားနှင့် ကက်ဆက်ရှိမည်၊ ဗွီဒီယို ရုပ်မြင်သံကြားနှင့် ရေခဲသေတ္တာ ရှိသည်၊ ရုပ်မြင်သံကြားနှင့် ပြစက်ရှိသည်။ |
| ပညာရေး ကောင်းမွန်မှု | သားသမီးများကို ကျောင်းထားနိုင်သည်။ |
| လျှပ်စစ်မီး | လျှပ်စစ်မီး ရရှိသည်။ |
| အလုပ်အကိုင် ရှိမှု | အလုပ်လုပ်ရန် အခွင့်အလမ်းရှိသည်။ ပုံမှန်အလုပ် ရှိသည်။ |
| စိတ်ဖျော်ဖြေမှုနှင့် ခရီးသွားလာမှု | လက်ဖက်ရည်ဆိုင်၊ ဗွီဒီယိုဆိုင်သွားနိုင်သည်။ လက် ဖ က်ရည်ဆိုင်တွင် အချိန်ဖြုန်းနိုင်သည်။ |
| ပစ္စည်းကိရိယာနှင့် စက်ကိရိယာပစ္စည်း ပိုင်ဆိုင်မှု | လယ်ယာသုံး စက်ကိရိယာပစ္စည်းများ - လယ်ထွန်စက်ရှိသည်။ |
| အနေတော် မိသားစု ဦးရေ | မိသားစုနည်းလျှင် စားဝတ်နေရေး အခြေအနေ ကောင်းမွန်သည်။ သားသမီးနည်းသည်။ |
| အနေတော် စိုက်ပျိုးမြေ ဧရိယာ | အများဆုံး ၂၀ - ဧကနှင့် အနည်းဆုံး ၅ - ဧက ရှိသည်။ လယ်ယာမြေကွက် ကျယ်ကြီးများ ရှိသည်။ လယ်ယာဧက များများ လုပ်ကိုင်သည်။ ကြက်၊ဘဲနှင့် အလားတူအကောင်ငယ်များမွေးမြူရေးခြံကြီး ရှိသည်။ လယ်ဧက ၅၀ ကျော် ပိုင်သည်။ |
| အစားအစာ အရည်အသွေး ကောင်းမွန်မှု | ဝက်သား၊ အမဲသားစားနိုင်သည်။ ငါး သို့မဟုတ် ဖားကို အလွယ် ဝယ်စားနိုင်သည်။ ဥစ္စာနေပြည့်စုံသူများ နေ့တိုင်းအသားငါး စားသည်။ ဟင်းကောင်းကောင်း စားနိုင်သည်။ |
| အစားအ စာ ပေါများမှု | ပေါပေါများများ စားနိုင်သည်။ အလုံအလောက် စားနိုင်သည်။ |
| ဥယျာဉ်ခြံမြေ ပိုင်ဆိုင်မှု | ခြံထွက်ပစ္စည်းများရောင်းသည်။ ကိုယ်ပိုင်ခြံ လုပ်ကိုင်သည်။ |
| ရွှေနှင့် လက်ဝတ်လက်စား ပိုင်ဆိုင်သည် | ရွှေထည်နှင့် လက်ဝတ်လက်စားများ ဝတ်ဆင်သည်။ ရွှေထည်နှင့် လက်ဝတ် လက်စားများ ရှိသည်။ |
| စပါးကျီရှိသည် | စပါးကျီ၌ စပါးသိုလှောင်ထားနိုင်သူ။ |
| အလုပ် ကြိုးစားလုပ်ကိုင်မှု | အလုပ်တွင် ဇွဲ၊ လုံ့လဝိရိယနှင့် လုပ်ကိုင်သူ၊ ဝိရိယနှင့် ကြိုးစားအားထုတ် လုပ်ကိုင် သည်။ |
| အိမ်ထောင်စုတွင် သင့်မြတ်မှုရှိ | မိသားစုအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းမရှိ။ |
| ကျန်းမာရေး ကောင်းမွန်မှု | မိသားစုဝင်များ ကျန်းမာရေးကောင်းသည်။ |
| ဘိုးဘွားအမွေရရှိမှု | မိဘဘိုးဘွားများထံမှ အမွေရရှိသူ၊ မျိုးရိုးစဉ်ဆက် ချမ်းသာ၍သက်သောင့်သက်သာ နေထိုင်သူများ |
| အိမ်သုံးပစ္စည်း ပိုင်ဆိုင်မှု | အိမ်သုံးပစ္စည်းများ၊ ပရိဘောဂ ဝယ်သည်။ |
| နေအိမ်ကောင်းမွန်မှု | အိမ်ကြီးအိမ်ကောင်းတွင် နေနိုင်သည်။ အုတ်၊ သစ်တို့ဖြင့် ဆောက်ပြီး သွပ်မိုးထား သည်။ အုတ်တိုက်တွင် နေနိုင်သည်။ အိမ်ကြီးအိမ်ကောင်းနှင့် နေနိုင်သူ |
| ရင်းနှီးမြှုပ်နှံရန်ငွေလုံးငွေ ရင်း | လုံလောက်သော ငွေကြေး အရင်းအနှီး ရှိသည်။ ရင်းနှီးရန် ငွေကြေးရှိ၍ စီးပွားရေး |

| အဓိကစိတ်ကူးထင်မြင်ချက် | အဓိကစကားလုံးများ |
|---|---|
| | လုပ်ငန်း လုပ်နိုင်သည်။ |
| မြေယာပိုင်ဆိုင်မှု | လယ်ပိုင်ဆိုင်သည်။ ယာမြေ ပိုင်ဆိုင်သည်။ ခြံမြေပိုင်သည်။ မြေယာကောင်းလျှင် ဝင်ငွေကောင်းကောင်း ရရှိနိုင်သည်။ ယာမြေ ကောင်းကောင်းကျယ်ကျယ် ရှိသည်။ |
| ငွေချေးပေးသူများ | အပေါင်ဆိုင်ရှိလျှင် အတိုးနှင့် ငွေချေးပေးသည်။ |
| စားဝတ်နေရေးအတွက် ကြောင့်ကြမှုမရှိ | ပျော်ရွှင်စွာ နေထိုင်သည်။ အပူအပင် မရှိ၊ စိတ်အေးချမ်းသာ အေးချမ်းစွာ နေနိုင်သူများ |
| အလုပ်အကိုင်ကောင်း | စားဝတ်နေရေးအတွက် လုပ်ကိုင်ဆောင်ရွက်မှု |
| စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်သည် | အုတ်ဖုတ်လုပ်ငန်း၊ ဘတ်(စ) ကားဖြင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ပိုင်ဆိုင်သည်။ ဥစ္စာခနေရှိသူများ၊ စီးပွားရေးလုပ်ငန်း တစ်မျိုးပြီးတစ်မျိုး လုပ်ကိုင်သည်။ အကြီးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ၊ |
| စပါးစိုက်ပျိုးထုတ်လုပ်သူများ | စပါးစိုက် လယ်မြေရှိသည်။ စပါးစိုက် လယ်ဧက ၅၀ ခန့်။ စပါးစိုက်ပျိုး လုပ်ကိုင်သူများသည် ချောင်လည်ကြသည်။ |
| ပုံမှန်ဝင်ငွေ | ပုံမှန်ဝင်ငွေရရှိသည်။ ပုံမှန်လစာ ရရှိသည်။ |
| ဆန်စက်ပိုင်ဆိုင်သည် | ဆန်စက်၊ ဆန်စက်ပိုင်ရှင်၊ ဆန်စက်ဆောက်နိုင်သည်။ |
| ဆန်စပါးပိုလျှံမှု | ဝမ်းစာအတွက် ဆန်စပါးဖူလုံသည်။ |
| လူမှုရေးကိစ္စများတွင်ပါဝင်နိုင်မှု | ဗုဒ္ဓဘာသာ အစဥ်အလာအရ အိမ်ထောင်ဦးစီးတချို့က သားများကို ရှင်ပြုပေးရသည်။ မွေးနေ့အလှူလုပ်သည်။ |
| လူမှုအဆင့်အတန်းမြင့်မားမှု | ရပ်ရွာလူထုအတွင်း အခွင့်ထူးရရှိသူ။ မိဘများ၏ အဆင့်အတန်းကိုကြည့်ခြင်းဖြင့်၊ |
| ငွေကြေးသုံးစွဲနိုင်မှု | လွတ်လွတ်လပ်လပ် သွားလာသုံးစွဲသည်။ ကြိုက်သလိုသုံးနိုင်သည်။ ငွေများများရှိလျှင် ပိုသုံးစွဲနိုင်သည်။ ငွေသုံးစွဲမှုသည် ငွေမည်မျှ ရရှိမှုအပေါ် မူတည်သည်။ ဥစ္စာခနေရှိသူများသည် လှည်းကူးမြို့သို့ နေ့တိုင်းဈေးဝယ်သွားသည်။ |
| ခြိုးခြံချွေတာမှု (အသုံးအစွဲ ကျစ်လျစ်ခြင်း) | အသုံးအစွဲ ချွေတာခြင်းသည် ကောင်းကောင်း နေနိုင်ခြင်း၏ အဓိက အကြောင်းရင်း |
| ယာဥ်ပိုင်ဆိုင်မှု | ကားပိုင်သည်။ မော်တော်ဆိုင်ကယ်ရှိသည်။ လှည်းကူးရှိ ဈေးသို့ကားနှင့် သွားသည်။ ကားနှင့် သွား၍ အဆင်ပြေသည်။ မော်တော်ကားပိုင်သည်။ |
| လုပ်ငန်းခွင်သုံးတိရိစ္ဆာန်များ ပိုင်ဆိုင်သည် | ခိုင်းကျွဲနွားနှင့် နွားလှည်းရှိလျှင် အခြေအနေကောင်းသည်။ ဆင်ပိုင်ဆိုင်မှု။ |
| အိမ်ထောင်စု ဝင်ငွေ/ ထွက်ငွေ မျှတမှု | ဝင်ငွေက အသုံးစရိတ်များကို ကာမိသည်။ |
| စုဆောင်းငွေ | ငွေစုဆောင်းနိုင်သည်။ |
| ပုဂ္ဂလိကကျောင်း၌ ကလေးများကို ကျောင်းထားသည်။ | ပုဂ္ဂလိကကျောင်း၌ ကလေးများကို ကျောင်းထားနိုင်သည်။ |
| အဆင့်မြင့်ပညာရေး | သားသမီးများကို အဆင့်မြင့်ပညာရေး သင်ကြားပေးနိုင်သည်။ အနည်းဆုံး တက္ကသိုလ် ကျောင်းသားတစ်ဦး ရှိသည်။ |
| စားဝတ်နေရေး အခြေအနေ ကောင်းမွန်မှု | စားဝတ်နေရေး အခြေအနေ ကောင်းသည်ကို နေထိုင်စားသောက်သည့် အဆင့်အတန်းကို ကြည့်၍ သိနိုင်သည်။ |
| အဝီစိ ရေတွင်းရှိမှု | အဝီစိတွင်း ရှိသည်။ အဝီစိရေတွင်း ဝယ်နိုင်သည်။ |
| မိသားစုဝင်များထံမှ ငွေလွှဲပို့ပေးမှု | ပြည်ပရောက်သားသမီးများက ငွေလွှဲ ပို့သည်။ |

## ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ရှုထောင့်အမြင်များ - အဓိကစကားလုံးဥပမာများ

| အဓိကစိတ်ကူးထင်မြင်ချက် | အဓိကစကားလုံးများ |
|---|---|
| အသက်အရွယ်ကြီးသူ | အသက်အရွယ် ကြီးရင့်သူများ။ |
| စားဝတ်နေရေး  အခြေအနေ မကောင်းမှု | စားဝတ်နေရေး အခြေအနေ မကောင်း၊ လူနေမှုအဆင့်အတန်း နိမ့်သည်။ |
| အမှုအကျင့် | ယောကျ်ားက အရက်သောက်၊ ဖဲရိုက်၊ အရက်မူး၊ ငွေကိုစည်းမရှိ သုံးစွဲ၊ |
| မိသားစုအရွယ်ကြီးမှု | မိသားစုတွင် မိသားစုဝင်များခြင်း။ မိသားစုကြီးကြီး။ |
| အလှူအတန်း မပြုလုပ်နိုင်မှု | ဘုန်းကြီးကိုမလှူနိုင်၊ လှူတန်းခြင်း မပြုလုပ်နိုင်။ |
| အခြေခံ လိုအပ်ချက်များမရရှိနိုင်မှု | အသက်မွေးမှု ခက်ခဲ။ စားဝတ်နေရေး အခြေအနေ ခက်ခဲ၊ လူနေမှု အဆင့်အတန်း ကြည့်၍ သိနိုင်။ နေပုံထိုင်ပုံ။ အသက်မွေးမှု မစီမံနိုင်။ စားဝတ်နေရေး အခြေအနေ စံမမီ။ |
